

အမြွာညီနောင်စာပေ

# ဂန်ကုန်ဘဆွေ
# နှန်းဟာစီး

ဒုတိယအကြိမ်

www.facebook.com/NyisayEbookCreator

အမြွာညီနောင်စာအုပ် ( ၅၈ )

# နန်းယာဗီး

## ရန်ကုန်ဘဆွေ

( ဒုတိယအကြိမ် )

ပုံနှိပ်ခြင်း

ဒုတိယအကြိမ်၊အမြွာညီနောင်စာပေ၊၂၀၁၄၊ဩဂုတ်လ

ထုတ်ဝေသူ

ဒေါ်စန်းစန်းဝေ၊'အမြွာညီနောင်စာပေ'

အမှတ်(၄၇၉ /၄၈၁)၊လမ်း(၃၀)နှင့် ဗိုလ်ဆွန်ပက်လမ်းကြား၊

မဟာဗန္ဓုလလမ်းမကြီး၊ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့

အတွင်းပုံနှိပ်

ဦးဇော်မြင့်ဝင်း၊'ကာလာဇုံပုံနှိပ်တိုက်'

အမှတ်(၁၈၄-ဘီ)၊၃၁လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့။

စီစဉ်သူ - ကြည်နိုင်

မျက်နှာဖုံးပန်းချီ - အံ့ဘွယ်ဇင်

ကွန်ပျူတာစာစီ - မသိန်းသိန်းအေး၊ 'နန်းဦးလတ်ကွန်ပျူတာ'

အတွင်းဖလင် - အောင်ဇော် 'ပုံရိပ်ရှင်'

စာအုပ်ချုပ် - ကိုမြင့်

အုပ်ရေ - ၁၀၀၀ အုပ်

တန်ဖိုး - ၂၇၀၀ ကျပ်

ဖြန့်ချိရေး - 'အမြွာညီနောင်စာပေတိုက်'

ဖုန်း - ၂၄၅၃၆၈၊ ၀၉-၄၉၂၇၇၃၅၊ ၀၉-၈၆၃၃၀၄၄

ရန်ကုန်ဘဆွေ
၈၉၅.၈၄
နန်းဟာဇီး/ ရန်ကုန်ဘဆွေ၊ရန်ကုန်
အမြွာညီနောင်စာပေ၊၂၀၁၄
စာ-၁၃.၅× ၂၁.၅ စင်တီမီတာ
(၁) နန်းဟာဇီး

[ ၁ ]

အဝါသည် မိမိရပ်ဌာန်သို့ လှေပြင့်ဆန်တက်ခဲ့၏။

သစ်ကြီးဝါးကြီးတို့ဖြင့် ပိတ်ဆီးမိုးကာလျက်၊ ညိုပြာသောတောင်တန်းကြီးတို့အောက်တွင်–

တောက်ပသော သဲသောင်ပြင်၊ ကြည်လင်သောရေလှိုင်းလေးတို့၏ ရှုခင်းနှင့် ဝေးကွာလာခဲ့ရသည်မှာ နှစ်ကာလအတော်ကြာခဲ့ပြီဖြစ်သောကြောင့် အဝါ့စိတ်ထဲတွင် မြူးနေ၏။

ဆန်တက်သည့်လှေထက်မှနေ၍ ကြည်အေးသော ဖလ်ရေလှိုင်းကလေးများအတွင်းသို့ လက်ကိုနှစ်လျက် လိုက်ပါလာခဲ့ရသည်ကပင် အရသာရှိနေတော့၏။

နှစ်ပေါင်းအတော်ကြာကွဲကွာခဲ့ရသော ချင်းတွင်းမြစ်ရေအလျှင်သည် ရွှင်ပျသည့်ရယ်သွမ်းသွေးသံကိုပြုရင်း အဝါ၏လက်ချောင်းကလေးများကို ပွတ်သီးပွတ်သပ် တိုးဝှေ့နမ်းစုပ်၏။

အဝါသည် စွတ်စိုနီထွေးသောလက်ချောင်းကလေးများကို နှစ်လိုစွာ မ,ယူကြည့်လိုက်ပြီးနောက် ရေထဲသို့ ထပ်မံနှစ်မြှုပ်ပြန်၏။

အေးမြသောရေသည် မနာကျင်အောင် ဆီးကြိုငုံလိုက်သဖြင့် အဝါ၏ လက်ကောက်ဝတ်ဝကလေးတွင် အမြှုပ်ကလေးများစီလျက် ယက်ျှသွား၏။

ငွေရည်လူးထားသော ငါးကလေးများသည် အအုပ်လိုက် အစုလိုက် မြူးနေကြရာမှ ကျလာသော အဝါ၏လက်ကလေးကြောင့် ထိတ်လန့်တကြား ကူးပြောင်းသွားကြ၏။

အဝါသည် ငါးကလေးများ ကူးပြေးရာသို့ ပျော်မြူးစွာမျှော်ကြည့်ရင်း မြနားကွပ်ထားသည့်သောင်စွယ်ကို တွေ့သည်။ ဖြူဖွေးသောသောင်စွယ်သည် အငွေ့တလူလူထွက်လျက်၊ တံလျှပ်ရောင်ပြေး၏။

သောင်စွယ်အထက်ရမ်း၌ လွှမ်းမိုးလျက်ရှိသော ကမ်းရိုးပေါ်တွင် မြင့်မားသောသစ်ပင်တို့သည် ညိုးလျော်ခြောက်သွေ့စွာ တန်းစီရပ်လျက် အဝါ့ကိုကြည့်နေ၏။

အဝါသည် တိတ်တိတ်ဆိတ်ဆိတ်နှင့် စိမ်းကားစွာရပ်နေကြသော မှောင်ညို့ညို့သစ်ပင်စောက်ကြီးများကိုကြည့်လျက် အလိုလိုဝမ်းနည်းလာ၏။

သစ်ပင်များ၏အကြားတွင် ခြစ်ခြစ်ပူသောသဲလမ်းငယ်သည် ကုန်းမြင့်ပေါ်သို့ တွန့်လိမ်လူးလွန့်၍တက်၏။

သဲလမ်းကြောင်းထိပ်၌ ရွက်ဝါကိုစွာချွတ်လျက် ကပြက်ကချော်က,ဟန်ပြုနေသော နောတော့တော့သစ်ပင်ခြောက်သည် ကြည်လင်သော အဝါ့ကို ခွန်းကြုံနှုတ်ဆက်ဟန်နှင့် ရှင်၏။

ပြောင်စီစီနှင့် မှတ်မိပုံရှိသော သစ်ပင်ခြောက်ကိုမြင်လျှင် အဝါ့စိတ်ထဲတွင် ပျော်မြူးလာ၏။

ရှေးယခင်ကမူ ဤသစ်ပင်ခြောက်အောက်၌ 'မင်းကျီး'တို့လူစုနှင့် အတူ အလုအယက် သဖန်းသီးကြီးတွေကောက်ခဲ့ကြဖူး၏။

'ဟယ်...မင်းကျီးတစ်ယောက် လင်များရနေပြီလား ...'

သစ်ပင်ခြောက်၏နောက်တွင် စိမ်းစိုသောသစ်အုပ်ငယ်သည် လေ

ကစားတိုင်း လှုပ်ရှားလျက်ရှိ၏။ သစ်အုပ်၏နောက်ဆွယ်တွင် ပုန်းကွယ်လျက်ရှိသော 'မင်းကျီး'တို့အိမ်ကလေးသည် စိမ်းနုရောင်သစ်ရွက်များအကြားမှ ပြူတစ်ပြူတစ်နှင့် အဝါ့ကိုချောင်းကြည့်၏။

'ဒီအချိန် မင်းကျီးတစ်ယောက် ဘိန်းခင်းထဲမှာထင်ပါရဲ့'

ဘိန်းခင်းရှိရာသို့မျှော်လိုက်လျှင် ပြာမှိုင်းသောတောင်တန်းကြီးသည် နွေဦး၏မြူလွှာထည်ကို ခြုံခဲ့ပြီဖြစ်သဖြင့် ခပ်လဲ့လဲ့သာပေါ်၏။

အဝါစီးခဲ့သောလှေငယ်သည် မင်းကျီးတို့အိမ်ဆိပ်ကို လွန်လာသည်။ မင်းကျီးကို လှမ်းအော်နှုတ်ဆက်မည်ဟူသောစိတ်ကူးသည် မင်းကျီးတို့အိမ်ဆိပ်၌ လွင့်ပြယ်ကျန်ရစ်ခဲ့၏။

မြူထန်သည့်လပြစ်သောကြောင့် အဝေးတွင်မြင်နေရသော တောတန်းဝန်းကျင်တို့သည် ဆွတ်ဆွတ်ဖြူသောပိုးစပါးဖြင့် အထပ်ထပ်အုပ်ထားဘိသို့ ရေးရေးသာထင်၏။ တောစပ်ဆီမှ မာန်ယစ်သောတောကြက်ဖ၏ တွန်ကျူးသံသည် အဝါ့နားထဲတွင် သဲ့သဲ့သာကြားရ၏။ အဝါ၏ ဝင်းလဲ့သောမျက်လုံးအစုံသည် မှေးမှိန်ဆိုင်းဆို့သည့် မြူပြင်ကျယ်ကြီးအတွင်းသို့ နစ်မြုပ်နေလေပြီ။

* * *

ကြယ်ကလေးများသည် မိုးကန့်လန့်ကာကြီးအတွင်းမှ ပြူတစ်ပြူတစ်ငုံ့ကြည့်ကြ၏။

ကြိတ်လျက်ရှိက်မိသောကြောင့် မောက်ကြွသောရင်အုံအထက်ရှိ ပြုတ်ကျတွဲခိုနေသော ကြယ်သီးကလေးသည် ဖျော့သောလရောင်နှင့် ဝင်းလက်သွား၏။

ခြံထောင့်ရှိ ဝါးရုံပင်အိုသည် တစ်ဖက်ခြံမှ စကားပင်ပျိုအား လေ

အတုံ့တွင် ငုံ့လျက် နမ်းရှုပ်စော်ကား၏။ စကားရွက်ကလေးများသည် လေအဟပ်တွင် ဆတ်ဆတ်ခါအောင် တိမ်းမူးနေကြ၏။

ဝါးရုံပင်အောက်၌ ချွေးစို့နေသော ယောက်ျားပျို၏လက်တစ်ဖက်သည် တရှိုက်မက်မက်ဖိုနေသေးသော မိန်းမပျို၏နောက်ဆီမှ နွမ်းလျသေးသွယ်သောခါးကို ညင်သာစွာသိုင်းဖက်သည်။

"ဝါ...စိတ်ဆိုးသွားပလား ..."

ယောက်ျားပျို၏ ပူနွေးသောအာငွေ့သည် သင်းပျံ့ပျံ့ဝီစကီနံ့နှင့် ရောလျက်၊ အဝါ၏ နီထွေးသောပါးအိုကလေးကို တိုးတိတ်စွာရိုက်ခတ်လာ၏။

"ဝါ...စိတ်ဆိုးရင် ကြိုက်သလိုအပြစ်ပေးတော့၊ ကို...ခံဖို့ အသင့်ရှိတာယ်။ ကဲ...ဘယ်လိုလုပ်မလဲ။ ထုမလား၊ ရိုက်မလား၊ သတ်မလား ..."

ယောက်ျားပျိုသည် သိုင်းဖက်ထားသော အဝါ၏ခါးကို တစ်ချက်မျှ ခပ်သာသာလှုပ်၍မေး၏။

အဝါသည် ဆင့်လျက်ဆင့်လျက်၊ အရှည်ကြီးတစ်ခါရှိုက်သည်။

ထို့နောက် ယောက်ျားပျို၏လက်ကို ရုန်းထွက်ပြေးသွားမည်စိုးသကဲ့သို့ ဖျစ်ညှစ်ဆုပ်ကိုင်ထား၏။

"ပြောပါ ဝါ၊ ပြောစမ်းပါ။ ကို...မှားတာပါပဲလေ။ ကို့ကိုက မကောင်းပါဘူး။ ကို... မချုပ်တည်းခဲ့နိုင်ဘူး၊ ကို...လူညံ့ပဲ"

ယောက်ျားပျိုသည် ပြောရင်းပြောရင်း မိမိကိုယ်မိမိ ဒေါသဖြစ်လာသကဲ့သို့၊ မိမိ၏လက်ကို အဝါ၏ခါးမှ အထိတ်တလန့်ရုပ်သိမ်း၏။

အဝါသည် ယောက်ျားပျို၏လက်ကို ဖျစ်ညှစ်ဆွဲယူထားရင်း ဖက်မြဲဖက်စေလျက် မိမိ၏နူးညံ့သောလက်ဖဝါးအိအိဖြင့် တင်းကျပ်စွာ အပေါ်မှ ဖိထား၏။

ရှိုးထောင်သော လကလေးသည် မှိတ်တုတ်မှိတ်တုတ် ဝိုင်းအုံကြည့်နေကြသော ကြယ်အုပ်ကြီးကို အားကျကာ အနောက်ဘက်သစ်ရိပ်တွင် တွဲလဲခိုလျက် ချစ်သူနှစ်ဦးကို စောင့်ကြည့်နေလိုက်သေး၏။ ချစ်သူနှစ်ဦးတို့သည် စံပယ်ရုံဆားမှ ဝှေ့ယမ်းလာသောလေကို ရှူရှိုက်ရင်း တိတ်ဆိတ်နေကြ၏။

အဝါ၏အသက်ရှူသံသည် ဝေးလံသောခရီးကြမ်းတစ်ခုကို ဖြတ်ပြေးလာရဘိသို့ ပြင်းထန်ဆဲရှိသေးသည်။

အဝါသည် မိမိ၏ပါးပြင်ပေါ်တွင် ယောက်ျားဖို့ အသက်ရှူလိုက်တိုင်း နွေး၍နွေး၍လာသော နှာငွေ့ကိုပင် သတိထားမိနေ၏။ အဝါ၏အာရုံကြောတို့သည် ပို့ပို့ထက်မြက်နေကြလျက် တွေ့ထိသမျှအရာတို့ကို ဖျဉ်းဖျဉ်းသိမ့်မျှခံစားနိုင်စွမ်းရှိနေ၏။

"ဝါ"

"ရှင်...ကို"

တိုးတိတ်သောလေသံသည် ချစ်လိုစဖွယ် ညင်သာစွာပေါ်ထွက်လာ၏။

"ပြောပါဦး၊ ကိုကို သိပ်စိတ်ဆိုးသွားပလား"

လေသံနှင့်မေးသောကြောင့် နွေးခနဲ အာငွေ့ကလေးဟပ်လာရာမှ ယောက်ျားပျိုက ပါးချင်းကပ်လိုက်၏။

အဝါသည် ယောက်ျားပျို၏လက်ကို မိမိ၏ ပူနွေးနူးညံ့သော လက်ချောင်းကလေးများဖြင့် ပို၍တင်းကျပ်စွာဖျစ်ညှစ်ဆုပ်ကိုင်လိုက်သည်။

နီလွင်ပြည့်ဖောင်းသော နှုတ်ခမ်းအစုံသည် နှင်းဆီငုံကလေး ပွင့်တော့မည်ကဲ့သို့ ရွရွမျှလှုပ်ရှားလျက် မောဟိုက်သောရှိုက်သံကလေးသာ ညံ့သက်စွာထွက်ပေါ်လာရ၏။

ယောက်ျားပျိုသည် မိန်းမပျို၏မျက်နှာကို ပါးချင်းခွာလျက် ငုံ့ကြည့်မိရာမှ အားမလိုအားမရ ဖြစ်လာသောကြောင့် မျက်နှာချင်းဆိုင်မိအောင် ကြိုးကြမ်းစွာဆွဲလှည့်လိုက်သည်။ ထို့နောက် မိန်းမပျို၏မေးဖျားကို လက်တစ်ဖက်ဖြင့် ဆွဲယူပင့်တင်လိုက်၏။

သူပြုတိုင်းနေမိရှာသော မိန်းမပျို၏ လှသောမျက်နှာမှ တပ်မက်စွာလဲ့ဝင်းလျက်ရှိသည့် မျက်လုံးအစုံတို့သည် ကောင်းကင်မှ မှိတ်တုတ်မှိတ်တုတ်ကြည့်နေကြသော ကြယ်အရောင်တို့နှင့် အပြိုင်ဝင်းပလျက်မော့ကြည့်လာ၏။

ယောက်ျားပျိုသည် မိန်းမပျိုကို ပွေ့ပိုက်ဆွဲယူလျက် ရင်ချင်းအပ်စေပြီးနောက် မျက်နှာချင်းကပ်ကာ နှုတ်ခမ်းချင်းထိလုလုပြုပြီးလျှင် ရင်မှထွက်လာသည့်လေသံဖြင့် စကားဆို၏။

"ကိုလေ သိပ်ချစ်လွန်းလို့ သိလား"

မိန်းမပျိုသည် ဘာမျှပြန်မပြောဘဲ ယောက်ျားပျိုကို ပို၍တင်းကျပ်အောင် ဖက်လိုက်၏။ ယောက်ျားပျိုသည် မိန်းမပျို၏မျက်နှာကို မျက်နှာချင်းခွာကြည့်လိုက်ရာမှ နှုတ်ခမ်းချင်း ဖိကပ်နမ်းစုပ်ပြန်၏။ မိန်းမပျိုသည် ယောက်ျားပျို၏ပခုံးသားကို ကျစ်ကျစ်ပါအောင်ဆုပ်လိုက်မိရာမှ ညည်းသံနှင့်အတူ ယောက်ျားပျိုကို အားပြုလျက် နွဲ့လျစွာမှီကျသွားသည်။

ယောက်ျားပျိုသည် မိန်းမပျိုကိုပွေ့ပိုက်ရင်း စံပယ်ရုံအောက်ရှိ မြက်ခင်းပေါ်တွင် နောက်တစ်ကြိမ် ထိုင်မိကြပြန်သည်။ စောစောကကဲ့သို့ပင် ပြင်းပြင်းထန်ထန် ရင်ခုန်လာရပြန်၏။

ထို့နောက် ချစ်သူနှစ်ယောက်သည် တစ်ဦးနှင့်တစ်ဦး မျက်နှာချင်းခွာကြလျက် ကြယ်ရောင်တွဲ့တွဲ့လဲ့လဲ့သာ မြင်ကြရသော မျက်လုံးအချင်းချင်းကို တရှိုက်မက်မက်နှင့် စိမ်းစိမ်းကြည့်ကြပြန်၏။

တိတ်ဆိတ်နေသော ချစ်သူနှစ်ယောက်တို့၏နားထဲ၌ ရင်ခုန်သံက ပို၍ပြင်းထန်ကျယ်လောင်နေသည်။ ယောကျ်ားပျိုသည် မိန်းမပျိုရှိရာသို့ တိုးဖိကာ နောက်တစ်ကြိမ် နမ်းစုပ်လိုက်၏။

မိန်းမပျိုသည် ယောကျ်ားပျိုကို ရှိသမျှအင်အားကလေးနှင့် သိမ်းကျုံး ဖျစ်ညှစ်ထားမိ၏။ မိန်းမပျို၏မျက်လုံးအစုံသည် ယောကျ်ားပျို၏ပခုံးကို ကျော်လွန်လျက် နက်ရှိုင်းသောကောင်းကင်ပြင်မှ မှုန်ဝေဝေနဂါးငွေ့တန်း ကြီးရှိရာသို့ အမှတ်မထင် ငေးစိုက်မိ၏။

မိန်းမပျိုသည် ထိုနဂါးငွေ့တန်းကြီးပေါ်သို့ ရောက်ရှိနေကာ အသည်း တအေးအေးနှင့် ဖိုလှိုက်စွာပြေးခုန်ကူးသန်းနေ၏။ အဆုံးအစမရှိသော ကောင်းကင်ပြင်ဝယ် အသည်းတအေးအေးနှင့် ပြေးခုန်ဖိုလှိုက်ရလွန်းသော အခါ နဂါးငွေ့တန်းကြီးသည် ဝိုးတဝါးဖြစ်လာပြန်၏။ ထိုအချိန်၌ တမှိတ်မှိတ်မြင်နေရသော ကြယ်ကလေးများသည် ခြေအောက်မှ တရိပ်ရိပ် ပြေးထွက်ကုန်သောကြောင့် ရင်ထဲတွင် တဟာဟာနှင့် မျက်လုံးမှိတ်လျက် ညည်းသံနှင့် ရှိုက်ငင်နေရသည်။

လဟာပြင်ကြီးမှ ခြေလွတ်လက်လွတ်ကျဆင်းလာရသည်ဟု ထင် မှတ်လိုက်သည့်အချိန်တွင် လျှပ်စစ်အမိခံလိုက်ရသူကဲ့သို့ တစ်ကိုယ်လုံး လှုပ်ရှားသွားလျက် အသက်ရှူရပ်နေမိသည်။

ပြူလွင်သောတိမ်တိုက်ကြီးများကို အားပါးတရ ပွေ့ဖက်ဖျစ်ညှစ်ရင်း မောဟိုက်မိန်းမောနေချိန်တွင် ပြာရှိုင်းသောကောင်းကင်ပြင်ကြီးဝယ် စိန် ပွင့်ကလေးများ ဆုပ်ကြဲထားဟန်ရှိသော ကြယ်ပြောင်ကလေးများအားလုံးကို ပြတ်ပြတ်သားသား မြင်မိလာရပြန်သည်။

ထိုအချိန်မှ မိန်းမပျိုသည် ယောကျ်ားပျို၏မျက်နှာကို စိမ်းစိမ်းစူးစူး အလိုလိုစိုက်ကြည့်မိ၏။

"ကို...ရယ်"

မင်ရည်တွဲ့တွဲ့ယှဲယှဲမျှပေါ်သော ယောကျ်ားပျို၏မျက်နှာကို နုသော လက်ဖဝါးငယ်ဖြင့် တယုတယကိုင်တွယ်စမ်းသပ်ရင်း မိန်းမပျိုက ခေါ် လိုက်၏။

ယောကျ်ားပျိုသည် မိန်းမပျို၏ ပြည့်ဝသောနှုတ်ခမ်းအစုံကို မထိ တထိနမ်း၍ တုံ့ပြန်သည်။ ထို့နောက် မြက်ခင်းပေါ်သို့ ခြေပစ်လက်ပစ် ပက်လက်လှန်လိုက်၏။

နက်ပြာသောကောင်းကင်ပြင်ကြီးအတွင်း၌ စောစောက အဝါ မြင်နေရသော ကြယ်ပြောင်ကလေးများသည် ယောကျ်ားပျိုအား မှိတ် တုတ်မှိတ်တုတ်ပြု၍ စ,၏။ အဝါသည် နေရာမှ လူးလဲထလိုက်ရင်း ယောကျ်ားပျို၏မျက်နှာကို အပေါ်မှစီးကြည့်လျက် ထပ်ခေါ်၏။

"ကို..."

"ဝါ..."

ယောကျ်ားပျို ခေတ္တငေးစိုက်လိုက်သော မိုးပြာကြီးအတွင်းရှိ ကြယ် ပြောင်ကလေးနှစ်လုံးသည် မိမိမျက်နှာအနီးတွင် ပြောင်းရွှေ့လာဘိသို့ အမှောင်ထဲမှ၊ တောက်ပထက်သန်စွာ ကြည့်နေသည်ကို မြင်ရ၏။ အနီး သို့ကျလာသော ကြယ်ပြောင်ကလေးနှစ်ခုက နွဲ့ချို့သောအသံကိုပြု၏။

"ကို...ဝါ့ကို အထင်သေးသွားပြီလား ... ကို...ရယ်"

ယောကျ်ားပျိုသည် အဝါ၏မျက်နှာကို မိမိမျက်နှာဆီသို့ ဆွဲယူ နမ်းရှုပ်လိုက်ပြီးနောက် နေရာမှ လူးလဲထ၏။ ထို့နောက် နှစ်ယောက်အတူ ယှဉ်ထိုင်လိုက်ကြပြီးလျှင် အဝါ၏ ငယ်သောခါးကို ဆွဲယူလိုက်ကာ မိမိနှင့် ပူးကပ်ထိုင်စေ၏။

"ကဲ...ပြောစမ်းပါဦး၊ ဘာလို့ ကိုက ဝါ့ကို အထင်သေးရမှာတုံး"

"ဝါ…လေ၊ ဝါ့ကို အထင်သေးမှာပဲကြောက်နေတယ်။ ပြီးတော့ ဝါ့ကို တကယ်မယူဘဲနဲ့ ပစ်သွားမှာလည်း ကြောက်တာပဲ"

ယောကျ်ားပျို့သည် အဝါ၏ကျောကို ဖျစ်ညှစ်တင်းကျပ်စွာသိုင်းဖက်ရင်း ကြည်နူးစွာရယ်လိုက်သည်။ ထို့နောက် ပါးချင်းအပ်လျက် တယုတယ ပြော၏။

"ဖြစ်ရလေ…ဝါရယ်၊ ဒီမှာ ကို့မျက်နှာကို သေသေချာချာကြည့်စမ်း"

ယောကျ်ားပျို့သည် အဝါနှင့် ပခုံးချင်းခွာလျက် မျက်နှာချင်းဆိုင်လိုက်၏။ အဝါသည် ကြယ်ရောင်မှေးမှေးတွင် ရေးရေးမျှမြင်ရသော ယောကျ်ားပျို့၏မျက်နှာကို တပ်မက်ချစ်ကြည်ညိုစွာ ငေးစိုက်ကြည့်၏။

လေးလုံးသောမျက်စိတို့သည် တိတ်တိတ်ဆိတ်ဆိတ်၊ အချင်းချင်း ငေးစိုက်နေကြသော်လည်း ဝမ်းတွင်းကမူ ရင်ခုန်သံချင်း စကားပြောနေကြ၏။ အတန်ကြာသော်…ယောကျ်ားပျို့က စကားဆက်၏။

"ကို…ယောကျ်ားပါကွာ။ ဝါ…ကို့ကိုယုံလိုက်စမ်းပါ။ ကို…လေ… ဘယ်သူ့စကားမှ နားထောင်ဖို့မလိုဘူး။ ကို့…မေမေဆိုတာကတော့ စကားထဲကို ထည့်မတွက်နဲ့။ အမြဲတမ်း ကို့…အလိုကိုလိုက်လာခဲ့ရတာ။ အဲဒီတော့ ရှေ့နှစ်ခါ စာမေးပွဲပြီးရင် တစ်ခါတည်း အဝါတို့ဆီ လိုက်ခဲ့မှာ။ စိတ်ချ"

"နောက်ဆုံး မေမေတို့က အဝါနဲ့ ကို့ကို သဘောမတူဘူးထားဦး၊ ကို အသက်အစိတ် ပြည့်တဲ့နေ့မှာ ကို့ဘကြီးပေးသွားတဲ့ အမွေတွေ ရစရာရှိတယ်။

"အဲဒီရမယ့်အမွေဟာ ကို့…အတွက် သုံးသိန်း။ အဲဒါဆိုရင်…ကို…က အဝါတို့ဆီ လိုက်ပြီး ဆေးဆိုင်ကလေးတစ်ခု ဖွင့်လောက်ရော…

"အဲဒီတော့ ကိုက အဝါတို့အရပ်မှာရှိတဲ့ တောင်တန်းသားတွေကို အလကားဆေးကုပေးတဲ့ ဆရာဝန်ကြီး။ ဝါက အဲဒီဆရာဝန်ကြီးနဲ့ လူနာ

တွေကိုပါ ပြုစုယုယပေးတဲ့ သူနာပြုဆရာမ...

"ဆရာဝန်ကြီးနဲ့ လူနာတွေဟာ ဒီဆရာမကလေးက ချော့လိုက်ရင် ပျော့ပြီး ဒီဆရာမကလေးက ပြုံးလိုက်ရင် အကုန်လုံး ရွှင်နေကြရတဲ့ ဆရာမကလေးရဲ့ မေတ္တာအကျဉ်းသားတွေ...

"တစ်ခါတလေတော့ အဲဒီဆရာဝန်ကြီးဟာ သူ့လူနာတွေရှိရာကို လျှောက်လည်ရင်း သူ့ဆရာမနဲ့အတူ တောင်တွေပေါ်က တိမ်ညွန့်တွေကို ခေါင်းနဲ့ဝှေ့လို့–

"ကဲ...အဝါ၊ အဲဒီဘဝမျိုးအပြင် ဘာတွေကိုဖြစ်ချင်သေးလဲ"

ကို့...စကားတွေမှာ ရွှန်းရွှန်းဝေနေ၏။ ဝါသည် ယောကျ်ားပျို၏ မျက်နှာကို မျက်တောင်မခတ် ငေးစိုက်မိ၏။ မှောင်ထဲတွင် မည်းမည်း မြင်သော်လည်း လေသံတိုးပါလျက် ဟန်နှင့်မာန်နှင့် အလွန်စိတ်အား ထက်သန်စွာပြောနေသော ယောကျ်ားချော ချောသည့် ကို့ကို စိတ်တွင်းမှ မြင်နေရ၏။ ကိုသည် ယောကျ်ားပီသသလောက် ဆရာဝန်လောင်း တစ်ယောက် ဖြစ်သည့်ပြင် မွန်မြတ်သည့်အတွေးအကြံလည်း ရှိ၏။

အဝါသည် ကို့အား စကားဆုံးသွားသည့်တိုင်အောင် အတန်ကြာ ငေးငိုင်ကြည့်ပြီးနောက် သတိရလာသောအခါ မအောင့်နိုင်ဘဲ ကို့နဖူးကို နမ်းလိုက်ရသေးသည်။ ဤလိုနှင့် တမေ့တမော လူချင်းခွာလာရပြီး နောက်မှ...

"ကို့...စကား၊ ယုံစားနေရတဲ့ အဝါ့ကို သနားရင် အဝါ့အပေါ် ကတိတည်ပါ ကိုရယ်၊ အကယ်လို့များ ဝါ့ကို ပစ်သွားမယ်ဆိုရင် အဝါလေ...အသည်းကွဲမှာတော့"

ဤလိုပြောခဲ့ချင်သေး၏။ ဘာ့ကြောင့်မပြောမိရပါလိမ့်ဟု အဝါ့ကိုယ် အဝါ စိတ်ဆိုးရသေး၏။ သည်တစ်ခါတွေ့ရင်တော့ ပြောဖြစ်အောင်

ပြောမည်ဟု စိတ်ထဲတွင် အားခဲထားသည်။

အားခဲထားသည့်အတိုင်းလည်း နောက်တစ်ကြိမ် လူချင်းတွေ့ကြရ၏။ တွေ့ပြန်တော့ ကိုက စကားတွေဖောင်လောက်အောင် ပြောနေသဖြင့် တမေ့တမော ငေးမောနားထောင်ရင်း ကိုခေါ်ရာသို့ လိုက်ပါသွားခဲ့သည်။

သည်တုန်းက ကို့မျက်နှာမှာ ရွှင်လှသည်။ ကိုသည် ပိုးအင်္ကျီ အဝါနုရောင်နှင့် စိမ်းညို့ရောင် ဘန်ကောက်လုံချိကို ဝတ်ထားသော်လည်း ကိုဆံပင်မှာ ကပိုကရိုဖြင့် ညာဘက်နဖူးစပ်တွင် ပန်းခွေကဲ့သို့ လိပ်ကျနေ၏။ ကို့မျက်နှာကို ကြည့်ရသည်မှာ ကြည့်မဝအောင် ကျက်သရေရှိလှ၏။

လှသောကိုသည် အလှကြည့်နေဖို့ရုန်ကောင်းသည့် ထိုင်ရက်စရာ မရှိသော ကားငြိမ့်ငြိမ့်ကြီးကို ကိုယ်တိုင်မောင်းကာ ပုံပြင်ထဲမှ ရဲတိုက်နှင့် တူသော အိမ်ညိုကြီးရှိရာ အင်းယားကန်ဘက်ဆီသို့ အဝါ့ကို ခေါ်သွားသည်။

ဝါးပင်ငယ်ကလေးများကို ပြုပြင်ထားသဖြင့် မြသားတံတိုင်းကြီး နှင့်တူသော အိမ်ဝင်းကြီးထဲသို့ ဝင်လိုက်သည်နှင့်တစ်ပြိုင်နက် အဝါ့ကို အလှချင်းပြိုင်နေကြသော ပန်းခင်းကြီးက ကို့ကို ဆီးကြိုနေ၏။ ပန်းခင်း ကြီးကို ကြည့်၍ငေးနေမိစဉ် ကိုနှင့် အဝါတို့သည် ဆင်ဝင်အောက်ကို ရောက်ခဲ့ကြ၏။

"ဟော...အစ်ကိုလေး ပြန်လာပြီ"

ချိုလွင်သောအသံကလေးသည် ငှက်ပျံသည့်သွင်၊ ကားအနီးသို့ ရောက်လာပြီး တုံ့ခနဲရပ်သွား၏။

အဝါနှင့် မတိမ်းမယိမ်းရှိသော နှင်းဆီပုံကလေးတစ်ဖူးသည် အဝါ့ကို ခပ်စိမ်းစိမ်းကြည့်လိုက်ရာမှ သူ့အစ်ကိုလေးကို ပြန်ကြည့်ရင်း တံခါးကို ဆွဲဖွင့်ပေး၏။ အိမ်တွင်း၌ အမှတ်မထင်နေဟန်ရှိသော နှင်းဆီပုံကလေးသည်

ပါးလျသောကိုယ်တွင် ပိုးပျော့အင်္ကျီ လုံချည်ကလေးများကို ဝတ်လျက် တစ်ကိုယ်လုံး စိန်နှင့်ခြယ်ထား၏။

"ဒါ အစ်ကိုလေးပြောပြောနေတဲ့ အဝါပေါ့။ ဝါ...ဒါက ကို့နှမ အငယ်ဆုံးပါတော"

နှင်းဆီငုံကလေးသည် သူ့အစ်ကိုကို အပြုံးနှောက်သည့်မျက်စောင်း နှင့် ကြည့်ရာမှ နောက်တစ်ကြိမ် အကဲခတ်သလို ဝါ့ကို ခြေဆုံး ခေါင်းဆုံးကြည့်၏။ နှင်းဆီငုံကလေး၏မျက်နှာသည် ပြောင်စီစီနှင့် ပြုံးလာ၏။

"ဟာ...ယောက်မ"

ချက်ချင်းပင် ကျောခိုင်းလိုက်ပြီး ခစ်ခနဲအသံတစ်ချက်မြည်လျက် လှေကားပေါ်သို့ ပြေးတက်ပျောက်ကွယ်သွား၏။

ထို့ကြောင့် ကို့ကျောပြင်ကြီးကို ရှက်ရှက်နှင့် တအားထုလိုက်ရ သေးသည်။ ထုပြီးပြန်တော့လည်း နာများသွားလေသလားဟု ဝမ်းထဲက စိုးရိမ်ရပြန်၏။

ကိုကတော့ ဘာမျှမပြော။ ပြုံးပြုံးကြီးကြည့်လျက် ရှေ့ကတက် သွားသည်။ ကို့နောက်ကွယ်က လှုပ်လှုပ်ကလေးလိုက်သွားပြန်သောအခါ ကျယ်ဝန်းသောဧည့်ခန်းကြီးကို တွေ့ရ၏။

ဧည့်ခန်းကြီးအတွင်း၌ မွေးရှည်ကော်ဇောကြီးများ ခန်းလုံးပြည့် ခင်းထား၏။ ဖိတ်ဖိတ်တောက်နေသော အိမ်ထောင်ပရိဘောဂများကို သပ်ရပ်စွာခင်းကျင်းထား၏။ မျိုးရိုးအစဉ်အဆက်နှင့်တူသော အဖိုးတန် ပန်းချီကားကြီးများကို အနောက်တိုင်းဆန်ဆန် ချိတ်ဆွဲထား၏။ အခန်း ကြီးအတွင်း၌ လူသူမရှိဘဲ ကျယ်ဝန်းသလောက် တိတ်ဆိတ်လှ၏။

ကိုသည် ဖိနပ်မချွတ်ဘဲ မွေးရှည်ကော်ဇောကြီးများကို နင်းလျက်

ညှော်ခန်းကျယ်ကြီးအတွင်းသို့ ဝင်၏။ ကိုနှင့်အတူ ကို့နောက်ကို အသာ ကပ်လိုက်သွားရ ကောင်းမလား၊ ညှော်ခန်းဝ၌ ပိနပ်ချွတ်ထားခဲ့ရ ကောင်း မလားဟု တွေးရင်း တန့်ခနဲဖြစ်သွားမိ၏။

ဤသို့ဖြစ်ရသည်ကို အတွင်းခန်းအဝရှိ ပိုးခန်းဆီး၏နောက်ကွယ်မှ ပုန်း၍ကြည့်နေကြသော မျက်လုံးအစုံများကို မြင်ရသောအခါ စိတ်ကို တင်းလျက် ထိုကော်ဇောပေါ်သို့ ပိနပ်ဖြင့် နင်းလျှောက်ခဲ့ရ၏။

ထိုနေ့က ကို့အမေနှင့်လည်း တွေ့၏။ ကို...၏အစ်မ အပျိုကြီးနှင့် လည်း တွေ့၏။

ကို၏အမေက ကို့ကို ယယ်စဉ်ကတည်းက အလိုလိုက်လာခဲ့ရပုံ၊ ဘာမဆို ကို စိတ်ချမ်းသာသလိုလုပ်ဖို့ ခွင့်ပေးထားရပုံတို့ကို ရင်းနှီးသလို ပြုံး၍ပြော၏။ ကို၏အစ်မ အပျိုကြီးမှတစ်ပါး အားလုံး ဖော်ဖော်ရွေရွေ ရှိလှ၏။ ကို၏အစ်မ အပျိုကြီးကမူ စကားလည်းမပြော၊ အင်း၊အဲလည်း မလှုပ်။ အဝါ့ကိုသာ မကြာမကြာ မျက်လုံးလှန်လှန်ကြည့်နေ၏။

ကို့အမေနှင့် ကို့ညီမငယ်ကလေးများ၏ ဖော်ရွေမှုကြောင့်သာ မိန်းကလေးတန်မဲ့ ယောကျ်ားလေးအိမ်ကို လိုက်လာမိသောကြောင့် အထင်သေးသွားကြလေမလားဟူသော စိုးရိမ်စိတ်သည် အနည်းငယ် သက်သာရာရခဲ့၏။

သင်ကြားဟာဝန်ရှိနေရသော အလုပ်ခွင်မှ ဆင်းလျှင်ဆင်းချင်း ထဘီအနီနှင့် အင်္ကျီအဖြူနှင့် ခေါင်းအုပ်နှင့် အလုပ်တွင်းအဝတ်များဖြင့် လိုက်လာခဲ့ရသည်ဖြစ်၍ တော်သေး၏။ သို့မဟုတ်လျှင် ကိုတို့အိမ်မှ အိမ်စေမကလေးများလောက် ပြောင်ပြောင်လက်လက်ရှိရန်ပင် ခက်၏။ ယခု မွေးရှည်ကော်ဇောကြီးပေါ်၌ တက်နင်းထားသော အဝါ့ပိနပ်သည် ကိုတို့ အိမ်သူအိမ်သားများအဖို့ အိမ်စေများပင် စီးဟန်မရှိအောင် စုတ်ချာ၏။

ထို့ကြောင့်လည်း ဝါ့ခြေထောက်ဆီသို့ ကို့အိမ်သူအိမ်သားများ၏ မျက်စိရောက်လာတိုင်း ဝါက လိပ်ပြာငယ်ရ၏။ ဤသည်ကို တွေးမိသည်နှင့် ကို့အမေတွေ၊ အစ်မတွေက ကိုနှင့် ဝါ့ကို သဘောတူနိုင်ပါ့မလားဟု စိတ်ပူရပြန်၏။

ကိုနှင့် ဝါ့အကြောင်းကို သိပြီးဟန်ရှိသော ပြောင်စီစီနှင့် မကြာမကြာကြည့်တတ်သည့် ကိုညီမကလေး၏ ဖော်ရွေနိုင်မှုကို မြင်ရပြန်သောအခါ အနည်းငယ်စိတ်အေးသလိုလို ရှိရပြန်၏။

ပြီးတော့လည်း ကို့ကို ကြည်ညိုပြီး၊ မြတ်နိုးပြီး၊ ယုံစားပြီးဖြစ်သောကြောင့်လည်း ဝါ့အတွက် နစ်နာအောင်မလုပ်လေတန်ကောင်းရဲ့ဟု စိတ်ချလိုက်၏။ သို့သော် ဘာပဲဖြစ်ဖြစ်...

'ဝါ့ကိုတော့ မပစ်ပါနဲ့ ကိုရယ်' ဟု တောင်းပန်ဖို့ စိတ်ကူးထားသည်။ ဤစိတ်ကူးသည် ယခု အောင်လက်မှတ်နှင့် သင်တန်းဆင်းအပြီးတွင် အလုပ်လုပ်ရမည့်နေရာသို့ မပြောင်းရွှေ့ရသေးမီအချိန်အတွင်း ခေတ္တအိမ်ကိုပြန်လာခဲ့ရသည်အထိ တစ်ခါမျှမအောင်မြင်ခဲ့ဖူးချေ။

* * *

အဝါသည် မိမိကိုယ်ကိုမိမိ စိတ်ဆိုးရပြန်ကာ အားမလိုအားမရဖြစ်လျက် ခေါင်းကို ဆတ်ခနဲခါလိုက်သည်။ ဖလ်သားရေပြင်သည် အဝါ၏ရှေ့မှောက်သို့ ရိပ်ခနဲရောက်ရှိလာ၏။

"အို...ငါ့နယ်နော် ရူးရန်ကော..."

သတိဝင်လာသောကြောင့် တစ်ယောက်တည်း ရှက်ရှက်နှင့် လှေသမားကြီးများကို စိတ်မလုံမလဲနှင့် ကြည့်မိရာမှ တစ်ဖက်သို့လှည့်လိုက်၏။

အရက်မူးသမားများကဲ့သို့ ဖရိုဖရဲ ယိုင်လဲလုမတတ် ရပ်တည်နေကြ

ရှုရသော အိမ်ကလေးများသည် မြင့်မားကျယ်ပြန့်သော သဲသောင်ခုံကြီး၏ထိပ်မှနေ၍ အားတင်းလျက် အဝါ့ကို ကြည့်ကြ၏။

'ဟယ်...သဲလုံ[၁] တောင် ရောက်ပါပကော"

အဝါ၏စိတ်ထဲတွင် အလိုလို့ရွှင်မြူးလာသည်။ ဝိန်းကောလေ့ငယ်များသည် သဲသောင်စပ်တွင် အစီအရီ မေးတင်ငြိမ်သက်နေကြသည်။ အိမ်ငယ်ကလေးတွေဆီမှ ဆင်းလာဟန်ရှိသော ကချင်မ ခပ်ဝဝကလေးသည် ရင်သားဟင်းလင်းနှင့် ကျောပိုးခြင်းတောင်းတွင် ဝါးရေကျည်တောက်များကို ထည့်ကာ ကမ်းစပ်၌ရပ်လျက် အဝါတို့လှေကို စိမ်းစိမ်းကြည့်သည်။

"ဟေး ... ထု[၂] "

အဝါသည် အားရပါးရလှမ်းခေါ်လိုက်၏။ စိမ်းစိမ်းကြည့်နေသော ကချင်မကလေးသည် ရုတ်ခြည်း ရွှင်ပျလာလျက်၊ ကမ်းစပ်မှပြေး၍လိုက်ရင်း စုန်လျက်စုန်လျက်အော်၏။

"ဟေး...ဆပ်ဆိုး[၃] ဆပ်ဆိုး...နင်ပြန်လာပြီလားဟေ့"

"အေးဟေ့၊ ငါပြန်လာပြီ...နင် ယောကျ်ားရနေပလားဟဲ့..."

"အေးဟေ့၊ ငါ့မှာ အခု လာရှားမန်း[၄]တောင် ရနေခဲ့ပြီ။ နင့်လှေဒီဆိုက်ခဲ့ပါဦးအလားဟဲ့"

"ငါ နက်ဖြန်လာမယ်ဟေ့၊ တြိန်းနောင်[၅]တို့၊ ဆော့လမ်း[၆]တို့ရော

---

၁။ သဲလုံ–ဝိန်းတူးလူမျိုး ရွာငယ်တစ်ခု၏အမည်။

၂။ ထု–သိန်းဖော(ကချင်)တို့၏ စတုတ္ထမြောက်သမီးကို ခေါ်ခြင်း။

၃။ ဆပ်ဆိုး=အဝါရောင်။ ဝိန်းတူးစကား–ငယ်စဉ်က အသားဝါ၍ခေါ်ခြင်း။

၄။ လာရှားမန်း=သားယောကျ်ားကလေး။ သိန်းဖော(ကချင်)စကား။

၅။ တြိန်းနောင်=တြိန်းမျိုး ဒုတိယသား။ သိန်းဖော(ကချင်)စကား။

၆။ ဆော့လမ်း=ဝိန်းတူးအမျိုးသမီးမျိုးရိုးအမည်။

ကျန်းကျန်းမာမာပဲလားဟော့"

သောင်ပြင်ထက်မှ လု[1]၊ လှိုင်[2]နှင့် လိုက်ဆိုင်းနောင်တို့သည် အပြေးအလွှားဆင်းလာကြသည်။ သူတို့နောက်က ကလေးတွေလည်း ပါ၏။ ခွေးတွေလည်း ပါ၏။ ကလေးတွေကလည်း ဆူကြ၏။ ခွေးတွေကလည်း မြူးထူးလျက် အရှင်းရှင်း ကိုက်ဟန်, ဟောင်ဟန်ပြု၏။

လု၊ လှိုင်နှင့် လိုက်ဆိုင်းနောင်တို့သည် ထုအနီးတွင်ရပ်၍ ဝေးသွားသောလှေကို ကြည့်သည်။ ဝင်လုလုနေသည် သူတို့၏မျက်နှာကို ရွှေရည်ဖြင့် လိမ်းကျံပေး၏။ သူတို့၏မျက်လုံးများသည် ရွှေရောင်ဖုံးနေသောကြောင့် မမြင်ရချေ။

"ဟဲ့...ဘု၊ ဘလူလဲဟဲ့"

"ဆပ်ဆိုး[3] လေ...ဆွန်းဝမ်းဆပ်ဆိုး"

သူတို့သည် ဖြူရောင် နီရောင်ပုံသဏ္ဍာန်တွင် ရွှေနားကွပ်ထားသည့် အဝါကို မျက်စိမှုန်မှုန်ပြုလျက်ကြည့်၏။ အဝါက သူတို့ကို ပြုံးကာ ရယ်ကာနှင့် ယက်ပြ၍နှုတ်ဆက်သည်။ အဝါ၏ပုံပန်းသည် ပေါ်လာ၏။ လုသည် သောင်စပ်မှပြေးလိုက်ရင်း အော်၏။

"ဟေး ... ဆွန်းဝမ်း ပြန်လာခဲ့ပြီလား။ တော့ဆီ ဝင်ပါဦးလားဟဲ့"

"ပြန်လာပြီ လုရေ...နက်ဖြန်မှလာခဲ့မယ်"

"အေးဟော့...ဆွန်းဝမ်းရေ၊ တော့်ဆီကို နောက်မှလာခဲ့ဟော့။ နင့်ကို ရေဆိပ်က ကျီမိုး[4]က စောင့်ကြိုနေခဲ့လိမ့်မယ်ဟော့။ မြန်မြန်သွားဟဲ့"

---

၁။ လု = ဒုတိယမြောက်သမီး–သိန်းဇော(ကချင်)စကား။
၂။ လှိုင် = တတိယမြောက်သမီး–ကချင်စကား။
၃။ ဆွန်းဝမ်း = ဝိန်းကူးအမျိုးသမီး မျိုးရိုးအမည်။
ဆွမ်းဝမ်းဆပ်ဆိုး = ဆွမ်းဝမ်း အဝါကလေး။
၄။ ကျီမိုး = ဝိန်းကူး အမျိုးသား မျိုးရိုးအမည်။

လှသည် သောင်ပြင်ပေါ်မှ စုန်ရင်း စုန်ရင်း ရန်တွေ့ဟန်နှင့်အော်၏။ လုနှင့်အတူ လှ၏ခွေးတွေကလည်း လှေသို့လှမ်းဟောင်ကြ၏။

အဝါသည် လှနှင့်ခွေးများကိုကြည့်ကာ ပြုံးရွှင်စွာဖြင့် အသံကလေး ထွက်အောင်ပင် ရယ်မိ၏။ ပိန်းကောလှေငယ်သည် သောင်စွန်းကိုကွေ့ လျက် ပဒူးမိန်း[၁]ရွာဆီသို့ ဦးလှည့်လိုက်၏။

ရွှေရည်တွေရွှာသွန်းလျက်ရှိသော နေလုံးကြီးသည် ပြာမှိုင်းသော တောင်ထွတ်မှ လိမ့်ဆင်းပြုတ်ကျလေသောကြောင့် ကောင်းကင်တစ်ပြင်လုံး နီရဲရဲစွတ်၏။ အဝါရည်နှောသော နီလွင်သည့်ကောင်းကင်ရောင်သည် ကွေ့ဝိုက်နေသော သောင်ပြန့်ကြီးပေါ်သို့ စီးယိုကျဆင်း၏။ သောင်ပြန့် ကြီးတစ်ခုလုံး စကားနီရောင်ဖုံးလွှမ်းသွားလေသည်။ အဝါသည် အိပ်မက် ထဲက ရောင်စုံတိုင်းပြည်သို့ အလည်ရောက်နေရသလို ကြည်နူးလာ၏။

အဝါ၏မျက်နှာမှာ ပြုံးနေသည်။ ငယ်စဉ်က အဖော်တစ်စုနှင့် လိပ်ဥရှာခဲ့ရဖူးသည်မှာ ဤသောင်ပြင်ကြီးပေါ်၌ဖြစ်၏။

နံနက်စောစော လိပ်ဥလုရင်း၊ ပိန်းပိတ်အောင်မှောင်နေသော နှင်းမှုန် ထဲတွင် ကျီမိုးနှင့် သူတစ်ပြန်ငါတစ်ပြန် သတ်ပုတ်ခဲ့ကြရသည်မှာ ဤ သောင်ပြင်ပေါ်၌ဖြစ်၏။

ယောကျ်ားလေးအဖော်များနှင့် ဘယ်အခါမှ ကစားလေ့မရှိသော အဝါ၏သူငယ်ချင်း မင်းဝမ်းသည် ထင်းချောင်းတစ်ခုကို ကောက်ယူကာ ကျီမိုးကို အလဲရိုက်လျှင် အဝါ၏လက်ကို ဆွဲပြီးလျှင် သောင်စပ်သို့ရောက် အောင် အမောတကောဆင်းပြေး၏။

အဖော်တစ်စုထဲတွင် မင်းဝမ်းသည် မာနခဲကလေးဖြစ်၏။ ဒါလောက်

---

၁။ ဝဒူးမိန်း=တံခါးဝမြို့=ပိန်းကူးရွာ။ ရှမ်းစထား ချင်းတွင်းမြစ်များမှ အောက်သို့အစုန်တွင် ရှေးဦးစွာတွေ့ရသောရွာဟု အဓိပ္ပာယ်ရ၏။

မာနကြီးတဲ့ မင်းဝမ်းတစ်ယောက် ယောကျ်ားတော့ ယူလိမ့်ဦးမည်မထင်။

သောင်ခြေတွင် ရေဖောင်စီးနေကြသော ဒင်ကိုးတစ်အုပ်သည် အဝ ၏အတွေးစိတ်ကို လုယူကာ မြစ်ရိုးအတိုင်း တောင်မှမြောက်သို့ ပျံသန်း သည်။

သောင်စပ်တွင် လှူးလာခတ်နေကြသော တီတီတွတ်ငှက်ငယ်ကလေး များသည် မပြီးဆုံးသေးသော မိမိတို့၏ကာရံကို ထပ်တလဲလဲရှာကြံရင်း တေးသံချိုတစီစီနှင့် မှုန်ရီသောညနေချမ်းကို နှုတ်ခွန်းဆက်ကြ၏။

အဝတို့၏လှေသည် ရောင်စုံကျောက်စရစ်ခဲကလေးများ ဖြန့်ကြဲ ထားသောသောင်ဦးကို ရှိုကွေ့ကာ ကမ်းစပ်တွင်ထိုးဆိုက်သည်။ အဝသည် ဖျတ်လတ်ပေါ့ပါးစွာ လှေငယ်ထက်မှ ခုန်ဆင်းလိုက်၏။

■

[ ၂ ]

ကမ်းစပ်သည် မှိုင်းမှုန်တိတ်ဆိတ်လျက်ရှိသည်။ ခန္တီးမြို့မှ မရမက ငှားလာသော ရှမ်းအဘိုးကြီးနှစ်ယောက်သည် အဝါ၏ပစ္စည်းများကို ကမ်းစပ်တွင် စုပုံပေးနေသည်။ အဝါသည် ကမ်းထိပ်ဆီသို့ မျှော်ကြည့်၏။

သစ်ရိပ်အိုကြီးများသည် ညိုပြာသောမျက်နှာထားနှင့် စိမ်းကားစွာ တိတ်ဆိတ်ငြိမ်သက်သည်။ လှုပ်ရှားသောသတ္တဝါဟူ၍ ဘာတစ်ခုမျှမတွေ့ရ၊ ကြိုဆိုမည့်သူလည်းမရှိ၊ လူသံသူသံမှလည်းမကြား။

အဝါသည် ပစ္စည်းများကို လေ့ထက်မှ ကူညီသယ်ချရင်း အလိုလို ဝမ်းနည်းလာ၏။

"ဟေး...ကောင်မလေး၊ နင့်ပစ္စည်းတွေ သယ်ခဲ့ရအောင်၊ နင်တို့အိမ် သားတွေ ခေါ်လာခဲ့ဦး"

"ဟုတ်ကဲ့ရှင့်...ဘကြီး"

အဝါသည် အဘိုးကြီးများကို တစ်ချက်လှည့်ကြည့်ပြီးနောက် တချင်လွယ်အိတ်ငယ်တစ်ခုကို ဆွဲကာ သဲလမ်းအတိုင်းတက်သွားသည်။ ရင့်ရော်အိုမင်းပြီဖြစ်သော ရေသဖန်းပင်ကြီးသည် သဲကုန်းတန်း၏ထိပ်မှနေ၍ သုန်မှုန်စွာ အဝါ့ကိုလျစ်လျူပြုသည်။ အဝါသည် ရေသဖန်းပင်ကြီးကို တစ်ချက်မျှမော့မွေကြည့်လိုက်ပြီးနောက် စိတ်လှုပ်ရှားစွာနှင့် ကုန်းဆင့်

ကလေးအတိုင်း ဆက်လက်တက်လာသည်။ ဖရိုဖရဲ ပြန့်ကျဲစွာတည်ဆောက်ထားကြသော အိမ်ကလေးများသည် ကုန်းပြောင်ပြောင်တွင် မြက်စားနေကြဘိသို့ ငုံ့လျှိုးလျက် မှိုးမှိုးမည်းမည်းတွေ့ရ၏။

အိမ်ကလေးများသည် ယခင် အဝါရှိစဉ်ကထက် ပိုမိုများပြားနေ၏။ အဝါသည် လမ်းကလေးအတိုင်း ဆက်လက်လျှောက်လာရင်း ရွာလယ်သို့ ရောက်သောအခါ ဝေခွဲမရနိုင်သဖြင့် ခေတ္တရပ်ကြည့်၏။

မြူမှုန်မှုန်ဖုံးအုပ်ထားသောကြောင့် မှိုင်းလဲ့လဲ့မြင်ရသော အိမ်ကလေးများအတွင်းမှ ဝင်းလက်သောမီးရောင်တို့သည် အဝါ့ကို ပြူတစ်ပြူတစ်နှင့် ဝိုင်းအုံချောင်းမြောင်းကြည့်ကြသည်။ မလှမ်းမကမ်းတွင်ရှိ အိမ်ခပ်ရှယ်ရှယ်တစ်ခုအတွင်းမှ နှစ်ခြိုက်စွာရယ်မောနေကြသောအသံတို့သည် အဝါရှိရာသို့ ပျံ့လွင့်ရောက်လာကြ၏။ ထိုရယ်သံအားလုံးကို အသံစူးကလေးတစ်ခုက လွှမ်းမိုးအုပ်ချုပ်ထား၏။

"ကေ့ွ ဒါ...မင်းဝမ်းရဲ့အသံနဲ့တူရဲ့"

အဝါသည် ထိုအိမ်ကလေးပေါ်သို့ ရှေ့ရှုတက်သွားသည်။ ဝါးတံခါးငယ်ကို ကျီစနဲမြည်အောင်တွန်းဖွင့်လျက် အထဲသို့ရောက်သွားသောအခါ အရှိန်မပြေကြသေးသောရယ်သံသည် ရုတ်ခြည်းရပ်သွား၏။

အိမ်ရှေ့ခန်းရှိ လေးထောင့်မီးဖိုတစ်ခုကို ဝိုင်းထိုင်လျက် စကားပြောနေကြဟန်ရှိသော ကျား-မ လူရွယ်တစ်စုသည် အဝါရှိရာသို့ ပြူးပြူးကြောင်ကြောင် ငေးစိုက်နေကြသည်။ ထိုသူတို့အထဲတွင် မျက်နှာအနည်းငယ်ရင့်လာသည်မှတစ်ပါး များစွာမထွားလှဟန်ရှိသော မင်းဝမ်းကို အဝါသည် ကောင်းစွာမှတ်မိ၏။

"ဟေး ...မင်းဝမ်း ..."

မင်းဝမ်းသည် ကောင်းစွာမမှတ်မိသောကြောင့် ခပ်စိမ်းစိမ်းကြည့်နေ

သေးသဖြင့် အဝါက ရှေ့သို့တိုးလာရင်း ပြုံးလိုက်သည်။

"ဟယ်…ဆွန်းဝမ်း…အဏ္ဏလေး၊ ငါ မှတ်တောင် မမှတ်မိဘူးဟဲ့။ နင်ရယ်လိုက်တော့မှ နင်မှန်း ငါသိတယ်။ ကြီးလိုက်တာဟယ်၊ နည်းတဲ့ ကောင်မကြီး မဟုတ်ဘူး၊ ကောင်မက တစ်သွေးတစ်မွေးကြီးပါလားဟဲ့။ ကဲ…လာဟယ်…ထိုင်လေ။ ညည်း အခု ဒီမှာပဲအိပ်မယ်မဟုတ်လား။ ဘယ်အချိန်ကရောက်လာတာတုံး"

မင်းဝမ်းသည် အဝါ၏လက်ကိုဆွဲလျက် အားရပါးရပြောသည်။ အဝါသည် မထိုင်ဘဲနှင့် ပြုံးနေ၏။

"ငါ အခုရောက်တာဟဲ့။ အိမ်တောင်မသွားရသေးဘူး။ ညည်းအသံကြားတာနဲ့ ဝင်လာတာ။ လာဟယ်…ငါနဲ့လိုက်ခဲ့ပါဦး"

"ဘာအရေးကြီးလာတာတုံးဟဲ့။ ငါ ဒီမှာ ပေါင်းအိုးကြီးတန်းလန်းနဲ့၊ အေးလေ…ငါလိုက်ပါ့မယ်။ ယာမိုး…ငါ့ပေါင်းအိုးကို ကြည့်ဟယ်။ ပြီးတော့ နင်တို့ သောက်လဲမပစ်လိုက်ကြနဲ့ဦး။ ညည်း သူ့ကို မမှတ်မိဘူးလား"

မင်းဝမ်းသည် အဝါ့ဘက်သို့လှည့်လျက် တစ်ဆက်တည်းမေးလိုက်သည်။ အဝါသည် ထိုအခါမှ ဝိုင်းကြည့်နေကြသော ဘေးလူများကို လှည့်ကြည့်ရင်း ပြုံး၏။

"ငါ မှတ်မိပါတယ်ဟယ်။ ညည်းနဲ့ စကားပြောနေရလို့ သူတို့ကို နှုတ်မဆက်အားလို့ပါ။ ငါ့ရွာနဲ့ ငါ့ရွာသားတွေကို ဘယ်တော့မှ မမေ့ပါဘူးဟဲ့"

"တော်ပါဟယ်။ နင်က ရန်ကုန်သူကြီးဖြစ်လာလို့ ဟန်ကြီးပန်ကြီးလုပ်…"

"…ဟန်ကြီးပန်ကြီး လုပ်တော့မပေါ့အေ့။ ရန်ကုန်…

"အခုတော့ တော့်ပဒူးမိန်းသားတွေကို မေ့ခဲ့တော့မပေါ့…"

မီးဖိုခွဲ ဝိုင်းထိုင်နေကြသောသူတို့သည် ထိုအခါမှ အလုအယက် ဝိုင်းဝန်းရန်တွေ့ကြကုန်၏။ တစ်ယောက်တစ်မျိုး၊ တစ်ပြိုင်တည်း လုပြောကြ၏။ အဝါသည် မည်သို့မျှ တုံ့ပြန်ခြင်းမပြုဘဲ ရယ်နေစဉ် မင်းဝမ်းသည် နေရာမှ ထ,လိုက်၏။

ထိုအချိန်၌ ယောက်ျားပျိုသည် အမှောင်တွင်းမှထွက်လာ၍ အဝါ၏ ခါးကို သိုင်းဖက်လာလျက် အဝါနှင့်အတူ ပူးကပ်ရပ်၏။

"နင်တို့ပြောသလောက်မဟုတ်ပါဘူးဟ...ငါ့ကိုမမေ့..."

အဝါသည် တစ်ကိုယ်လုံးထူပူလျက်၊ ကြက်သေ သေနေရာမှ ထောင်းခနဲဝင်လာသော အရက်နံ့ကြောင့် ရုတ်တရက် သတိဝင်လာပြီး ကတုန်ကယင်နှင့် ရုန်းကန်ဖယ်ရှားရင်း အားနှင့်တွန်း၍ မည်သို့မည်ပုံ အိမ်ပြင်သို့ရောက်လာမှန်းမသိဘဲ ရောက်ရှိလာ၏။

မင်းဝမ်းသည် မရှုမလှလဲကျန်ရစ်သော ကျီမိုးကို မျက်စောင်းဖြင့် ကြည့်၏။

"ကောင်းတယ်...ကောင်းတယ်...သူများ ခုပဲရောက်တယ်။ နင်က ခုချက်ချင်း မူးမူးရူးရူးနဲ့..."

ပြောပြောဆိုဆို မင်းဝမ်းက အိမ်ပြင်သို့ပြေးထွက်၏။ ထို့နောက် ဘယ်ညာပတ်လည် လှည့်ကြည့်ရာမှ ကမ်းဘက်သို့ပြေးဆင်းသွားသော မှုန်ဝါးဝါးလူရိပ်နောက်သို့ အပြေးလိုက်၏။

"ဆွန်းဝမ်း ...ဟေး ...ဆွန်းဝမ်း ...အဓိကလေး ...နေပါဦးဟဲ့...ဆွန်းဝမ်းရဲ့"

မင်းဝမ်းသည် တုံ့ရပ်သွားသောအဝါ့အနီးသို့ ရောက်ရှိလာ၏။ အဝါ သည် အလွန်တုန်လှုပ်စွာရပ်လျက် မျက်ရည်ဝိုင်းသောမျက်လုံးဖြင့် မင်းဝမ်းကို ကြည့်ရင်း တစ်ကိုယ်လုံး တဆတ်ဆတ်တုန်၏။ မင်းဝမ်းက အဝါ၏ လက်ကို ဆုပ်ကိုင်လိုက်သည်။

"မောလိုက်တာဟယ်၊ ကျိုမိုးပါအေး။ သူ့ကို ကြောက်စရာမဟုတ်ပါဘူး။ သူက လူပျိုမဟုတ်လား၊ ကျွဲသိုးလို့ပေါ့အေး။ အရက်နည်းနည်းမူးနေလို့ပါဟယ်..."

မည်သို့မျှထူးခြားပုံမရသော မင်းဝမ်း၏မျက်နှာကို အဝါက မျက်လုံးအပြူးသားနှင့်ကြည့်၏။ အဝါ၏ရင်ထဲမှ တဒိတ်ဒိတ်ခုန်နေ၏။ ကြောက်ရွံ့မှု အရှိန်မပြေသေးဘဲ ဝမ်းထဲမှ အလိုလိုရှိုက်လိုက်၏။ မင်းဝမ်းက အဝါ၏လက်ကို ဖျစ်ညှစ်လိုက်သည်။

'ကဲ...ညည်း ဘယ်သွားမလဲ"

"င...င...ငါ အိမ်သွားချင်တယ်။ ပြီးတော့ အမေ့ကိုခေါ်ပြီး လှေဆိပ်ဆင်း၊ ပစ္စည်းတွေ သယ်မလို့"

"အဏ္ဏလေး ... ညည်းပစ္စည်းက ဘယ့်လောက်များလို့လဲ။ လာပါ... ညည်းနဲ့ ငါနဲ့ နှစ်ယောက်ဆိုရင် ရပါတယ်"

အဝါသည် ဘာမျှပြန်မပြောဘဲ မင်းဝမ်းဆွဲရာသို့ ပါသွားသည်။ မင်းဝမ်းသည် မှုန်လဲ့လဲ့တွင် မည်းမှောင်သောသစ်ပင်ရိပ်ပုတ်များအကြားမှ ပြူးမွဲမွဲမြင်ရသည့် တွန့်လိမ်နေသောလမ်းကလေးအတိုင်း အဝါ့ကို ခေါ်ဆင်းသွားသည်။

ရေစပ်တွင် ရှမ်းအဘိုးကြီးနှစ်ယောက် လှေပေါ်၌ ဆေးလိပ်သောက်နေကြ၏။ အဘိုးကြီးတစ်ယောက်က မကျေမနပ်နှင့် လှမ်းပြောသည်။

"ငတို့ကိုခေါ်တဲ့ကောင်မကလေးလားဟေ့...။ အေး...ငတို့က ဒီမှာမအိပ်ဘူး။ သဲလုံမှာ စုပြီးအိပ်ကြမှာ။ နင်တို့က တယ်ကြာတာကိုး"

အဘိုးကြီးနှစ်ယောက်သည် ပြောပြောဆိုဆို လှေကို ကမ်းမှခွာ၏။

"ဘကြီး...ဘကြီး၊ ကျွန်မတို့ကို အိမ်လိုက်ပို့ပေးပါဦး"

'မပို့နိုင်ဘူးလေး ... သဲလုံမှာ လာကောင်တို့ အိပ်ခဲ့ကုန်ရင် ငတို့

တည်းဖို့ ခက်နေမယ်လေး”

အဘိုးကြီးများ၏လေသည် ပြောရင်း ဝေးသွား၏။

“ဒုက္ခပါပဲအေ၊ သူတို့ပြောသလောက်လည်း ပေးပြီးငှားရသေးရဲ့၊ ဒါတောင် အိမ်ရောက်အောင် လိုက်မပို့ပေးကြဘူး”

အဝါက စိတ်ထဲမှ မကျေမနပ်ဖြစ်နေ၏။ ရန်ကုန်မှထွက်လာကတည်းက လမ်းတစ်လျှောက်လုံး ဤသို့ ဗမာပြည်၏နယ်စပ်နှင့် နီးလာလေ၊ စိတ်မချမ်းမြေ့ဖွယ် အဖြစ်အပျက် အသုံးအနှုန်းတို့နှင့် တွေ့ရလေဖြစ်နေ၏။

“လာပါအေး ...ဘယ်လောက်များတာလိုက်လို့။ တို့ဟာတို့ သယ်နိုင်ကြတာပအေး...”

“ဟေအေး ငါတော့ နှစ်ယောက်တည်းမသွားဝံ့ဘူး”

“ဆွန်းဝမ်းရယ်...ဒါဟာ ညည်းတို့ ငါတို့ရွာပါ။ လာစမ်းပါ”

မင်းဝမ်းသည် အိပ်ရာလိပ်နှင့်တကွ အထုပ်အပိုးများကို ဆွဲယူသည်။ အဝါသည် ကျန်သောပစ္စည်းများကိုဆွဲ၍ နောက်မှလိုက်၏။

မြူဆိုင်းသည့်အမှောင်ကြားတွင် လူးလွန့်နေဟန်ရှိသော သဲလမ်းကလေးအတိုင်း မင်းဝမ်းသည် ရှေ့မှ စိုက်စိုက်သွားသည်။ အဝါသည် မင်းဝမ်း၏နောက်မှကပ်လျက် လမ်းဘေးတွင် မှိုမှိုမည်းမည်းမြင်ရသမျှ သစ်ပင်ချုံပုတ်များကိုကြည့်ကာ ရင်ခုန်နေသည်။

ကုန်းကလေးထိပ်သို့ရောက်သောအခါ အိမ်ငယ်တစ်ဆောင်မှ ဆင်းလာကြသော ကာလသားတစ်အုပ်ကို ကြယ်ရောင်မှေးမှေးတွင် ခပ်ရေးရေးမြင်ရသည်။

ကာလသားအုပ်စုမှ မှုးသံနှင့် ဟစ်လိုက်သော သီချင်းသံသည် အဝါ့အား ခြိမ်းခြောက်ဘိသို့ရှိ၏။ အဝါသည် မင်းဝမ်း၏လက်မောင်းကို လှမ်းဆုပ်လိုက်သည်။

"တို့ သွားလို့ဖြစ်ပါ့မလားအေ့..."

"ယာဝမ်းတို့လူသိုက်ပါအေ...လာစမ်းပါ"

မင်းဝမ်းသည် ရှေ့မှ တွင်တွင်သွား၏။ အဝါသည် ထိတ်ထိတ်လန့်လန့်နှင့် ကပ်လျက် လိုက်ပါခဲ့သည်။

"ဟေး...ဝိုကလာတာ ဘွာသူတွေလဲ"

"ငါပါဟဲ့ ယာဝမ်းရဲ့"

"အား–မင်းဝမ်း ဘွာလား။ အတော်ပဲ။ ဒီနေ့ညဲ ဝမ်းနဲ့ ဝမ်းချင်းတော့ကြရအောင် တွာခါထဲလိုက်ခဲ့"

ကာလသားပျိုသည် ကယိမ်းကယိုင်နှင့် မင်းဝမ်းအား ဖက်လည်းဖက်၏။ ဆွဲလည်း ဆွဲ၏။ ဖျစ်ညှစ်လည်း ဖျစ်ညှစ်၏။

အဝါ၏ရင်သည် ခုန်ရပြန်လေပြီ။ အမှောင်ထဲတွင် မှုန်မှုန်မည်းမည်းမြင်နေရသော ရှခင်းကိုကြည့်လျက် တစ်ကိုယ်လုံး ကတုန်ကယင်ဖြစ်လာ၏။ ရင်ဖိုလာ၏။ အသက်ရှူ မြန်လာ၏။ သို့သော် မင်းဝမ်းကမူ ဘာမျှမထွေထူးဘဲ ဣန္ဒြေရရရှိနေ၏။

"အာ...ကား–နာတယ်ဟဲ့။ နင့်လက်တွေဖယ်လိုက်စမ်း၊ ငါ့မှာ ညည့်သည်ပါလာတယ် အရူးရဲ့။ ရန်ကုန်က ညည့်သည်ကို သွားပို့မလို့"

အမူးသမားသည် ရုတ်ခြည်း အမူးပြေသွားဘိသို့ ဣန္ဒြေဆယ်လိုက်ကာ အဝါ့ကို မသိမသာစောင်းကြည့်ဟန်နှင့် ယိမ်းယိုင်စွာထွက်သွား၏။

တထိတ်ထိတ်နှင့် ချွေးစေးကြီးများပြန်လျက်ရှိသော အဝါသည် အမူးသမား ဝေးသွားမှပင် ပင့်သက်ရှည်ကြီးကို မှုတ်ထုတ်လိုက်သည်။ မင်းဝမ်းသည် ဣန္ဒြေမပျက် ဆက်လက်လျှောက်လာပြီးနောက် အိမ်ငယ်ခပ်ကုပ်ကုပ်တစ်ခု၏ အမှောင်ရိပ်သို့ ဝင်၏။ အဝါသည် မင်းဝမ်းနှင့် အကွာမခံဘဲ ကပ်လျက်လိုက်ပါသွား၏။

အိမ်မျက်နှာစာတွင် အမှောင်ရိပ်၌ သစ်တုံးတစ်တုံးကို အထစ်များပြုလုပ်ထားသော လှေကားမှ တက်ရသည်။ အပေါ်သို့ရောက်သော် တွန်းလိုက်လျှင် အလိုလိုပြန်ပိတ်သော တစ်ဖက်ယိုင်ဝါးတံခါးငယ်ကို တွန်း၍ဝင်ကြ၏။

ရှည်လျားလျားရှိသောအိမ်တွင်းသို့ ရောက်သွားကြသည်။ အိမ်အလယ်ရှိ လေးထောင့်မီးဖိုမှ ထင်းမီးရောင်သည် ဖုတ်လိုက်ဖုတ်လိုက်နှင့် မောဟိုက်စွာလောင်နေသောကြောင့် အိမ်အတွင်း၌ ဝိုးတဝါးသာမြင်ကြရသည်။ မြင်ရသလောက် အိမ်တွင်းတစ်လျှောက်လုံး ကျပ်ခိုးများဖြင့် နက်ပြောင်နေ၏။ မီးရောင်လှဲ့လှဲ့တွင် လူသူကင်းမဲ့သကဲ့သို့ တစ်အိမ်လုံး တိတ်ဆိတ်ငြိမ်သက်လှ၏။

အဝါသည် တံခါးဝတွင် ခေတ္တရပ်ပြီးနောက် မီးဖိုဘေးတွင် မိမိတို့သယ်ပိုးလာသော ပစ္စည်းများကို မင်းဝမ်းနှင့်အတူ ချလိုက်သည်။ မီးဖိုထောင့်ချိုးတစ်ခု၌ လူကြီးပိုင်းသို့ ရောက်စပြုပြီဖြစ်သော ယောကျ်ားကြီးနှင့် မိန်းမကြီးသည် ခေါင်းချင်းဆိုင်ပြီးလျှင် တော်ပါဘူး[၁] ကိုယ်စီဖြင့် အလွန်ဆိတ်ငြိမ်စွာ ခပ်ပုံ[၂] ရှူနေကြသည်။ သူတို့သည် အဝါတို့အား ခေါင်းမော့ထောင်၍မကြည့်လေ...။

မင်းဝမ်းသည် အဝါ့ကို ထိုင်ခုံနိမ့်ကလေးတစ်ခု၌ ထိုင်စေပြီးလျှင် မိမိလည်း မီးဖိုဘေးတွင် ဆောင့်ကြောင့်ထိုင်လိုက်ကာ မီးတောက်ကိုဆွသည်။

ဆယ်နှစ်ကျော်ခန့်ကွဲကွာနေရသော တစ်ယောက်တည်းသော သမီးကလေး ပြန်လာသည်ကိုမှ တုတ်တုတ်မျှမလှုပ်၊ လှည့်၍မျှကြည့်ဖော်မရ

၁။ တော်ဝါဘူး = ဘိန်းရှူသော ဝါးပြောင်း။

၂။ ခပ်ပုံ = ဘိန်းဆီနှင့် ငှက်ပျောရွက်နှင့် လိမ့်နယ်ထားသောအရာ။

သော မိအို ဖအိုကြီးများကို အဝါသည် မျက်တောင်မခတ် ငေးစိုက်ရင်း မျက်ရည်များရစ်ဝဲလာ၏။

"အနီ[၁] ဒီမှာ–ဆွန်းဝမ်းပြန်လာပြီလေ။ ဆွန်းဝမ်း"

အဒေါ်ကြီးသည် ဘိန်းပြောင်းကို တစ်ရှိုက်မျှ ရှိုက်လိုက်ပြီးနောက် ခေါင်းထောင်ကြည့်သည်။ ထို့နောက် အိပ်ရာမှ ဖြည်းညင်းစွာထရင်း၊ ခပ်ပုံကို အလုံးငယ်ပြုလျက် မီးဖိုမှ မီးတောက်ကို လက်ဖြင့်ကွယ်၍ ရှေ့သို့အားယူကြည့်၏။

"ဆွန်းဝမ်း ပြန်လာပြီကိုး ...။ ကိုကျီဝမ်း–ဆွမ်းဝမ်း ပြန်လာပြီလေး"

အဒေါ်ကြီးသည် အလုံးငယ်ပြုထားသည့် 'ခပ်ပုံ'ကို ဝါးဘိန်းပြောင်း ထဲသို့ထည့်ရင်း ဦးကျီဝမ်းဘက်သို့ လှည့်ပြောလိုက်၏။

ဦးကျီဝမ်းသည် ဘိန်းပြောင်းကို အရှိုက်မပျက်ဘဲ အဝါတို့ဘက်သို့ မျက်မှောင်ကုတ်ကြည့်၏။ ထို့နောက် တစ်ဝရှိုက်ယူထားသည့် ဘိန်းငွေ့ များကို ဗူးခါးငယ်တွင် ထည့်ထားသည့် လက်ဖက်ရည်ကြမ်းဖြင့် ကျိုက် ချ၏။ ထို့နောက် ဘိန်းပြောင်းကို စူးတံနှင့် ထိုးဖောက်ရင်း အိပ်ရာမှ မထဘဲ လှမ်းပြော၏။

"အေး ... ဆွန်းဝမ်းပြန်လာရင် ကောင်းတာပေါ့။ သူ့မှာ ပိုက်ဆံ ဘယ်လောက်ပါလာလဲ'

ဦးကျီဝမ်းသည် ခပ်ပုံကိုလုံးလျက် ပြောင်းထဲသို့ထည့်ပြီးလျှင် မီးစကို ပူးခနဲမှုတ်လိုက်ကာ ဝါးခေါင်းအုံးပေါ်သို့ ခေါင်းပြန်အုံး၍ ပြောင်းတံကို ရှိုက်၏။

အဝါသည် မိအိုဖအိုကြီးများကို မျက်တောင်မခတ် တစိမ့်စိမ့်ကြည့် ရင်း မျက်လုံးတွင် မျက်ရည်များပြည့်အိုင်လာသည်။ အဝါ၏နှုတ်ခမ်းသည်

---

၁။ အနီ = ဂျီးဒေါ် (ဝိန်းတူးစကား)

တဆတ်ဆတ်တုန်လာသည်။ မျက်လွှာချလိုက်သောအခါ မျက်ရည်များ လိမ့်ဆင်းလာသောကြောင့် နေရာမှထလျက် အိမ်နောက်ဖေး ကပြင်သို့ ထွက်ခဲ့သည်။ မင်းဝမ်းသည် အဝါ၏နောက်သို့ကပ်လျက် လိုက်ပါသွား၏။

အဝါ၏ပါးပြင်ပေါ်၌ လိမ့်ဆင်းတွဲခိုလျက်ရှိသော မျက်ရည်ပေါက်ငယ် တစ်ခုသည် အမှောင်ထုတွင် စိန်ရောင်တောက်ကာ ကြယ်ရောင်ကလေး များကြောင့် ဝင်းလက်နေ၏။

ညဥ့်လေအေးသည် သစ်ရွက်ချင်းခတ်သံနှင့်အတူ ပြက်ရယ်ပြုလျက် အဝါတို့ရှိရာသို့ ရှေးရှုလာသည်။ အိမ်နောက်ဖေးကပြင်တွင် မည်းမည်း အရိပ်မျှထင်သော မိန်းမပျိုကလေးနှစ်ယောက်အား ကြယ်ပြောင်ကလေး များသည် မှုန်မှိုင်းသောကောင်းကင်ထက်မှနေ၍ ပေကလပ် ပေကလပ်နှင့် ကြည့်နေကြ၏။

အဝါသည် အသံမထွက်ဘဲ သိမ့်သိမ့်တုန်အောင် ရှိုက်ငင်မိရှာ၏။

■

# [ ၃ ]

တီးလုံးအဆန်းကလေးများကို လေချွန်သော ကျေးငှက်တို့၏အသံသည် အဝါ၏နားထဲသို့ ချိုလွင်စွာဝင်လာ၏။

အဝါသည် မျက်လုံးနှစ်ဖက်ကို ဖြည်းညင်းစွာဖွင့်လိုက်၏။ ငှက်ငယ်တို့၏ ချိုလွင်သောတေးချွန်သံကို နားထောင်ရင်း မျက်ရည်စီးကြောင်းများ ခန်းခြောက်ပြီဖြစ်၍ တင်းကျပ်ကျပ်ရှိနေသောပါးပြင်ကို သတိထားမိသည်။

အဝါသည် မကြာ့ရွယ်ဘဲ အလိုလို တစ်ချက်ရှိုက်မိပြန်၏။ ထို့နောက် ဖြစ်ရာဘဝတွင် ပျော်ရတော့မည်ဟု စိတ်ကိုပိုင်းဖြတ်ရင်း အိပ်ရာမှ ငေါက်ခနဲ ထ၏။ ဘိန်းမှိုင်းဝလျက်ရှိသော မိအို ဖအိုကြီးများသည် ယခုအချိန်အထိ အိပ်ရာထက်တွင် တုတ်တုတ်မျှမလှုပ်ကြသေး။

အဝါသည် မိမိအိပ်ရာကို သေသပ်စွာသိမ်းဆည်းပြီးနောက် မီးဖိုနှင့် တည့်တည့် ထရံ၌ထောင်ထားသော ဝါးကျည်တောက်လွတ်များကို ကျော ပိုးခြင်းတောင်းထဲသို့ထည့်ကာ ခေါင်းတွင်လွယ်လျက် ရေဆိပ်သို့ဆင်း၏။

ငယ်စဉ်ကပြုခဲ့ရသော အလေ့အကျင့်သည် ယခုအချိန်၌မူ ရှက်သလိုလို ကြောက်သလိုလိုနှင့် ပတ်ဝန်းကျင်ကို ကြည့်မိရသေး၏။

'ဟယ်…ဒါ…တို့လူမျိုး၊ တို့ဓလေ့၊ တို့အကျင့်ပဲ၊ အားလုံးလဲ ဒီလိုပဲ ရေခပ်နေကြရတာမဟုတ်လား …'

အဝါက မိမိဘာသာ စိတ်ကိုတင်းလိုက်၏။ လွန်ခဲ့သည့်တစ်လခန့်က ဆိုလျှင် မွေးထုံနံ့သာများ ကိုယ်မှာခြယ်လျက် သန့်ရှင်းစင်ကြယ်သော အလုပ်ခွင်အဝတ်များကို ဝတ်ဆင်ပြီးလျှင် ခေါင်းပေါ်၌ ဖြူစင်ပေါ့ပါးသည့် အဝတ်ပိုင်းကလေးကို စည်းနှောင်ခဲ့ရ၏။ ယခုမူ လေးလံမည်းတူးသော ကျောပိုးခြင်းတောင်းကြီးကို ခေါင်းပေါ်တွင်သိုင်းနေရလေပြီ...။

အဝါသည် ရင်တွင်းမှ လှုပ်ရှားလာရပြန်၏။ ဝမ်းနည်းလာရပြန်၏။ ယခင်လုပ်ငန်း၊ ယခင်အပေါင်းအဖော်၊ ယခင်နေထိုင်ရမှုမျိုးနှင့်တကွ၊ ကိုကို သတိရလာပြန်၏။

'အို...ဒါ...တို့အမျိုး၊ တို့အရပ်၊ တို့ဓလေ့၊ ယယ်ယယ်က ဒီလိုနေခဲ့တာပဲ...'

အဝါသည် မိမိကိုယ်ကို အားပေးလျက် ခပ်သုတ်သုတ်သွား၏။ သဲဖြူလမ်းကလေးတစ်လျှောက်လုံး၌ ချိုလွင်သောတေးကို လေချွန်လျက်ရှိကြသော 'တောင်ပီစူး'ငှက်ငယ်တို့သည် တောပန်းကလေးများကို အလုအယက်ဆိတ်ဆွနေကြ၏။ ထိုတောပန်းပေါင်းစုံတို့၏ သင်းပျံ့သောရနံ့ကလေးများသည် သဲဖြူလမ်းငယ်တစ်လျှောက်တွင် တဝေ့ဝေ့ကြိုင်သင်းလျက်ရှိ၏။

မျက်လုံးများမို့ဟန်ပြုသော အဝါ၏မျက်နှာပြည့်ပြည့်ကလေးသည် မိုးသောက်ပန်းနှင့်အတူ လန်းဆန်းနေ၏။ အဝါသည် ဘဲခုံထိပ်မှရပ်လျက် ရှေ့တူရူသို့ကြည့်၏။

ပြာညို့ညို့တောင်တန်းကြီးများသည် ဖြူလွှသောနှင်းမှုန်များကို မလုံ့တလုံ့လွှမ်းခြုံလျက် ဟန်တလုံးပန်တလုံးနှင့် စိတ်ကြီးဝင်စွာ ရေမှန်ကို ရှုသည်။ အဝါသည် ဖြူသောနှင်းဆုပ်နှင်းခဲကြီးများအကြားမှ ခေါင်းပြူနေသောတောင်ပြာကြီးကို ကြည့်လျက် ရေဆိပ်သို့ တဖြည်းဖြည်းဆင်း၏။

မင်းဝမ်းသည် အဝါနှင့် မရှေးမနှောင်း ရေဆိပ်သို့ရောက်လာ၏။ သူသည် အဝါကဲ့သို့ပင် ဝါးပိုးကျည်တောက်များကို ခြင်းတောင်းဖြင့် ခေါင်း၌လွယ်လျက် ကျောတွင်ပိုးထားသည်။ သူ၏မျက်နှာသည် ငယ်မူ ငယ်သေး မပျောက်သေးသော်လည်း ပါးကလေးများ ခပ်လျော့လျော့ ကျဆင်းစပြုသည်။ သူသည် နွမ်းရိသောကိုယ်ဟန်ဖြင့် တစ်လှမ်းချင်း လျှောက်လာရင်း ပိုးထားသောခြင်းတောင်းကို ရေစပ်၌ချ၏။

ထို့နောက် မိမိလုံချည်ကိုဖြန့်၍ ရှေ့နောက်လှည့်ပတ်ငုံ့ကြည့်လျက် နှစ်ကြိမ်သုံးကြိမ်ယမ်းခါပြီး ခပ်တိုတိုပြင်ဝတ်၏။ ပြီးလျှင် ရေထဲသို့ဆင်း၍ မျက်နှာငုံ့သစ်၏။

မျက်နှာငုံ့သစ်ရာမှ ခေါင်းကိုမော့လိုက်သောအခါ ရေစပ်တွင်ရပ်လျက် အဝေးရှိ တောင်တန်းပြာကြီးထဲသို့ နစ်မျောနေဟန်ရှိသော အဝါ့ကို မြင်၏။ ထုထားသောကျောက်ရုပ်မျိုးကိုမျှ မမြင်ဖူးရပါဘဲလျက်နှင့် ယခု မြင်နေရသော အဝါ၏ပုံသွင်ကို မင်းဝမ်းသည် တအံ့တသြငေးစိုက်မိ၏။

နှင်းသောက်သည့်လေအေးကို တစ်ဝကြီးရှူလိုက်တိုင်း ကုန်းထလာ ဘိသို့ မောက်ကြွရှန်းကန်သော အဝါ၏ရင်အစုံသည်...

ပွင့်သစ်သောမိုးသောက်ပန်းကဲ့သို့ လန်းဆန်းလှပ ပြည့်ဝနုထွေးသော အဝါ၏မျက်နှာနှင့် အရွယ်ချင်းရော အလှချင်းပါ သူနိုင်ငါနိုင် အချင်းချင်း ပြိုင်နေကြသည်ကို မင်းဝမ်း မြင်နေ၏။

"အဣာလေး ...ဆွန်းဝမ်းရယ်..."

မင်းဝမ်းသည် အဝါ၏မျက်နှာကို စူးစူးဝါးဝါးကြည့်မိနေရာမှ မျက်တောင်မခတ်ဘဲ မျက်လုံးကို ဖြည်းညင်းစွာ အောက်ဘက်သို့ ရွေ့လျား လာသည်။

"ဘာလဲဟဲ့ မင်းဝမ်းရဲ့..."

အဝါသည် ရှက်သွေးဖျန်းသောမျက်နှာဖြင့် မင်းဝမ်း၏ကြည့်ပုံရှုပုံကို ခပ်ပြုံးပြုံးပြန်ကြည့်သည်။ မင်းဝမ်း၏မျက်လုံးသည် အဝါ၏ရင်အစုံမှ တဖြည်းဖြည်း ခါးအောက်ဆီသို့ ရွေ့လျားလာကာ လုံးဝန်းသောဆီးခုံနှင့် တင်းတင်းမို့သော တင်ပါးနေရာတွင် ခေတ္တ မျက်လုံးကို ရပ်နားလျက် တံတွေးကိုမျိုချ၏။

"ဘာလဲဟဲ့...ညည်းဥစ္စာကြီးက"

'နေစမ်း...နေစမ်း...ခဏကလေး"

မင်းဝမ်းသည် အဝါရှိရာသို့ရောက်လာကာ အဝါ၏ပေါင်တံအစုံကို လက်နှစ်ဖက်ဖြင့် ပွတ်သပ်လိုက်၏။

"ဟဲ့...ယားလိုက်တာဟယ်၊ ညည်းကလဲ..."

အဝါသည် နောက်သို့ဆုတ်လိုက်သည်။ ချောမွေ့ကျစ်လျစ်သော အဝါ၏ပေါင်တံအစုံသည် ထိုသို့တွန့်ဆုတ်သွားကာမှ အမြှောင်းအမြှောင်း ထလျက် ကြီးထွားသလောက် သန်သန်မာမာ တောင့်တင်းလှကြောင်းကို ပို၍သိလာရ၏။

"တကယ့်ကိုဟယ် ညည်းကိုကြည့်ရတာ တစ်ခါမှ မတွေ့ရဖူးသေး သလိုပဲ"

"ဘာတုံးအေ...ညည်းဟာက ရှက်စရာချည်း။ တော်တော်ရိုင်းတဲ့ ကောင်မ"

အဝါသည် ရေကျည်တောက်ခြင်းရှိရာသို့ သွားပြီးလျှင် ခြင်းတောင်းကို လွယ်လျက် ရေထဲသို့ဆင်းကာ ရေကျည်တောက်များကို ယူဆေးသည်။ အဝါ၏ ဝင်းဝါတင်းရင်းသော ခြေသလုံးသားကလေးများသည် ဖလ်ရေလှိုင်းများ ရစ်ဝိုင်းရိုက်ခတ်နေသောကြောင့် အရောင်ထွက်နေဘိသို့ရှိ၏။ မင်းဝမ်းသည် အဝါ၏ခြေသလုံးသား တင်းတင်းဝင်းဝင်းကြီးကို ငေးစိုက်

ကြည့်နေသည်။

"ငါပြင့် ညည်းကို နမြော်နေတာပဲ ဆွန်းဝမ်းရယ်...ညည်း ဘာလို့များ တို့ဆီ ပြန်လာချင်ရတာပါလိမ့်။ ငါထင်တယ်၊ ညည်း တွေ့ဖူးတောင် တစ်ခါ နှစ်ခါ သုံးခါထက် မပိုဘူး"

"စိတ်ညစ်ပါဘိအေ...ညည်းတို့ဥစ္စာက မိုးလင်းလာရင် ညစ်တီး ညစ်ပတ်တွေ ထွက်နေကြတာပဲ"

"မဟုတ်ဘူး ဆွန်းဝမ်း၊ ငါ ညည်းကို နမြော်လွန်းလို့ဟဲ့။ ညည်းနဲ့ တို့အရပ်နဲ့ မတန်ပါဘူး။ ဒီမှာ...ညည်း ငါ့ကိုကြည့်စမ်း"

"ကဲ...ဘာတုံး"

"မဟုတ်ဘူး–မဟုတ်ဘူး၊ ဒီလိုမဟုတ်ဘူး။ ညည်း ငါ့တစ်ကိုယ်လုံးကို သေသေချာချာ ကိုင်ကြည့်စမ်း။ ဟောဒီ ငါ့တင်ပါးတွေ၊ ပေါင်တွေ၊ ရင်ဘတ်တွေကို..."

မင်းဝမ်း၏မျက်နှာသည် တည်တံ့လျက်ရှိသည်။ မင်းဝမ်း၏စကား သံသည် တည်ငြိမ်တိုးတိတ်သည်။ နှစ်ရုပ်ပေါင်းသော်လည်း လေးနက်သော အသွင်ကိုဆောင်လျက် ကြေကွဲဖွယ်ရှိ၏။

အဝါသည် မင်းဝမ်း၏မျက်နှာကို အထူးဂရုထားလျက်ကြည့်၏။ မင်းဝမ်း၏နားထင်စပ်သည် လျှော့ကျညှိုးခြောက်နေ၏။ မျက်ကွင်းနှစ်ခု သည် မသိမသာညှိုလျက် အောက်ခြေတွင် အရေးအရစ်များ ထင်စပြု၏။

လျော့ရဲသောပါးပြင်အောက်တွင် ခြောက်သွေ့ရင့်ရော်သောနှုတ်ခမ်း ကို ဝိုက်လျက် ကြီးရင့်ဟန်ပေါ်စေသော အရေးအစင်းကြီး တစ်ဖက်တစ်ခု သည် အဆီပြန်သော နှာပေါက်ထိပ်ဘေးမှ အစပြု၍ထင်၏။ မြင်၍ ကြည့်သော် ပိန်ရှုံ့နွမ်းပျော့သော ဘူးသီးနကဲ့သို့ဖြစ်၏။

အပေါ်အင်္ကျီမပါသောကြောင့် အထင်းသားမြင်ရသည့် အိတွဲသော

ရင်သားအစုံသည် ဈွေးခံအင်္ကျီအတွင်း၌ ချောင်ချိစွာ ခပ်ပျော့ပျော့ရှိ၏။

ကျသောတင်သားနှင့် ပိန်မြောင်းမြောင်းပေါင်တို့သည် သားများမိခင်ကဲ့သို့ အရိုးသီးခြားပေါ်၏။

အဝါသည် မင်းဝမ်း၏ လက်ပြင်ရိုးငေါ်သော မွဲခြောက်ခြောက်ကျောပြင်၊ တင်ပါးတို့မှ ပေါင်တံသို့အထိ အမှတ်မထင် ကြင်နာစိတ်နှင့်ထိတွေ့ပွတ်သပ်ပြီးနောက် မင်းဝမ်း၏မျက်နှာကို ငေးစိုက်ကြည့်သည်။

မင်းဝမ်း၏မျက်လုံးအစုံသည် မျက်ရည်များရစ်ဝိုင်းလာလျက် လျှံကျလုလုနှင့် ပါးပြင်ပေါ်သို့ စီးဆင်းရန် တာစူနေကြ၏။ သို့သော် မင်းဝမ်းသည်နှုတ်ခမ်းသားကလေး အနည်းငယ်ကို ကိုက်လိုက်ရုံမျှဖြင့် ရစ်ဝိုင်းနေသောမျက်ရည်တို့သည် မျက်လုံးအစုံအတွင်း၌ အလိုလို သွေ့ခြောက်သွားကြရသည်။ ပြီးလျှင် အဓိပ္ပာယ်မရှိဘဲ ဟဲခနဲ တစ်ချက်ရယ်လိုက်၏။

အဝါသည် မင်းဝမ်းနှင့်ရောစွမ်းမရယ်နိုင်ဘဲ ဝမ်းဝမ်း၏မျက်နှာကိုမလှုပ်မယှက် ငေးစိုက်ကြည့်ရင်း စိတ်ထဲတွင် အလိုလိုထိခိုက်လာ၏။

မင်းဝမ်းသည် အဝါ၏ လတ်ဆတ်သော ပွင့်သစ်စမျက်နှာကိုတစ်ချက်စိုက်ကြည့်လိုက်ပြီးနောက် တစ်ဖက်ကမ်း တောင်ခြေရှိ မြူနှင်းတွေဘက်သို့ လှည့်လိုက်သည်။

"ငါလေ…ခုအထိ လင်မရသေးတဲ့အပျိုဟဲ့၊ အပျိုလည်း အပျိုပဲ၊အသက်လည်း ညည်းထက် 'တောင်ယာတစ်ခုတ်' ငယ်သေးတယ် မဟုတ်လား…ဒါတောင်"

မင်းဝမ်းသည် ဆိုင်းဆိုနေသော မြူနှင်းပြင်ကြီးကိုကြည့်လျက်ပြောရင်းအသံနစ်ဝင်သွားသည်။ ထို့နောက် ငေးစိုက်နားထောင်နေသော အဝါဘက်သို့လှည့်၍ ခြောက်ကပ်ကပ်နှင့် ရယ်ပြန်သည်။

"ညည်း မြင်တယ်မဟုတ်လား။ ငါ့မှာ ကလေးမမွေးရသေးတာ

တစ်ခုပဲ။ တစ်ကိုယ်လုံး ပိန်ပျော့နေပြီလေ…”

အဝါသည် မင်းဝမ်းက ပြုံးဖြဲဖြဲနှင့်ပြောနေပါလျက် ပို၍ပို၍ စိတ်မကောင်းဖြစ်လာသည်။ မင်းဝမ်း၏ရယ်သံသည် ငိုဖို့ရန် ကုန်နေပြီ ဖြစ်သောကြောင့် ခံစားခဲ့ရသော ဒဏ်ရာဒဏ်ချက်များကို ပျော်ရွှင်ဖွယ် ကင်းသော ရယ်ခြောက်ခြောက်အသံနှင့် ရောနှောဖွင့်ဟနေကြောင်း အဝါ စိတ်ထဲ၌ အလိုလိုသိ၏။ မင်းဝမ်းသည် ခြောက်ကပ်ကပ်အသံနှင့် ဆက်လက်ရယ်နေ၏။

“ညည်း ဒီလိုမရယ်စမ်းပါနဲ့ မင်းဝမ်းရယ်။ ညည်းရယ်နေတာ ငါ စိတ်မကောင်းပါဘူး”

မင်းဝမ်းက ရယ်မြဲရယ်နေသေး၏။ ရယ်ပင်ရယ်နေသော်လည်း မျက်နှာကိုကြည့်ရသည်မှာ ငိုသလိုဖြစ်လာရာမှ တဖြည်းဖြည်း တည်ငြိမ် လာပြီးနောက် အရယ်ရပ်လိုက်၏။ ထို့နောက် ပတ်ဝန်းကျင်တစ်ခုလုံးကို သတိမေ့သွားသလို ငြိမ်သက်ငေးငိုင်၏။ ခဏကြာလျှင် ငေးသောမျက်နှာရှိ ဖြူရော်ဖျော့တော့သော နှုတ်ခမ်းအစုံတို့က မပွင့်တပွင့်လှုပ်လာသည်။

“အရင်ကဆိုရင်တော့ ငါငိုခဲ့ရတာပေါ့အေ…ခုတော့ တွေးလိုက်တိုင်း ငါ ရယ်ချင်လာတာပဲ။ နေဦး…ညည်းကို ငါ နောက်မှ အေးအေးဆေးဆေး ပြောပြရ…”

မင်းဝမ်းသည် ရုတ်တရက် တစ်စုံတစ်ခုကို သတိရဟန်ဖြင့် မျက်နှာ ပြောင်းလိုက်၏။

“ဟေး…ဒါ့ထက် ညည်း ဒီမှာမနေပါနဲ့တော့လား ဆွန်းဝမ်းရယ်။ ညည်း ဒီမှာနေရင် ငါတော့…”

မင်းဝမ်းသည် စိတ်မချမ်းမြေ့သောမျက်နှာဖြင့် စကားကို မဆက်ဘဲ ထား၏။ အဝါသည် ရေကျည်တောက်များကိုယူလျက် တစ်ခုပြီးတစ်ခု

ဆေးကြောနေသည်။ သို့ဆေးကြောရင်း မင်းဝမ်းပြောသည့်အတိုင်း မိမိကိုယ်တိုင် ညက အကြိမ်ကြိမ်တွေးတောခဲ့သည်ကို ထပ်၍စဉ်းစား၏။ မင်းဝမ်း ဘာအဓိပ္ပာယ်နှင့်ပြောသည်ကိုလည်း ဤအရပ်သူ အဝါက သိ၏။

"အေး...အဲဒါ ငါ ညက စဉ်းစားကြည့်တယ်။ ခက်တာကအေ... ဒီခရိုးရဲ့ စရိုက်စကပဟာ နည်းတာမဟုတ်တော့ ချက်ချင်းပြန်ဖို့မလွယ်ဘူး။ ဘာပဲဖြစ်ဖြစ်အေ...မပြန်နိုင်ခင်တော့ ငါ့ကိုယ်ငါ လုံခြုံအောင်နေမှာပဲ။ ပြီးတော့ မင်းမဲ့တိုင်းပြည်လည်း မဟုတ်ပါဘူး။ ငါ့စိတ်က မပါရင် ဘယ်သူမှ လာမစော်ကားနိုင်ပါဘူး"

ပြောသာပြောရသည်။ အဝါသည် မိမိတို့၏အရပ်ဓလေ့ကို သိပြီးဖြစ်၍ တုန်လှုပ်နေ၏။ မိမိတို့အရပ်တွင် မုဒိမ်းမှုဟူ၍မရှိ။ အရွယ်ရောက်လာသည့် မိန်းကလေးကို ယောကျ်ားကလေးတစ်ယောက်က ကြိုက်ခဲ့သော် မိဘမောင်ဖွားတို့၏ရှေ့၌ မဟုတ်ပါက အတင်းဝင်လုံးနိုင်သောအလေ့ ရှိ၏။ ထိုသို့ ဝင်ရောက်လုံးထွေးသတ်ပုတ်၍ ယောကျ်ားကလေးက အနိုင်ရသော်၊ အနိုင်ယူသွားခဲ့သော် မိန်းကလေးက မခံမရပ်နိုင်ဖြစ်စေဦး အမှုအခင်း ကြီးကြီးကျယ်ကျယ်ဖြစ်ရိုးမရှိ။

ဤသို့သောအရပ်မျိုး မဆိုထားနှင့်။ တရားဥပဒေဖြင့် တင်းတင်းကျပ်ကျပ်အုပ်ချုပ်ထားသော မြို့ကြီးပြကြီးတို့၌ပင် မိန်းကလေးတွေ စော်ကားခံနေကြရသည့်သတင်းမျိုးများ နေ့စဉ်နှင့်အမျှ သတင်းစာထဲ၌ ဖတ်ရ၏။ ဤသည်တို့ကို သတိရလာသောအခါ အဝါသည် ချက်ချင်း ရင်ဖိုလာ၏။

ငြိမ်ငြိမ်သက်သက်တွေးတောရင်း ရေကျည်တောက်ထဲသို့ ရေထည့်နေသော မင်းဝမ်းသည် ခါးဆန့်လိုက်သည်နှင့် မိမိတို့ရှေ့၌ ရေမှန်ကြည့်နေ

သော တောင်ပြာပြာကြီးကိုမြင်၏။ တောင်ပြာပြာကြီး၏ခါးတွင် ဖြူသော မြူပါးပဝါကို မလုံမလဲရစ်ပတ်ထား၏။ မင်းဝမ်းသည် အဝေ့ဘက်သို့ လှည့်လိုက်သည်။

"ညည်း...ဟောဟိုတောင်ပြာပြာကြီးတွေပေါ်မှာ နေကြတဲ့ နာဂလူမျိုး တွေအကြောင်းကို သိသလား"

"ဟင့်အင်း...ဘယ်သိမလဲဟဲ့။ ငါက ဒီမှာမှနေရတာမဟုတ်တာ"

"အဲဒီတောင်ပြာကြီးပေါ်မယ်နေကြတဲ့ နာဂတွေအကြောင်းကို ပြောပြရင် ညည်းလို အောက်ရန်ကုန်မြို့ကြီးမှာ ကျောင်းနေပြီး ကြီးလာတဲ့ ကောင်မ တွေအတွက် သိပ်အံ့သြမယ် သိလား။ ညည်း သိပ်လည်းလန့်သွားမှာပဲ"

"ဘယ်လိုလဲ၊ ခေါင်းဖြတ်တဲ့အကြောင်းလား။ အဲဒါ ငါကြားဖူးသားပဲ"

"အက္ကလေး...ခေါင်းဖြတ်တာ ဘာဆန်းလဲ။ လူတိုင်းသိတာပဲ...

"ဒီမှာ...အဲဒီတောင်ပြာကြီးတွေအပေါ်က ကောင်ကလေးတွေ ကောင်မ လေးတွေဟာ အရွယ်ရောက်စအချိန်ကတည်းက 'ပန်'လို့ခေါ်တဲ့ အိမ်လွတ် ကြီးတစ်ခုထဲမှာ အကုန်လုံးစုပြီး၊ လင်မယားလို အတူအိပ်ကြ၊ သဘောတူတူ မတူတူ အတင်းလုံးကြ သတ်ကြ၊ မယားမယူရသေးတဲ့ အရွယ်ရောက်ပြီး သားလူကြီးက အရွယ်မရောက်သေးတဲ့ ကောင်မလေးတွေ ဝင်လုံး၊ ဘေးက အဖော်တွေက ဝိုင်းရယ်ကြ၊ အားပေးကြ၊ တစ်ခါတလေ ကောင်မကလေးဘက်ကဖြစ်ဖြစ် ယောကျ်ားကြီးဘက်ကဖြစ်ဖြစ် ကူသတ် ပေးကြ–

"ဒီလိုနဲ့ နောက် အသားကျလာတော့ ဒီည သူနဲ့အိပ်၊ နောက်တစ်ည နောက်တစ်ယောက်နဲ့အိပ်၊ ကလေးမရမချင်း ကိုယ်ကြိုက်တဲ့လူတွေ အလဲလဲအိပ်။ ကိုယ်ဝန်ရှိလာမှ၊ နောက်ဆုံးတွေ့တဲ့လူကို ငါ ကိုယ်ဝန် ရှိနေပြီဆိုပြီး ဆွဲယူ၊ အဲဒီအကြောင်းတွေကို ညည်း ပြောပြမလို့"

အဝါသည် မင်းဝမ်း၏မျက်နှာကိုကြည့်ရင်း ကြက်သီးထပြလိုက်ရာ မောက်အန်ထွက်နေသော ရင်သားအစုံသည် သွက်သွက်ယမ်းခါသွား၏။

"ဟယ်...ဒီလိုပဲလားဟယ်...မင်းဝမ်းရယ်။ ညည်းပြောသလိုသာဖြင့်..."

"ဟုတ်လိုက်တာပအေး။ အဲဒါ တို့အမျိုးတွေပ၊ တို့လည်း အတူတူပဲပ။ ပန်မရှိတာကလွဲလို့ အပျိုလေးတွေဖြစ်လာရင် ဟိုအိမ် ဒီအိမ် ဆွေမျိုးမတော်တဲ့အိမ်တွေမှာ သွားအိပ်နေကြတာပ"

"ကြဲကြီးစည်ရာဟယ်...ဒီလိုသာဆိုမှဖြင့်..."

အဝါ၏မျက်နှာသည် ထိတ်ထိတ်ပျာပျာဖြစ်နေ၏။ အဝါသည် တွေးရင်းတွေးရင်း ကြက်သီးထလာပြန်၏။ မိမိသည် မိမိရပ်ရွာကလေးသို့ ရောက်လျှင်ရောက်ချင်း ကျီမိုး၏ အထိတ်တလန့်ပြုမူလိုက်ပုံကို ချက်ချင်းသတိရလာ၏။ အဝါ၏ရင်သည် ဒိတ်ဒိတ်ခုန်လျက် အသက်ရှူပြင်းနေရ၏။

မင်းဝမ်းသည် နာဂလူမျိုးတွေအကြောင်းကို မိမိသိသရွေ့ အဝါ့ကို ရှင်းလင်းပြောပြ၏။

အဝါ့နားထဲ၌ ကြားနေရသော နာဂအမျိုးသားတို့ အတွေးအခေါ်နှင့် ယဉ်ကျေးမှုတို့သည် အဝါ့အဖို့ မယုံနိုင်အောင် ဆန်းကြယ်နေ၏။

နာဂလူမျိုးများအဖို့ အရွယ်ရောက်ပြီးသော သားယောကျ်ားတစ်ယောက်သည် အိမ်ထောင်မရှိသေးပါက အိမ်၌အိပ်လျှင် မိခင်ကို မရိုသေရာ စော်ကားရာရောက်၏။ ရိုင်းစိုင်းသူဖြစ်၏။ ထို့ကြောင့် မိခင်ကို ရိုသေသည့်သား ဖြစ်ရကား အိမ်ထောင်မပြုမချင်း မိဘအိမ်၌ အိပ်စက်မှုမပြု။

အရွယ်ရောက်ပြီးသော နာဂအမျိုးသမီးတစ်ယောက်သည် အိမ်ထောင်မပြုသေးသမျှ အိမ်၌အိပ်လေ့မရှိ၊ အိမ်၌အိပ်သော် အရှက်ကင်းမဲ့သူဖြစ်၏။ ဖခင်ကို မြှူဆွယ်သူဖြစ်၏။ ခေါင်းပြတ် နတ်တင်ရန်ကောင်းသော

သမီးပျိုတည်း။ ထို့ကြောင့် အကျင့်ကောင်း၍ မိဘရှိသေသော ရှက်ကြောက်တတ်သော သမီးပျိုတိုင်း အိမ်ထောင်မကျမချင်း ဖခင်ကို ရှိသေသောအားဖြင့် အိမ်၌မအိပ်ကြ။

ထို့ပြင် နာဂအမျိုးသားများသည် အလွန်လျှင်အရှက်ကြီးသူများဖြစ်ရကား မိဘမောင်ဖွား ဆွေမျိုးတို့၏ရှေ့၌ နာဂမိန်းမပျိုတစ်ဦးကို မရိုးသားသောမျက်လုံးနှင့်လည်း မကြည့်ရ၊ မရိုးသားသော သို့မဟုတ် နောက်ပြောင်သည့်စကားကိုမျှလည်း ရယ်ဖွယ်အဖြစ်ပင် မပြောရ။ ပြောလျှင် မိဘမောင်ဖွားကို အရှက်ကွဲလေအောင် စော်ကားသည်ဖြစ်သောကြောင့် မိဘမောင်ဖွား ဆွေမျိုးများက ထိုသို့ပြုသူအား ခေါင်းဖြတ်ပေလိမ့်မည်။

သို့သော် ထိုသူသည် မိဘမောင်ဖွား ဆွေမျိုးတို့၏ မျက်ကွယ်ဖြစ်သော ပန်း၌ အမျိုးသမီးက သဘောတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ ကာမကိုပင် အရယူနိုင်၏။

အမျိုးသမီးကလည်း ထိုသို့ပြုပါသည်ဟု မိဘကို ပြန်မပြော။ ပြောလျှင် မိဘကို မလေးစန့်သော အရှက်ကွဲအောင်ပြုသောသမီး ဖြစ်သောကြောင့် ခေါင်းဖြတ်ခံရမည်။ အခြားသူများကလည်း မပြောကြ။ ပြောလျှင် မိန်းကလေး၏မိဘကို အရှက်ကွဲစေရန် တမင်လာရောက်ရန်စသောသူ ဖြစ်သောကြောင့် ခေါင်းဖြတ်ခံရမည်။

ကိုယ်တီးနေကြသော နာဂအမျိုးသားတို့သည် အလွန်အရှက်ကြီးသောလူမျိုးများ ဖြစ်ကြ၏။ တစ်စုံတစ်ယောက်သောသူသည် မိမိ၏ရှေ့၌ 'လေလည်'မည်ဖြစ်အံ့။ ထိုသူသည် မိမိကို တမင် မလေးမခန့် စော်ကားရန်စ,သည် ဖြစ်သောကြောင့် မိမိ၌ အရှက်ရနေရာ ထိုသူ၏ခေါင်းကို ဖြတ်ပြီးမှ ထိုအရှက်သည် ပြေပျောက်၏။

ဤအကြောင်းများထက် ထူးခြားသော၊ ကြက်သီးထဖွယ်ကောင်းသော

ဖြစ်ရပ်ကား 'ပန်'ကိစ္စဖြစ်၏။

'ပန်'ထဲသို့ အသစ်စက်စက်ရောက်လာသော မိန်းကလေးသည် မိမိ အလိုတူသူ အဖော် တစ်စုံတစ်ယောက် မရှိပါက တွဲဘက်ကင်းနေသော ယောက်ျားကြီးတစ်ယောက်ယောက်၏ ဖက်လုံးခြင်းကို ခံရတတ်၏။

ထိုသို့ အလုံးအသတ်ခံနေရစဉ်အခါ၌ မိမိဘက်မှ ကူဖော်ကူဘက် မမျှော်လင့်လေနှင့်။ ဝိုင်းဝန်းရယ်မောနေကြမည်သာဖြစ်၏။ ထိုသည့်နောက် ကျင့်သားရလာသောအချိန်၌ မိန်းကလေးလည်း အရွယ်ရောက်လာလိမ့်မည် ဖြစ်သည်။

အရွယ်ရောက်လာပြီးသည့်နောက် မိန်းကလေးအဖို့ သင်ပေးမည့်သူ မလိုချေ။

မိန်းကလေးကိုယ်တိုင်ပင်လျှင် မိမိနှင့် စိတ်တူကိုယ်တူ ချစ်ကြည်ဖြူ နိုင်မည့်သူကို တစ်ယောက်ပြီးတစ်ယောက် ရွေးချယ်လာပေလိမ့်မည်။

ထိုသို့ရွေးချယ်ရာ၌ အချို့ကို နှစ်ပတ်စန့်တွဲမည်။ အချို့ကို သုံးလစန့် တွဲမည်။ ဤသို့ တွဲကြည့်နေကြရင်း တစ်ဦးနှင့်တစ်ဦး တာရှည်နေ၍ ဖြစ်နိုင်, မဖြစ်နိုင် သိလာမည်။

ဤသို့သိလာပြီးသည့်နောက် ကိုယ်ဝန်ရှိလာသောအခါ မည်သူနှင့် ရှိခဲ့သည်ဖြစ်စေ၊ မိမိမှန်းထားသူနှင့် ဆုံစည်းရအောင် မိန်းကလေးက ရှာဖွေဖန်တီးလိမ့်မည်။

ထို့နောက် မိမိ၌ ကိုယ်ဝန်ရှိလာကြောင်း ပြောပြမည်။ ထိုအခါ ယောက်ျားပျိုသည် အလွန်ဝမ်းမြောက်ဝမ်းသာစွာ မယားအဖြစ် အသိအမှတ် ပြု၍ ပေါင်းသင်းရန်အတွက် 'ပန်'မှ မိမိအိမ်သို့ ခေါ်သွားလိမ့်မည်။

ထို့ကြောင့် နာဂအမျိုးသားတို့သည် အားလုံး တစ်ယောက်နှင့်တစ် ယောက် သွေးစပ်သူတွေချည်း ဖြစ်ကြသည်ဟု အချင်းချင်း ချစ်ခင်ကြ၏။

အမြှာညီနောင်စာပေ

အချင်းချင်း တစ်ယောက်နှင့်တစ်ယောက် တွေ့ဆုံကြရာ၌ "မင်းအမေ နေကောင်းရဲ့လား"ဟု မေးလိုလျှင် "မင်းနှင့် တို့၏အမေ နေကောင်းရဲ့လား"ဟု မေးကြ၏။

"မင်းကလေးတွေ နေကောင်းရဲ့လား"ဟု မေးလိုလျှင် "မင်းနှင့် တို့ရဲ့ကလေးတွေ နေကောင်းရဲ့လား"ဟု မေးကြ၏။ ဤသည်တို့သည် နာဂအမျိုးသားတို့၏ ယဉ်ကျေးမှုအသုံးအနှုန်းများဖြစ်၏။

ပိန်းကူးလူမျိုးတို့သည်လည်း ရှေးယခင်အခါက နာဂလူမျိုးများပင် ဖြစ်ကြလျက် တောင်ပေါ်မှ ဆင်းလာ၍ မြစ်ကမ်းသို့ရောက်မှ အဝတ် ဝတ်တတ်လာကြသည်ဟု မင်းဝမ်းက ရှင်းပြ၏။

အဝါသည် မင်းဝမ်း၏မျက်နှာကို အထိတ်တလန့်ကြည့်လျက် တုန်လှုပ်ချောက်ချားလာ၏။ မိမိသည် တကယ်ပဲ ရင်ဟင်းလင်းဖွင့်၍နေကြ သော နာဂလူမျိုးပေလားဟု တွေး၏။

မိမိငယ်ငယ်က မိမိတို့ ပိန်းကူးအမျိုးသမီးများသည်လည်း အခြား လူစိမ်းလူမျိုးများ မရှိမရောက်လာပါက ရင်ဟင်းလင်းဖွင့်၍ နေလေ့ရှိကြ ကြောင်း ခပ်ရေးရေး သတိရ၏။

အင်္ဂလိပ်စကားကို လည်လည်ပတ်ပတ်ပြောတတ်၍ ခေတ်မီပညာ တတ်တို့နှင့် လက်ပွန်းတတီး ပေါင်းသင်းနေထိုင်ခဲ့ဖူးသော အဝါသည် မိမိကိုယ်ကိုမိမိ နာဂအမျိုးအနွယ်တစ်ယောက်ဟု သိလာသည်နှင့် မျက်နှာ တစ်ပြင်လုံး သွေးဆုတ်သွားကာ ယူကျုံးမရ ဖြစ်လာ၏။

"တို့များ တကယ်ပဲ ဒီနာဂလူမျိုးတွေထဲက လူမျိုးတစ်မျိုးပဲလား။ ညည်း သေသေချာချာသိလို့လား..."

မင်းဝမ်းသည် အဝါ၏ ထိတ်လန့်တုန်လှုပ်နေသောမျက်နှာကို သေသေချာချာ စူးစိုက်ကြည့်နေ၏။ နာဂလူမျိုးဖြစ်လည်း ကိုယ့်လူမျိုးပဲ

မဟုတ်လားဟု ဝမ်းထဲကတွေး၏။

မင်းဝမ်းသည် မိမိနှာဂလူမျိုး ဖြစ်နေရသည့်အတွက် ရှက်ခြင်းကြောက်ခြင်းမရှိ။ သို့ရာတွင် မိမိတို့ဓလေ့စရိုက်သည် သူတစ်ပါးတို့အစော်ကားခံရရန် တမင်ဖန်တီးထားသလိုရှိနေခြင်းကိုသာ ခံပြင်းနေခြင်းဖြစ်၏။ ယခု အဝါ၏မျက်နှာပျက်နေပုံမှာ မိမိကဲ့သို့မဟုတ်။ မိမိ၏စိတ်ထဲ၌ အဝါ့ကို ပိုတန်းသည်ဟု ထင်၏။

"ငါ သေသေချာချာတော့မသိဘူး။ ဒါပေမဲ့ ညည်း စဉ်းစားကြည့်...

"နေကလေးသာလို့ ပလူကောင်ကလေးတွေ မြေတွင်းထဲကထွက်ကြတဲ့ 'ပင်ရုံး'ဆိုတဲ့လ ရောက်ရင်၊ တို့ပိန်းကူးလူမျိုးတွေဟာ 'အကု'ဆိုတဲ့ပွဲကြီးလုပ်ကြတယ်မဟုတ်လား ...။

"ညည်းမှတ်မိမှာပေါ့အေး...။ တို့ ကလေးတုန်းက ညည်းနဲ့ ငါနဲ့လက်တွဲပြီး မီးပုံကြီးကို ပတ်ပတ်လှည့် က,ကြတော့၊ တို့နှစ်ယောက်ကြားထဲမှာ ကောင်ကလေးတွေ အတင်းဝင်လာလို့ တို့ ဆွဲပြီးသတ်ခဲ့ကြတာလေ...။

အဝါ၏မျက်လုံးသည် ပြေးတမ်းလိုက်တမ်းကစားနေကြသော ဖလ်လှိုင်းတွန့်ကလေးများဆီသို့ ငေးစိုက်နစ်မြုပ်နေရာမှ ငယ်ငယ်က အကြောင်းများကို ဝိုးတဝါးဝါးတွေးတောရင်း ငေးမှိုင်မှုမပျက်ဘဲ ဖြည်းညင်းစွာခေါင်းညိတ်၏။

"အဲ...ဒီ 'အကု' ပွဲတော်မှာ တို့ဆိုကြရတဲ့သီချင်းတွေတော့ ညည်းမေ့ကုန်မှာပဲ၊ အဲဒီအထဲမှာ...

"ပေါင်ခေါ် လောင်ဝီးပူ ခေါင်ညိုဟူးလေ

အာလောင် လောင်ယားပူ တိုဆားဟူးလေ

အော...အော...လောင်ပါး ကော်လား ဟစ်ပ်ဆီးလား

အော်...ယော်တိုင်း လိုင်းနှောင် ဟာဟဲဟ...။

"အဲဒီသီချင်းပိုဒ်ကအကြောင်းတွေကို ညည်းသိရဲ့လား...

"ဝက်စွယ်ကို ဆင်မြန်းထားတဲ့ 'ပေါင်ခေါ' စစ်ဗိုလ်ကြီး လာပါပြီ၊ ကျားစွယ်ကို ဆင်မြန်းပြီး ခေါင်းရထားတဲ့ 'အာလောင်' စစ်ဗိုလ်ကြီးလည်း လာပါပြီ။

"ဟော...ဟော... 'လောင်ပါး' ရွာခေါင်းကြီး ငိုပါပြီ...။

ဟော...'ယော်တိုင်း လိုင်းနှောင်' လူမျိုးတွေက ရယ်ကြပါပြီတဲ့...။

"အဲဒီသီချင်းတွေဟာ တို့ အခု ပိန်းကူးစကား တစ်ခုမှမပါဘူး၊ အားလုံး 'နာဂ'စကားချည်းပဲ။ ဒါပေမဲ့ အဲဒါတွေဟာ တို့လူမျိုးတွေ၊ ဟို...အဝေးကြီးတုန်းက စစ်နိုင်ကြ၊ ခေါင်းရကြလို့ ပျော်ကြ ရယ်ကြတာ။ စစ်ရှုံးတဲ့ရွာခေါင်းကြီးက ငိုနေရတာကို သီချင်းလုပ်ဆိုထားတာပဲ။ ဒါ့ကြောင့် တို့ရဲ့ပွဲတော်တွေမှာ ခုအထိ ဆိုနေကြတုန်းပေါ့..."

အဝါသည် မင်းဝမ်း၏မျက်နှာဘက်သို့ ဆတ်ခနဲလှည့်ကြည့်လိုက်၏။ အဝါ၏မျက်နှာတစ်ခုလုံး ထိတ်လန့်တုန်လှုပ်နေဟန်ဖြင့် ဖြူရော်နေ၏။ အဝါ၏ ပန်းသွေးရောင်ထနေသော နှုတ်ခမ်းသားကလေးနှစ်ခုလုံး တုန်နေ၏။ အဝါ၏ပါးစပ်မှ ရုတ်တရက် စကားထွက်မလာဘဲ ဆွံ့အ,နေသူကဲ့သို့ အားစိုက်နေရ၏။

"ဒါ...ဒါဖြင့်...တို့ဟာ 'နာဂ'တွေပဲပေါ့..."

"အေး...ပေါ့လေး၊ တို့ဟာ အဲဒီ 'နာဂ'တွေရဲ့အမျိုးမို့၊ တို့ အခု နေကြထိုင်ကြတာလည်း နာဂတွေနဲ့ ဘာထူးသေးသလဲ။ ကြည့်လေ၊ အပျိုကလေးတွေဟာ ဆွေမျိုးမတော်စပ်တဲ့ သူစိမ်းတွေအိမ်မှာ သွားသွားပြီး စုအိပ်ကြတယ်။ လူပျိုကလေးတွေကလည်း အဲဒီမှာ အတူလာပြီးအိပ်ကြတယ်။ မိန်းကလေးတွေက သဘောမတူပေမယ်လို့ ယောကျ်ားကလေး

တွေက အတင်းဝင်လုံးကြတယ်။ တော့်မှာ 'ပန်' မထားတာနဲ့ အဝတ် လုံအောင်ဝတ်တာပဲ ထူးတာပဲ။ ပြီးတော့ အဖျိုကလေးတစ်ယောက်ဟာ..."

မင်းဝမ်းသည် စကားကို ဆုံးအောင်မပြောနိုင်ဘဲ ရပ်ပစ်လိုက်၏။ ထို့နောက် မျက်တောင်လျင်မြန်စွာခတ်ရင်း ခေါင်းငုံ့လိုက်၏။ ခဏကြာ အောင် ခေါင်းငိုက်စိုက်ဖြင့် ငြိမ်နေပြီးနောက် ဝါးကျည်တောက်များကို ဆေးရင်း ပင့်သက်မှုတ်ထုတ်လိုက်၏။

"တို့ပိန်းကူးတွေဟာ နာဂလူမျိုးကပြစ်ပြစ်၊ ဘာလူမျိုးကပဲဖြစ်ဖြစ်၊ ဒါက အရေးမဟုတ်ပါဘူးအေ။ အရေးကြီးတာက တို့လူမျိုးအချင်းချင်းကို က မကောင်းပါဘူးအေ။ တဖြည်းဖြည်း ညည်းသိလာမှာပါပဲ။ ငါတော့ ရိုးနေပြီ။ ရိုးသမှ ယောကျ်ားတိုင်းနဲ့ကို ရိုးနေပြီ။ ခန္တီးရှမ်းတွေကအစ ဘယ်ကောင်မှ၊ ငါ့အတွက် အသစ်အဆန်းမဟုတ်ပါဘူးအေး"

အဝါသည် ရှက်ကြောက်တုန်လှုပ်စွာဖြင့် မင်းဝမ်း၏ပါးစပ်ကို ပြေးပိတ် ၏။ ထို့နောက် တစ်ယောက်၏မျက်နှာကို တစ်ယောက် ကြင်နာချစ်ခင်စွာ နှင့် ငေးစိုက်ကြည့်ကြ၏။

အဝါ၏ ပြည့်တင်းသောမျက်နှာ၌ နှင်းဆီရောင်သန်းလာသည်။ နုထွတ်သောပါးပြင်တွင် နှင်းဆီရောင် ပို၍ရင့်၏။ တက်သစ်စနေရောင် ခြည်သည် ငွေရည်ဖျန်းထားသော ဖလ်ပြာတောင်ကြီးပေါ်မှ ကျော်ဖြတ်ကာ အဝါ၏ခေါင်းကို ရွှေရည်လူးပေးသည်။

ယယ်နုန မိန်းမပျိုနှစ်ယောက်တို့သည် တိတ်တိတ်ဆိတ်ဆိတ်ရှိနေကြ သော်လည်း ချစ်ကြင်နာမှုဖြင့်ထုံအပ်သည့် နှလုံးသားချင်း မွတ်သိပ်စွာ ဖက်လဲတကင်းပြုနေရာမှ လူချင်းခွာလိုက်သည်။

အဝါသည် ကျောတွင်ပိုးထားသည့် ရေခြင်းတောင်းကြီးကို ရွှေရောင် လူးနေသည့်ဆံစ၌ မပူရာအနားကွပ်လိုက်ဘိသို့ ခေါင်းတွင်ရစ်သိုင်းကာ

သဲလမ်းကလေးအတိုင်း ရှေ့မှတက်၏။

မင်းဝမ်းသည် နိမ့်ချည်မြင့်ချည်နှင့် တစ်ဖက်စီလှုပ်နေသည့် ကားကား ကြွနေသည့် အဝါ၏တင်ပါးကြီးနှစ်ခုကိုကြည့်ရင်း စကားမပြောဘဲ နောက်မှ လိုက်သည်။ ကုန်းဆင်းကလေးထိပ်သို့ရောက်သော် ကျည်တောက်များကို ကျောပိုးလျက် ရေခပ်ရန် အစီအရီထွက်လာကြကုန်သော ရွာအပျိုများနှင့် မိန်းမကြီးတို့ကို တွေ့ကြရ၏။

သွေးသားဆူဖြိုးစအရွယ်တွင် ခပ်ကြွကြွရှိသော်လည်း ခပ်အိအိ ပျော့တွဲ နေသော အသားအရေရှိသည့် ရွာအပျိုတစ်စုကို အဝါသည် မင်းဝမ်း၏ စကားအရ စိတ်မချမ်းမြေ့စွာ သတိထားမိသည်။

အပျိုတစ်စုတို့ကလည်း မိန်းမချင်းဖြစ်ကြသော အဝါ၏တစ်ကိုယ် လုံးကို ယောကျ်ားများက ကြည့်ကြဘိသို့ အထက်ပြန်အောက်ပြန် အနှံ့အပြား စူးစူးစိုက်စိုက်ကြည့်ကြကုန်သည်။ ထို့နောက်မှ မျက်နှာကို မှတ်မိလာ ကြဟန်နှင့်...

"ဟဲ့...ညည်း ဆွန်းဝမ်းမဟုတ်လား။ ဟယ်... ဆွန်းဝမ်းဆပ်ဆိုး ဘယ်တုန်းက ပြန်လာတာတုံး။ တို့ဖြင့် ညည်းငယ်ငယ်က ဒါလောက် ထွားလိမ့်မယ်တောင် မထင်ဘူး။ အာ...ကား၊ တစ်သွေးတစ်မွေးကြီးပါလား။ ဟဲ့...ဦးကျိုးဝမ်းတို့တော့ ဘိန်းလှိုင်လှိုင်ရှူရဦးတော့မှာပအေး"

အပျိုတစ်စုနှင့် အဒေါ်ကြီးတို့သည် အဝါ၏ ထွားသောရင်၊ ကားသော တင်တို့ကို ပြူးစေ့စေ့နှင့်ကြည့်လျက် အလုအယက် ဝိုင်းဝန်းနှုတ်ဆက်ကြ သည်။

မိန်းမတစ်သိုက်တို့ ပြူးကာရယ်ကာနှင့် ဆင်းသွားသော် အဝါသည် ရှိုးတိုးရှန့်တန့် စိတ်မသိုးမသန့်ဖြစ်လျက် ကျန်ရစ်ခဲ့၏။

"ကဲ...ငါသွားမယ် ဆွန်းဝမ်း။ ညည်း ..."

မင်းဝမ်းသည် တစ်စုံတစ်ရာပြောမည်ပြုပြီးမှ မပြောတော့ဘဲ အဝါ၏ မျက်နှာကို အတန်ကြာအောင်ကြည့်နေပြီးလျှင် ရှာခနဲလှည့်ထွက်သွားသည်။

အဝါသည် မင်းဝမ်း၏ ပိန်ချပ်ချပ်နောက်ပိုင်းကိုကြည့်လျက် ကလေး ဘဝကပင် မာနစပ်ကြီးကြီးဖြင့် ယောက်ျားကလေးအဖော်များနှင့် မည်သည့် အခါမှ အရောဝင်ခြင်း၊ ကစားခြင်းမပြုခဲ့ဖူးသော ချစ်လှသည့်သူငယ်ချင်းမ ကို ကြည့်ကာ ပင့်သက်ချလိုက်၏။

* * *

အဘိုးကြီး အမယ်ကြီးများကား အိပ်ရာမှ ထနှင့်ကြလေပြီ။ သူတို့ သည် အဝါ ရောက်လာသောအချိန်၌ နေ့စဉ်ပြုလုပ်နေကျဝတ္တရားအတိုင်း 'ဘိန်းပိတ်စ'ကို ရေဖျော်ညှစ်ယူလျက် 'ဟက်တား'ခေါ်သည့် ကြေးဝါဇွန်းခွက် ကြီးထဲသို့ ထည့်ပြီးလျှင် မီးဖိုပေါ်တွင် ဘိန်းဆီချက်နေကြလေပြီ။

အမယ်ကြီးသည် အဘိုးကြီးဘေးတွင် ထိုင်လျက် ရိပ်ရိပ်လှီးထားသည့် ငှက်ပျောရွက်မျှင်မျှင်ကလေးများကို မီးကင်ထားသောသံပြားစတစ်ခုပေါ် တွင် တင်၍ 'ခေါ်လီကား'ဟု ခေါ်သော ဝါးရှူးတံကလေးနှစ်ချောင်းနှင့် တရုတ်ခေါက်ဆွဲမွှေသကဲ့သို့ အထက်အောက်လှန်ပေး၏။ ထို့နောက် မီးဖိုပေါ်သို့တင်လိုက်သည်။

အဘိုးကြီးသည် ကြေးဇွန်းအတွင်းမှ ဘိန်းဆီများကို အမယ်ကြီး လှော်ပေးထားသော ငှက်ပျောရွက်မျှင်ကလေးများနှင့် ဂရုတစိုက် နယ် လူးလျက်ရှိ၏။ ထိုအချိန်၌ အမယ်ကြီးသည် မီးဖိုပေါ်သို့ ရေနွေးအိုး တစ်လုံး တင်လိုက်၏။

ပြင်ဆင်ဖွယ်ရှိသည်တို့ကို ပြင်ဆင်ပြီးသည့်အချိန်၌ မီးအားကောင်း သဖြင့် မီးဖိုပေါ်မှ ရေနွေးအိုးသည် တစ်ခဏချင်းဆူလာ၏။

အမယ်ကြီးသည် လက်ဖက်ခြောက်ကို ခပ်ဖန်ဖန်ခတ်လိုက်ပြီးလျှင် သပွတ်အူဆို့ထားသော 'ဘူးခါးငယ်'ကလေးအတွင်း၌ အဖန်ရည်ကို ထည့်နှပ်၏။ ထို့နောက် ရှူရန် အသင့်ဖြစ်နေပြီးသော 'ခပ်ပုံ'များကို အဘိုးကြီး အမယ်ကြီး ခွဲဝေလျက် ဝါးပြောင်းတံကိုယ်စီ၊ မီးစကိုယ်စီဖြင့် မီးဖိုဘေးတွင် တုံးလုံးလှဲကာ ရှူကြ၏။

အဝါသည် မနီးမဝေးမှ တောက်တိုမယ်ရပြုလုပ်နေရင်း မိခင်နှင့် ဖခင်ကြီးကို တစေ့တစောင်းကြည့်၏။ ကြည့်ရင်း ကြည့်ရင်း အလိုလို စက်ဆုပ်ရွံရှာသလိုဖြစ်လာ၏။ ဘာကြောင့်များ ဒီလိုမိဘနှင့် ဒီလိုလူမျိုးစု၏ အသိုက်အဝန်းထဲတွင် လူဖြစ်လာရပါလိမ့်ဟု ကိုယ့်ကိုယ်ကို မကျေနပ်ဖြစ်၏။

'အို…ဘာတွေများတွေးမိပါလိမ့်ပ။ ဒီအမေနဲ့ ဒီအဖေ့သွေးပဲ မဟုတ်လား။ ဘာပြုလို့ ဒီစိတ်မျိုးဝင်ရပါလိမ့်မလဲ…'ဟု တွေးပြန်၏။

'ဘာပဲဖြစ်ဖြစ်လေ ကျေနပ်စရာတော့ တစ်ခုမှမရှိတာ အမှန်ပဲ'ဟု တွေးပြန်၏။

ထိုတွေးတောမှုများကြောင့်လည်း ငြိမ်ငြိမ်သက်သက်ဆောက်တည်ခြင်းဟု မတတ်စွမ်းသောကြောင့် မျက်စိထဲ၌ ညစ်ပတ်ရှုပ်ပွေလျက်ရှိသော တစ်အိမ်လုံးကို လှုပ်လှုပ်ရှားရှားနှင့် လှည်းသိုရှင်းလင်း၏။ တစ်အိမ်လုံးမှ နံရံတစ်ဖက်တွင် တစ်ပေါက်စီမျှသာရှိလျက် အမြဲပိတ်ထားလေ့ရှိသော ပြတင်းပေါက်နှစ်ခုလုံးကိုလည်း ခပ်ကြမ်းကြမ်းဆွဲဖွင့်၏။

ကျန်းမာ၍လှသော သူနာပြုဆရာမလေးသည် စိတ်ရှုပ်ရှုပ်နှင့် ဒေါသဖြစ်တိုင်း လှည်းသိုရှင်းလင်းနေလေရာ မြင်ရလိုက်တိုင်း ဒိုးဒိုးဒေါက်ဒေါက်ဖြင့် အလွန်သွက်လက်ဖျတ်လတ်နေ၏။

ဘိန်းပြောင်းကို တစ်ရှိုက်ပြီးတစ်ရှိုက် ရှိုက်လျက်ရှိသော ဦးကျီးဝမ်း

သည် ပြတင်းပေါက်မှဝင်လာသော အလင်းရောင်မှေးမှေးဖြင့် လှုပ်ရှား ကုန်းကွနေသော သမီးဆွန်းဝမ်းအား တစိမ့်စိမ့်စိုက်ကြည့်၏။

ဤမိမိရှေ့တွင်မြင်နေရသူကလေးသည် မိမိ၏သမီး ဆွန်းဝမ်းမှ ဟုတ်ပါလေစ။ တောနတ်သမီးတစ်ယောက် မိမိတို့အိမ်ထဲသို့ ရောက်လာ ခြင်းပေလားဟု ဘိန်းငွေ့ယစ်ယစ်နှင့် တွေး၏။

သို့တွေးတောရင်းမှ ဆွန်းဝမ်းတွင် ငွေပိုကလေးများ ပါမလာခြင်း အတွက် အပြစ်ပြောဆိုရန် မလိုတော့ဟု စိတ်ထဲမှ ပိုင်းဖြတ်လိုက်၏။

ငွေပိုဟူသည်ကား သုံးလိုက်လျှင် ခဏနှင့် ကုန်ချင်ကုန်ပေလိမ့်မည်။ ယခုမူ ဆွန်းဝမ်းတို့အမေ ငယ်ငယ်ကနှင့် ဘယ်လိုမျှ နှိုင်းယှဉ်မရသော တောနတ်သမီးလေးနှင့်တူသည့် ဆွန်းဝမ်းတစ်ယောက်လုံး အဖိုးဘ၀အတိုင်း အိမ်ပေါ်သို့ရောက်ခဲ့ပြီဖြစ်ရာ...

ဦးကျိဝမ်းသည် ထိုအပျိုကို တစ်နေ့လျှင် ဘိန်းတစ်ကျပ်သားဖိုး ကုန်အောင် ရှူပစ်သည်အထိ ငါးနှစ်ခန့်တော့ တစ်ဝကြီးရှူပစ်နိုင်လောက် သည်ဟု စိတ်ကူးယဉ်လျက် ပြုံးသောမျက်နှာဖြင့် မျက်လုံးမှေးမှေးစင်းနေ၏။

အဝါသည် မီးဖိုဘေးတွင် ငြိမ်သက်စွာဘိန်းရှူနေကြသည့် လဲလျောင်း လျက်ရှိသော အဘိုးကြီး အမယ်ကြီးများရှိရာသို့ မကြာမကြာ မျက်လုံးဝှေ့၍ ကြည့်၏။ ကြည့်မိတိုင်းလည်း ဒေါသဖြစ်၏။ ဒေါသဖြစ်တိုင်းလည်း အလုပ်ကို ပို၍သွက်လက်စွာလုပ်၏။

တစ်အိမ်လုံး နေသားတကျဖြစ်ကာ ရှင်းလင်းသပ်ရပ်သွား၏။ ဒေါသမှ မပြေသေးမီ လုပ်စရာကုန်သွားလေပြီ။ ဘာများဆက်လုပ်ရပါ့ မလဲဟု စဉ်းစားရင်း ငယ်စဉ်က နေ့တိုင်းလုပ်ခဲ့ရဖူးသောအလုပ်ကို သတိရ၏။

ထို့ကြောင့် ‘လုံဖတ်’ဟုခေါ်သော နှုတ်ခမ်းတစ်ဖက်သာရှိသည့်

ဆန်ကောတစ်ချပ်ကိုယူကာ အိမ်ရှေ့သို့ဆင်းလာခဲ့သည်။ အိမ်ရှေ့နံရံထောင့်တွင် ပုတ်ငယ်တစ်ခုရှိ၏။ ထိုပုတ်ထဲမှ စပါးအချို့ကို 'လုံဖတ်'ထဲသို့ ထည့်ယူလာပြီးနောက် လက်ဆုံတွင် ထည့်၍ ထောင်း၏။

သူတို့အရပ်တွင် ယနေ့ချက်ရန်ဆန်အတွက် ယခု ပုတ်တွင်းရှိ လှန်းပြီးစပါးများကိုယူ၍ ချက်ချင်းထောင်းကြရသည်မှာ အရပ်ဓလေ့ဖြစ်၏။ အဝါသည် ငယ်စဉ်က မိမိကိုယ်တိုင်ပြုလုပ်ခဲ့သော ထိုဓလေ့ကို ယခုအထိ မမေ့သေးချေ။

လက်ဆုံကျည်ပွေ့နှင့် နှစ်ပေါင်းအတော်ကြာ ကင်းကွာလာခဲ့ရပြီဖြစ်သော အဝါသည် မကြာမီ လက်ကလေးများပေါက်ပြလျက် အဖုအဖု ထကုန်ကြ၏။

စိတ်ထဲတွင် မကျေမချမ်းဖြစ်တိုင်း ဒေါသနှင့်ပြုလုပ်နေရသောကြောင့်လည်း ပို၍အဖုထ ပေါက်ပြကုန်ကြခြင်းဖြစ်၏။

အဝါ၏မျက်နှာတွင် ပါးအိုကလေးများ ပိုမိုနီမြန်းကာ နဖူးဆံစတို့မှ ချွေးစီးကြောင်းများသည် ဝါဝင်းသောမျက်နှာပြင်တွင် မည်းနက်သော ဆံနကလေးများကို ဖရိုဖရဲ အသားနှင့်ကပ်နေစေသောကြောင့် ပိုမိုလှပလာ၏။

အဝါသည် လက်ဆုံကျည်ပွေ့ကို ပစ်ချလျက်၊ လည်ပင်းမှ အကျီကြယ်သီးတစ်လုံးကို ဖြုတ်လိုက်၏။ ထို့နောက် 'လုံဖတ်'ကိုယူလျက် ဖွဲကြမ်းရောနေသော ဆန်များကို ပြာပစ်၏။

အဝါ၏လက်မောင်းဝဝကလေးအပေါ်ရှိ အမွေးနုများတွင် ဖွဲမှုန်ကလေးများ ကပ်နေကြသောအခါ ထသောပျိုးပင်ပေါက်တို့ကဲ့သို့ စိမ်းစိမ်းနုနု ထင်းထင်းပေါ်လာသောကြောင့် အဝါ၏ ပျိုမျစ်သန်စွမ်းမှုသည် ပို၍ထင်ရှားလာ၏။

အဝါသည် ပြာပြီးဆန်များကို လက်ဆုံထဲ၌ထည့်ကာ နောက်တစ်ကြိမ် ထောင်းပြန်၏။ အဝါ၏ဆန်ထောင်းပုံသည် ပိန်းကူးမကလေးများ ဆန် ထောင်းပုံနှင့် လုံးဝမတူ။

ပိန်းကူးမကလေးတို့၏ ဆန်ထောင်းပုံသည် ပျော့၏။ နွဲ့၏။ တင်ပါးကို ရှေ့တိုးနောက်ငင်ပြု၏။ ရင်ကို ဘယ်ညာယိမ်းနွဲ့၏။ ခါးကို အလိုက်သင့်နှဲ့၏။ စပါးပေါ်တွင် လက်ဆုံကျည်ပွေ့ အကျမနာပေမင့် လူတစ်ကိုယ်လုံး ခါယမ်းနေအောင်လှုပ်၏။

'ဆွိုင်ပယ်ရှိုင်...'ဟူသော အဖောက်တေးသံကိုပြုလျက် ရှမ်းအမျိုးသမီး များ စပါးထောင်းကြသကဲ့သို့ ထိုနယ်တစ်နယ်လုံးရှိ သိန်းဖော(ကချင်)တို့ နှင့် ပိန်းကူးအမျိုးသမီးတို့က လိုက်၍ထောင်းကြ၏။ ထိုနေ့စဉ်အလုပ် ဖြစ်သည့် စပါးထောင်းခြင်းကို ညင်ညင်သာသာဖြင့် စိတ်ရှည်ရှည်ပြုလုပ် လေ့ရှိကြ၏။

အဝါကား ထိုသို့မဟုတ်။ အဝါ၏စပါးထောင်းပုံသည် မြန်၏။ ကြမ်း၏။ သန်လွန်း၏။ မိမိတို့အမျိုးဖြစ်လာမည်ကို အဝါ စိုးရွံ့နေသော 'နာဂ'လူမျိုးများထောင်းပုံနှင့် လုံးဝတူနေ၏။

အဝါ၏ ငယ်သောခါးသည် သံမဏိကဲ့သို့တောင့်၏။ သန်၏။ ယိမ်းယိုင်မှုမရှိ။ အဝါ၏ လက်ဆုံကျည်ပွေ့ လက်ဆုံတွင်းသို့ကျသံသည် အားရှိ၏။ အောက်ခံမြေကြီးကိုပါ သိမ့်သိမ့်တုန်စေလျက် အုံးအုံးလည်း မြည်၏။ နာရီစက်ကဲ့သို့လည်း မြန်၏။ နုံးကြွနေသော ရင်အစုံသည် လက်ဆုံကျည်ပွေ့ကို အားရပါးရမြှောက်၍ထောင်းလိုက်တိုင်း ကြယ်သီး ဖြုတ်ထားသော အင်္ကျီတွင်းမှ စည်းချက်မှန်မှန် ရုံးကန်ခုန်တိုး၏။

ခါးဆန့်လိုက်တိုင်း မို့ခနဲ မြင့်မောက်သွားသော တင်းတင်းတောင့်သည့် တင်ပါးအစုံသည် ခါးကုန်းလိုက်တိုင်း ဘေးသို့ပွင့်ကားသွားလျက် တစ်ပွေ့

အခြားညီနောင်စာပေ

တစ်ပိုက် အိအိဝန်းဝန်းကြီးဖြစ်သွားရ၏။

အိမ်ရှေ့မှဖြတ်လျှောက်သွားသော ကလေးငယ်တို့သည် အဝါ့ကို ရပ်၍ကြည့်နေကြ၏။ ရေခပ်ရာမှ ပြန်လာကြသော မိန်းမအချို့သည် ကလေးငယ်များနှင့်အတူ ရပ်၍ကြည့်ကြ၏။ တစ်ဖက်မှလျှောက်လာကြသော ကာလသားနှစ်ယောက်တို့သည် ထိုလူအုပ်နှင့်အတူ ရောနှောကာ အဝါ့ကိုကြည့်ကြပြန်၏။

ချက်ပြီးသားထမင်းကို လက်ဆေး၍ အရိုန်အဟော်ကြာ စားလာခဲ့ရသော အဝါသည် ယခုအခါ ခုချက်မည့်ဆန်ကို ခုဖွပ်ယူနေရသည့်အခြေသို့ ရောက်ရှိလာရသောကြောင့် တွေးမိတိုင်း စိတ်မကောင်းဖြစ်ပြီးလျှင် စိတ်မကောင်းဖြစ်တိုင်းလည်း တွေးမိနေ၏။

အဝါသည် မောရပန်းရမှန်း မသိရသေးမီ ဆန်များပြုပွေးသွား၏။ ဆန်များပြုပွေးလျှင် ဆန်ကောတွင်ထည့်၍ ချလျက် လုံချည်ကို တင်းတင်းတိုတို ပြင်ဝတ်၏။ ထိုအခါမှ ဘေးသို့ကြည့်မိရာ မိမိကို အထူးအဆန်းသဖွယ် အသက်မရှူဘဲ ဝိုင်းဝန်းကြည့်ရှုနေကြသော ကလေးများ၊ မိန်းမများနှင့် ကာလသားများကို တွေ့ရ၏။

ခါတိုင်းကဲ့သို့ဆိုလျှင် ဤသို့ဝိုင်းကြည့်နေပါက ရှိုးတိုးရှန့်တန့်ဖြင့် ရှက်သွေးဝင်ကောင်း ဝင်လိမ့်မည်ဖြစ်သော်လည်း ယခုမူ ဒေါသလည်းဖြစ်၊ မောလည်းမောနေသောကြောင့် မျက်နှာထားတင်းတင်းနှင့် တစ်ချက်စွေကြည့်လိုက်ပြီး 'လုံဖတ်'ကို ခါးထက်တင်ကာ အိမ်ပေါ်သို့ ခပ်ဆောင့်ဆောင့်တက်ခဲ့၏။

အိမ်တွင်းသို့ရောက်သော် ဘိန်းရှူပြီးကြပြီဖြစ်သော အဘိုးကြီးနှင့် အမယ်ကြီးတို့ တစိမ့်စိမ့် ညင်ညင်သာသာ စကားပြောနေသည်ကို တွေ့ရ၏။ အဘိုးကြီးသည် အဝါ ဝင်လာသောအခါ အဝါရှိရာသို့ မျက်နှာ

လှည့်ကြည့်ပြီးနောက် ကချင်စားလွယ်တစ်ခုကို လွယ်လျက် အိမ့်ပြင်သို့ ထွက်သွား၏။

အိမ့်ပြင်သို့ရောက်လျှင်ရောက်ချင်း အပြင်၌ရှိသော မိန်းမတစ်ချို့နှင့် မေးဖြေစကားပြောနေကြသည့်အသံကို အဝါ ကြားနေရသည်။ ထိုအသံသည် အဝါ့အား ရောင်းကုန်တစ်ခုကဲ့သို့ ကျွဲဘယ်နှစ်ကောင်၊ ငွေဘယ့်လောက်၊ ကွမ်းဖိုးမင်္ဂလာပေးလျှင် မည်သူ့ကိုဖြစ်ဖြစ် အဝါနှင့် ပေးစားမည်ဟူသောအသံဖြစ်၏။

အဝါသည် စိတ်တိုစွာနှင့် ထောင်းပြီးဆန်များကို အိုးထဲသို့ထည့်လျက် ထမင်းချက်ရန် ဆေး၏။ စောစောက အမှတ်မဲ့ပေါက်ပြဲသွားသော လက်ဖဝါးမှ အရေပြားသည် ရေထိသောအခါ ရုတ်တရက် အလွန်စပ်လာ၏။

အဝါသည် မိမိလက်မှ ပေါက်ပြဲသွားသောဒဏ်ရာကို ကြည့်ရင်း အသံမထွက်စေဘဲ ရှိုက်ငင်ငိုကြွေး၏။ ထို့နောက် နှပ်ညှစ်လိုက်ပြီးလျှင် လုံချည်ကိုဖြေလျက် မျက်စိ မျက်နှာတို့ကို အထက်ဆင်နှင့်သုတ်၏။ သို့သုတ်ပြီးလျှင် လုံချည်ကို ပြန်ဝတ်ရင်း ...

'ညစ်ပတ်တဲ့နေရာရောက်လို့ ငါတောင် ညစ်ပတ်နေပြီ...'ဟု ကိုယ့်ကိုယ်ကို ပြော၏။ 'ငါ့နှယ်နော် မြန်မြန်သေလိုက်ပါတော့'ဟု စိတ်ထဲမှတွေးရင်း ထမင်းအိုးကို မီးဖိုရှိရာသို့ ခပ်ဆောင့်ဆောင့်ယူလာ၏။

ဘိန်းငွေ့ဝေနေသော အဝါ၏အမေသည် ဂျိုးဂျိုးကျောင်းကျောင်းနှင့် အဝါ လုပ်ဆောင်လှုပ်ရှားနေသမျှကို မီးဖိုဘေးမှနေ၍ ဆေးလိပ်တို့ဖွာရင်း မျက်ခြည်မပြတ်ကြည့်နေ၏။ အဝါသည် ထမင်းအိုးကို ခွင်ပေါ်သို့ တင်လိုက်ပြီးနောက် မျက်နှာချင်းဆိုင်ဖြစ်နေသော မိခင်အိုကြီးကို ဘေးတိုက်ပြုကာ 'ဓောင့်'ခနဲ မျက်နှာလွှဲ၍ထိုင်၏။

အမယ်ကြီးသည် အလွန်ဖြည်းညင်းစွာထလာလျက် အဝါ၏ရှေ့

အဝါနှင့် မျက်နှာချင်းဆိုင်တွင် အလွန်နီးကပ်စွာလာ၍ထိုင်၏။ အဝါသည် အံ့အားသင့်လှသောမျက်နှာဖြင့် အမယ်ကြီးကို မျက်တောင်မခတ်ကြည့်၏။

အမယ်ကြီး၏ခေါင်းပေါ်တွင် ရှန်ပန်းထည်ကဲ့သို့ ရဲရဲနီသော အဝတ်စ တစ်ခုဖြင့် နတ်ရုပ်တွင် ရစ်ပတ်ထားသည့်ပုံအတိုင်း ရစ်ပတ်ထား၏။ အမယ်ကြီး၏နားတွင် ဆင်စွယ်အသေးစားကလေးနှင့် သဏ္ဌာန်တူသော တစ်မိုက်ခန့်ရှိသည့် လက်ဖက်ရည်အကြမ်းရောင် ပယင်းနားတောင်းကြီး တစ်ဖက်တစ်စုပန်ထား၏။ အရေးအစင်းများ ဝိုင်းရံစုပြုသော အမယ်ကြီး၏ နှုတ်ခမ်းသည် ကွမ်းသွေးရောင်ကြောင့် နီရဲလျက် ခပ်ပြုံးပြုံးဖြင့် အလွန် စိတ်ရှည်ဟန်ရှိ၏။

နှုတ်ခမ်းသာလျှင်ပြုံးသည်မဟုတ်။ ရီဝေဝေနှင့် မှုန်မှေးမှေးလုပ် ထားသော အမယ်ကြီး၏မျက်လုံးများကလည်း ပြုံးလျက်ပင်ရှိကြ၏။ မျက်နှာတစ်ခုလုံး ခြုံကြည့်လိုက်သော်...

ဖြစ်ချင်သလို ဖြစ်သမျှကို မျက်စိစုံမှိတ်၍ ကြံ့ကြံ့ခံတတ်လျက် အလွန်သဘောကောင်းဟန်ရှိသော အဝတ်ဝတ်ထားသည့် လူရိုင်းနာဂမ ကြီး၏မျက်နှာတစ်ခုသာဖြစ်၏။

အဝါ၏စိတ်ထဲတွင် 'အမှန်တော့ ငါ့ကို ဒီအမယ်ကြီးက မွေးထုတ် ထားတာပါလား' ဟူသော အသိတစ်ခု ရုတ်ခြည်းဝင်လာ၏။ ထိုအသိနှင့် အတူ အဝါသည် မိမိကိုယ်မိမိ အလွန်ထိတ်လန့်စွာငုံ့ကြည့်၏။ သို့ကြည့် ရင်း ယူကျုံးမရနိုင်အောင် ဖြစ်လာရ၏။

"ညည်း ... ထမင်းချက်ရတာ သိပ်များပင်ပန်းနေသလားအေး ... ဆွန်းဝမ်း ...ရေး ..."

အမယ်ကြီးသည် အလွန်ညင်သာစွာ ဘိန်းသံနှင့်မေးလိုက်၏။ အကယ်ကြင်နာစွာမေးလိုက်ခြင်းလည်းဖြစ်၏။ အဝါသည် အမယ်ကြီး၏

မျက်နှာကိုလည်း အနည်းငယ်စိုက်ကြည့်ရင်း စိတ်ထဲ၌ လှုပ်ရှားလာကာ ငိုချင်လာ၏။ ထို့နောက် မျက်ရည်များ ရစ်ဝဲလာပြီဖြစ်သောကြောင့် နောက်ဖေးဘက်ဆီသို့ ရုတ်တရက်ထသွား၏။

နောက်ဖေးသို့ရောက်သော် ထင်းပုံဘေးတွင်ထိုင်လျက် မိမိကိုယ်မိမိ ယူကျုံးမရဖြစ်နေ၏။ ထင်းချောင်းအချို့ကို သယ်ယူရန် ပြုလုပ်နေသော်လည်း ချက်ချင်း ချုံးပွဲချ၍ငိုမိ၏။

အမယ်ကြီးသည် သနားဖွယ်ကောင်းသည် မှန်၏။ မိမိ၏မိခင်ပါ တကားဟု ဝမ်းထဲမှ ခင်မင်လာမိသည်မှန်၏။ ထိုသို့ခင်မင်လာမိသည်နှင့်အမျှ ရင်ထဲ၌ လှုပ်ရှားလာရ၏။

မိမိသည် ဘိန်းစားအဘိုးကြီး အမယ်ကြီးတို့၏သမီး ဖြစ်ခဲ့လေသည်တကား။ မိမိသည် အပျိုလူပျိုဘဝတွင် 'ပန်'၌ အတူအိပ်လေ့အိပ်ထရှိကြသော ဟင်းလင်းပွင့်သောရင်ဖြင့် တစ်မိုက်မျှ ပြက်အကျယ်ရှိသည့် 'ဂျပ်'ခုတ်ဖျင်စကို ခါး၌စည်းထားလေ့ရှိကြသော နာဂလူရိုင်းမျိုးမှ ပေါက်ဖွားလာသူတစ်ယောက် ဖြစ်ခဲ့ချေ၏တကား။

ကို—သည် ဤအကြောင်းများကို အတိအကျသိရစေကာမူ မိမိအား ခွင့်လွှတ်မည့်ယောကျ်ားကောင်းတစ်ယောက် ဖြစ်သော်လည်း မိမိအဖို့တွင်မူ...

မာခေါက်ခေါက်အရာဝတ္ထုတစ်ခုသည် အဝါ၏ပခုံးပေါ်သို့ အလွန်ညင်သာပြည်းညင်းစွာကျလာ၏။ ထိုအရာသည် အမယ်ကြီး၏ အရိုးဂေါက်ဂက်နေသော လက်တစ်ဖက်ဖြစ်၏။

"မငိုပါနဲ့ ဆွန်းဝမ်းရေး...။ ညည်း ကြာကြာမဆင်းရဲရပါဘူးနော်...။ ခုပဲ ညည်းအပါ 'လဇွန်းလ'တို့အိမ်ကို သွားတယ်လေ။ အေး...ညည်းအပါက ဉာဏ်ရှိတာပအေး...။ ညည်းတို့ တော့်ကို သူလုပ်ကျွေးလာတယ်

မဟုတ်လား။ ခု...တို့ရွာကလူတွေ ဘယ်သူမှ မပိုနိုင်တဲ့နေရာ ရောက်အောင် ညည်းကို ပို့ပေးခဲ့ပြီးပြီမဟုတ်လား...။ အေး...အခု ညည်းပြန်လာတယ်လေ...။ သူ ဘာလုပ်ရမယ်ဆိုတာ တခြားလူတွေထက် သိပါတယ် အေး...။ ညည်း စိတ်ကောင်းကောင်းထားပါ...အေး..."

အမယ်ကြီးသည် အလွန်ညံ့သက်သောလေသံဖြင့် တယုတယ ချော့ချော့မော့မော့ပြော၏။ သို့သော် အမယ်ကြီးပြောသောစကားတို့ကို အဝါသည် လုံးဝနားမထောင်လိုချေ။ အမယ်ကြီးသည် အဝါနားမထောင်လိုသည်ကို မသိဘဲ အဝါ စိတ်ချမ်းသာစေရန် အဝါ အားရှိစိတ်ပျော်စေရန် အတွက် မိမိတို့၏ကြံရွယ်ထားချက်ကို ကိုကျီဝမ်းမပြောပြမီပင် မိမိက ပြောပြနှင့်ရန် ဆုံးဖြတ်လိုက်၏။ အမယ်ကြီးသည် ဤမျှ ချစ်လိုစဖွယ် လှပသော သမီးကလေး စိတ်ပျက်အားငယ်နေသည်ကို ဦးကျီဝမ်း ပြန်လာသည်အထိ တာရှည်ကြည့်မနေရက်။ အမြန်ဆုံး ဝမ်းသာရွှင်ပျသွားသည်ကို မိခင်ပီပီ ကြည့်မြင်လိုလှချေပြီ။

"အခုကြည့်ပါအေး...။ 'ကျုပ်သမီး ရန်ကုန်ကပြန်လာတယ်လေ၊ ဝမ်းစာစပါးလည်း ပါဦးနော်...။ ကျုပ်သမီးက အပျိုလည်းအပျို၊ လှကောင်ကြီးကလည်း 'အာကား' တစ်ပွေ့တစ်ပိုက်ကြီးပလေး။ တော်တော် အစားကောင်းမယ်ဗျား။။ နည်းနည်းပါးပါးတော့ မဖြစ်ဖူးနော်' အဲသည်လို ညည်းအပါက ပြောရုံနဲ့ 'လဇွန်းလ'ဆိုတဲ့ ကျွဲသိုးဟာ ညည်းဆီကို ရောက်လာမှာပနော်။ အားကြီးချမ်းသာတဲ့ကောင်ပ။ ဒီကောင် ညည်းကို မြင်ရင် တို့ ပြောနေစရာမလိုပအေး..."

အဝါသည် စိတ်တိုတိုနှင့် ပို၍ရှုက်ငင်လာပြီး နားနှစ်ဖက်ကို လက်ဖြင့် ပိတ်ထား၏။ အမယ်ကြီးသည် အဝါ၏လက်ကို တယုတယဆွဲကိုင်ရင်း အဝါစိတ်ချမ်းသာစေရန် ဆက်လက်ချော့မော့၏။

"တိတ်ပါ ဆွန်းဝမ်းရေး။ ညည်းပူစရာမရှိပါဘူးအေး။ ငါ့သမီးမို့ ငါပြောတာမဟုတ်ဘူးနော်။ ငေတို့အရပ်မှာ ညည်း မဆင်းရဲနိုင်တော့ဘူး အေး။ လဗွန်းလလို လူချမ်းသာနဲ့ မယူခင် အာကား–ညည်းအတွက် ဆန်တွေ ဘိန်းတွေ..."

အဝါသည် မပီသသောအသံနှင့် တအားအော်ပစ်လိုက်၏။ ထို့နောက် လက်ထဲတွင် ပွေ့ပိုက်ထားသော ထင်းများကို ကပြင်ပေါ်သို့ အားရှိပါးရှိပစ်ပေါက်လိုက်ကာ အိပ်ရာရှိရာသို့ ပြေးဝင်ပစ်လှဲပြီး မျက်နှာတစ်ခုလုံးကို တဘက်ဖြင့် အထပ်ထပ်ရစ်ပတ်ပစ်သည်။ ထို့နောက် အဝတ်ပေါ်မှနေ၍ ပါးစပ်ကို လက်ဖြင့်ထပ်ပိတ်ကာ စိတ်ရှိလက်ရှိ အော်ငို၏။

အမယ်ကြီးသည် အဝါ ဘာဖြစ်သွားသည်ကို စဉ်းစားမရအောင်ရှိ၏။ ထို့ထက် အဝါ အားကုန်အောင်အော်လိုက်သောကြောင့် ရုတ်တရက် လန့်သွားခဲ့သည်ဖြစ်ရာ ရှူထားသော ဘိန်းကလေးများ လွင့်ပျောက်ပျက်ပြယ်သွားသဖြင့် တုန်တုန်ချည့်ချည့်ဖြစ်လာ၏။ ဘာမျှစဉ်းစားတွေးတောရှမရတော့ဘဲ ခေါင်းထဲ၌ ရှုပ်ပွေနောက်ကျိသွား၏။ ထိုအခါ အမယ်အိုသည် တစ်ခုတည်းသောအားကိုးဖြစ်သည့် မီးဖိုရှိရာသို့ ဒယိမ်းဒယိုင်နှင့်လာခဲ့သည်။ ထို့နောက် စောစောက အနည်းငယ်ကျန်ရှိနေသေးသော 'ခပ်ပုံ'လုံးကလေးကို ရှာဖွေကာ ဝါးပြောင်းတံတွင် ထည့်လျက် ကမန်းကတန်းရှူရှိုက်ရသည်။

မကြာမီ ရှူရင်း ရှူရင်း တဖြည်းဖြည်း စိတ်ထဲတွင် ရှင်း၍လာ၏။ မိမိသည် သမီးဖြစ်သူ ဆွန်းဝမ်းကို အားငယ်စိတ်ညစ်မည်စိုးသောကြောင့် အားပေးစကားပြောခဲ့မိ၏။

တစ်ဖက်ကမ်း၌ရှိသော ကချင်လူချမ်းသာကြီးတွင် 'လဗွန်းလ'ဟူသည့်

သားလူပျိုတစ်ယောက်ရှိသည်။

ပိန်းကူးအပျိုမကလေးတို့သည် ပြိန်းဥကလေးတွေ အတက်ပေါက်သော 'ရမ်ဝ်'လတွင် သောင်ပြင်ပေါ်၌ လိပ်ဥ ဥလိမ့်မည်ဟု မျှော်လင့်နေကြသလို ထိုကချင်လူပျိုကလေး 'လဇွန်လ'ကလည်း တစ်နေ့နေ့တွင် မိမိတို့အား အချစ်ဥများ ပေးလိမ့်မည်ဟု မျှော်လင့်နေကြသည်။

ကျွဲသိုးကလေးနှင့်တူသော လဇွန်းလသည် ဟိုပိန်းကူးအပျိုကို ယူရကောင်းနိုးနိုး၊ သည်ပိန်းကူးအပျိုကို ယူရကောင်းနိုးနိုးနှင့် ပိန်းကူးအပျိုမကလေးများကို တစ်ယောက်ပြီးတစ်ယောက် ရွေးချယ်လျက်ရှိသည်။ မည်သည့်ပိန်းကူးအပျိုမကလေးသည် မိမိအတွက် အသက်ထက်ဆုံးပေါင်းသင်း၍ကောင်းသူ ဖြစ်လာပါမလဲဟု လဇွန်းလက မြည်းစမ်းကြည့်နေတုန်းရှိသေးသည်။

ပိန်းကူးအပျိုမကလေးတိုင်းသည် လဇွန်းလ စွဲမက်နှစ်သက်လာအောင်သူ့ထက်ငါ အပြိုင်အဆိုင်ကြိုးစားကြသည်။ ကိုယ်တိုင်ချက်ထား စိမ်ထားကြသော အကောင်းဆုံးအရက်များ၊ ခေါင်ရည်များဖြင့် ဖိတ်ခေါ်ကျွေးမွေးပြုစုကြသည်။ ဤသို့ဖိတ်ခေါ်ကျွေးမွေးကြ ပြုစုကြရခြင်းသည် ပိန်းကူးအပျိုမကလေးများအဖို့ ဘဝတစ်လျှောက်လုံးအတွက် မကြောင့်မကြရပ်တည်နေထိုင်သွားနိုင်ရန် လုပ်ရိုးလုပ်စဉ် ထုံးတမ်းဓလေ့ဖြစ်သည်။

ဆွန်းဝမ်းအဖို့မူ ဤအရေးကိစ္စအတွက် အထူးတလည် ကြိုးပမ်းနေရန်မလိုဘဲ လဇွန်းလကဲ့သို့သော ကျွဲသိုးသည် မြင်ရုံနှင့်ပင် ဤရေအိုင်မှမောင်းထုတ်၍ရတော့မည်မဟုတ်ဟု မိမိက ဆွန်းဝမ်းကို အားပေးခဲ့သည်။

ဤသို့အားပေးလိုက်ကာမှ ဆွန်းဝမ်းသည် ရတ်ခြည်း ရှုံ့သွပ်သွားဘိသကဲ့သို့ သံကုန်အော်ကာ မျက်နှာ၌ အဝတ်အုပ်လျက် အိပ်ရာထက်တွင်လူးလိမ့်ငိုကြွေးသည်။

ဤမျှ ဝမ်းမြောက်ဖွယ်ရာစကားတွေကို ပြောကြားနေပါလျက် ဤသို့ ဖြစ်ရခြင်းမှာ တစ်စုံတစ်ရာ အမှားအယွင်းရှိသောကြောင့် 'တောနတ်' သို့မဟုတ် 'ရွာနတ်'ကိုက်ထားသောကြောင့် ဖြစ်ကောင်းဖြစ်ဟန်တူ၏။ ထို့ကြောင့် ကိုကျိုဝမ်း ပြန်လာလျှင် ဆွန်းဝမ်းအတွက် ကြက်တစ်ကောင် သတ်၍ နတ်တင်ဦးမှ တော်လေမည်ဟု အမယ်ကြီးစိတ်ထဲ၌ တွေးထင် သတိရနေ၏။

■

[ ၄ ]

အဝါ၏စိတ်၌ ထူပူ၍နေ၏။ ငါ ပြန်လာမိတာ မှားလေခြင်းဟု ယူကျုံးမရဖြစ်နေ၏။ နီးရာမြို့သို့ အမြန်သွားလျက် ကို့ကို သံကြိုးရိုက်ခေါ်ရ ကောင်းမလား၊ ငွေမှာယူရ ကောင်းမလားဟု တွေး၏။

သို့ပြုလုပ်လိုက်လျှင် ကိုက အသို့ထင်လေမည်နည်း။ ကိုသည် မိမိကို တကယ်ချစ်သည်မှန်သော်လည်း မိမိနှင့် ကိုသည် တကယ်တမ်းမည်သို့မျှ တရားဝင် မသက်ဆိုင်ကြသေး။ ဤသို့မသက်ဆိုင်ပါဘဲနှင့် ကိုယ်ရေးကိုယ်တာကိစ္စအတွက် အကူအညီတောင်းရမည်ဆိုသော် မိမိအပေါ်တွင် အထင်သေး၍သွားလေမည်လော။ ထို့ပြင် မိမိတို့အရပ် မိမိတို့မျိုးရိုး၏ ဓလေ့ထုံးစံကို ကြောက်ရွံ့၍ မနေဝံ့ဘဲ ပြန်လာရပါသည်ဟု ပြောရမည်ကလည်း ခက်လှ၏။

ကို..အထင်သေးမည်ကို ကြောက်ရွံ့သဖြင့် ဤအရပ်တွင် ဆက်လက်နေထိုင်၍လည်းမဖြစ်။ ဤအရပ်၌ ဆက်လက်နေထိုင်ပါက မိမိအတွက် ကိုယ်ရေးကိုယ်တာ လုံခြုံရန် လမ်းမရှိ။

မိအိုဖအိုကြီးများကိုယ်တိုင်ကပင်လျှင် မိမိ၏ တောင့်တင်းသန့်ရှင်းသော အသွေးအသားကို အစာရေစာနှင့်လဲလှယ်ရန် ပြုလုပ်နေကြလေပြီ။ ထို့ပြင် မိမိတို့၏ မျိုးရိုးဓလေ့နှင့် အရပ်ထုံးစံကလည်း ရှိသေး၏။ ထို

ထုံးစံသည် မိမိတို့ မိန်းမပျိုကလေးများအား မြင်မြင်သမျှယောကျ်ားတို့က လွတ်လွတ်ကျွတ်ကျွတ် စော်ကားချင်တိုင်း စော်ကားနိုင်သော ထုံးစံများ ဖြစ်ခဲ့၏။

အလွန်မကျေနပ်ပါမှ...

အခြားလူမျိုးတစ်မျိုးက စော်ကားခြင်းဖြစ်သောကြောင့် တစ်ရွာလုံး မျိုးရိုးတစ်ခုလုံး အလွန်မခံမရပ်နိုင်ဖြစ်လာပါမှ အများဆုံး ကျွဲတစ်ကောင်နှင့် ငွေလေးရာ အလျော်ခံရရုံသာရှိသည်ဟု သိထားရ၏။

မိမိအဖို့မှ တခြားလူမျိုးများက လာရောက်မစော်ကားသေးမီ မိမိတို့ မျိုးရိုးအချင်းချင်း ကြောက်နေကြ၏။ မိမိတို့ ပိန်းကူးအချင်းချင်းဆိုလျှင် တစ်ရွာလုံး တစ်မျိုးလုံးက မခံမရပ်နိုင် ဖြစ်ကြလိမ့်မည်မဟုတ်။

မိအို ဖအိုကြီးများကိုယ်တိုင်က ငွေကြေးယူလျက် ကျေနပ်စွာ လွှတ်ပေးချင် လွှတ်ပေးမည်။ သို့မဟုတ် မကြာမကြာ အလျော်ရယူလိုသဖြင့် အစော်ကားခံရလေအောင် တမင်လျစ်လျူပြုချင်ပြုနေကြမည်။

ဤအရပ်တွင် ယောကျ်ားကလေးနှင့် မိန်းကလေးတို့ အတင်းဆွဲကြလုံးကြသော အဖြစ်မျိုးသည် မိရော ဖပါ မကျေနပ်မှ ပေါ်ပေါက်လာတတ်သောအဖြစ်မျိုးဖြစ်၍ ကျေနပ်ကြပါမူ နေ့စဉ်နှင့်အမျှ မြင်တွေ့နေကြရသဖြင့် ရိုးနေသည့်အပြုအမူမျိုး၊ အဖြစ်မျိုး ဖြစ်ကြ၏။

မိန်းမပျိုကလေးမည်သူ့ကို ယောကျ်ားကလေးမည်သူက အတင်းဆွဲ'လုံး'သည်ဟူသော သတင်းမျိုးသည် ဤအရပ်အတွက် မည်သည့် လူကြီးလူငယ် အပျိုအအိုတို့ကိုမျှ ချောက်ချားစေနိုင်သောသတင်းမျိုးမဟုတ်။ ထိုသတင်းမျိုး ကြားရလျှင် 'ကောင်လေးက ရအောင်လုံးနိုင်ရဲ့လား၊ တော်သားပဲ'ဟူ၍လည်းကောင်း။ 'ကောင်လေးက ရအောင်မလုံးနိုင်ဘူးလား။ ဘယ်–ဒီဗလမျိုးနဲ့ ရမလဲ။ ဟိုကောင်မကလေးက အားကြီးသန်တယ်။

ရတဲ့လူ–လူစွမ်းကောင်းပ…’ဟူ၍လည်းကောင်း ခပ်ပေါ့ပေါ့ပြောကြပြီးလျှင် ခဏချင်း ပြီးပျောက်သွားသောအရပ်မျိုးဖြစ်၏။

မိမိပင်လျှင် ကိုနှင့်တွေ့ကြရစဉ်က မျိုးရိုး၏အလေ့အကျင့်ကြောင့်လား မသိရ။ မထိန်းနိုင် မသိမ်းနိုင် ဖြစ်ခဲ့သေးသည် မဟုတ်လော။ သို့ရာတွင် မိမိသည် မိမိ၏နှလုံးသည်းပွတ်ဖြစ်သော ကိုတစ်ဦးကိုသာလျှင် ခွင့်လွှတ်နိုင်ပေမည်။

မိမိ၏ဘဝတစ်ခုလုံးကို မိမိသည် ကို၏အသည်းလွှာကြားသို့ သိမ်းထားသိုလှောင်ရန် အပ်နှံပြီးဖြစ်၏။ ကိုသည် မိမိ၏အချစ်၊ မိမိ၏ဘဝပိုင်ရှင်၊ မိမိ၏လဲလျောင်းရာ၊ မိမိ၏ပုန်းအောင်းရာ၊ အားထားမှီခိုရာ၊ မိမိ၏အသက်။

ထို့ကြောင့် ကိုမှတစ်ပါး အခြားသူ၏လက်ထဲတွင် မိမိ၏ဘဝကို ညှိုးနွမ်းအောင် အသုံးပြုခွင့်မပေးနိုင်။ ကို့အတွက် မိမိသည် မိမိ၏ဘဝကို စောင့်စည်းရမည်၊ ထိန်းသိမ်းရမည်။

အဝါသည် မျက်ရည်များသုတ်ပြီးလျှင် အိပ်ရာမှ လူးလဲထ၏။ ထို့နောက် မင်းဝမ်းရှိရာသို့ အရေးတကြီးသွား၏။

မှောင်သောအိမ်ငယ်ထဲမှ ထွက်လိုက်လျှင် အပြင်၌ နေသာနေသည်ကို တွေ့ရသည်။ သာယာသောရှုခင်းသည် ဆွန်းဝမ်းကို ဆီးကြိုကြ၏။ စိမ်းစိုသောသစ်တောသည် တောင်ပြာကြီးများကို နောက်ခံပြုလျက် တစ်ပြင်လုံးပြည့်နေသော မြူကနန်လန်ကာကြီး၏ လှိုင်းတွန့်များအကြားတွင် ပင်ချင်းယှက်ကာ က,ဟန်ပြုသည်။ တောင်ပြာကြီးများအပေါ်တွင် ဂွမ်းဆုပ်ကြီးတို့နှင့်တူသော တိမ်စိုင်တိမ်ခဲကြီးများသည် ဖြူမွဲမွဲမှုန်သည့် ကောင်းကင်ပြင်တွင် ပေါလောမျောနေကြ၏။

ဤတိမ်ဖြူကြီးများကိုစီးလျက် ကို့ဆီသို့ပြန်နိုင်သော် ကောင်းလေစွဟု တွေးရင်း ‘တိမ်ဖြူကြီးတွေရယ် အဝါ့ကို ကို့ဆီရောက်အောင် ခေါ်သွားပါ

တော့’ဟု ဝမ်းထဲမှ ဆုတောင်းမိ၏။

အဝါ့ရှေ့ရှိကုန်းပြင်တွင် အိမ်ကလေးများအကြားမှ ထွက်လာကြသော ဝက်အုပ်တစ်အုပ် ရောက်နေ၏။ ဝက်ပေါက်ကလေးနှစ်ကောင်တို့သည် ခေါင်းချင်းဆိုင်ကာ မြေကြီးကိုထိုးဆွရင်း အဝါ့ရှေ့မှ ဖြတ်သန်းသွားကြ၏။

‘ဟိုဘက်က အပြူကျားကလေးက ကို။ သည်ဘက်က အညိုမ ကလေးက–ဝါ...

ဒီလိုဝက်ကလေးတွေဖြစ်နေရတာကမှ ကောင်းသေးရဲ့’ဟု မိမိ၏ဘဝ ကို မိမိ ဆောင့်အောင့်ရင်း မင်းဝမ်းတို့အိမ်ဘက်သို့ ချိုးလိုက်သည်။

အိမ်ပေါ်သို့မရောက်မီ သီချင်းကလေးတညည်းညည်းပြုနေသော မင်းဝမ်း၏အသံကို အရင်ကြားရ၏။

‘သူ ဘာလို့များ ဒီလိုပျော်နိုင်ပါလိမ့်’ဟုတွေးရင်း တံခါးကို ဆောင့် ဖွင့်လိုက်သည်။ သီချင်းသံ ရပ်သွားပြီးနောက် ဝမ်းသာအားရ ဆီးကြိုခေါ် လိုက်သော မင်းဝမ်း၏အသံကို ကြားရသည်။

အလင်းရောင်ထဲမှ ဝင်လာရသဖြင့် မျက်စိပြာ၍ ဘာမျှမမြင်ရသေး သော်လည်း ခဏအတွင်းမြင်လာရသောအခါ မီးဖိုဘေးတွင် ယောကျ်ားပျို တစ်ယောက်နှင့် အသားချင်းထိကပ်လျက် ထိုင်နေသော မင်းဝမ်းကို တွေ့ရ၏။ ယောကျ်ားပျိုသည် မိမိနှင့် ပူးကပ်ထိုင်နေခဲ့သော မင်းဝမ်းကို သတိရဟန်မတူဘဲ ဝင်လာသော အဝါအား အစိမ်းလိုက်မျိုတော့မလို မျက်နှာမျိုးဖြင့် ငေးကြည့်၏။

မင်းဝမ်းသည် အဝါ၏ ရှေ့မတိုး နောက်မဆုတ်ပြုနေပုံကို ကြည့် လျက် ယောကျ်ားပျိုကို ခေါင်းချင်းမှီလိုက်ကာ “နေဦးနော်...ဒီမှာ...”ဟု ပြောပြီးလျှင် အဝါရှိရာသို့ ထလာ၏။ ထို့နောက် အဝါ့လက်ကိုဆွဲ၍ နောက်ဖေးကပြင်ဘက်သို့ ခေါ်ထုတ်သွားသည်။

"အဏ္ဏလေး...ညည်းမျက်နှာက ငိုထားသလိုပလေး။ ဘာပြုလာပြန်တာတုံး..."

မင်းဝမ်းသည် အဝါ့အား ထင်းပုံပေါ်၌ ထိုင်စေပြီးနောက် ကောက်ကာငင်ကာ မေးလိုက်သည်။ အဝါက စိတ်ညစ်ညူးစွာဖြင့် အလောတကြီး အကူအညီတောင်းလိုဟန်၊ မင်းဝမ်းကို မော်ကြည့်၏။

"မင်းဝမ်း ငါ ရှမ်းတွေနေတဲ့ ခန္တီးမြို့ကို သွားချင်တယ်။ ငါ ဒီမှာနေလို့တော့မဖြစ်ဘူး။ အဲဒါ ညည်း ငါ့ကို လိုက်ပို့ပါလားအေ...။ ဟိုရောက်ရင် ရန်ကုန်မှာရှိတဲ့ ငါ့အသိတစ်ယောက်ဆီကို သံကြိုးရိုက်ပြီး အဲဒီက ငွေလာမှ ငါ ရန်ကုန်ပြန်မယ်။ ငါမပြန်မချင်း ညည်း ငါနဲ့ အတူနေပါအေ။ ညည်းကျေးဇူးကို ငါ ဘယ်တော့မှ..."

အဝါသည် စကားကို ဆုံးအောင်မပြောနိုင်ဘဲ အောက်နှုတ်ခမ်းစွန်းထောင့်ကို သွားစွယ်ဖြင့် မထိတထိကိုက်ရင်း မျက်နှာကို တစ်ဖက်သို့ လှည့်၏။ မျက်လုံးတွင် မျက်ရည်များ ရစ်ဝိုင်းတောက်ပြောင်လာသည်။

အဝါ၏မျက်စိရှိ 'အင်ဇွန်ပင်'ချုံပေါ်၌ သပိတ်လွယ်ငှက်ငယ်တစ်ကောင်သည် အမြီးငေါက်ငေါက်ငေါက်ငေါက်လှုပ်ကာ သစ်ကိုင်းတစ်ခုမှတစ်ခုသို့ ခုန်ပျံကူးလွှားရင်း ပိုးကောင်ကလေးများကို ရှာဖွေစားသောက်နေ၏။ အဝါသည် ချက်ချင်း သပိတ်လွယ်ငှက်ကလေးလို အတောင်နှစ်ခုတပ်လျက် ဟိုဆီသို့ ပျံပြေးချင်သောစိတ်တွေ ပေါ်လာ၏။ သို့သော် အတောင်နှစ်ခုက ပပေါက်လာဘဲ မျက်ရည်တွေသာစို့စို့လာရသည်။

"မင်းဝမ်း လိုက်မယ်မဟုတ်လားကွာ၊ ငါ ညည်းကို အားကိုး..."

"မဟုတ်ဘူး ဆွန်းဝမ်း၊ ညည်း ခန္တီးကိုသွားရင် ပိုဆိုးမှာပေါ့။ ခန္တီးကလူတွေက ညည်းကို ပိန်းကူးမမှန်း သိကုန်ကြပြီလေး...။ မသိခင်က ဆိုရင် ကောင်းတာပေါ့။ အခုတော့ ညည်းကို ပိန်းကူးမမှန်း သိတာနဲ့

တောနတ်သမီးလောက်လှတဲ့ ညည်းလိုကောင်မမျိုးကို အဏ္ဏလေး ဘယ်ပြောကောင်းမလဲ။ ဒီမှာ ညည်းကို ငါပြောမယ်။ တို့အရပ်မှာ ပိန်းကူးမတွေဟာ ရှမ်းရော၊ ဗမာရော၊ ကချင်ရော၊ တရုတ်ရော၊ ကုလားရော၊ တော့ ပိန်းကူးအချင်းချင်းရော၊ စော်ကားချင်တိုင်း စော်ကားတာကို ခံနေရတဲ့ ခံဖတ်မတွေပါကွာ...။ ညည်း စိတ်မကူးစမ်းပါနဲ့..."

မင်းဝမ်းသည် အဝါ၏စကားမဆုံးမီ မိမိတို့၏ လက်ငင်းပေါင်းသင်းဆက်ဆံနေထိုင်ကြရသည့် ဖြစ်ရပ်ကို အကျဉ်းချုံး၍ပြောလိုက်ခြင်းဖြစ်၏။

"နေပါဦး ညည်းက ဘာပြုလို့များ အရေးတကြီးဖြစ်လာရတာတုံး"

"ညည်းမသိဘူး မင်းဝမ်း၊ အခု အိမ်က အမေနဲ့ အဖေတို့က 'လစွန်းလ'ဆိုတဲ့ အကောင်နဲ့ အိုကွာ...ငါမပြောချင်ဘူး"

"ဟဲ့...ဆွန်းဝမ်းရယ်၊ ဒါများ ညည်းက ပြန်ပြေးချင်စရာလားဟယ်။ 'လစွန်းလ'ကို ညည်းရမယ်ဆိုရင် တော့ပိန်းကူးမတွေထဲမှာ ညည်းလူမော်ပေါ့။ ညည်းတစ်သက်လုံး မဆင်းရဲ..."

"ညည်းလင်...ညည်းပဲယူပြီး ညည်းပဲမော်နေ။ သူများစိတ်ညစ်နေရတဲ့အထဲမှာ..."

"ဟဲ့...ဆွန်းဝမ်းရဲ့၊ တော့တို့က မရလို့ပေါ့အေး။ ခု သူက သူတို့ကချင်အချင်းချင်း ယူတော့မလို့။ အဲ...ညည်းကိုမြင်ရတော့ ဒီကောင် စိတ်ပြောင်းပြီးရောပေါ့။ ငါ အခုသွားမေးကြည့်မယ်။ အဲဟို ထိုင်နေတဲ့..."

အဝါသည် ပြူးပြူးပျာပျာဖြစ်သွားရာမှ မင်းဝမ်း၏လက်ကို အတင်းဆွဲလျက် မင်းဝမ်း၏ရင်ဘတ်ကိုလည်း အုံးစနဲမြည်အောင်ထုသည်။

"ငါတော့ သေချင်တာပဲအေ။ ညည်းကပါ ရောပြီး ဒီလိုပြောနေရင် ငါ ဘယ်ပြေးရမတုံး။ ဒီပြန်လာမိတာကိုက ငါမှားတာပါပဲကွာ"

"နေစမ်းပါအေး...။ ညည်းက ဒါလောက်စိတ်ညစ်မနေစမ်းပါနဲ့။

ငါက ကိုယ်ချင်းစာပြီး ပြောလိုက်မိတာ။ ဒီကောင်က တော့်ကိုတော့ မယူချင်ဘူးအေး...။ ဒါတောင် သူနဲ့ ငါနဲ့ ဆယ်ကြိမ်လောက် တွေ့ပြီးကြပြီ။ ငါကတော့ အလျှော့မပေးသေးဘူး။ အခု ဘိတ်ဆုံးပိတ် ပြောနေတုန်း ညည်းရောက်လာခဲ့တာပ..."

အဝါသည် မင်းဝမ်း၏မျက်နှာကို ခပ်ကြောင်ကြောင်ကြည့်နေရာမှ ဆတ်ခနဲ မတ်မတ်ရပ်၏။ ထို့နောက် အတူတူထရပ်လိုက်သော မင်းဝမ်း၏ မျက်နှာကို ကြည့်မိရာမှ အထိတ်တလန့် ထွက်ပြေးတော့မည့်ကဲ့သို့ပြု၏။

မင်းဝမ်းသည် အဝါ၏လက်ဖျားကလေးများကို အသာဖျစ်ညှစ် ဆုပ်ကိုင်ထားပြီး လှုပ်ခါလိုက်၏။

"ဆွန်းဝမ်းရယ်...ညည်းကိုကြည့်ရတာ အဖော်ကွဲနေတုန်း ကချင်တွေ ဝိုင်းအလိုက်ခံရတဲ့ နွားပေါက်စကလေးလိုပါလား။ စိတ်ကို တင်းတင်းထား စမ်းပါအေး...

...တို့ဆီမှာလေ မပူမပင်လုပ်ကိုင်စားသောက်ပြီး နေနိုင်ဖို့ လင်ကောင်း ကောင်းတစ်ယောက် ဖမ်းမိအောင် ဒီလိုပဲအတွေ့ခံကြ။ အတူနေချင်အောင်၊ သနားအောင်၊ ကြိုက်အောင် လုပ်ကြရတာချည်းပ...

...ခုလည်း 'လဇွန်းလ'ဆိုရင် ငါနဲ့ ဘာဟုတ်သေးလဲ။ တခြား တိုပိန်းကူးမတွေဆိုရင် အကျလေး...ဘာပြောဖွယ်ကောင်းပ။ သူကြိုက်လာ ပါစေတော့လို့၊ ချော့ရ၊ မြူရ၊ အတူခေါ်အိပ်ရနဲ့ ဖွပ်ဖွပ်ကိုကြေလို့ပ...

...တို့ဆီမှာ ဒီလိုပဲလုပ်ကြရတာပလေး။ အဲဒါ တို့ပိန်းကူးမတွေရဲ့ အလုပ်ပ ဆွန်း..."

အဝါသည် ပြူးပြူးပျာပျာနှင့် အတွင်းဘက်သို့ မျက်စိစွေ၍ကြည့် လိုက်ရင်း မင်းဝမ်း၏ပါးစပ်ကို လှမ်းပိတ်၏။ ထိုအတွင်း ဝါးကြမ်းပြင်ကို နင်းလာသော ခြေသံနှင့်အတူ ယောကျာ်းပျိုသည် အိမ်ထဲမှထွက်လာလျက်

မင်းဝမ်းတို့ရှိရာသို့ ရောက်လာသည်။

"ငါပြန်တော့မယ်နော။ နင့်ထမင်းအိုးတောင် ငါ ငှဲ့ပေးထားခဲ့နှင့်ပြီးပြီ..."

"နေပါဦးလားဟဲ့။ နင် မိန်းမရရင် နောက်ကို တို့ဆီ တော်တော်နဲ့ လာမှာမဟုတ်ပါဘူး။ ဒီတော့ နင်နေဦးပေါ့..."

ဟု ပြောရင်း ကချင်ဘာသာနှင့် ဆက်၍...

"ငါ့သူငယ်ချင်းလည်း အခုပြန်တော့မှာပဲ"ဟု ပြောလိုက်၏။

"အေးဟေ့...နင့်သူငယ်ချင်း ဗမာမက တယ်လာပါလားဟ။ နင် သူ့ကိုပြောပေးမလား။ သူ့ကို ရမယ်ဆိုရင် ငါ ကချင်မကို မယူဘူး။ အခုပြန်ရင် အဘကို ချက်ချင်းပြောမယ်...တကယ်..."

အဝါသည် မိမိ ငယ်ငယ်က တတ်ခဲ့ဖူးသော ကချင်စကားကို ယခု ပြန်မပြောတတ်သော်လည်း အခြားသူက ပြောသည်ကို နားလည်နေ၏။ ထို့ကြောင့် မျက်နှာ ရဲခနဲနီမြန်းလျက် ရင်တဒိတ်ဒိတ်ခုန်လာ၏။ ထို့နောက် "ငါပြန်မယ်"ဟု ပြောပြောဆိုဆို အိမ်ထဲသို့လှည့်ဝင်၍ အိမ်ရှေ့ဆီသို့ ခပ်သုတ်သုတ်လှမ်းပြေး၏။

အဝါ၏စိတ်ထဲ၌ 'ခေါင်းနားပန်း'ကြီးလျက်ရှိ၏။ ဝါးကြမ်းပြင်ကို နင်းလိုက်တိုင်း ဝါးကြမ်းများသည် အောက်သို့နိမ့်ဝင်သွားလေသကဲ့သို့လည်းကောင်း၊ မို့မောက်ကြွမြောက်တက်လာသကဲ့သို့လည်းကောင်း စိတ်၌ ထင်မှတ်၏။

'ငါကား အမည်မဖော်နိုင်သော ငရဲရွာသို့ ရောက်ရှိနေမိလေပြီ။ ဤငရဲရွာမှ မည်ကဲ့သို့ လွတ်မြောက်အောင် ထွက်ပြေးရပါမည်နည်း။ ဤငရဲရွာကြီးတွင် မည်ကဲ့သို့နေထိုင်ရပါမည်နည်း။ ဤငရဲရွာအတွင်းရှိ ငရဲသားများလက်တွင်းသို့ မကျရောက်အောင် မည်သို့ မိမိကိုယ်ကို

ကာကွယ်ရပါမည်နည်း'ဟု တွေး၏။

အိမ်ကိုပြန်လျှင် အမေနှင့် မျက်နှာချင်းဆိုင်ရမည်ကို စိုးရွံ့လျက် ကနစိုးပင်ကြီးအောက်သို့ ရောက်သွားသည်။

အဝါသည် ကနစိုးပင်ကြီးကိုမှီလျက် ရန်ကုန်ရှိရာ အရှေ့တောင် ယွန်းယွန်းဆီသို့ မျှော်၏။ မျက်စိရှေ့တွင် ပြာလွင်လွင်တောင်ကြီးများက အုတ်တံတိုင်းသဖွယ် ခံနေ၏။ တောင်အထက်တွင် ကောင်းကင်ပြင်တစ်ခု လုံး ဝေနေ၏။ စောစောက တိမ်ဝွမ်းဆုပ်ကြီးများလည်း မရှိတော့ပြီ။ အဝေးဆီတွင် မှုန်ရီရီနှင့် မြူခြည်ဆို့နေ၏။

အဝါ ငေးမောနေစဉ် မျက်စိရှေ့ရှိ ရှုကွင်းတစ်ခုလုံး ကွက်ပျောက် သွား၏။ ထိုနေရာတွင် နှုတ်ခမ်းမွေး မုတ်ဆိတ်မွေး ကျိုးတိုးကျဲတဲနှင့် ယောကျာ်းကြီးတစ်ယောက်၏မျက်နှာ ပေါ်လာသည်။ ထိုမျက်နှာသည် မိမိမျက်နှာနှင့် အတော်နီးကပ်လျက်ရှိ၏။

မျက်နှာကား တစ်ခါမျှမမြင်မတွေ့ရသော မျက်နှာအသစ်တစ်ခု ဖြစ်သည်။ အဝါသည် အလွန်ထိတ်လန့်တုန်လှုပ်စွာနှင့် တအားတွန်းပစ် ခဲ့ကာ မိမိအိမ်ဆီသို့ အနားမရှိပြေး၏။

အိမ်ထဲသို့အရောက် တောက်ပသောနေရောင်ခြည်အောက်မှ အမှောင် ထဲသို့ အဝင်လိုက်တွင် မျက်စိနှစ်ခုလုံးပြာလျက် ဘာမျှမမြင်ရဘဲ မသဲမကွဲ ဖြစ်နေစဉ်...

အတွင်းမှ အသင့်စောင့်စားနေဟန်ရှိသော လက်ကြမ်းကြီးနှစ်ခုသည် အဝါ၏လက်ကို အားနှင့်ဆွဲယူလိုက်ရာ အရှိန်လွန်လျက် ရင်ခွင်တစ်ခုထဲသို့ လဲကျသွား၏။

ချက်ချင်းလိုလိုပင် အဝါ၏တစ်ကိုယ်လုံးကို လက်ဖြင့် ပွေ့ပိုက်ဖျစ်ညှစ် ထားရုံမျှမက ခြေထောက်နှင့်လည်း ဖိညှပ်ထားခြင်းကို ခံရ၏။ ကြမ်းတမ်း

သောလက်သည် အဝါ၏တစ်ကိုယ်လုံးအား မိရာနေရာကို ဆုပ်နယ်ဖျစ်ညှစ်လျက် အဝါ၏လုံချည်ကိုလည်း ခြေထောက်နှင့်ညှပ်၍ အတင်းဆွဲချွတ်၏။ အဝါ၏နှာခေါင်းဝထဲသို့ အရက်နံ့ကြီး စူးစူးဝါးဝါး ထိုးဝင်လာပြီးလျှင် မျက်နှာတစ်ခုက ပူးကပ်၍ ပါးကို သွားဖြင့်ကိုက်ငုံလာ၏။

ချက်ချင်းဆိုသလိုပင် အဝါ၏လုံချည်သည် ပြေကျွတ်သွားရပြီး အသားချင်းထိကပ်မိကြသည်နှင့် အဝါသည် အထိတ်တလန့် ရုန်းကန်တွန်းထ၏။

ပင်ကိုက သန်မာတောင့်တင်းလှသောမိန်းမပျိုကလေးဖြစ်ရာ ကျားပိန်တွယ် တွယ်ကပ်ထားသော ဖက်ပွေ့သူသည် အမှတ်မထင် လွင့်စဉ်ကျသွား၏။

အဝါသည် လုံချည်ကို လက်တစ်ဖက်မှဆွဲရင်း ကျန်လက်တစ်ဖက်ဖြင့် ထိုသူအား ဘယ်ပြန်ညာပြန် ဆင့်ကာဆင့်ကာရိုက်ခဲ့ပြီး အိမ်အတွင်းဘက်သို့ အတင်းဝင်ပြေး၏။

အရေးအကြောင်းပေါ်လာလေပြီဖြစ်ရာ မျက်နှာချင်းမဆိုင်လိုသော မိခင်ကြီးကိုလည်း အပြေးအလွှားလိုက်ရှာ၏။

မိခင်ကြီး မရှိတော့လေပြီတကား...။

ဤမှောင်မည်းသောအိမ်ခန်းရှည်ကြီးထဲတွင် မိမိတစ်ယောက်တည်းသာ ရှိနေရပါလေပြီကော...။

အဝါသည် ရုတ်တရက် ဘာလုပ်ရမည်ကို မသိလောက်အောင်ဖြစ်လျက် လုံချည်ကို အလွန်တင်းစွာဝတ်၏။ ထို့နောက် နောက်ဖေးစင်မြင့်ပေါ်မှနေ၍ အောက်သို့ခုန်ချရ ကောင်းမလားဟု စဉ်းစား၏။ ထိုစဉ် အိမ်ရှေ့ဘက်ဆီမှ လူးလဲထသံ ကြားရပြီးနောက် ယောက်ျားတစ်ယောက် ခြေသံခပ်ကြမ်းကြမ်းဖြင့် ဝင်လာနေသည်ကို သိလိုက်ရသည်။

အဝါသည် မီးဖိုဘေးတွင်ရှိနေသော စားချွန်တစ်စုကို အမှတ်မထင် ကောက်ကိုင်မိ၏။ ထို့နောက် နောက်ဖေးစင်မြင့်ပေါ်မှ စုန်ချဆင်းပြေးရန် ရည်ရွယ်ထားသော်လည်း ဆင်းမပြေးနိုင်ရုံမက နေရာတွင်၏ရပ်လျက် မလှုပ်ဝံ့အောင်ဖြစ်နေ၏။

မှောင်ထဲတွင် မျက်စိအကျင့်ရသွားပြီဖြစ်ရာ အနားသို့ရောက်လာသူအား 'ကျီမိုး'မှန်း သိလာ၏။

ကျီမိုးသည် အဝါ့ကိုကြည့်လျက် သွားဖြီးကြီးနှင့် ရယ်လိုက်ရာ ပါးစပ်ထဲမှ သွေးများကျလာသောကြောင့် ကြောက်မက်ဖွယ်ကြီးဖြစ်နေ၏။

"အက္ကလေး...ဆွန်းဝမ်းရယ်၊ နင်လည်း ပိန်းကူးမပါဟဲ့၊ ဗမာတွေဆီ ရောက်နေလို့ထင်ပါရဲ့၊ ကျွဲကိုင်းမကလေးဖြစ်အောင် ကြမ်းနေတာပဲ။ ဒါပေမဲ့ ငါ ဒီနေ့ နင့်ကို ယဉ်အောင်၊ ထမ်းပိုးတုတ်တုတ်ကြီးနဲ့ အရကျင့်ပေးရမယ်ဟဲ့..."

အဝါသည် မပြောဝံ့၊ မလှုပ်ဝံ့၊ ကြောက်ရွံ့တောက်ပြောင်သော မျက်လုံးဖြင့် အသားဆတ်ဆတ်တုန်ရင်း ကြည့်နေ၏။ ကျီမိုးက ရှေ့သို့ တစ်လှမ်းတိုးလိုက်၏။

"နင် ငါ့အနားမကပ်နဲ့နော်။ ငါက ထိုးလိုက်မှာ..."

အဝါ၏အသံမှာ ကျယ်လောင်၏။ အဝါသည် မိမိအသံကို မိမိ ထိတ်လန့်သွား၏။ အဝါ၏တစ်ကိုယ်လုံး တုန်လှုပ်နေ၏။ ကျီမိုးက သွားကြီးကိုဖြဲ၍ ရယ်ပြလိုက်ပြန်၏။ သွားကြားထဲမှ စီးကျလာသော သွေးများကို မီးဖိုထဲရှိ မီးကျီးခဲများပေါ်သို့ 'ဗျစ်'ခနဲ ထွေးထည့်လိုက်၏။ ထို့နောက် အဝါ၏စားကိုင်ထားသောလက်ကို အမှတ်မထင် ဝင်ဖမ်း၏။ အဝါသည် ရုတ်ခြည်းရှောင်၍ စားဖြင့် နှစ်ချက်မျှရမ်းတွက်၏။ ထို့နောက် သံကုန်အော်၏။

ထို့နောက် ကြောက်စိတ်နှင့် မျက်စိပြာလျက် ကျီမိုးကို ဓားနှင့် အတင်းလိုက်ထိုး၏။

ကျီမိုးသည် နောက်ဆုတ် နောက်ဆုတ်နှင့် အိမ်ပေါက်ဝမှ ဆင်းပြေးသွား၏။

အဝါသည် တောက်ပြောင်ပြူးကျယ်သောမျက်လုံးဖြင့် အတန်ကြာအောင် ရပ်နေ၏။ အဝါ၏ တင်းနေသောမျက်နှာသည် တစ်စတစ်စ ပျော့ကျလာ၏။ ထို့နောက် ရှိုက်၍ ရှိုက်၍ငို၏။ ထိုသို့ငိုရာမှ မျက်ရည်ကို ငုံ့သုတ်လိုက်ရင်း လက်ထဲမှ သွေးရဲရဲနှင့်ဓားကို မြင်လိုက်သောအခါ အငိုရပ်သွား၏။

အဝါသည် ထိတ်လန့်လာ၏။ ကျီမိုးကို ဘယ်နေရာသို့ထိသွားသည်ဟု စဉ်းစားမရအောင်ရှိ၏။ ထို့နောက် ဓားကိုပစ်ချပြီးလျှင် မင်းဝမ်း၏ အိမ်သို့ အပြင်းပြေး၏။

အိမ်ဝမှနေ၍ မင်းဝမ်း၏နာမည်ကို အထပ်ထပ်ခေါ်ရင်း အိမ်တွင်းသို့ ပြေးဝင်၏။

ပြန်ထူးသံလည်း မကြားရ။ တုတ်တုတ်မျှလှုပ်သံလည်း မကြားရ။ အဝါသည် အလွန်အားငယ်သွား၏။ သို့သော် မင်းဝမ်းမှတစ်ပါး အားကိုးရာ တိုင်ပင်ရာဟူ၍ အခြားမရှိလေပြီ။

အဝါသည် အိမ်တွင်းသို့ ဂရုစိုက်ကြည့်၏။ မီးဖိုပေါ်တွင် အရက်ပေါင်းအိုးသည် မီးကျိုးခဲတန်းလန်းနှင့်ရှိနေ၏။ ဒီကောင်မ ဘယ်သွားပါလိမ့်ဟု အိမ်တွင်းတစ်လျှောက်လုံး အရေးတကြီးမျက်လုံးဖြင့် ရှာ၏။

သိမ့်သိမ့်လှုပ်ရှားသံနှင့်အတူ ဝါးထရံကာထားသောအကွယ်မှ ခြေကျင်းဝတ်အထိ စွန်းထွက်နေသော မြွေလိမ်သလို လိမ်နေကြသည့် ခြေထောက်လေးချောင်းကို တွေ့ရ၏။

ခြေဖျားကလေးများ ကုပ်ထားသော ခြေထောက်နှစ်ချောင်းသည် မင်းဝမ်း၏ခြေထောက်ကလေးများဖြစ်၏။

အဝါသည် ခေတ္တမျှငိုင်ငေး၏။ ရင်ဖိုရင်ခုန်လာ၏။ အိမ်ပေါ်မှ အပြင်းဆင်းပြေး၏။ အိမ်ရှေ့သို့ရောက်သော် ဘယ်ကိုပြေးရမည်မသိဘဲ နေရောင်အောက်တွင် ကြောင်၍ ရပ်နေမိ၏။

နေရောင်အောက်၌ရှိနေကြသော ခြေတံရှည် ပိန်းကူးအိမ်ကလေး အားလုံးတို့သည် တံခါးကို အလုံပိတ်ကာ တိတ်ဆိတ်နေကြ၏။

ပိန်းကူးရွာတွင် ဤသို့နေလေ့နေထရှိသည်မှာ ထုံးစံဖြစ်၏။ အိမ်ထဲတွင် လူရှိနေသော်လည်း လူမရှိသကဲ့သို့ တံခါးအလုံပိတ်ပြီးလျှင်...

ပြတင်းလုံအောင်မရှိသဖြင့် မှောင်သောအိမ်အတွင်း၌...

ဘယ်သောအခါမျှ မငြိမ်းသော မီးဖိုဘေးတွင်ပင် စကားဝိုင်းဖွဲ့၍ ပြောလိုက ပြော၏။ တစ်စုံတစ်ခုကိုလုပ်၏။ လူကြီးသည် လူကြီးဝိုင်း၊ လူကြီးမီးဖိုနှင့်။ အိမ်ရှင်မသည် အိမ့်ရှင်မဝိုင်း၊ အိမ့်ရှင်မ မီးဖိုနှင့်။ အပျို လူပျို လူငယ်သည်၊ လူငယ့်ဝိုင်း၊ လူငယ့်မီးဖိုနှင့်။ အိမ်တစ်အိမ် မီးဖိုသုံးခု၊ တစ်ခုနှင့်တစ်ခု အကွာအဝေး ဆယ်ပေ–ဆယ့်နှစ်ပေခန့်။

အိမ်အပြင်၌မူကား လူရိပ်သူရိပ် တွေ့ရခဲ၏။ ထို့ကြောင့် ဓလေ့ထုံးစံချင်း မတူကြသော လူစိမ်းသူစိမ်းတို့သည် တိတ်ဆိတ်လျက်ရှိသော ဤရွာကလေးအတွင်းသို့ ရောက်လာမိကြတိုင်း လူစွန့်ပစ်သွားသော ရွာဆိုးကြီးထဲကို ရောက်ရှိနေကြရသည့်အလား စိတ်နှလုံးချောက်ချားကြ၏။

အဝါသည် လူရိပ်လူခြည်မတွေ့ရသောရွာဟု ဆိုအပ်သည့် ကုန်းပြင်ကြီးနှင့် သုသာန်တစပြင်ကဲ့သို့ တိတ်ဆိတ်ငြိမ်သက်နေသောအိမ်များကို ကြည့်ပြီးလျှင် အလိုလို စိတ်နှလုံးတုန်လှုပ်လာ၏။

ကချင်စပ်သောအိမ်အချို့၏ ဦးရူတိုင်တွင် ချိုကြီးကားကားနှင့် ကျွဲ

ခေါင်းရိုးကြီးများ ရိုက်ကပ်ထားသည်ကို တွေ့မြင်နေရခြင်းပင်လျှင် အလိုလို ချောက်ချားစရာဖြစ်နေ၏။

'ငါ ဒီအရပ်ကို ဘာလို့ပြန်လာမိပါလိမ့်မလဲ'ဟု တွေးရင်း...ဆောက်တည်ရာမရအောင် ဖြစ်လာ၏။ ပိတ်ထားသောအိမ်များကိုကြည့်ရင်း ထိုပိတ်ထားသောအိမ်များအတွင်းမှ တိတ်တဆိတ်ပြုလုပ်နေကြသော မကောင်းမှုတွေက အကောင်အထည်ဖြစ်ပြီးလျှင် မိမိအား ထွက်ဆွဲလိုက်လေမလားဟု ကြောက်လာ၏။ ထို့နောက် အလွန်ပျက်သောမျက်နှာဖြင့် ဆိပ်ကမ်းဆီသို့ စွတ်ပြေး၏။

အဝါသည် ရှေ့သို့လှမ်းကြည့်လိုက်ပြီး ရုတ်ခြည်း နေရာတွင်ရပ်မိ၏။ ဆိပ်ကမ်းသဲသောင်စပ်ဆီမှ ကချင်လူမျိုးပေါက်သုံးယောက်တို့ စကားတပြောပြောနှင့် တက်လာကြသည်။ ထိုအထဲမှ တစ်ယောက်သည် အဝါ့ကို လှမ်းမြင်၏။

"ဟေး...မခွမ်း ယာကလိုက်လို..."

အဝါ၏ရင်၌ ထိတ်ခနဲဖြစ်သွား၏။ အဝါသည် ထိုစကားကို "ဟော့... အပျို နေဦးလေ"ဟု ခေါ်သည်ဖြစ်ကြောင်း သိ၏။

ထို့ကြောင့် ရုတ်ခြည်းလှည့်၍ တစ်ဖက်သို့ပြန်ပြေး၏။ အဝါ လှည့်ပြေးသွားခြင်းကို မြင်လိုက်သော ကချင်လူပျိုပေါက်ကလေးများသည် အပျော်ကစားသည့်သဘောဖြင့် ညာသံပေး၍ ပြေးလိုက်ဟန်ပြုကြ၏။

ဤသည်တို့သည် အရပ်၏ ပြုရိုးပြုစဉ်–ရယ်ရွှင်ပျော်ပါးဖွယ်သော ဓလေ့တစ်ခုဖြစ်၏။

အဝါသည် ထိုဓလေ့နှင့် စိမ်း၏။ ထို့ကြောင့် ကြောက်၏၊ တုန်လှုပ်ဆောက်တည်ရာမရဘဲ တောလမ်းကလေးတစ်ခုသို့ စွတ်ဝင်ပြေး၏။ ပြေးရင်း ပြေးရင်း ပို၍ကြောက်၏။ ကြောက်သည့်အတွက် ပို၍ပြေး၏။

အဝါပြေးလာသော ခြေသွားလမ်းကလေး၏ ဘေးတစ်ဖက်တစ်ချက်တွင် ပြည့်သိပ်စွာပေါက်နေသော ဝါးခါးပင်ကလေးများသည် တရိပ်ရိပ်ကျန်ရစ်ခဲ့၏။ ဝါးခါးတောကြီးသည် မှိုင်းညို့ပိတ်ဆို့၏။ တိတ်ဆိတ်၏။ လေတိုက်သဖြင့် ပင်ချင်းခတ်သံနှင့် ပိုးမွှားအော်သံတို့သာ ကြားရ၏။ ထိုအထဲ၌ အဝါ၏ခြေသံသည် အကျယ်ဆုံး။ တစ်တောလုံးကို လွှမ်းမိုး၏။

အဝါသည် မိမိခြေသံကို မိမိ ကြားနေရရင်း ကြောက်၏။ ကြောက်သောကြောင့် ပို၍ပြေး၏။ ကြောက်လေ ပြေးလေ၊ ကြောက်လေ ပြေးလေ...။

ပြေးရင်း ပြေးရင်း အမောဆို့လာ၏။ မျက်လုံးများကလည်း တပြည်းပြည်း ပြာလာ၏။ ဝါးခါးတောကြီးကို ဖြတ်သန်းစီးဆင်းနေသော ချောင်းငယ်တစ်ခု၏ဘေးသို့ ရောက်သောအခါ ကျောက်တုံးတစ်တုံးကို ခလုတ်တိုက် လဲကျ၏။

■

[ ၅ ]

အဝါ၏နဖူးပေါ်တွင် အေး၍အေး၍လာ၏။ ထို့နောက် တစ်စုံတစ်ယောက်သည် အဝါ၏ပါးစပ်ထဲသို့ ရေစက်ကလေးများ ချပေးနေ၏။ အဝါ၏နဖူးပြင်ပေါ်သို့လည်း အဝတ်ရေစိုဖြင့် အုပ်၍အုပ်၍ပေး၏။ အဝါ၏ဆံပင်ကိုလည်း ဖြေပေးနေသေး၏။

အဝါ၏မျက်လုံးအိမ်သည် မှိတ်ထားသော်လည်း အတွင်းမှ လှုပ်ရှားလာ၏။ အဝါသည် သတိရ၍လာလေပြီ။ သို့သော် မျက်လုံးကိုမဖွင့်ရဲ။

မကြာမီ အဝါ၏လက်ကို သွေးစမ်းသလို လာစမ်းပြန်သည်။ ထို့နောက် "မိန်းကလေး မိန်းကလေး"ဟု အလွန့်ညင်သာစွာ ခပ်တိုးတိုးခေါ်၏။

အသံသည် ယောကျ်ားကြီးတစ်ယောက်၏အသံဖြစ်လျက် ဗမာသံပီပီသသရှိလှသည်။ အဝါသည် ရင်ထဲတွင် ဒိတ်ခနဲဖြစ်လျက် ပြူးပြူးပျာပျာမျက်လုံးဖွင့်၏။

ကနစိုးပင်ကြီးအနီးတွင် တွေ့ခဲ့ရသော မုတ်ဆိတ်မွေး နှုတ်ခမ်းမွေးကျိုးတိုးကျဲတဲနှင့် ယောကျ်ားကြီး၏မျက်နှာသည် အဝါ၏မျက်နှာပေါ်မှ မိုးလျက် နီးကပ်စွာတွေ့ရပြန်၏။

အဝါသည် စူးစူးဝါးဝါးဖြင့် ဆက်ကာဆက်ကာ သံကုန်အော်ဟစ်ရင်း နှုတ်ခမ်းပြာသွား၏။

ယောကျ်ားကြီးသည် အဝ့ါကို အတင်းဆွဲထူလိုက်ပြီး ပခုံးနှစ်ဖက်ကို ကိုင်၍ ဂျောက်ဂျက်ခေါက်သလို ဆွဲယမ်းလှုပ်ခါ၏။

ထိုသို့လှုပ်ရင်းလည်း "မိန်းကလေး...မိန်းကလေး၊ သတိထား... သတိထား။ ကျုပ် မိန်းကလေးကို ကူညီတာ မကြောက်နဲ့။ မိန်းကလေး စိတ်ကိုခိုင်ခိုင်ထား။ မကြောက်နဲ့၊ မိန်းကလေး မကြောက်နဲ့"ဟု ထပ်တလဲလဲ ပြော၏။

ယောကျ်ားကြီးသည် အဝါ ငြိမ်သက်သွားသောအခါမှ အဝ့ါကို လွှတ်လိုက်ပြီးလျှင် အလွန်စိတ်ပူစွာနှင့်ကြည့်သည်။

အဝါသည် ဗမာစကားပီသလှသော ထိုလူကြီး၏မျက်နှာကို အကြောက် မပြေသေးသောမျက်လုံးဖြင့် မယုံမရဲကြည့်၏။

မပြုမပြင်သော နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးတို့ဖြင့် ခန့်ညားသော လူကြီး၏မျက်နှာသည် ကာကီညိုရောင် ရှပ်အင်္ကျီအထူဖြင့် ယောကျ်ား ပီသစွာ အလွန်ပဏာရ၏။ ကာမဂုဏ်၏အလှအပကို စိတ်ဝင်စားဟန် မပြဘဲ မေတ္တာစေတ်ဖြင့်ပြီးသော တမန်တော်၏ရုပ်တုကဲ့သို့ တည်ငြိမ်သည့် မျက်နှာအသွင်အပြင်ရှိ၏။

အဝါသည် နှလုံးသွေးအခုန် တဖြည်းဖြည်းမှန်လာ၏။ ဆောက်တည် ရာ မရနိုင်သော စိတ်သည်လည်း တဖြည်းဖြည်း တည်ငြိမ်စပြုလာ၏။

"မိန်းကလေးစိတ်ထဲမှာ တစ်ခုခုကို သိပ်ကြောက်နေဟန်တူတယ်။ စိတ်ကို နည်းနည်းတင်းပြီး ထိန်းထားလိုက်။ ပြီးတော့ ဘာအကူအညီ လိုတယ်ဆိုတာပြော။ ကျုပ် တတ်အားသမျှ အကူအညီပေးမယ်..."

လူကြီးသည် ပါးစပ်မှ စကားပြောရင်း မိမိ၏ကျောပိုးအိတ်ကိုဖွင့်လျက် ပုလင်းတစ်ခုကို ဆွဲထုတ်၏။ ထို့နောက် ခွက်ငယ်တစ်ခုထဲသို့ ငှဲ့ထည့် လိုက်ကာ အဝ့ါကိုလှမ်းပေးရင်း "ရော့...သောက်လိုက်"ဟု အမိန့်ပေးသလို

ပြော၏။ အဝါသည် ယောကျ်ားကြီး၏မျက်နှာမှ ခွက်ငယ်ဆီသို့ မျက်စိရောက်သွား၏။

“သောက်လိုက် မိန်းကလေး။ မိန်းကလေးနှုတ်ခမ်းဟာ ပြာနေတုန်းရှိသေးတယ်...”

အဝါသည် ဆရာကို ကျိုးနွံသည့်တပည့်ကဲ့သို့ ယောကျ်ားကြီး၏လက်ထဲမှ ခွက်ငယ်ကို ယူ၍မော့၏။ ထို့နောက် သီးဝင်ချောင်းဆိုးရင်း ရှုံ့ရှုံ့မဲ့မဲ့နှင့် အလွန်အံ့သြစွာ လူကြီး၏မျက်နှာကို လှမ်းကြည့်၏။

ကို...နှင့်ချစ်ခဲ့ကြစဉ်က ကို၏နှုတ်ခမ်းမှ ဤစူးရှရှသင်းသောအနံ့မျိုးကို အဝါ မှတ်မိ၏။ တန်ဖိုးရှိသော နိုင်ငံခြားအရက်မျိုးတစ်ခုဖြစ်လေသည်။ ထို့ကြောင့် ဤယောကျ်ားကြီးသည် ဤအရပ်မှ ဟုတ်ဟန်မတူဟု ချက်ချင်းတွေးမိ၏။

ယောကျ်ားကြီးသည် အဝါ၏လက်မှ ခွက်ငယ်ကို လှမ်းယူပြီးလျှင် ‘မတ်’ခွက်နှင့် သောက်ရေကို ပေးပြန်၏။ အဝါသည် ငြင်းဆန်ခြင်းမပြုဘဲ ယောကျ်ားကြီး၏လက်ထဲမှ ရေခွက်ကို လှမ်းယူသောက်သည်။

ယောကျ်ားကြီးသည် သောက်ပြီးသောရေခွက်ကို ပြန်ယူလျက် ကျောပိုးအိတ်ထဲသို့ ထည့်၏။ ပြီးလျှင် မိမိခါး၌ပါသော ရေဘူးငယ်ကို စမ်းချောင်းကလေးအတွင်းသို့ဆင်း၍ ရေဖြည့်၏။ ချက်ချင်းလိုလိုပင် လူကြီးသည် အဝါ့ရှေ့ ခပ်လှမ်းလှမ်းသို့ လာရပ်၏။

“ကဲ...ကျုပ် ဘယ်ပို့ပေးရမလဲ။ မိန်းကလေးက ဘယ်သွားမှာလဲ...”

အဝါသည် အိပ်မက်နေသလို နေရာမှထ၏။ အိပ်မက်နှင့်လည်း တူလှသည်။

မာန်ထသောကျား၏ သားကောင်ဖြစ်ရတော့မည့်ဆဲဆဲ ခုခံရုန်းကန်ပြေးခဲ့ရသည့် ချစ်သူနှင့်ကွဲနေရသော အလွမ်းပုံပြင်ထဲမှ အလွမ်းမင်းသမီး

ကလေး ...

အလွမ်းမင်းသမီးကလေး၏အနီး၌ တန်ခိုးရှင် တမန်တော်နှင့်တူသော ချမ်းမြေ့တည်ငြိမ်သည့်မျက်နှာထားရှိသည့် ယောကျ်ားကြီးတစ်ယောက်။

နှလုံးသားသို့တိုင် အေးစိမ့်စေသည့် မေတ္တာစမ်းရေချောင်းကလေးနှင့် မြရည်ယိုနေဟန်ရှိသော စိမ်းစိုစိုဝါးခါးတောကြီး။

သတိရလာသည်နှင့် ဤအတိုင်း တွေးသိနေရသည့် အဝါ့အဖို့ အိပ်မက်ကမ္ဘာကို အလည်လာရသလိုဖြစ်နေ၏။ မိမိရပ်တည်နေခြင်းသည် မြေကြီးပေါ်မှာမှ ဟုတ်ပါလေစဟု ငုံ့ကြည့်ရသေး၏။ တစ်ကိုယ်လုံး ရိုက်ထားသလို နာကျင်နေကြောင်းကိုလည်း သတိထားမိ၏။ ထို့ပြင် မိမိ ဘယ်သွားရပါမလဲဟုတွေးရင်း မျက်ရည်လည်လာ၏။ နေရာမှမရွေ့ဘဲ အတန်ကြာအောင် ငူငူကြီးရပ်နေမိ၏။

"သွားလေ...ရွာဘက်သွားရင် အဲဒီကိုပြန်သွားရမယ်..." ယောကျ်ားကြီးသည် လမ်းဆီသို့ ဖယ်ပေးရင်း လက်တစ်ဖက်ဖြင့် အဝါ့ကို လမ်းညွှန်၏။

အဝါသည် ယောကျ်ားကြီးပြသောလမ်းကို ခေါင်းငိုက်စိုက်နှင့် ရှေ့က လျှောက်သည်။ အဝါ၏စိတ်ထဲ၌ 'ငါ ရွာထဲကိုရောက်ရင် ဘယ်သွားရမလဲ၊ အိမ်ကိုပြန်ရမလား၊ မင်းဝမ်းဆီကို သွားရမလား...

ယခုအချိန်ဆိုရင် ကျီမိုး ဘယ်လိုများဖြစ်နေမလဲ။ သူ့ကို ဘယ် နေရာ 'ထိ'သွားသလဲ။ တော်တော်များသွားသလား။ ဒီကောင် သူ့အိမ်အထိ ထွက်ပြေးနိုင်သလား။ လမ်း၌ ဘယ်မှာဝင်နေသလဲ။ ဒီအရိုင်းတွေသည် အစုလိုက်ဖြစ်လာရင် ဘယ်လိုများ ငါ့ကိုလုပ်ကြမလဲ။ သူ...အိမ်ကိုပြန်ရောက် လေသလား။ အိမ်သို့ရောက်မှ သေလေသလား...။ သူသေရင်... သူသေ ရင်...'

အဝါသည် ရှိုက်ဖိုလာ၏။ လမ်းလျှောက်ရင်း၊ တွေးတောရင်း

အလိုလို စိတ်မောလူမောဖြစ်လာ၏။ နဖူး၌ ချွေးများစို့လာ၏။

"ကျုပ်ဘာသာကျုပ် ကမ်းနားက တက်လာပြီး ကနစိုးပင်ကြီးဘေးက ဖြတ်အကွေ့လိုက်မှာ မိန်းကလေးက အလိုလိုလန့်ပြီး ကျုပ်ကို တွန်းပစ်သွားတယ်လေ...

...ပြီးတော့ နောက်ကိုပြန်မကြည့်ဘဲ တောက်လျှောက်ပြေးတယ်။ ကျုပ်က ကျုပ်ရဲ့ မလှမပရုပ်ကြီးကို ဖြန်းခနဲမြင်ပြီး လန့်ပြေးတယ်ထင်လို့ ပြုံးမိသေးတယ်။ နောက်တော့ မိန်းကလေး ပြေးနေပုံကိုကြည့်ပြီး တစ်ခုခုကို သိပ်ပြီးအထိတ်တလန့်ဖြစ်နေကြောင်း ကျုပ် သတိထားမိပါတယ်..."

ယောက်ျားကြီးသည် စကားပြောခြင်းကို ခေတ္တရပ်လျက် ရှေ့မှ သွားနေသော မိန်းကလေးကို အကဲခတ်သည်။

လဲပြိုထားသဖြင့် ၌မှုများ မြေများ ပေရေလျက် ကပိုကရိုမြင်နေရသော မိန်းကလေး၏ နတ်သွင်ပျံကြွကိုယ်လုံးသည် ဖားလျားလွင့်သော ဆံညွန့်ကလေးများ လွှမ်းခြုံပေးမှုအောက်မှ တုတ်တဲ့တဲ့၊ လုပ်လဲ့လဲ့ လှုးလွန့်နေသည့်သွင်၊ ရွှေပိုးတီတွန့်သောနယ်၊ သနားကြင်နာဖွယ်သို့လှ၏။

မိန်းကလေးဆီမှ စကားတုံ့ပြန်မှုမရ။ ယောက်ျားကြီးသည် မိန်းကလေး စိတ်မငြိမ်သက်သေးသည်ကို သိ၏။

"ဒါ့ထက် အရင် မိန်းကလေးကို ကျုပ် မတွေ့မိပါဘူး။ မနေ့စက ကျုပ် ဒီဘက်မှာ အတော်ကြာကြာနေသွားသေးတယ်။ ဒီနေ့လည်း ကျုပ် ဒီကို သီတင်းကျွတ်လတည်းက ရောက်နေတာ..."

အဝါသည် မိမိအတွေးနှင့်မိမိ ယောက်ျားကြီး၏ပြောစကားကို ဘာမျှ သတိမထားမိအောင်ရှိ၏။ သို့သော် တည်ငြိမ်အေးချမ်းသည့်အသံကိုမူ သွင်သွင်စီးသော စမ်းရေပေါက်၏အသံကို ကြားနေရဘိသို့ နားထဲ၌ ကြားနေ၏။

"ကျုပ်...ကျုပ်တို့တိုင်းပြည်ရဲ့ လူမျိုးတွေရဲ့ ဓလေ့ထုံးတမ်း သမိုင်းစဉ်တွေ။ ပြီးတော့ အဲဒီအရပ်တွေက ရာသီဥတု ပိုးမွှားတိရစ္ဆာန်နဲ့ လုပ်ငန်းကိုင်ငန်းတွေ...။ အဲဒါတွေကို ကျုပ်သဘောနဲ့ ကျုပ် လှည့်လည်စုံစမ်းမှတ်သားနေတာ...

...လွန်ခဲ့တဲ့နှစ်တွေတုန်းကဆိုရင်...ဗန်းမော်နဲ့ မြစ်ကြီးနားဘက်မှာ ခြောက်နှစ်ကြာတယ်။ ပူတာအိုမှာ နှစ်နှစ်။ ဒီဘက်ကိုရောက်လာတာတော့ မနှစ်ကနဲ့ ဒီနှစ်ပဲ..."

ခပ်မှန်မှန် ခပ်ဖြည်းဖြည်း အဆက်မပြတ်ပြောနေသော ယောက်ျားကြီး၏ ရိုးရိုးသားသားစကားလုံးတို့ကို အဝါသည် တစ်စထက်တစ်စ နားစိုက်လာမိသည်။

"အခု ကျုပ်ရှက်ထည်တဲက မိန်းကလေးတို့ 'ပဒူးမိန်း'ရွာနဲ့ 'သဲလုံ'ရွာကြားထဲက သောင်ပြင်ပေါ်မှာ တစ်နေ့ကပဲ ရွှေ့လာခဲ့တယ်။ အကူအညီလိုရင် ဘာမဆိုလာပြော..."

ဤတည်ငြိမ်ရင့်ကျက်သော ယောကျာ်းကြမ်းကြီး၏စကားသည် မိမိအတွက် ကိုယ်စားရလာသည့် ဆွေမျိုးမိဘသဖွယ်၊ အားကိုးခိုလှုံရာသော အရိပ်ကောင်းတစ်ခု ဖြစ်နိုင်ကောင်း၏ဟု အဝါသည် ပင့်သက်နှင့်အတူ မှတ်ချက်ချမိ၏။

ထိုချလိုက်သောမှတ်ချက်သည် မောပန်းနာကြင်နေသော အဝါ၏ ကိုယ်ကို ပေါ့ပါးသွက်လက်လာစေလျက် တောလမ်းကလေး၏ ထွက်ပေါက်သို့ ပို့ဆောင်၏။

ရှေ့တွင်မြင်နေရသော ရွာဘက်မှ ဆိပ်ကမ်းသို့ဆင်းသည့် သဲလမ်း၌ ကျောတွင် ရေကျည်တောက်များနှင့် သီချင်းတအေးအေးဖြင့်လာနေသော မင်းဝမ်းကို အဆင်သင့်တွေ့၏။

အမြဲညီနောင်စာပေ

မင်းဝမ်း၏သီချင်းသံသည် လေးတွဲ့၏။ မင်းဝမ်း၏ကိုယ်ဟန်သည် နွမ်းရိ၏။ မင်းဝမ်း၏မျက်လုံး၌ မျက်ရည်လဲ့၏။ သို့သော် အဝါတို့ကို တွေ့လိုက်သည်နှင့် သီချင်းသံရပ်ကာ "ဟေး-ဆွန်းဝမ်း"ဟု အားပါးတရ လှမ်းခေါ်၏။ ထို့နောက် အဝါ့နောက်မှပါလာသည့် ယောကျာ်းကြီးကို အကဲခတ်ကြည့်၏။

အဝါသည် ယောကျာ်းကြီးဘက်သို့ လှည့်လိုက်ပြီး "ကျွန်မ သူနဲ့ လိုက်သွားတော့မယ်"ဟု ပြော၏။ ယောကျာ်းကြီးသည် တည်တည်ငြိမ်ငြိမ် ခေါင်းညိတ်ပြ၏။

"မိန်းကလေးတို့ ဒီလမ်းအတိုင်း ရေဆိပ်ဆင်းကြတော့ သောင်ပြင်ကြီး ရှိတယ်မဟုတ်လား။ အဲဒီသောင်ပြင်ကြီးပေါ်က လျှောက်လာပြီး သောင်စွန်း ကို ကွေ့လိုက်ရင် ဟိုဘက်က 'နတ်မော်'ချောင်းနဲ့တည့်တည့်၊ 'သဲလုံ'ရွာ ဘက်မှာ ကျူပ်ရှက်ထည်တဲရှိတယ်။ အကြောင်းကိစ္စရှိရင် လာပြောကြ..."

စကားဆုံးသည်နှင့် လူကြီးသည် နှုတ်ဆက်ခြင်းမှမပြုဘဲ အလွန် လျင်မြန်စွာလှည့်ထွက်သွား၏။ မင်းဝမ်းသည် အဝါ၏ဘေးသို့ ရောက်ရှိနေ လျက် ထွက်သွားသောလူကြီးကို တောတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွား လေသည်အထိ ငေးကြည့်၏။

"ညည်း အဲဒီလူကြီးနဲ့ ဗမာပြည်မှာ သိတာလား။ မနေ့စ်ကလည်း ဒီကိုလာတာပဲ။ ဘာလုပ်တယ်မသိဘူးအေး။ ပိုးကောင်တွေဖမ်း၊ ပုလင်း ထဲထည့်။ လိပ်ပြာတွေဖမ်း၊ အပ်နဲ့ထိုက်ပြီး မှန်သေတ္တာကြီးနဲ့ထည့်။ သစ်ရွက် တွေ ဓာတ်ပုံရိုက်၊ ဆေးခြယ်။ အဲဒါတွေလုပ်တယ်။ လိပ်ပြာတွေ၊ ပိုးကောင်တွေ၊ ငှက်ကလေးတွေ အရှင်ဖမ်းပြီး သွားရောင်းရင် သူက ဝယ်တယ်။ ပြီးတော့ တောင်ပေါ်တက်၊ နာဂရွာတွေဆီသွား၊ လူမမာတွေကို ဆေးလည်းကုပေးတယ်။ ပိုက်ဆံတွေ စားစရာတွေလည်း သူက ပေးသေး

တယ်အေး...။ အက္ကလေး အဲဒီလူကြီး ပြန်လာရင် သူ့နောက်က နာဂတွေ နှစ်ဆယ် သုံးဆယ် ပါပါလာပြီး သောင်ပြင်ပေါ်မှာ သူ..."

မင်းဝမ်းသည် စကားပြောနေရာမှ အဝါ၏မျက်နှာကိုကြည့်ရင်း မိမိစကားကို ဆက်မပြောဘဲ ရပ်လိုက်၏။ အမှန်စင်စစ်အားဖြင့် အဝါသည် မင်းဝမ်းကိုသာလျှင် အားကိုးဖော်၊ တိုင်ပင်ဖော်အဖြစ် တစ်ယောက်တည်းသော အားထားရာဟူ၍ စိတ်တွင်း၌ ရည်စူးထား၏။

ထို့ကြောင့် ယခု မိမိက ဘာမျှမပြောသေးသဖြင့် မင်းဝမ်းက မိမိ ဘာဖြစ်နေသည်ကို မသိရသေးကြောင်း မစဉ်းစားတော့ဘဲ မင်းဝမ်းသည် မိမိအား ဘာမျှမေးမြန်းပြောဆိုဖော်မရ။ ဂရုမပြု။

...သည် ဘာမဟုတ်သည့် ယောကျ်ားကြီးတစ်ယောက်၏အကြောင်း ကို အရေးတကြီး ပြုလုပ်ပြောဆိုရမည်လောဟု အဝါ၏စိတ်၌ ဝမ်းနည်း လာ၏။ မခံမရပ်နိုင်အောင်ဖြစ်လာ၏။

ထို့ကြောင့် မျက်ရည်ပေါက်ကြီးငယ်ကျလျက် ပြုံတော့မည့်မိုးကဲ့သို့ ကြည့်ရင်း ကြည့်ရင်း မှဲ့လာသော အဝါ၏မျက်နှာကို မင်းဝမ်း မြင်နေရ၏။

"အက္ကလေး...ညည်းကို ဘယ့်နှယ့်လုပ်လိုက်သလဲလေး ဆွန်းဝမ်း ရေး...။ ဒီယောကျ်ားကြီးက ညည်းကို ဘယ်လိုလုပ်သလဲ။ ညည်း ဘာမှမပူနဲ့အေး။ ငါမတွေ့ပေမယ့် တွေ့တယ်လို့ ပြောမယ်အေး။ ညည်း အလျော်အများကြီးရမှာပါ။ ဒီယောကျ်ားကြီးကလည်း တော်တော်များများ လျော်နိုင်မယ်"

အဝါသည် မင်းဝမ်း၏ပါးကို အားရပါးရရိုက်လိုက်တော့မည်ကဲ့သို့ လက်ဖြင့်ရွယ်လိုက်ပြီးမှ မင်းဝမ်းက ပြုံးကြောင်စွာ အံ့အားသင့်ကြည့်နေဆဲ ပင် လက်ကို ပြန်ရုတ်လိုက်လျှင် မိမိမျက်နှာကို လက်ဝါးဖြင့်ဖုံးအုပ်ကာ တစ်ဖက်သို့လှည့်၍ အားရအောင်ငို၏။

မင်းဝမ်းသည် မိမိကျောတွင်ပိုးထားသော ရေကျည်တောက်ခြင်းကို အောက်ချ၏။ ထို့နောက် အဝ့ါအနီးသို့ကပ်လျက် အဝါ၏ပခုံးကို ညင်သာစွာကိုင်၏။

"ဆွန်းဝမ်းရေး...ညည်းငိုတာ ငါစိတ်မကောင်းပါဘူးအေး။ ညည်းက ဗမာမဖြစ်လာတော့ ညည်း ဘာမကြိုက်ဘူးဆိုတာ ငါလည်းမသိဘူးအေး။ ငါ မကောင်းတာပြောမိရင် ညည်းစိတ်ကျေအောင် ငါ့ကိုရိုက်ပါ။ ပြီးတော့လည်း ဘယ်လိုဟာတွေ မကောင်းဘူး မပြောရဘူးလို့ ငါ့ကို သင်ပေးပါလားအေး။ ညည်း ငိုတော့မငိုပါနဲ့။ ညည်း ငါ့ကိုရိုက်ပါ။ ညည်းစိတ်ကောင်းသွားအောင် ငါ့ကိုရိုက်ပါ"

မင်းဝမ်းသည် အဝါ၏လက်ဖျားကလေးများကို ဆွဲယူလျက် မိမိပါးကို အတင်းရိုက်စေရန် ပြုလုပ်၏။ အဝါသည် မိမိအပေါ်တွင် ဤမျှစေတနာထားသူကို စိတ်လိုက်မာန်ပါ ကျူးလွန်တော့မည်ကဲ့သို့ ဖြစ်ရခြင်းအတွက် ဝမ်းနည်းလာပြန်၏။

မကြာမီ နုနယ်သောမိန်းကလေးနှစ်ယောက်တို့သည် တစ်ယောက်ကို တစ်ယောက် ဆုပ်ကိုင်ဖျစ်ညှစ်လျက် မျိုးသိပ်ဖုံးကွယ်ထားမှုတည်းဟူသော တာရိုးကြီးအား ကျိုးပေါက်စေပြီး အလွန်ကြီးမားသော မေတ္တာစာတ် အဟုန်တို့ကို မျက်ရည်အဖြစ် ယိုစီးကျလာစေရန် နှလုံးသားနှင့် ရှိုက်ငင်နေကြ၏။

ဤသို့ ရှိုက်ငင်သွန်းထုလိုက်ရသဖြင့် နှစ်ယောက်သောမိန်းမငယ်တို့၏ ရင်တွင်း၌လည်း ရှင်းလင်းသွားကြ၏။ အဝါသည် မိမိမျက်ရည်တို့ကို သုတ်ပစ်ပြီးလျှင် တစ်ချက် တစ်ချက် ရှိုက်မိနေသေးသောမျက်နှာဖြင့် မင်းဝမ်း၏မျက်ရည်များကို သုတ်ပေး၏။ ထို့နောက် မိမိဖြစ်ပျက်ရပုံတို့ကို အစအဆုံးပြောပြ၏။

မင်းဝမ်းသည် ခေါင်းတညိတ်ညိတ်နားထောင်နေရာမှ မိမိသည် အဝါအား မည်သို့ပြန်ပြောရမည်ကို စဉ်းစားမရအောင်ဖြစ်နေ၏။ အကျိုး အကြောင်း ပြန်ပြောပြလျှင် အဝါက စိတ်ဆိုးလေဦးမည်လားဟုလည်း ဝမ်းတွင်းမှတွေး၏။

အဝါသည် ဗမာမကလေးဖြစ်လာလျက် ဗမာအတွေးအခေါ် ဗမာ အသိနှင့် ဖြစ်နေ၏။ ထိုဗမာ့အတွေးအခေါ် ဗမာ့အသိတို့ကို မင်းဝမ်းသည် မတွေးတတ်၊ မသိတတ်။

ထို့ကြောင့် မိမိတို့ ပိန်းကူးမကလေးများ အတွေးအသိနှင့် ပြောလိုက် လျှင် အဝါ့အဖို့ စိတ်ဆိုးစရာများ ဖြစ်နေမလားဟု တွေးကြောက်၏။

"ဆွန်းဝမ်းရေး...ညည်းအခုလိုဖြစ်လာတာကို ငါ ဘာမှမပြောဝံ့ဘူး အေး...။ ပြောရင်လည်း ညည်းက တို့ပိန်းကူးမလို မတွေးဘဲ ဗမာလို တွေးနေတော့ ညည်းစိတ်ဆိုးမှာ ငါကြောက်တယ်အေး..."

မင်းဝမ်း၏ ပွင့်လင်းစွာပြောလိုက်သောစကားသည် အဝါ့အဖို့ သဘော ပေါက်လာရသည်။ မိမိ၏မိခင်အိုကြီးသည် ပိန်းကူးလူမျိုးအသိ၊ ပိန်းကူး လူမျိုးအတွေးဖြင့် မိမိအတွက် စိတ်ချမ်းသာအောင်ပြော၏။ သို့ရာတွင် မိမိအဖို့မူ ရှုးချင်လောက်အောင် စိတ်မချမ်းမြေ့မှုဖြစ်ရ၏။

စောစောက မင်းဝမ်းသည်လည်း မိမိအား ယောက်ျားကြီးက တစ်စုံ တစ်ခု ကျူးလွန်စော်ကားလိုက်ပြီထင်သဖြင့် ပိန်းကူးမကလေးများ၏ အတွေးအခေါ်နှင့် အကောင်းဆုံးအကြံညဏ်ပေးလိုက်ရာ မိမိသည် တက်တော့မလောက် စိတ်မချမ်းမမြေ့ဖြစ်ရ၏။

ထို့ကြောင့် မင်းဝမ်းက မိမိသည် ပိန်းကူးမလို မတွေးဘဲ ဗမာလို တွေးနေလျှင် ၎င်းအား စိတ်ဆိုးမည်စိုးသောကြောင့် မပြောဝံ့အောင်ဖြစ်ရ သည်ဟု ဆိုခြင်းကို သိ၏။

"မင်းဝမ်းရယ် ငါ စိတ်မဆိုးတော့ပါဘူးဟယ်...ညည်းမှ ငါ့ကိုမပြော ရင် ငါ့မှာ ဘယ်သူ့မှ ပြောပြမယ့်လူ မရှိတော့ဘူး"

အဝါ၏အသံသည် ဆို့နစ်၏။ အဝါ၏မျက်နှာ၌ အားငယ်နေ၏။ မင်းဝမ်းသည် အဝါ၏ နိုရာမဲ့သောမျက်နှာကို ကြည့်လျက် ပို၍ ပို၍ စိတ်မကောင်းဖြစ်လာ၏။

"အေး...ညည်းကို ငါပြောမယ်။ တို့ပိန်းကူးမတွေသာ ညည်း အစု ဖြစ်သလိုဖြစ်ရင်...

ကျုပ်အဖေ့ရှေ့မှာ ဒါမှမဟုတ်ရင် ကျုပ်အစ်ကိုတွေ, မောင်တွေ, ယောကျ်ားတွေရှေ့မှာ ကျီမိုးက လာလုံးလို့ အားကြီးရှောင်ပြီး ခုလိုလုပ်ရ တာပလို့ ပြောမယ်...

ပြီးတော့ 'ပေါ်ယုံဝိုင်း'ကို ကြက်တွေ ဝက်တွေသတ်ပြီး ကျွေးမယ်။ တေို့ 'ပေါ်ယုံဝိုင်း'ကိုကျွေးရင် တစ်ရွာလုံး 'ကံစင်း'ပြီး အလုပ်မလုပ်ကြရဘူး မဟုတ်လား။ အဲဒါ တေို့သက်သေချည်းပအေး...

တေို့ပိန်းကူးမဆိုရင် အဲဒီတစ်ရွာလုံး သက်သေရအောင်လုပ်ပြီး 'ကျီမိုး' ကို လျော်ကြေးအများကြီးတောင်းမှာပ..."

အဝါသည် မင်းဝမ်းပြောသည်ကို ချက်ချင်းနားမလည်။

သို့သော် မင်းဝမ်းသည် အဝါနားလည်အောင် စိတ်ရှည်စွာဖြင့် အထပ်ထပ်ရှင်း၏။ အဝါသည် နားထောင်နေရင်း ရင်၌ တလှပ်လှပ်ဖြစ် လျက် ပင့်သက်ဖိုရှိုက်မိ၏။

မိမိတို့၏မျိုးရိုးထုံးတမ်းသည် ရင်ဟင်းလင်းဖော်ထားသည့် 'နာဂ'အမျိုး သားများ၏ထုံးတမ်းနှင့် ထပ်တူဖြစ်နေရပါပကော...ဟု ယူကျုံးမရဖြစ်၏။

နာဂအမျိုးသားတို့သည် မိဘ၏မျက်ကွယ်၌ ယောကျ်ားပျိုက မိန်းမပျို ကို ထင်သလိုချစ်ရေးဆိုနိုင်ကြ၏။ ကျူးလွန်စော်ကားမှုမဖြစ်၊ မုဒိမ်းမှုမဖြစ်။

သို့သော် အဖေ၊ မောင်၊ ဦးရီးတို့၏မျက်မှောက်၌ မိန်းကလေးကို ကျီစယ်သည့်သဘောဖြင့် ပြက်ရယ်ပြုသည့်တိုင် မိန်းကလေး၏ အဖေ၊ မောင်၊ ဦးရီးတို့ကို စော်ကားရာရောက်သောကြောင့် အလွန်အရှက်ရ၏။

ထိုအခါ မိန်းကလေးနှင့်တကွ မိန်းကလေး၏အဖေ၊ မောင်၊ ဦးရီးတို့က ထိုပြက်ရယ်ပြုသည့်လူပျိုကို ဦးခေါင်းဖြတ်၍ နတ်ကျွေးလိုက်ခြင်းဖြင့် မိမိတို့၏အရှက်ကို ဆေးကြောကြရ၏။

ပိန်းကူးလူမျိုးတို့သည်လည်း ဤအတိုင်းဖြစ်၏။ ထို့ကြောင့် ဆွန်းဝမ်းသည် မိမိဖခင် ဦးကျိုးဝမ်း၏ရှေ့၌ မိမိကို ကျီမိုးက ဖက်လုံးလေသောကြောင့် မိမိဖခင်၏အရှက်ကို မိမိက ကာကွယ်ရပါသည်။ ထို့နောက် အရှက်ရသောဖခင်အတွက် 'ပေါ်ယုံဝိုင်း' အမည်ရှိသော တောင်နတ်ကိုလည်း အရှက်ပြေရေးအတွက် ကျီမိုး၏ဦးခေါင်းအစား ကြက်များ ဝက်များကို သတ်၍ ကျွေးရပါသည်။ သို့အတွက် မိမိတို့ အရှက်ပြေပျောက်ရေးနှင့် ကုန်ကျစရိတ်အတွက် လျော်ကြေးရလိုပါသည်ဟု ပြောရမည်ဖြစ်၏။

ဤသို့ပြောမှ၊ လျော်ကြေးတောင်းမှ၊ ပေါ်ယုံဝိုင်းနတ်ကို ကျွေးမှ၊ မိမိတို့ ဓလေ့ထုံးတမ်းအရ မိမိ၏အရှက်ကို ကာကွယ်ရခြင်းဖြစ်သောကြောင့် ဤပြစ်မှုမှ သက်သာမည်။

ဤသို့မပြုလုပ်လျှင် ဤပြစ်မှုမှ မသက်သာရုံမျှမက ကျီမိုးတို့က ခန္တီးပုလိပ်များကို သွားတိုင်လျှင် ခန္တီးပုလိပ်တွေ လိုက်လာကြလိမ့်မည်။

ခန္တီးပုလိပ်တွေ လိုက်လာကြမည်ဆိုပါက ကျီမိုးနှင့် ကျီမိုးဘက်သားများသည် ခန္တီးပုလိပ်တွေနှင့်အတူတူ မိမိတို့ချက်ထားသည့် အရက်များ၊ မိမိတို့စိမ်ထားသည့် ခေါင်ရည်များကို အတင်းတောင်းယူ သောက်ကြမည်။

ထို့နောက် အပျို လူပျိုများ စုဝေးအိပ်ကြသည့်အိမ်သို့လည်းကောင်း၊ အပျိုများရှိသည့်အိမ်သို့လည်းကောင်း အတင်းဝင်ရောက် တည်းခိုကြကာ

အပျိုများ၏အိပ်ရာသို့ ဝင်၍ ပိန်းကူးအပျိုများကို မယားလုပ်ကြလိမ့်မည်။

ဤအပြုအမူမျိုးသည် မိမိတို့အရပ်၌ ဗမာများ၊ ရှမ်းများ၊ ကချင်များ၊ တရုတ်များ၊ ကုလားများ၊ အားလုံးလိုလို ပြုမူနေကျ၊ လုပ်နေကျ အလုပ်မျိုး ဖြစ်၏။

မိမိတို့အမျိုးသားများသည် ထိုသူတို့၏ထံမှ အနည်းငယ်မျှသော ငွေကြေး, ဘိန်း, အရက် စသည်တို့ကို ရရုံမျှဖြင့် ထိုသူတို့နှင့်အတူ ရောနှောလျက် မိမိတို့ပိန်းကူးမများကို မယားပြုလုပ်ကြ၏။ အပြစ်မရှိ လေအောင်, လျော်ကြေးမပေးကြရလေအောင် ပိန်းကူးမများကို မည်ကဲ့သို့ 'လုံး'ကြရသည်၊ မယားလုပ်ကြရသည်ဟု သင်ကြားပေးကြ၏။

မိမိတို့အရပ်၌ မိမိတို့ ပိန်းကူးမများသည် တရုတ်မယား၊ ကုလား မယား၊ ကချင်မယား စသည်ဖြင့် လူအမျိုးမျိုးတို့၏မယားများ ဖြစ်နေကြရ သော်လည်း မိမိတို့ ပိန်းကူးယောကျ်ားများကမူ ပိန်းကူးမမှတစ်ပါး အခြားမည်သည့်လူမျိုးကိုမှ မယားအဖြစ် ရယူနိုင်သည့်အစွမ်းအစမျိုး မရှိကြ။

သို့သော် ထိုပိန်းကူးယောကျ်ားတို့သည် မိမိတို့ ပိန်းကူးအမျိုးသမီး များအပေါ်၌မူ မညှာမထောက် အနိုင်ကျင့်တတ်ကြ၏။ မိမိတို့ ပိန်းကူး အချင်းချင်းကိုယ်တိုင်က လမ်းပြစော်ကားကြ၏။ ထိုအခါ အခြားလူမျိုး တို့ကလည်း ရောနှောစော်ကားလာကြ၏။ ယခုအချိန်၌မူ ပိန်းကူးအမျိုး သမီးတို့သည် မိမိတို့၏အရပ်သို့ အခြားလူမျိုးများ ရောက်လာကြမည်ကို ပင် ကြောက်နေကြ၏။ ခန္တီးမြို့မှ ပုလိပ်များ ရောက်လာကြမည်ကိုမူကား တွေးမှမတွေးဝံ့။

မင်းဝမ်းပြောပြချက်များကို လိပ်ပတ်လည်အောင်နားလည်ခဲ့ပြီဖြစ်သော အဝါသည် တစိမ့်စိမ့်တွေးကြောက်မိရာမှ ကြက်သီးဖျန်းဖျန်းထ၏။ မင်းဝမ်း

သည် ဤဖြစ်ရပ်မျိုးနှင့် အကြိမ်ပေါင်း မည်မျှကြုံကြိုက်ခဲ့ဖူးပါသနည်းဟု တွေး၏။ ဤအတိုင်းသာ တကယ်ဖြစ်ကြရမည်ဆိုလျှင် အစိုးရဟူသည် အဘယ်နည်း။ လူ့လောကကြီးသည် အကာအကွယ် ဟင်းလင်းဖြစ်နေပြီကော။ အဝါ၏မျက်နှာသည် ဖြူရော်နေ၏။ အဝါ၏ ပန်းသွေးဖျော့ဖျော့ နှုတ်ခမ်းကလေးသည် တုန်နေ၏။

"တို့ဆီမှာတော့ ပုလိပ်ဆိုတာ ကြောက်စရာမဟုတ်ဘူး။ တို့ကို သူများက လာစော်ကားရင် ပုလိပ်ကို သွားတိုင်ရတယ်။ ပုလိပ်ဆိုတာ တို့ကိုစောင့်ရှောက်ပေးရတဲ့လူတွေ...။ ညည်းပြောသလိုဆိုရင် ငါ ဘာလုပ်ရမလဲ မင်းဝမ်းရယ်..."

"ငါလည်း ခန္တီးပုလိပ်တော့ ကြောက်တယ်ဟဲ့ ဆွန်းဝမ်းရဲ့။ တစ်ရက်၊ နှစ်ရက်က 'လပိုင်အိုက်'မှာ ခန္တီးပုလိပ်တွေ ရောက်နေတယ် သတင်းကြားလို့ ငတို့ဆီ မလာပါနဲ့လို့ ဆုတောင်းနေရတယ်။ 'လပိုင်အိုက်'ဆိုတာ အနီးလေးပ..."

မင်းဝမ်းသည် အဝါ၏ မျက်ရည်ရစ်ဝိုင်းသော ငေးစိုက်စိုက်မျက်နှာကို ကြည့်ရင်း ထိတ်ထိတ်ပျာပျာပြု၏။

"အက္ကလေး...ဆွန်းဝမ်းရေ... 'ကျီမိုး...' အဲဒီသွားတိုင်ရင် သွားပအေး... ငတို့ ဦးကျိဝမ်းကို မြန်မြန်ရှာပြီး တောင်နတ်ကြီး'ပေါ်ယုံဝိုင်း'ကို ကျွေးဖို့ မြန်မြန်လုပ်ချေစို့..."

အဝါ၏စိတ်၌ ယခုမှ အကြပ်တွေ့နေ၏။ အဝါသည် လျော်ကြေးလည်း မတောင်းလို။ နတ်ကိုလည်း မကျွေးလို။ မိမိဖခင် ဦးကျိဝမ်းကိုလည်း ဤကိစ္စအတွက် ဦးစီးဦးဆောင်မပြုစေလို...။ မိမိဖခင် ဦးကျိဝမ်းသည် မိမိရောက်လာကတည်းက မိမိကို လျော်ကြေးဖြင့်လဲရန်၊ ဘိန်းဖြင့်လဲရန်၊ စားရေရိက္ခာတို့ဖြင့် လဲယူရန် ကြံစည်နေခဲ့သည် မဟုတ်ပါလား...။

အဝါသည် ကို့ကို သတိရ၏။ ဤဖြစ်ပျက်ရသောဒုက္ခကြီးကို ရင်ဆိုင်ရာ၌ ကိုတစ်ယောက် အနီးတွင်ရှိနေက မည်မျှအားရှိပါ့မလဲဟု တွေး၏။ ကိုသည် ရုပ်ရှင်ထဲက လူစွမ်းကောင်းတွေလို မိမိမြင်နေရသော ဆတ်သွားဖူးချုံကြီးထဲကများ ထွက်လာလေမလားဟု စိတ်ဇောကြီးစွာ ကြည့်၏။ ဆတ်သွားဖူးချုံကြီးထဲ၌ ဘာမျှမရှိ။

'တောလုံ့ငှက်ငယ်သည် ဆတ်သွားဖူးပင်ထိပ်၊ အရွက်ရင်းတွင် တိတ်တိတ်ဆိတ်ဆိတ်နား၏။ တောလုံ့ငှက်ကလေးရယ် ကိုပဲဖြစ်လိုက်ပါတော့...။ သည်လိုအချိန်မျိုးတွင် ကိုတစ်ယောက်သာ ရှိခဲ့ပါမူ...

ကို၏ရိုးသောစကားသည် မိမိ၏စိတ်ဆင်းရဲမှုကို ချမ်းသာစေလိမ့်မည်။ ကို၏ နွေးထွေးသောပိုက်ပွေ့မှုသည် မိမိ၏ကိုယ်နွမ်းနယ်မှုကို ပြေပျောက်စေလိမ့်မည်။ ကို၏ သီတာရေနှင့်တူသော ချမ်းမြေ့မြေ့မျက်နှာထားသည် မိမိ၏ရင်၌ လောင်မြိုက်သောပူပန်မှုကို ငြိမ်းချမ်းစေလိမ့်မည်။ စိမ့်စိမ့် အေးမြသောရေကြည်မှ စွန်ထွက်သောငါးသည် ခြစ်ခြစ်ပူလောင်သော သဲပြင်၌ ကျရောက်သကဲ့သို့ ကို၏ရင်ခွင်ထက်မှ စွန်ထွက်လာသော မိမိသည် ဤစိုးရွံ့ဖွယ်သော ပူလောင်မှုနှင့် ရင်ဆိုင်နေရပါပြီကောဟု အဝါက တွေး၏။ အဝါသည် မျက်ရည်မထွက်ဘဲ ရှိုက်လိုက်၏။

"မင်းဝမ်း ညည်းပြောတာတွေကို ငါ မလုပ်ချင်ဘူး၊ ငါ ဘာလုပ်ရမှန်းလည်း မသိဘူး။ ငါ ဘာပြုလို့များ ပိန်းကူးမ ဖြစ်လာရပါလိမ့်။ ငါ ပိန်းကူးတွေကို သိပ်မုန်းတယ်"

အဝါ၏ရင်သည် ဖိုလှိုက်နေ၏။ အဝါ၏မျက်လုံး၌ မျက်ရည်စန်း ခြောက်နေ၏။ အဝါ၏နှလုံးသား၌ မိမိဘဝကို မိမိ နာကြည်းနေ၏။ မင်းဝမ်းသည် အဝါ၏ မခံချိသောမျက်နှာကို ကြည့်လျက် ပို၍ကြင်နာလာ၏။ ပိန်းကူးမ ဖြစ်ရသောကြောင့် စိတ်မချမ်းမမြေ့ဖြစ်နေသည်

အဝါ့ကို အားပေးချင်လာ၏။ မိမိအားပေးမိကာမှ ပို၍စိတ်မချမ်းမမြေ့ ဖြစ်နေလေမလားဟုလည်း စိုးရိမ်၏။

"ဆွန်းဝမ်းရေး ညည်းပိန်းကူးတွေကိုမုန်းရင် ညည်းကိုယ်ညည်း မုန်းနေတာပလေး။ တို့ပိန်းကူးမတွေကို တို့ပိန်းကူးယောကျာ်း မကောင်းတဲ့အကောင်တွေက တို့ကို လူမထင်ကြလို့၊ မချစ်လို့၊ မသနားလို့ တခြားလူမျိုးယောကျာ်းတွေကလည်း ငါတို့ကို ယူမယ်မထင်ကြ၊ မချစ်ကြ၊ မသနားကြတာလည်း ရှိတာပ။ တကယ်တော့ တို့ပိန်းကူးလူမျိုးတွေဟာ တခြားလူမျိုးတွေထက် သနားဖို့ ချစ်ဖို့ကောင်းတာပအေး။။ တို့ပိန်းကူး ဆိုတာ လူမြင်ရင် ချစ်တတ်တယ်။ ယုံတတ်တယ်။ ကျွေးချင်မွေးချင်ရှိတယ်။ သည်းခံတတ်တယ်။ တို့မှာ ဘာမုန်းစရာရှိသလဲ..."

မင်းဝမ်းပြောသည်မှာ ဟုတ်၏။ ပိန်းကူးလူမျိုးတို့သည် လူမြင်လျှင် ချစ်တတ်ခင်တတ် ယုံလွယ်တတ်၏။ မရင်းနှီးသေးမီ ခပ်စိမ်းစိမ်း အဝေးမှ ကွက်ကြည့်ကွက်ကြည့် လုပ်တတ်သော်လည်း ရင်းနှီးလာသည်နှင့်အမျှ မိမိတို့အိမ်သူအိမ်သားများနှင့် ထပ်တူသဘောထားတတ်၏။ ယောက်ဖရေ... ဟု ခေါ်လျက် အိမ်ပေါ်ဆွဲတင်ထား၍ တခြားမိန်းကလေးများရှိရာသို့ လိုက်ပို့ပေးတတ်၏။ မိမိနှမ ရောက်လာသည်ကို တွေ့လျှင်လည်း မိမိတို့၏ ထုံးစံအရ မိတ်ဆွေကို ထားပစ်ခဲ့ကာ ရှောင်သွားတတ်၏။ ပိန်းကူးမကလေးများကလည်း ဤအတိုင်းဖြစ်၏။ ချစ်လွယ် ကြိုက်လွယ်၏။ သဘောလွယ်၏။ ယုံလွယ်၏။ ခွင့်လွှတ်တတ်၏။ ဤသည်တို့ကို အခွင့်ကောင်းယူလျက် ပို၍ယဉ်ကျေးပါသည်ဆိုသော ပတ်ဝန်းကျင်လူမျိုးတို့သည် ပိန်းကူးမကလေးတွေကို နှိပ်စက်ကြ၏။ ထိုယဉ်ကျေးပါသည်ဆိုသော လူမျိုးများ၏ နှိပ်စက်ပုံကို အတုခိုးလျက် ပိန်းကူးယောကျာ်း ကလေးတွေက မိမိတို့အမျိုးသားချင်း ပြန်၍နှိပ်စက်ကြပြန်၏။ ထိုအခါ

ပိန်းကျူးရွာသည် နေ့ရော ညဉ့်ရော ခံနေကြရသော အသူရကာယ်ဘုံ ဖြစ်နေရပါပြီကော...။

အဝါသည် ပို၍ပို၍စိတ်ထိခိုက်လာသည်။ ထိုအတွင်း ခပ်သဲ့သဲ့အသံ ပေါ်လာသော မော်တော်ဘုတ်သံကို ကြားရ၏။ ဆိပ်ကမ်းဆီသို့ မျှော်ကြည့် လိုက်သောအခါ သောင်စွယ်ကို ကွေ့ပတ်ဝင်လာသည့် မော်တော်ဘုတ် ငယ်တစ်ခုကို တွေ့ရသည်။

"အဲဒါ အစိုးရမော်တော်ပဲအေ့...။ ကဲ...ညည်း အိမ်ပြန်ရင် ကောင်း မယ်။ ဒီမော်တော်ဟာ သူတို့ကိစ္စနဲ့သူတို့လာတာလား၊ ကျီမိုးတိုင်လို့ လာတာလား ငတို့မသိဘူး။ ငါ ရေချိုး ရေခပ်ပြီးရင် ညည်းဆီလိုက်ခဲ့မယ်။ ညည်းအပါ ဦးကျီဝမ်းနဲ့ တိုင်ပင်နှင့်ချေပ။ ညည်း မြန်မြန်သွား"

မင်းဝမ်းသည် ရေကျည်တောင့်ခြင်းကို ခေါင်းတွင်သိုင်းလိုက်၏။ အဝါသည် ဘာလုပ်ရမည်ကို မဆုံးဖြတ်နိုင်ဘဲ မင်းဝမ်းပြောသည့်အတိုင်း အိမ်ဘက်သို့ ခပ်သုတ်သုတ်ပြေး၏။ အိမ်ရှေ့သို့ရောက်သောအခါ အိမ် ကလေးအတွင်းသို့ ရုတ်တရက်မဝင်ဝံ့ဘဲ အထဲ၌ မည်သူကများ စောင့်၍ တစ်စုံတစ်ခုပြုလုပ်လေမလားဟု စိုးရိမ်နေ၏။

ထို့ကြောင့် အမေ...အမေဟု လှမ်းခေါ်သေး၏။ အိမ်ထဲကလည်း ဘာသံမျှမကြားရ။ အိမ့်ပြင်၌လည်း ကြာရှည်မနေရဲသည့်အလျောက် အိမ်အတွင်းသို့ အရဲစွန့်ဝင်လိုက်၏။

ဝါးတံခါးကလေးကို 'ကျွီ'ခနဲမြည်အောင်တွန်း၍ ဝင်မိသည်နှင့် တစ်ပြိုင်နက် စေးထန်းသောအရာဝတ္ထုတွေကို နင်းမိသည်။ သွေးစေးတွေ ဖြစ်၏။

ရန်ကုန်တွင် ဆရာမအဖြစ်ဖြင့် အလုပ်သင်လုပ်နေကြစဉ်က ဤလို သွေးမျိုးများ စလုံကြီး စလုံငယ်နှင့်ထည့်၍ထားသည်တို့ကို ကိုင်ခဲ့ရဖူး၏။

သွန်ခဲ့ရဖူး၏။ သိမ်းခဲ့ရဖူး၏။ တစ်ခါဖူးမျှ ထိတ်လန့်ခြင်း၊ တုန်လှုပ်ခြင်း၊ ရွံ့ရှာခြင်းမရှိဖူးခဲ့။

ယခုမူ ဘာမဟုတ်သောသွေးကလေးကို နင်းမိရုံမျှနှင့် ထိန်လန့်စိုးရွံ့ခြင်း ဖြစ်နေသောကြောင့် မိမိကိုယ်မိမိ စိတ်ဆိုးရသေး၏။

စိတ်ဆိုးနေရုံနှင့် မပြီးသေး။ အိမ်တွင်းသို့ လျှောက်ကြည့်ရ၏။ အဘိုးကြီး အဘွားကြီးများ တစ်ယောက်မျှမရှိကြ။

ဤသို့လျှောက်ကြည့်သဖြင့် ဝါးကြမ်းပြင်တွေကို ခြေထောက်မှ သွေးများက ပေကျံကုန်ပြန်၏။ အဝါသည် ဝါးကျည်တောက်ကို ယူပြီး လျှင် ကြမ်းပြင်တစ်ခုလုံးကို ရေဖြင့်လောင်း၍ အစင်အကြယ်ဆေးပစ်လိုက်သည်။

ထို့နောက် စိုနေသောကြမ်းပြင်ကို အဝတ်စုတ်တစ်ခုနှင့် တိုက်နေစဉ် အိမ်ရှေ့ဆီမှ စကားပြောသံများကို ကြားရ၏။ ဗမာစကားများကို ပြောနေသောကြောင့် စောစောက ပုလိပ်တွေများလားဟု ရင်ခုန်လာ၏။

ထိုစဉ် "ဦးကျီဝမ်း...ဦးကျီဝမ်း"ဟု ခေါ်လိုက်သော ကလေးငယ်တစ်ယောက်၏အသံကို ကြားရ၏။

အဝါသည် ခေတ္တမျှတွေနေရာမှ "ဦးကျီဝမ်း မရှိဘူး"ဟု အော်လိုက်၏။ ထို့နောက် ချက်ချင်းလိုပင် 'သူတို့ အိမ်ထဲဝင်လာတာထက် အပြင်ကို ထွက်တွေ့ရတာက ပိုကောင်းမယ်'ဟု စဉ်းစားလျက် လုံချည်ကို ခပ်တင်းတင်းပြင်ဝတ်ကာ အိမ်ရှေ့သို့ထွက်၏။

အိမ်ရှေ့တွင်ရပ်နေကြသော ပုလိပ်သုံးယောက်တို့သည် ထွက်လာသော အဝါ့ကို စားတော့မတတ်ကြည့်ကြရင်း အံ့အားသင့်နေကြ၏။ ကလေးငယ်သည် ခဏရပ်နေပြီးနောက် ထွက်သွား၏။

စင်စစ် အဝါသည် ခပ်စောစောကသာ အလိုလို သွေးလန့်ကြောက်ရွံ့

နေ၏။ ယခု ပုလိပ်တွေနှင့် တော့တော့ဆိုင်ဆိုင်တွေ့ရသောအခါ အကြောက် ပြေသွား၏။ အားကိုးစရာဟူ၍ အောက်မေ့၏။

ဤပုလိပ်တွေထက် ခန့်ညားသပ်ရပ်သည့်ပုလိပ်တွေကို မျက်စိထဲ၌ ရိုးနေအောင် ရန်ကုန်၌ မြင်ခဲ့ရသူဖြစ်ရာ ဤပုလိပ်သားများအား ဤရွာရှိ ကာလသားတွေလောက် မည်သို့မျှ ကြောက်၍မရနိုင်လောက်အောင် ဖြစ်လာ၏။

ထို့ကြောင့် "ဘာကိစ္စရှိပါလို့လဲရှင်..."ဟု ရဲရဲတင်းတင်းပင် မေးလိုက်၏။

ပုလိပ်သားများက အားတုံ့အားနာနှင့် ဖြစ်နေကြသည်။

ထိုအတွင်း ပုလိပ်တစ်ယောက်သည် စပ်ဖြီးဖြီးမျက်နှာနှင့် အလွန် ယဉ်ကျေးဖွယ်ရာဟန်ပန်ကိုပြ၍ အဝါ့အနီးသို့ ကပ်လာ၏။

"အားနာစရာကြီးခင်ဗျာ...ကျုပ်တော်တို့လည်း ဝတ္တရားရှိတော့ မရှောင်သာဘူးခင်ဗျ။ ဒီအိမ်မှာရှိတဲ့ ပိန်းကူးမတစ်ယောက်က ပိန်းကူးကောင် တစ်ကောင်ကို ဓားနဲ့ထိုးလွှတ်လိုက်လို့ခင်ဗျ...

...အမလေးကတော့ ညှဲ့သည်နဲ့တူပါရဲ့။ အမလေးတို့ရောက်တုန်း ဒီလိုအမှုအခင်းတွေဖြစ်ရ၊ မေးရမြန်းရတာ အားနာစရာချည်းပဲ။ ဒီလိုရွာတွေဟာ သွားဖို့လာဖို့ ရောင်းဖို့ဝယ်ဖို့ကောင်းတဲ့နေရာတွေ မဟုတ်ပါဘူး ခင်ဗျာ။ လူတွေနေတဲ့နေရာတွေမှ မဟုတ်ဘဲ–

အဲဒီပိန်းကူးကောင်မတွေ ပိန်းကူးကောင်တွေဟာ အတော်ရိုင်းရိုင်း စိုင်းစိုင်းနေကြတာကလားဗျ။ အရှက်လည်း မရှိဘူး။ လူရှေ့သူရှေ့မရှောင် ဆွဲကြ၊ လွဲကြ၊ ရန်ဖြစ်ကြ၊ အမှုဖြစ်ကြနဲ့။ အမလေးတို့တော့ ခဏလေး ရောက် ခဏလေးစိတ်ညစ်ပြီး ပြန်ရမှာပဲ။ အထည်လာရောင်းတယ် ထင်ပါရဲ့။ မုံရွာကလား..."

အပြာညီနောင်စာပေ

တရစ်ရ ပုလိပ်ကြီးသည် ရှွန်းရှွန်းဝေအောင်ပြောရင်း မိမိကိုယ်မိမိ ယဥ်ကျေးဖွယ်ရာဟန်ပန်ဆောင်နေသော်လည်း မျက်လုံးကမူ အဝ့ါတစ်ကိုယ်လုံးကို အရှင်လတ်လတ်မျိုပစ်တော့မလို အစုန်အဆန်ကြည့်နေ၏။

ဘေးမှရပ်နေကြသော ပုလိပ်နှစ်ယောက်တို့ကလည်း တပြည်းပြည်းဝိုင်းလာ၊ ရှေ့သို့တိုးလာကြကာ တယ်ဟုတ်ပါလားဟူသော မျက်နှာမျိုးဖြင့် မိမိတို့အချင်းချင်း စကားပြောနေသူကို ကြည့်လိုက်၊ အဝ့ါကိုကြည့်လိုက်နှင့် ပြုံးစိစိဖြစ်နေကြ၏။

ပုလိပ်တို့သည် အဝါက အသားဆတ်ဆတ်တုန်အောင် စိတ်ဆိုးနေကြောင်းကို သိရသောအခါ မိမိတို့က ပြည်တည်တည်လုပ်မိသောကြောင့် စိတ်ဆိုးလာသည်ဟု ထင်မှတ်လျက်...

"အမလေး–ကျွန်တော်တို့ကို ခွင့်လွှတ်နော်၊ ကျွန်တော်တို့က လူတွေ့ရင် ခင်တတ်တယ်ခင်ဗျ"ဟု အရောဝင်လွန်းသောပုံစံနှင့် ပခုံးကိုဖက်တော့မလို ပြောပြန်၏။

ထိုအတွင်း မင်းဝမ်းသည် အနားသို့ရောက်လာရ၏။ ရဲသားတို့သည် အရောဝင်ပါလျက်နှင့် မျက်နှာထားမပြောင်းဖြစ်နေသော အဝါ၏ရှေ့တွင် မနေတတ်မထိုင်တတ် ဖြစ်လာကြရာမှ အနီးသို့ရောက်လာသော မင်းဝမ်းကို အရှက်ပြေ ဆီး၍ဟောက်လိုက်၏။

"ဟဲ့–ပိန်းကူးမ၊ နင်တို့ရွာက ပိန်းကူးကောင်ကို ဓားနဲ့ထိုးတယ်ဆိုတဲ့ ကောင်မဟာ ဘယ်ကလဲ။ ဒီအိမ်ကမဟုတ်လား။ တက်ခေါ်စမ်း–"

မင်းဝမ်းသည် ပုလိပ်သားတို့ကို ခပ်ရွံ့ရွံ့နှင့်မော့ကြည့်မိရာမှ အဝါ၏ ဖျက်နှာကို ငေးကြည့်နေမိ၏။

ရှွန်းရှွန်းဝေအောင် အော်ပြောလျက်ရှိသော တစ်ရစ်နှင့်ပုလိပ်ကြီးသည် ပင်းဝမ်း၏လက်မောင်းကို ရဲတင်းစွာဆုပ်ကိုင်၍ တွန်းလျက်...

"ဟဲ့…ဒီပိန်းကူးမဟာ ငါက သွားပါလို့ဆိုနေတာ"

ထို့နောက် အဝ့ါဘက်သို့လှည့်ပြီးလျှင်…

"ဒီလိုပဲ အမလေးရ၊ ဒီအရိုင်းအစိုင်းတွေနဲ့ ပေါင်းသင်းဆက်ဆံတဲ့ အခါမှာ ဒီလိုပဲလုပ်ရတာပဲ"

ပိန်းကူးတွေကိုမုန်းသော အဝါသည် ပိန်းကူးလူမျိုးတွေအပေါ်၌ တကယ်ဇော်ကားမော်ကားလုပ်လာသောအခါ အသည်းခိုက်အောင်နာကြည်း လာ၏။ မခံမရပ်နိုင်ဖြစ်လာ၏။ အဝါသည် ထိုပုလိပ်သားကြီးကို မီးထွက် မတတ် ထက်မြက်သောမျက်လုံးဖြင့်ကြည့်ရင်း မျက်နှာချင်းဆိုင်တည့်တည့် ရင်ဆိုင်လိုက်၏။

"ရှင်တို့ပြောနေတဲ့ စားနဲ့ထိုးတဲ့ ပိန်းကူးမဆိုတာ ကျုပ်ပဲ…"

ပုလိပ်သားကြီးသုံးယောက်တို့သည် တအံ့တဩနှင့် နောက်သို့ အနည်း ငယ်ဆုတ်၍ အဝါ၏မျက်နှာကို သေသေချာချာကြည့်ရင်း လေချွန်လိုက်၏။

"ဩ်…လက်စသတ်တော့ မင်းကိုး။ ဟေ့ကောင်တွေ အမယ်လေး ကံကောင်းလို့ ကံကောင်းလို့…။ သေနတ်နဲ့ချိန်ထားဟေ့…။ လက်နက်တွေ ဘာတွေ ပါသလားမသိဘူး။ ဒါ့ကြောင့် မျက်နှာကလေးက လှလှပပ ပုလိပ်ကတော်ပုံပန်းနဲ့ အရိုင်းအစိုင်းရုပ်ပေါက်နေတာကိုးကွ။ ချိန်ထားနော်…။ သူ့ကိုယ်မှာ လက်နက်ရှာရမယ်…"

ခေါင်းဆောင်လုပ်သော တစ်ရစ်နှင့်ပုလိပ်ကြီးသည် အဝါ၏ရှေ့သို့ တိုးလျက် အလွန်ဝတ္တရားကျေပွန်စွာဆောင်ရွက်ရတော့မည့်ဟန်နှင့် အဝါ့ကို စမ်းသပ်ရှာဖွေရန် လက်ကမ်းလိုက်၏။

"ရှင်နော်…ကျုပ်ကိုမထိနဲ့ ဒါပဲ။ ရှာချင်ရင် မိန်းမအချင်းချင်းရှာစိုင်း၊ ရှင်တို့လုပ်တိုင်း ခံနေမယ့်မိန်းမမျိုးလို့ ကျုပ်ကို မအောက်မေ့ကြနဲ့…"

ခေါင်းဆောင်ပုလိပ်ကြီးသည် ပိန်းကူးမတစ်ယောက်က ဤသို့ ကြီးကြီး

ကျယ်ကျယ်ပြောလိုက်သည်ကို တစ်ခါမျှမကြုံဖူးသေးသောကြောင့် အတော်ခံပြင်းသွားဟန်ဖြင့် မျက်နှာက ရဲခနဲဖြစ်သွား၏။

"အမယ်...တရားခံမက လူပါးဝလို့၊ နင့်လိုရာဇဝင်ကောင်ကို ဘာလို့မရှာဘဲနေရမလဲ..."

ခေါင်းဆောင်ပုလိပ်ကြီးသည် ပြောပြောဆိုဆို အဝါ၏လက်ကို ဆောင့်ဆွဲလိုက်ပြီးနောက် အဝါ၏ချိုင်းကြားနှစ်ဖက်နှင့် ရင်သားများကိုပါ ခပ်ကြမ်းကြမ်း ပွတ်သပ်ကိုင်တွယ်လျက် စမ်းသပ်ရှာဖွေ၏။

အဝါသည် ပုလိပ်ကြီး၏ပါးကို 'ဖျန်း'ခနဲမြည်အောင် ချလိုက်၏။ အဝါ့ကို သေနတ်ဖြင့်ချိန်ထားသော ဘေးမှရဲသားနှစ်ယောက်တို့သည် အဝါ၏လက်နှစ်ဖက်ကို တစ်ယောက်တစ်ဖက် ဝင်၍ချုပ်ကိုင်ကြ၏။

ပါးချခံလိုက်ရသောပုလိပ်ကြီးသည် အဝါ၏မျက်နှာကို မုန်းတီးစွာကြည့်ရင်း မလှုပ်နိုင် မရုန်းနိုင်သော အဝါ၏ပါးကို နှစ်ချက်တိတိဆက်ချလိုက်၏။

"ကဲ...နင့်တော့ ကောင်းကောင်းအကြောင်းသိစေရမှာပေါ့ဟာ။ ငါ့နာမည်က 'စိန်ဗေဒါ ဇော်လွန်းလ'တဲ့"

ပုလိပ်ကြီးသည် အဝါ၏ပါးစပ်မှ စီးကျလာသောသွေးတို့ကို ကြည့်ရင်း အဝါ၏မျက်နှာအနီးသို့ကပ်လျက် သွားကြိတ်သံနှင့်ပြော၏။ ထို့နောက် မိမိအဖော်များနောက်သို့ လှည့်၍...

"ဟေ့...မင်းတို့ အဲဒီလက်နှစ်ဖက်ကို မလှုပ်နိုင်အောင် ဆွဲထားကြ။ ဒီကောင်မကို ငါ ဆက်ပြီးရှာရမယ်..."

ပုလိပ်ကြီးသည် အဝါ၏ခါးမှစ၍ ပေါင်ကြီုပေါင်ကြားအထိ လိုက်လံစမ်းသပ်၏။

အဝါသည် ရှက်အားကြောက်အားနှင့် ရုန်းလိုက်ရာ ရဲသားများ၏

လက်မှ လွတ်သွား၏။ ထို့နောက် ခေါင်းဆောင်ပုလိပ်ကြီးကို တအား တွန်းပစ်ခဲ့ပြီးလျှင် ကမ်းနားဆီသို့ပြေး၏။

"ဟေး...ရပ်–ရပ်–မရပ်ရင် ပစ်လိုက်မယ်နော..."

ဘေး၌ရှိနေကြသော ပုလိပ်သားကြီးနှစ်ယောက်သည် သံကုန် ဟစ် အော်ရင်း သေနတ်ကြီးတွေတကားကားနှင့် အဝါ၏နောက်မှ ပြေးလိုက်ကြ သည်။ ခေါင်းဆောင်ပုလိပ်ကြီးကလည်း မြေပြင်မှ လူးလဲထရင်း...

"လိုက်...လိုက်။ ဒီကောင်မကို မိအောင်လိုက်စမ်း"

ဟု အော်ဟစ်ရင်း နောက်မှပြေးလိုက်၏။ တံခါးများကို မဟတဟ ဖွင့်လျက် အိမ်ငယ်ကလေးတွေအတွင်းမှ ချောင်းမြောင်းကြည့်နေကြကုန် သော ပိန်းကူးအမျိုးသားကလေး၊ လူကြီးတို့သည် အဝါ့အစား ရင်ဖိုနေ ကြ၏။

■

[ ၆ ]

မင်းဝမ်းသည် ငေးငိုင်ကျန်ရစ်နေခဲ့ရာမှ အိပ်ရာကလန့်နိုးသလို ဖြစ်လာ၏။ ထို့နောက် ပြူးပြူးပျာပျာဖြင့် သဲလုံရွာဘက်ဆီသို့ဖြတ်သော လမ်းအတိုင်း လယ်ကွင်းဘက်မှဖြတ်၍ အတင်းပြေး၏။

မင်းဝမ်းသည် အဝါ မည်သည့်နေရာသို့ပြေးသွားနေသည်ကို စိတ်တွင်းမှ အလိုလိုသိ၏။ အဝါပြေးသွားသောလမ်းသည် အလွန်ဝေးလှ၏။

သဲပြင်ကြီးသည် ပြေး၍မရနိုင်အောင် ခြေထောက်ကိုဆွဲထားမည် ဖြစ်၏။ မိမိတို့ရွာသည် နေရာတိုင်း၌ လှုပ်ပြတ်လပ်၏။ ကမ်းဖက်နှင့်နီးသော သဲခုံကြီး၏ဘေးတွင် သူ့ကိုယ်သူ အလွန်ထိန်းထိန်းသိမ်းသိမ်းနေခဲ့သော၊ နေနိုင်သော အဝါသည် မတော်တဆလဲကျသွားမည်ဆိုလျှင် နောက်မှ ထက်ကြပ်မကွာပြေးလိုက်သွားကြသော ပုလိပ်သားများက...

မင်းဝမ်းသည် ဆက်လက်မတွေးဝံ့တဲ အားသွန်၍ပြေး၏။ မင်းဝမ်းတို့ 'ပဒူးမိန်းရွာ'မှ အပျိုကလေးအားလုံးတို့သည် ဤပုလိပ်သားကြီးများ အကြောင်းကိုလည်းကောင်း၊ ခန္တီးမြို့မှလာကြသော ရှမ်းအမျိုးသားအချို့၏ အကြောင်းကိုလည်းကောင်း၊ တစ်ခါတစ်ရံ အောက်ဘက်ဆီမှ ရှမ်းတွေနှင့် လိုက်ပါလာတတ်ကြသော ဗမာဆိုသည့် သားသားနားနားလူတွေ၏ အကြောင်းကိုလည်းကောင်း၊ အခြားသော မိမိတို့ဆီသို့ ရောက်လာတတ်

ကြသည့် ကချင်အမျိုးသားများ, ကုလားအမျိုးသားများနှင့် တရုတ်အမျိုးသားတို့၏အကြောင်းကိုလည်းကောင်း အားလုံးသိကြသည်ချည်းဖြစ်၏။

ဤသူအားလုံးတို့သည် မင်းဝမ်းတို့ ပိန်းကူးရွာသူကလေးများအပေါ်တွင် စေတနာထားဟန်နှင့် ယုတ်မာတတ်ကြသော ကြောက်မက်ဖွယ်ကောင်းသည့် 'လူလိုက်'မုဆိုးကြီးများသာ ဖြစ်ကြ၏။

'ပဒူးမိန်း' 'သဲလုံ' စသည့်ရွာကလေးများသို့ ရောက်လာတတ်ကြသော ပုလိပ်သားကြီးတို့သည် ပိန်းကူးအပျိုမများ အရက်ချက်သည်ကို ဖမ်းတော့မယောင်ယောင်ပြုလျက် အခမဲ့ရသောအရက်တို့ကို သောက်လည်းသောက်ကြ၏။ ယူလည်းယူကြ၏။ ပိန်းကူးအမျိုးသမီးများ ဘိန်းခင်းစိုက်သည်ကို အရေးယူတော့မယောင်ယောင်ပြုလျက် အခမဲ့ရသော ဘိန်းတို့ကို ရှူလည်း ရှူကြ၏။ ယူလည်း ယူကြ၏။ ထို့နောက်တွင်ကား မင်းဝမ်း စသော ပိန်းကူးမကလေးများကို ခြိမ်းခြောက်လျက် လိုရာရအောင် အနိုင်ကျင့်ကြကုန်၏။

အခြားသော ရှမ်း၊ ဗမာ၊ ကချင်၊ တရုတ်၊ ကုလား စသည့်သူများကလည်း မိမိတို့ ပိန်းကူးမကလေးများကို ရှေးဦးစွာ၌ နှုတ်ခမ်းဆိုးဆေးတောင့်ကလေးများ ပေးကြ၏။ မျက်နှာချေပေါင်ဒါ၊ မိတ်ကပ်ဘူးကလေးများ ပေးကြ၏။ ပြုံးပြုံးပြောင်ပြောင် အထည်စကလေးများ ပေးကြ၏။ ထို့နောက် ယုံကြည်လွယ်၊ ချစ်လွယ်၊ သဘောလွယ်သော မိမိတို့အား အလွန်သနားလှပါသည်ဟုဆိုလျက် ရင်တဖိုဖိုဖြင့် ငိုရှိုက်ကျန်ရစ်နေသည်အထိ မီးကုန်ယမ်းကုန် သနားပစ်တတ်ကြ၏။ မိမိတို့သည် အကြိမ်ပေါင်းမရေမတွက်နိုင်အောင် ဤသို့ အသနားခံခဲ့ကြရလွန်းသဖြင့် ရိုးနေပါချေပြီ…။

'အင်း…ဆွန်းဝမ်းကတော့ ဒါမျိုး မတွေ့ကြုံရဖူးသေး။ တွေ့ကြုံရ

လျှင်လည်း ဆွန်းဝမ်းက ငြိမ်ခံနေမည့်မိန်းမမျိုးမဟုတ်။

တို့တစ်တွေအားလုံး ဆွန်းဝမ်းလိုချည်းဖြစ်နေကြရင် ဘယ်လောက်ကောင်းမလဲ။ ဆွန်းဝမ်းတစ်ယောက် မမိပါစေနဲ့။ တောနတ်ကြီးရယ် ကူညီလိုက်စမ်းပါ။ ကျုပ် မိုးဦးကပေါက်တဲ့ ကြက်မကလေးကို သတ်ပြီး ကျွေးပါ့မယ်–အေး...'

သဲလုံရွာဘေးမှဖြတ်၍ သောင်ပြင်ဘက်သို့ ဆင်းလိုက်သောအခါ သောင်စပ်ဆီမှ ရေခပ်ပြီးတက်လာသော 'ထု'သည် ပြေးလာသော 'မင်းဝမ်း' ကို တအံ့တသြ လှမ်းကြည့်ဟစ်မေး၏။

"ဟေး...မင်းဝမ်းရေ...ဘာပြုလဲဟေး..."

မင်းဝမ်းသည် 'ထု'ကို ဘယ်လိုမှပြန်မပြောနိုင်။ ခပ်လှမ်းလှမ်း သောင်ပြင်ပေါ်၌ရှိသော ရွက်ထည်တဲဆီသို့ လက်ညှိုးညွှန်ပြရင်း အတင်းပြေး၏။

'ထု'သည် ဘာမှန်းမသိဘဲ ငေးကြည့်နေရာမှ သိချင်လာသောကြောင့် ခေါင်း၌လွယ်ထားသော ရေကျည်တောက်ခြင်းကို ချကာ မင်းဝမ်းနောက်မှ ပြေးလိုက်၏။

သဲသောင်ပြင်ပေါ်တွင် ပြေးရခြင်းကား မလွယ်ကူ။ လပေါင်းများစွာ ခြောက်သွေ့နေသော သဲများသည် နင်းလိုက်လျှင် ကျွံဝင်သွားလျက် ခြေထောက်နုတ်လိုက်သောအခါ 'ဖွား'ခနဲ 'ဖွား'ခနဲ လွင့်စဉ်သွားအောင် ပါလာတတ်ကြ၏။ တစ်လှမ်းထက်တစ်လှမ်း ဆွဲကိုင်ထားဘိသို့ရှိလှ၏။

အဝါသည် ဤရှည်လျားဝေးလံသော သဲသောင်ပြင်ကွေ့ကြီးအတိုင်း ပြေးလာခဲ့ပေလိမ့်မည်။

အဝါ ပြေးမှပြေးနိုင်ပါ့မလား။ ယခုလောက်ဆိုလျှင် ကချင်မှဆိုးတို့၏ လက်၌ အမဲဖျက်ခံနေရပြီဖြစ်သာ ဆတ်ပျိုမကဲ့သို့ ပုလိပ်သားကြီးတွေ၏

လက်တွင်းကို အဝါ ရောက်ရှိနေလေပြီလား။

မင်းဝမ်းသည် ဆိုလာသောအမောကို ဖွတ်အားတင်းပြီးလျှင် အားရှိသမျှသွန်၍ အတင်းပြေး၏။ သဲသောင်ပေါ်က ရွက်ထည်ရုံကြီးသည် မိမိရှိရာသို့ ပြေးဝင်လာကာ ရှာရှာလည်သွားသည်ဟု ထင်လိုက်ရ၏။

ရွက်ထည်ထဲမှလူကြီးသည် ရွက်ထည်ရုံအဝတွင် ထိုးလဲကျသွားသော မင်းဝမ်းအား တအံ့တသြကြည့်၏။ မင်းဝမ်းကိုကြည့်ရသည်မှာ အမောဆို့နေပုံရ၏။

ယောက်ျားကြီးသည် မင်းဝမ်းအား အလွန်သည်းသာစွာ ဆွဲ၍ထူလိုက်ရာ မင်းဝမ်းက အားပြုလျက် ကြိုးစား၍ထိုင်လိုက်၏။

မင်းဝမ်းသည် ယောက်ျားကြီးအား ကြည့်လျက် စကားမပြောနိုင်ဘဲ အသက်ပြင်းစွာရှူနေ၏။ ကချင်မကလေး 'ထု'သည် ထိုအချိန်၌ အနီးသို့ ရောက်လာ၏။

"ထု'သည် ယောက်ျားကြီးကို မြင်သည်နှင့် အနည်းငယ် နောက်တွန့်သွား၏။

ခြေထောက်နှစ်ချောင်းကို နောက်သို့ပစ်၍ ဒူးထောက်ထိုင်လျက် မောနေသောမင်းဝမ်းအား ရွက်ထည်ရုံအဝမှ ရပ်လျက် 'ထု'က ကချင်ဘာသာဖြင့် အမောတကောလှမ်းမေး၏။

"ဘာလဲဟော့...ဘာဖြစ်ကြလို့တုံး။ ညည်း ဘယ်လိုဖြစ်လာရတာတုံး..."

မင်းဝမ်းသည် မောနေ၏။ 'ထု'မေးသည်ကို မပြောနိုင်ဘဲ ပဒူးမိန်းရွာဘက်မှ ကွေ့ဝိုက်လာသော သောင်ပြင်ဘက်သို့ လက်ညှိုးညွှန်ပြ၏။

"ဆွန်းဝမ်း...အေး"

'ထု'နှင့် ယောက်ျားကြီးသည် ထိုသောင်ပြင်ကြီးတစ်ဆုံးသို့ လှမ်း

ကြည့်၏။ သောင်ပြင်နှင့် ရေစပ်တွင် နှုတ်သီးဝါကလေးများနှင့် မြူးထူး နေကြဟန်ရှိသော တီတီတွတ်ငှက်ငယ်ခြောက်ကောင်ခန့်တို့ကို ကြည်နူး ဖွယ်ရာ မြင်ကြရ၏။

"ဘာလဲဟဲ့–မင်းဝမ်းရဲ့...."

'ထု'က မင်းဝမ်းကို ဆွဲထူရင်း စိတ်မရှည်သလိုမေး၏။ ထိုအတွင်း မြစ်ကွေ့၏ထောင့်စွန်းဖြစ်သော ကမ်းရိုးတန်းကလေးအလွန်၌ ငွေသားပြင် ကြီးကဲ့သို့ တောက်ပနေသော သောင်ခုံအစွန်းတွင် ပြေးလွှားနေကြသည့် လူလေးယောက်တို့၏ သဏ္ဍာန်သည် တံလျှပ်မှုန်ပြင်ကြားထဲမှ မသဲမကွဲ ပေါ်လာ၏။

"ဟော...ဟော...အဏ္ဏလေး..."

မင်းဝမ်းသည် ရွက်ထည်ရုံအဝရှိ တိုင်ကို အားပြုရှုံရပ်၏။

အသွေးအသားတို့ကို ကြွပ်ကြွပ်ဝါးရန် လိုက်လံဖမ်းဆီးနေသော ကျားရဲကြီးဘေးမှ အထိတ်တလန့် အားသွန်ပြေးလွှားနေရရှာသော ဒရယ် ပျိုမကလေးကဲ့သို့ အမောဆို့လှုလှုနှင့် ပြေးလာသော အဝါကို မြင်နေ ကြရ၏။

အဝါ၏အနီးတွင် သဲသဲမဲမဲ ဖွဲကောင်းကောင်းနှင့် ထက်ကြပ်ကပ် လိုက်နေသူမှာတစ်ပါး အခြားနှစ်ယောက်တို့သည် ခပ်ဝေးဝေးတွင် တစ် ယောက်နှင့်တစ်ယောက် ကွာလှမ်းစွာကျန်နေရစ်ခဲ့ကြ၏။

"ထု–လုပ်ပါအေး...သွားပါ၊ ခေါ်ပါ၊ ဆွန်းဝမ်းရယ်လေး၊ အစိုးရတွေ လိုက်ဖမ်းနေတယ်–အေး..."

'ထု'သည် ပြေးထွက်သွားပြီးမှ ကိုယ်ရှိန်သတ်လျက် မင်းဝမ်းရှိရာသို့ ပြန်ပြေးလာ၏။

"အစိုးရဖမ်းတာကို ငါ ခေါ်မယူဝံ့ဘူးအေး"

'ထု'သည် အဝါတို့ဘက်သို့ စိုးရိမ်စွာမျှော်ကြည့်ပြန်၏။ အဝါသည် အလွန်လေးကန်စွာပြေးနေရာမှ ထိုးလဲကျ၏။ နောက်မှ ကပ်လျက်လိုက်ပါလာသူသည် အဝါ၏ကိုယ်ပေါ်သို့ ထိုး၍မှောက်လိုက်၏။ ထို့နောက် နှစ်ယောက်သား သဲပြင်ပေါ်၌ လုံးထွေးနေကြ၏။ သဲပြင်ပေါ်၌ သားကောင်နှစ်ကောင် တိုက်ခိုက်နေကြဘိသကဲ့သို့ သဲမှုန်များ တဖွေးဖွေး လွင့်စဉ်နေ၏။

မင်းဝမ်းသည် ရှိုက်ငင်ရင်း ရွက်ထည်ရုံထဲမှ ပြေးထွက်၏။ မင်းဝမ်း၏ ခြေထောက်အစုံတို့သည် လှမ်းလိုက်တိုင်း နစ်မြုပ်သောသဲထဲမှ မရုန်းနိုင်ကြဘဲ သဲပြင်ပေါ်၌ ဗုန်းဗုန်းလဲ၏။ မင်းဝမ်းသည် ပူသောသဲပြင်တွင် ထိုင်လျက် စိုးရိမ်စိတ်နှင့် ရှေ့သို့မျှော်ကြည့်၏။ မင်းဝမ်း၏ အဝါကိုချစ်သော နှလုံးသည် နေကျွမ်းသောသဲပြင်ထက် ပို၍ပူလောင်၏။

မင်းဝမ်း ရင်တထိတ်ထိတ်ကြည့်နေဆဲ လုံးထွေးနေသော လူနှစ်ယောက်အနက် အပေါ်မှဖိထားဟန်ရှိသောလူသည် လွင့်စဉ်ကျသွားပြီးနောက် ကျန်တစ်ယောက်သည် အတင်းလူးလဲထကာ ဆက်ပြေး၏။ ထိုသူကား အဝါပင်တည်း။

လွင့်ကျသောသူသည် ချက်ချင်းလူးလဲထကာ အဝါ့နောက်မှ ထက်ကြပ်လိုက်၏။ အဝါ၏ခြေထောက်များသည် လေးကန်နေဟန်ရှိသော်လည်း အဝါ၏လှုပ်ရှားပုံကို ကြည့်ရခြင်းအားဖြင့် အမောဆို့သေလိုက သေစေဟူသောစွဲနှင့် ကြိုးစားပြေးလွှားနေကြောင်း သိသာ၏။

စင်စစ် အဝါသည် အဆုံးအစမမြင်ရသည့် ပင်လယ်ပြင်ကြီးတွင် နစ်လုနစ်လုနှင့် ကြိုးပမ်းကူးခတ်နေရသကဲ့သို့...

ယခုလည်း မျက်စိတစ်ဆုံးကျယ်ပြန့်လှသော သဲပင်လယ်ပြင်ကြီးတွင် နစ်မွန်းလုလု နစ်မွန်းလုလုနှင့် အားတင်းပြေးနေရ၏။

မင်းဝမ်းသည် အဝါရှိရာသို့ လည်ပင်းကိုဆန့်လျက် မျက်ရည်ဖုံးသော မျက်လုံးဖြင့် တရှိုက်မက်မက်လှမ်းမျှော်၏။

ယောကျ်ားကြီးနှင့် 'ထု'တို့သည် မင်းဝမ်းကို ကျော်လွန်လျက် အဝါ ရှိရာဆီသို့ မှန်မှန်ပြေးသွား၏။ အဝါ၏နောက်မှ ကပ်လိုက်လာသော သူသည် မိမိတို့ဘက်ကို ပြေးလာနေကြသည့် 'ထု'တို့ကို မြင်သောကြောင့် ဆက်လက်ပြေးလိုက်ခြင်းမပြုဘဲ ခပ်မှန်မှန်လျှောက်လိုက်လာ၏။

မင်းဝမ်းသည် နေရာမှ အားယူရပ်လျက် 'ထု'နှင့် ယောကျ်ားကြီး နောက်သို့ ခပ်ဖြည်းဖြည်းလျှောက်လိုက်၏။

အဝါသည် မိမိထံသို့ ရှေးရှုလာနေကြသော 'ထု'တို့ကို တွေ့ရသော အခါ အားသွန်၍ပြေးလာ၏။ မျက်နှာချင်းဆိုင်မိကြသည်နှင့် သဲပြင်ပေါ်သို့ ထိုးလဲကျ၏။

'ထု'သည် လဲကျလာသော အဝါ့ကို ဆီးကြိုပွေ့ဖက်ထားလိုက်သည်။ အဝါ၏ရင်အစုံသည် အလွန်လျင်မြန်စွာ နိမ့်ချည်မြင့်ချည်ဖိုလှိုက်၏။ အဝါ၏နှုတ်ခမ်းအစုံသည် ရေခြောက်သော၍ပူအိုင်မှတက်လျက် ရေရှိရာသို့ မရောက်ဘဲ ခြစ်ခြစ်တောက်ပူလောင်သည့် ကုန်းထက်၌ ရောက်နေရသော ငါးပြေမ၏ပါးစပ်ကဲ့သို့ အလွန်ပင်ပန်းစွာ ပွင့်ဟလှုပ်ရှား၏။

ယောကျ်ားကြီးသည် 'ထု'ကိုကြည့်လိုက်၏။ 'ထု'သည် အဝါ့ကို ပွေ့ဖက်ထားရသော်လည်း အဝါ၏ကိုယ်အလေးချိန်ကို တာရှည်ပွေ့ချီထား နိုင်ပုံမရပေ။ ထို့ကြောင့် ကလေးငယ်တစ်ယောက်ကို ပွေ့ချီလိုက်ဘိသို့ ယောကျ်ားကြီးက ဆွဲယူပွေ့ချီ၏။

"ဒါ...ကျုပ်ဖမ်းထားတဲ့ တရားခံမ"

ပုလိပ်သားကြီးသည် ကြယ်သီးတွေပြုတ်ကုန်သဖြင့် ဟင်းလင်းပွင့် လုလုဖြစ်နေသော အဝါ၏ရင်သားအစုံမှ မျက်လုံးကိုမခွာဘဲ ပြော၏။

ယောက်ျားကြီးသည် ပုလိပ်သားကြီး၏မျက်နှာကို အတန်ကြာအောင် စူးစိုက်ကြည့်၏။ ထို့နောက် အနီးတွင် ကြောက်ရွံ့စွာရပ်နေသော 'ထု'၏ ပခုံးပေါ်မှ ပိတ်ပိုင်းစကလေးကို ပါးစပ်ဖြင့်ငုံ၍ကိုက်ယူလိုက်ပြီးလျှင် အဝါ၏ရင်ဘတ်ကို ဖုံးလိုက်၏။ ပြီးမှ ပုလိပ်သားကြီး၏မျက်နှာကို စူးစူးစိုက်စိုက် စက်ဆုပ်ရွံမုန်းစွာကြည့်လိုက်သည်။

"အဲဒီတရားခံမဟာ အခုမြင်တဲ့အတိုင်းပဲ။ သူလိုက်နိုင်လောက်တော့ ခေါ်သွားပေါ့ဗျာ...ခင်ဗျားသိထားဖို့က အခု ကျွန်တော်လုပ်နေတာဟာ ခင်ဗျားတို့ကို ကူညီနေတာပဲ"

ယောက်ျားကြီးသည် ပြောပြောဆိုဆို ရွက်ထည်ရုံငယ်ကလေးဆီသို့ ပြန်လာ၏။

ပုလိပ်သားကြီးတို့သည် ယောက်ျားကြီး၏နောက် ခဏမျှ အတူ လိုက်ပါလာပြီးနောက် မိမိ၏အဖော်များကို စောင့်နေသလိုလိုနှင့် နောက်ချန် ကျန်ရစ်၏။

'ထု'သည် မင်းဝမ်းကိုတွဲလျက် ယောက်ျားကြီး၏နောက်မှ ကပ်၍ ပါလာ၏။ ရွက်ထည်ရုံကလေးအတွင်းသို့ ရောက်ကြသောအခါ မင်းဝမ်း သည် ယောက်ျားကြီးအား အကျိုးအကြောင်းအားလုံးတို့ကို ပြောပြ၏။

ယောက်ျားကြီးသည် အဝါ၏ နုဝင်းသောမျက်နှာတွင် အညိုအမည်း ထင်နေသော လက်ချောင်းရာကြီးများနှင့်တကွ အတွင်း၌ သွားဖုံးကွဲလျက် ယခုတိုင် သွေးများထွေးထွေးထုတ်နေရသည်တို့ကို ကြည့်ပြီးလျှင် မည်သို့မျှ ပြုစုမပေးဘဲ အမောပြေရန်သာ သက်သာသလိုနေစေ၏။ ထို့နောက် သံပရာဖျော်ရည်ကို ဖျော်ပြီးလျှင် မင်းဝမ်း၊ အဝါနှင့်တကွ 'ထု'ကိုပါ တိုက်၏။

အဝါသည် အတော်ကြီးအမောပြေလာသဖြင့် မိမိ 'ကျီမိုး'ကို ဘာ့

ကြောင့် စားဖြင့်ထိုးမိရသည့်အကြောင်း၊ ဘယ်လောက်ထိုးမိသွားသည်ကို မသိရသည့်အကြောင်းနှင့်တကွ...

ယခု ပုလိပ်သားကြီးတို့သည် မင်းဝမ်း၏ရှေ့၌ပင်လျှင် လက်နက်ရှာမည်ဆို၍ မည်ကဲ့သို့ပြုခဲ့ကြပုံ။ ထို့နောက် မိမိထွက်ပြေးလာသောအခါ သောင်ပြင်ပေါ်၌ မိမိအား ဖမ်းမိသော ပုလိပ်သားကြီးနှစ်ယောက်က မုဒိမ်းကျင့်ရန် ကြိုးစားပုံ...

မိမိကို ပုလိပ်သားကြီးတစ်ယောက်က သေနတ်ဖြင့်ချိန်ပေးထားလျက် ကျန်ပုလိပ်သားကြီးတစ်ယောက်က မိမိအပေါ်သို့ တက်ဖိကာ အဝတ်များကို အတင်းဆွဲချွတ်နေဆဲ ထိုပုလိပ်သားကြီးကို တွန်းကန်၍ ကိုယ်လွတ်ထွက်ပြေးခဲ့ရပုံ...

ထို့နောက် အဆိုပါပုလိပ်သားကြီးနှစ်ယောက်သည် မိမိနောက်သို့ မလိုက်နိုင်ကြဘဲ ကျန်ရစ်ခဲ့၍ ထိုပုလိပ်သားကြီးတို့၏ ခေါင်းဆောင်သာလျှင် မိမိနှင့် ထက်ကြပ်ကပ်၍ ပါလာခဲ့ပုံ...

ထို့နောက် တစ်နေရာတွင် မိမိလဲအသွား မိမိ၏ကိုယ်ပေါ်သို့ မတ်ရပ်မှ ပစ်ဖိလိုက်ပုံ၊ ထို့နောက် အတင်းဖက်၍ မိမိအကျီကို ဆွဲဖြဲလိုက်သောကြောင့် ကြယ်သီးတွေ ပြုတ်ထွက်ကုန်ပုံ၊ ထို့နောက် ထဘီကို အတင်းဆွဲချွတ်နေသောကြောင့် ခြေထောက်ဖြင့် စုံကန်၍ ထပြေးလာခဲ့ရပုံ၊ ထိုအတွင်း ထုတို့ ပြေးလာနေသည်ကို မြင်ရပုံ စသည်ဖြင့် အတိုချုံး၍ပြော၏။

အဝါသည် ပြောရင်း မောလည်းမော၏။ ငိုလည်းငို၏။ ယောက်ျားကြီးသည် မျက်လွှာချလျက် ငြိမ်သက်တိတ်ဆိတ်စွာနားထောင်နေရာမှ ရွက်ထည်ရုံ၏အပြင်ဘက်သို့ ကဲ၍ကြည့်သည်။ ခပ်လှမ်းလှမ်းသောင်ခုံပေါ်တွင် ပုလိပ်သားကြီးသုံးယောက်တို့သည် ဆောင့်ကြောင့်ထိုင်လျက် တစ်စုံတစ်ခုကို တိုင်ပင်ဆွေးနွေးနေကြဟန်ရှိ၏။

ယောကျ်ားကြီးသည် မိမိရွက်ထည်တဲကလေး၏ ထောင့်တစ်နေရာတွင်ရှိသော ပုံရိုက်စက်ငယ်ကို ထမ်းပြီးလျှင် ကမ်းစပ်၌ အသင့်ဆိုက်ကပ်ချည်နှောင်ထားသော အမိုးမပါသည့်မော်တော်ပေါ်သို့ ယူချသွား၏။

မော်တော်ပေါ်မှ ယောကျ်ားကြီး ပြန်လာသည်နှင့် ပုလိပ်သားကြီးသုံးယောက်တို့ ရွက်ထည်ရုံ၏အပြင်သို့ ရောက်ရှိလာကြသည်။ ယောကျ်ားကြီးက အထဲသို့ဝင်ပါရန် ဆီးကြိုဖိတ်ခေါ်၏။

ပုလိပ်သားကြီးတို့သည် ရွက်ထည်ရုံကလေးထဲသို့ ဝင်လာကြသော်လည်း မထိုင်ကြဘဲ ရွက်ထည်ရုံအတွင်းရှိ ပစ္စည်းများကို စူးစမ်းသောအကြည့်ဖြင့် ကြည့်၏။

"အံမယ်...သေနတ်တွေ များလှချည့်လားဗျ...။ လိုင်စင်နဲ့လား..."

ခေါင်းဆောင်ဖြစ်သော တစ်ရစ်ရ ပုလိပ်သားကြီးက အိပ်စင်၏ခေါင်းရင်းတွင် စင်ငယ်နှင့်တင်ထားသော နှစ်လုံးပြူးသေနတ်၊ ဆင်ပစ်သေနတ်နှင့် ပွိုင့် ၂၂ ရိုင်ဖယ်တို့ကို တွေ့သောကြောင့် ပြောခြင်းဖြစ်၏။

ယောကျ်ားကြီးသည် ထိုပုလိပ်သားကြီး၏မျက်နှာကို အတော်အချိန်ကြာကြာ စူးစိုက်ကြည့်၏။

"ခင်ဗျားတို့ ဒီမိန်းကလေးကို ဘယ်လိုလုပ်မလဲ..."

"ကျွန်တော်တို့ ဒီတရားခံကောင်မကို ခေါ်သွားမယ်ခင်ဗျ..."

ယောကျ်ားကြီးသည် ပုလိပ်သားကြီး၏မျက်နှာကို အေးစက်စက်ကြည့်နေရာမှ အလွန်ညင်သာစွာပြုံးယောင်ပြု၏။ ပုလိပ်တို့သည် ယောကျ်ားကြီးကို မျက်လုံးချင်းဆိုင်ဆိုင် ကြည့်မိကြရာမှ မျက်နှာလွှဲလွှဲသွား၏။ အရောဝင်သယောင်ယောင် ပြုလုပ်ပြောဆိုလိုဟန်ပြနေသော ရွှေသွားတဝင်းဝင်းရှိသည့် ခေါင်းဆောင်ရဲသား စိန်ဗေဒါဇော်လွန်းလပင်လျှင် မျက်နှာပိုးသတ်လျက် ဣန္ဒြေရရဖြစ်နေ၏။ ယောကျ်ားကြီးက ဇော်လွန်းလကို

ကြည့်လိုက်သည်။

"ခင်ဗျားတို့မှာ ဒီမိန်းကလေးကို ဖမ်းသွားဖို့ မိန်းမအဖော် ပါသလား။ မိန်းမအဖော် မပါရင် ဒီမိန်းကလေးကလည်း ခင်ဗျားတို့နဲ့ လိုက်ဝံ့မယ် မထင်ဘူး။ ဒါ့ကြောင့် ခင်ဗျားတို့ အလုပ်ဝတ္တရားကို ကူညီဖို့ အဖော် မိန်းကလေးနဲ့ အရပ်လူကြီးတွေ ထည့်ပေးချင်တယ်။ ကျွန်တော်ကိုယ် တိုင်လည်း ကျွန်တော့်မော်တော်နဲ့ ကူညီပြီး လိုက်ပို့ပေးမယ်လေ..."

"သူ့အပြစ်က ကြီးတယ်ဗျ။ လူတစ်ယောက်ကို ဓားနဲ့ထိုးတာဟာ ပုဒ်မ ၃၂၄-၃၂၅ အရ အရေးယူနိုင်တယ်။ ဒီလိုပြစ်မှုကျူးလွန်တဲ့ တရားခံကောင်မမျိုးကို ကျုပ်တို့ ဖမ်းနိုင်ခွင့်ရှိတာပေါ့ ကိုယ့်လူ။ မဟုတ်ဘူး လားဗျ..."

တစ်ရစ်ရ ပုလိပ်ကြီးစိန်ဗေဒါ ဓော်လွန်းလသည် မိမိပြောတာ ဟုတ်မှဟုတ်ပါ့မလား၊ မိန်းမတစ်ယောက်ကို မိန်းမအဖော် မပါဘဲနှင့် ဖမ်းရသလား မဖမ်းရဘူးလား...ဟု ဝေခွဲမရဖြစ်နေ၏။ ရှေးရှေးတုန်းက ဆိုလျှင် မိန်းမဖြစ်ဖြစ်၊ ယောကျ်ားဖြစ်ဖြစ် ဖမ်းစရာအပြစ်ရှိလျှင် ဖမ်းခဲ့ကြ သည်ချည်းဖြစ်၏။ တစ်ခါဖူးမျှ မိမိတို့၌ အပြစ်မဖြစ်ခဲ့ကြရ။

ဆရာဖြစ်သူတို့ကလည်း အပြစ်ဖြစ်သည်ဟု တစ်ခါဖူးမျှ မသင်ကြား မပြောဆိုခဲ့ဖူးကြ။

ဤရှမ်းတွေ၊ ဤကချင်တွေ၊ ဤပိန်းကူးတွေ၊ ဤကဒူးကနန်းတွေ၊ ဤနာဂလူမျိုးတွေကြားထဲတွင် အရေးကြုံလာက မိမိကို လွှတ်သည်ချည်း ဖြစ်၏။ ဆရာဖြစ်သူတို့ သင်လွှတ်လိုက်ကြသောစကားမှာ ပုလိပ်သည် အပြစ်ရှိသူကို ဖမ်းရမည်။

ဤသို့ဖမ်းနေစဉ် အခြားသူတို့က ဝင်ရောက်စွက်ဖက်လျှင် အလုပ် ဝတ္တရားနှောင့်ယှက်မှုဖြင့် တရားစွဲဆိုနိုင်သည်။ အဖမ်းမခံ ရုန်းကန်တွန်းထိုး

လျှင် ခုခံမှုဖြင့် ထပ်၍တရားစွဲနိုင်သည်ဟူ၍သာဖြစ်၏။

ဤလူကြီးက ဘာ့ကြောင့် ဝင်ရောက်စွက်ဖက်ပြောနေရပါသနည်း။ မိမိတို့ကို ဝတ္တရားနှောင့်ယှက်နေခြင်းလား၊ ကူညီနေခြင်းလား၊ သို့မဟုတ် မိမိတို့ကို ခြိမ်းခြောက်နေခြင်းလားဟု ခံပြင်းစွာတွေး၏။ လူကြီး၏မျက်နှာကို မကျေမနပ်ကြည့်၏။

လူကြီးကမူ အတူတကွ ဝတ္တရားဆောင်ရွက်နေရသူတစ်ယောက်ကဲ့သို့ ဇော်လွန်းလဘက်ကို လှည့်လိုက်သည်။

"ဒီမှာ ခင်ဗျားတို့ ဓားထိုးခံရတယ်ဆိုတဲ့လူကို မေးမြန်းစစ်ဆေးပြီးပလား။ မိန်းကလေးက သူ့ကို အဓမ္မကျူးလွန်ဖို့ ကြိုးစားလို့ ကာကွယ်ရပါတယ်ဆိုတာ ပြောနေတယ်။ ရာဇသတ်ကြီး ပုဒ်မ–၁၀၀၊ တတိယပိုဒ်အရ ဒီမိန်းကလေးမှာ ခုခံကာကွယ်ခွင့်ရှိတယ်ဆိုတာ ခင်ဗျားတို့ ပိုသိမှာပေါ့။ ပြီးတော့ ရာဇသတ်ကြီး ပုဒ်မ ၁၀၂–အရ အပြစ်ကျူးလွန်မယ့်သူက ကျူးလွန်ဖို့ ကြံစည်အားထုတ်နေတဲ့အချိန်တစ်လျှောက်လုံး ခုခံကာကွယ်ပိုင်ခွင့်ရှိနေတယ်..."

ပုလိပ်သားကြီးတို့သည် တိတ်တိတ်ဆိတ်ဆိတ်ဖြစ်သွားကြ၏။ ထို့နောက် တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်နေကြ၏။

"ဒါဖြင့် ကျုပ်တို့ ဒီတရားခံမကို ထားပစ်ခဲ့မယ်လေ။ ပျောက်မသွားစေရပါဘူး၊ မပြေးစေရပါဘူးလို့ တာဝန်ယူမလား..."

ပုလိပ်သားကြီးသည် ပြောသာပြောနေရ၏။ အမှန်အားဖြင့် ဤလူကြီးနှင့် ကြာရှည်စကားမပြောလိုတော့ပေ။ ထို့ကြောင့် ယောက်ျားကြီးက ဘာမျှကတိမပေးဘဲ ပြုံးစေ့စေ့လုပ်နေစဉ်ပင် ရှက်ထည်ရုံထဲမှ ခပ်သုတ်သုတ် လှည့်ထွက်၏။ အဖော်နှစ်ယောက်လည်း ကပ်လျက်လိုက်ပါသွားကြသည်။

'ထု'သည် ပိတ်ဖြူများဖြင့် ဆောက်လုပ်ထားသော တဲကြီးကို မြင်ရစဉ်

ကပင်လျှင် အဝေးမှ တစေ့တစောင်းကြည့်နေမိသူဖြစ်သည်။ ထို့နောက် ပိတ်ပြူတဲဖြင့် ထူးထူးဆန်းဆန်းနေတတ်သောလူမျိုးကို မြင်ဖူးလိုသဖြင့် တပင်တပန်းစောင့်ကြည့်ခဲ့ဖူးသေး၏။ သို့သော် နှုတ်ခမ်းမွေး မုတ်ဆိတ်မွေး ကျိုးတိုးကျဲတဲနှင့် အရုပ်ရှည်ရှည်လူကြီးကို အဝေးမှမြင်လိုက်ရသောကြောင့် ကြောက်ရွံ့ထွက်ပြေးခဲ့ရဖူးသည်။ ယခု ဤလူကြီးသည် အတော်သဘော ကောင်းသူ ဖြစ်ရုံမျှမက မိမိတို့ အလွန်ကြောက်ကြရသော ပုလိပ်သားကြီး များကိုပင် သုတ်သုတ်ပျာပျာထွက်သွားအောင် ပြောနိုင်သူဖြစ်၏။ ထို့ကြောင့် ‘ထု’သည် လူကြီး၏မျက်နှာကို တစိမ့်စိမ့်ကြည့်ရင်း ဝမ်းထဲမှ ကြည်ညို အားကိုးလာ၏။ ယောက်ျားကြီးသည် ကလေးငယ်တစ်ယောက်ကဲ့သို့ မိမိမျက်နှာကိုကြည့်နေသော ‘ထု’ကို တွေ့ရသဖြင့် ပြုံး၏။

“ကဲ...ဟိုမိန်းကလေးကို ဆေးရုံလည်းပို့ရမယ်။ ပြီးတော့ အကျိုး အကြောင်းအားလုံးကို ဂတ်လည်းတိုင်ရမယ်။ ဒါ့ကြောင့် မင်းတို့အထဲက အဖော်မိန်းကလေးနှစ်ယောက်နဲ့ အရုပ်လူကြီး သုံးလေးယောက်တို့ကို ခေါ်ပေးဦးမှ”

မင်းဝမ်းနှင့် ‘ထု’တို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့် နေကြ၏။ ယောက်ျားကြီးသည် အဝါ့ဘက်သို့လှည့်လိုက်သည်။

“မိန်းကလေးရဲ့မိဘတွေ မရှိဘူးလား။ အဲဒါ အခေါ်ခိုင်းလိုက်ရင် ကောင်းမယ်”

အဝါသည် ပျာပျာသလဲ နေရာမှ လူးလွန့်လှုပ်ရှားလိုက်၏။

“ဟင့်အင်း...မဖြစ်ဘူး၊ မဖြစ်ပါဘူး။ ကျွန်မအဖေနဲ့ အမေက သိပ် အသက်ကြီးနေကြပြီ။ အခင်းဖြစ်တုန်းကလည်း အိမ်မှာမရှိကြဘူး။ လိုက်နိုင်မှာလည်း မဟုတ်ဘူး...”

အဝါသည် ပျာပျာသလဲပြော၏။ အဝါ၏စိတ်၌ ဂတ်တွေဘာတွေ

ရောက်ရသွားရမည်ကို ရှက်နေ၏။ မသွားဘဲနှင့် မဖြစ်နိုင်ဘူးလားဟု မေး၏။

နောက်ဆုံးတွင် ယောကျ်ားကြီးက တရားဥပဒေအရ မဖြစ်နိုင်၊ ဂတ်ကို မတိုင်ကြားဘဲထားလျှင် မိမိတို့အပေါ်၌ ပြန်လည် အပြစ်ပတ်နိုင်သည်ဟု ရှင်းပြသောကြောင့် ချုံးချ၍ငိုသေး၏။

မကြာမီ ယောကျ်ားကြီး၏တပည့်များဖြစ်ကြသော ကုလားကလေးနှစ်ယောက် ပြန်လာကြသည်။ မင်းဝမ်းက 'ထု'အား ဦးကျိဝမ်းနှင့်တကွ ညနေဘိန်းခင်းမှ ပြန်လာကြမည်ဖြစ်သော မိမိ၏အိမ်သားများကို အကျိုးအကြောင်း သွားရောက်ပြောကြားပေးပါရန် မှာထားပြီး ယောကျ်ားကြီး၏ မော်တော်ပေါ်၌ အဝါနှင့်အတူ ခန္တီးမြို့သို့ ပါသွား၏။

ယောကျ်ားကြီးသည် ခန္တီးမြို့ပေါ်ရှိ အရေးပိုင်နှင့်လည်းကောင်း၊ မြို့မဝန်ထောက်ကြီးနှင့်လည်းကောင်း၊ ဆရာဝန်ကြီးနှင့်လည်းကောင်း ရင်းနှီးစွာသိသူဖြစ်၏။

ရောက်လျှင်ရောက်ချင်း မြို့မဝန်ထောက်ကြီးနှင့်တွေ့၏။ တိုင်တန်းပြောဆိုသင့်သမျှတို့ကို တိုင်တန်းပြောဆို၏။ ထို့နောက် မြို့မဝန်ထောက်ကြီး၏ အကြံပေးချက်အတိုင်း ခန္တီးဂတ်သို့ သွားရောက်တိုင်တန်း၏။ တိုင်တန်းသည်ဆိုရာ၌ ပုလိပ်သားကြီးသုံးယောက်တို့၏ ပြုခြင်းကိုပါ တိုင်တန်း၏။

သက်ဆိုင်ရာ အရာရှိတို့သည် ဥပဒေအတိုင်း တိတိကျကျအရေးယူခြင်း၊ စစ်ဆေးမေးမြန်းခြင်း၊ ဆေးရုံသို့ပို့၍ ဆေးထည့်စေခြင်း စသည်တို့ကိုပြု၏။

အချို့သောပုလိပ်တို့သည် ဤအရပ်တွင် ဤရှမ်း၊ ကချင်၊ ပိန်းကူးမိန်းမမျိုးတို့က အစော်ကားခံရပါသည်ဟု လာတိုင်သောအမှုမျိုးနှင့် မည်

သည့်အခါမျှ ဂတ်သို့ ရောက်လာဖူးကြသည်ဟု မရှိသောကြောင့် ‘တော်တော်ကြီးကျယ်တဲ့ပိန်းကူးမ’ဟု အထူးအဆန်းဖြစ်နေလျက် လာရောက်ကြည့်ရှုကြ၏။

အဝါသည် ဝိုင်းဝန်းကြည့်ရှုနေကြသော ပုလိပ်တို့အလယ်၌ ဌာနာပိုင်ကြီး၏ မေးမြန်းမှုကို မဖြေဝံ့အောင် ရှက်ကြောက်နေ၏။

“ဒီပိန်းကူးမတွေဟာ ဒီအဖြစ်မျိုးတွေတော့ သူတို့အရပ်ဓလေ့ ဖြစ်ရိုးဖြစ်စဉ်ပါပဲ၊ လူကြီးမင်းခင်ဗျား၊ သူတို့ဓလေ့ကိုက အိမ်ထောင်မကျမီ လူပေါင်းစုံနဲ့ ကိုယ်ကြိုက်သလို တွဲနိုင်ခွင့်၊ အိပ်နိုင်ခွင့် ရှိကြပါတယ်။ ဒီမိန်းကလေးက သူပြစ်မှုကျူးလွန်တာကို ဖုံးကွယ်ဖို့အတွက် ဒီလိုပြောနေတာနဲ့တူပါတယ်”

ဌာနာပိုင်ကြီးသည် ယောကျ်ားကြီးဘက်သို့လှည့်လျက် အင်္ဂလိပ်ဘာသာဖြင့်ပြော၏။ ဤတွင် ခရစ်ယာန်သာသနာပြု သီလရှင်ဆေးရုံတို့၌ နှစ်ပေါင်းများစွာ အလုပ်သင်လုပ်ခဲ့ရသောကြောင့် အင်္ဂလိပ်စကားကို သွက်သွက်ပြောနိုင်ခဲ့သော အဝါသည် ရှက်လည်းရှက်၊ ဒေါသလည်းထွက်လာလျက် အင်္ဂလိပ်ဘာသာဖြင့် ဌာနာပိုင်ကြီးအား ပြန်လည်ချေပ၏။ ဒေါသဖြစ်နေသောကြောင့်လည်း အင်္ဂလိပ်မယ်သီလရှင်လေသံ ပေါက်နေ၏။ လူဟန်ကလည်း အင်္ဂလိပ်ရုပ်ရှင်မင်းသမီးနှင့် တူနေ၏။

မင်းဝမ်းနှင့်တကွ လာရောက်ဝိုင်းဝန်းကြည့်နေကြသော ပုလိပ်သားကြီးတို့သည် မကြုံစဖူး ထူးခြားဆန်းကြယ်သောအရာဝတ္ထုတစ်ခု တွေ့မြင်နေကြရဘိသို့ အဝါ့အား တအံ့တသြကြည့်ကြ၏။

အားလုံးကိစ္စပြီးသောအခါ ယောကျ်ားကြီးသည် အရေးပိုင်ကြီးနှင့် မြို့မဝန်ထောက်ကြီးကို နောက်တစ်ကြိမ် သွားရောက်တွေ့ဆုံ၏။ အပြန်တွင် အရေးပိုင်ကြီး၊ မြို့မဝန်ထောက်ကြီးနှင့်တကွ အရေးပိုင်ကြီးအိမ်သို့ ရောက်ရှိ

နေသော ဆရာဝန်ကြီးကပါ ယောက်ျားကြီးကို မော်တော်ဆိပ်သို့လိုက်ပို့၏။ ထိုသို့ပို့ရင်း ဤလူကြီးများသည် လှသောအဝါနှင့် မျက်မှန်းတန်းမိကြရသည်။

■

# [ ၇ ]

အဝါ ဖြစ်ပွားရသောမှုခင်းသည် ပိန်းကူးတို့၏ဒေသတွင် ရှေးဦးစွာ ပြောင်းလဲလာရသော ပြောင်းလဲခြင်းတစ်ရပ်ဖြစ်၏။

ထိုအမှုကိစ္စ ပြီးဆုံးသည်မှစ၍ ခလေ့ထုံးစံ–ခလေ့ထုံးစံဟု ခလေ့ထုံးစံကို ရိုးမယ်ဖွဲ့လျက် မိန်းကလေးများကို ယောကျ်ားကလေးတွေက အနိုင်ကျင့်သောစနစ်ဆိုးကြီးသည် ပျောက်ပျက်သင့်သလောက် ပျောက်ပျက်သွားခဲ့၏။

ထိုအမှုကို အကြောင်းပြု၍ လက်မောင်းနှင့် ဝမ်းဗိုက်တွင် ဓားဒဏ်ရာ သုံးချက် ရရှိခဲ့သော ကျိုမိုးသည် အချုပ်လည်းခံရသေး၏။ ထို့ပြင် ဥပဒေပုဒ်မ ၃၇၆–အရ အရေးယူ တရားစွဲဆိုခြင်းခံရပြီးနောက် ကိုယ်တိုင် ခံဝန်ချုပ်နှင့် တစ်နှစ်အတွင်း ကောင်းမွန်စွာနေထိုင်ပါမည်ဟု ရုံးတော်၌ ကတိပေးခဲ့ရ၏။

ပုလိပ်သားကြီးသုံးယောက်တို့ကိုလည်း ထောက်ညှာသောအားဖြင့် ပြင်းပြင်းထန်ထန်အရေးယူခြင်းမပြုဟု ဆိုသော်လည်း အလုပ်မှ ရပ်စဲလိုက်၏။ ထိုမျှမကသေး ခန္တီးမြို့တော်တွင်ရှိသော ပုလိပ်သားအားလုံးတို့ကိုလည်း ၎င်းတို့နှင့်ဆိုင်သော ဥပဒေရေးရာတို့ကို လေ့လာသင်ကြားစေရန် သင်တန်းဖွင့်ပေးလိုက်သောကြောင့် မအားလပ်အောင်ရှိနေကြရ၏။

ဤနေရာ ဤဒေသသည် ၁၈၈၉–ခုနှစ်လောက်ဆီက ချင်းတောင်းဥပဒေဖြင့် အုပ်ချုပ်ခဲ့ရာမှ ၁၉၂၆–ခုနှစ်သို့ ရောက်သောအခါ တရားစီရင်ရေးတွင် ပြည်နယ်တရားဥပဒေနှင့် အုပ်ချုပ်ရမည်ဟု နိုင်ငံတော်အစိုးရတို့က သတ်မှတ်ထားသောနေရာဖြစ်၏။

သို့ရာတွင် ဒေသန္တရအခြေအနေအရ အချို့အချို့သော အကြောင်းကိစ္စတို့ကို ဒေသဓလေ့ထုံးတမ်းကိုလိုက်၍ လျှော့လျှော့ပေါ့ပေါ့ တရားစီရင်ခဲ့ကြရာ–

ယခု အဝါ၏မှုခင်းကိစ္စ ပေါ်ပေါက်ပြီးသောအခါတွင် မည်သည့်အကြောင်းအချက်တို့၌ လျှော့ပေါ့၍ မည်သည့်အမှုအခင်းတို့ကို ဥပဒေအတိုင်း အတိအကျပြုလုပ်ရပါ့မလဲဟု သက်ဆိုင်ရာ အထက်အစိုးရတို့အား ခန္တီးမြို့ ခရိုင်ဝန်မင်းက မေးမြန်းအစီရင်ခံယူရသည်အထိ ဖြစ်လာရ၏။

ထို့ကြောင့်လည်း ဤနယ် ဤဒေသ၌ အဝါရောက်လာသည်ကို အကြောင်းပြုပြီးလျှင် အပြောင်းအလဲကြီး ပြောင်းလဲလာခဲ့ရ၏။ ယခင်က လက်ရဲဇက်ရဲရှိခဲ့ကြသော ထိုဒေသဖွား ရှမ်းအမျိုးသား၊ ကချင်အမျိုးသား၊ ပိန်းကူးအမျိုးသားများနှင့်တကွ ဈေးဆိုင်ကန္တားဖြင့် ကြီးပွားနေကြကုန်သော ပန်ချာပီကြီးများ၊ ကျူလယာခေါ်တောများ၊ ပေါက်ဖော်ကြီးများနှင့် ထိုဒေသရောက် ဗမာများပါမကျန် အားလုံးသော စားနေကျကြောင်ဖားကြီးတို့သည် ယခုအခါ၌ မိန်းကလေးတို့၏ သဘောတူညီမှုမရပါက စော်ကားမော်ကားမပြုလုပ်ရဲဘဲ ရှိလာကြရ၏။

ဤသည်ကစ၍ အဝါသည် ထိုဒေသတစ်ဝိုက်တွင် အနန်းဟာဗီးဟူသော အမည်ကို ရရှိလာခဲ့၏။ 'အနန်းဟာဗီး'ဟူသော စကားသည် ပိန်းကူးစကားဖြစ်လျက် 'ကျားအပျိုမ'ဟူသော အဓိပ္ပာယ်ရ၏။ 'အနန်းဟာဗီး'ကို 'နန်းဟာဗီး'ဟု အများတို့က ခေါ်ကြ၏။

'ပဒူးမိန်း'ရွာကလေးတွင် လှသော နန်းဟာဗီးကို မိန်းမ, ယောကျ်ား အားလုံးတို့က ကြောက်ရွံ့လေးစားကြရ၏။ အကြောင်းကိစ္စ တစ်စုံတစ်ရာ ရှိလျှင် ပဒူးမိန်းရွာသူကြီး ဦးလာကောင်ကိုယ်တိုင် 'နန်းဟာဗီးကျော်မား'ကို တိုင်ပင်ရသည်။ ရွာသူကြီးကို မဆိုထားနှင့်၊ ပဒူးမိန်းရွာသို့ တာဝန်အရ လှည့်လည်လာရောက်ကြသော ခန္တီးမြို့တော်ကြီးမှ ပုလိပ်သားကြီးများ ပင်လျှင် 'နန်းဟာဗီးကျော်မား'ကို လေးလေးစားစားဆက်ဆံကြ၏။ 'နန်းဟာဗီးကျော်မား'ဟူသည် ပိန်းကူးအမျိုးသားများက အဝါ့ကိုခေါ်သော အမည်ဖြစ်၏။ သူတို့သည် အဝါ့အတွက် ကျော်မားတစ်လုံး ထည့်သွင်း ခေါ်ကြ၏။ 'နန်းဟာဗီးကျော်မား'ကား 'လှသောကျားအပျိုမ' ဖြစ်သတည်း။

လှသောနန်းဟာဗီးနှင့် ပတ်သက်၍ ပဒူးမိန်းတစ်ရွာလုံးရှိ မိန်းမ, ယောကျ်ား ကြီးငယ်အားလုံးတို့က ဂုဏ်ယူဝမ်းမြောက်ကြ၏။ သို့သော် ဝမ်းမမြောက်နိုင်သူတစ်ဦး ရှိသေး၏။ ထိုသူကား လှသောနန်းဟာဗီး၏ဖခင် ဦးကျိုဝမ်းပင်ဖြစ်သည်။

ဦးကျိုဝမ်းသည် လှသောနန်းဟာဗီးကို တော်တော်မိုက်တဲ့ကောင်မ ကလေးဟု မှတ်ချက်ချထား၏။ ဦးကျိုဝမ်း၏အမြင်အရဆိုလျှင် အကယ်၍ လှသောနန်းဟာဗီးသည် မိုက်မဲသောမိန်းကလေးတစ်ယောက်သာ မဟုတ် ပါက မိမိတို့မိသားစုသည် 'ကျိုးမိုး'တို့ဖခင်ဆီက အနည်းဆုံး ကျွဲတစ်ကောင် အလျော်ရနိုင်သည်။ ထို့ပြင် ကြောက်မက်ဖွယ်ကောင်းသော ပုလိပ်သား ကြီးသုံးယောက်ဆီမှလည်း ငွေအတော်များများ အလျော်ရနိုင်သည်။

ယခုမူ မိုက်သောနန်းဟာဗီးသည် အရိုက်အနှက်လည်းခံရသေး၏။ အလျော်ရအောင်လည်း မပြုတတ်။ ပုလိပ်သားခများတွေလည်း အလုပ်မှ ပြုတ်သွားရရှာလေ၏။ မိမိအတွက်လည်း မကောင်း။ သူတစ်ပါးအတွက် လည်း မကောင်း။ မိမိတို့ ငွေစကြေးစကလေးများ ရဖို့ရန် အကြောင်းရှိပါ

လျက် မရမယူကြရ။ ရယူလေအောင်လည်း မိမိကိုယ်တိုင်က မပြောဝံ့။ မတိုက်တွန်းဝံ့။ အားလုံးကလည်း ကြောက်နေရပါပြီကောဟု နှလုံးမသာ မယာ ဖြစ်နေ၏။

ထိုထက်နာကြည်းဖွယ်ဖြစ်နေရသောအကြောင်းကား မိမိတို့လင်မယား နှစ်ယောက်အား တစ်နေ့လျှင် မည်မျှသာဘိန်းရှူရမည်ဟု သတ်မှတ်ပေး နေခြင်းဖြစ်၏။ မိမိတို့သည် အသက်ကြီး၍ အိုကြီးအိုမအရွယ်ရောက်မှ မည်သူမျှမကြုံဖူးလောက်အောင် သမီးဆိုးတစ်ကောင်၏ အနိုင်ကျင့် နှိပ်စက်နေခြင်းကို တုံ့ပြန်မှုမပြုဝံ့ဘဲ ခံနေရလေပြီဟု ဦးကျီးဝမ်း၏ စိတ်ထဲ က ယူကျုံးမရဖြစ်နေ၏။

သို့သော် လှသောနန်းဟာဗီး၏မျက်နှာသည် မိအိုဘအိုကြီးတို့နှင့် ဆက်ဆံရာတွင် ယခင်ရောက်လာစအချိန်ကကဲ့သို့ မကျေမနပ်ဖြစ်နေဟန် ပေါ်မလာဘဲ နှင်းသောက်သည့်နံနက်ခင်းတွင် အောင်မြင်ပွင့်ကြွလျက်ရှိ သော နှင်းဆီပန်းကဲ့သို့ လှပမွှေးချိုသောအပြုံးကိုပေး၍ အမြဲဆက်ဆံ၏။

နန်းဟာဗီး၏အဝတ်အထည်များသည် ယခင်ရောက်ရှိလာစဉ်ကထက် တစ်နေ့တခြား ဟောင်းနွမ်းစုတ်ပြတ်၍လာခဲ့သော်လည်း နန်းဟာဗီး၏ မျက်နှာနှင့် ထွားကြိုင်ကိုယ်သည် တစ်နေ့ထက်တစ်နေ့ လှပသစ်လွင်၍လာ၏။ ပိန်းကူးတို့သိကြသော တောနတ်သမီးကဲ့သို့ တစ်ရက်ထက်တစ်ရက် ကြည့် မရဲ ရှုမရဲအောင် ကြီးထွားလှပလာ၏။

ထို့ပြင် လှသောနန်းဟာဗီးသည် ယခင်ရောက်လာစကဲ့သို့ ပိန်းကူးတို့ ကိုကြည့်လျက် ရွံရှာစက်ဆုတ်ခြင်းမျိုး မဖြစ်တော့ဘဲ 'ဒါဟာ...ငါ့ လူမျိုးပါလား"ဟူသော အသိမျိုး အပြောမျိုးတွေကို သိ၏။ ပြော၏။ အချို့သောအပြုအမူတွေကို မကြိုက်နှစ်သက်သော်လည်း ခွင့်လွှတ်၏။ 'ငတို့လူမျိုးတွေ မသိရှာကြပါကလား'ဟု သနား၏။

ပဒူးမိန်းတစ်ရွာလုံး၌ စာတတ်သူဦးရေ အားလုံးပေါင်း တစ်ယောက်သာရှိ၏။ ပိန်းကူးလူမျိုး တစ်မျိုးသားလုံးထဲ၌ ပေါင်းခြောက်ယောက်ရှိ၏။ ဤသို့ စာတတ်သည့်ဦးရေ နည်းပါးလှသော လူမျိုးငယ်တစ်မျိုး၌ လူယဉ်ကျေးတို့၏မျက်လုံးတွင် မသင့်တော်သော ဓလေ့ထုံးတမ်းမျိုး ရှိရပါမည်လားဟု အပြစ်ပြောလျှင် ထိုပြောသူသည် အကြင်နာကင်းမဲ့သူဖြစ်၏။ ပြောလွယ်ဆိုလွယ်ရှိသော နှလုံးကြမ်းသည့် ရက်စက်သူမျှသာဖြစ်၏။ လှသောနန်းဟာဗီးသည် ယခု ဤလိုတွေးတွေလာလေပြီ။

လှသောနန်းဟာဗီးအဖို့ ဝိုင်းရံထားသည့် ပြာညို့ညို့တောင်ခြေ၏ ငွေသဲခုံတွင် ဖလ်ရေကြည်မြစ်၏ ရစ်ခွေခြင်းခံရသော ဝန်းကျင်၌ မိမိတို့လူမျိုး၊ မိမိတို့နေရာဒေသ၊ မိမိတို့လုပ်ငန်းကိုင်ငန်းအခြေအနေတို့ကို ယခုမှ ပို၍သဘောပေါက်၏။

မိမိသည် မိမိကိုယ်မိမိ ဤရပ်သူကလေးများနှင့် မတူလေဟန် ဗမာမကြီးကိုက်ဖမ်းကာ နေခဲ့၏။ မိမိဘဝကို မိမိ ရှက်ခဲ့၏။ မိမိလူမျိုးကို ကြင်နာရမည့် ချစ်ရမည့်အစား အထင်သေးခဲ့၏။ ယခု ဤအရပ်၊ ဤဒေသ၊ ဤပတ်ဝန်းကျင်သည် မိမိကို အပြစ်မှန် အမြင်မှန်တို့ကို မျက်မှောက်ပြုနိုင်စေရန် သွန်သင်ပေးခဲ့လေပြီ။

လှသောနန်းဟာဗီးသည် အခြားအခြားသော ပိန်းကူးအပျိုမကလေးများကဲ့သို့ ခန္တီးရွှေမြို့တော်ကြီးကို သွားရောက်ရောင်းချရန်အတွက် ကိုယ်တိုင်အရက်ချက်၏။ ကိုယ်တိုင် ကိုင်းများယာများလုပ်၏။ ကိုယ်တိုင်ကြိုးစားပမ်းစား ဘိန်းခင်းစိုက်၏။

ဤအရပ် ဤဒေသတွင် ဤအလုပ်မျိုးမှတစ်ပါး အခြားမည်သည့်အလုပ်မျိုးကို လုပ်နိုင်ဦးမည်နည်း။ ယခု ဤအလုပ်မျိုးကိုလုပ်၍ ငွေဖြင့်လဲလှယ်ရောင်းချနိုင်ခွင့်ရလာသဖြင့် တော်သေး၏။ ရှေးက ဤသို့မဟုတ်။

ရှေးက ကိုင်းစုတ်သည်။ တောင်ယာစုတ်သည်ဆိုလျှင် ထိုကိုင်းခင်း တောင်ယာခင်းမှ ပစ္စည်းများကို မည်သည့်နေရာမှ ရောင်းချ၍မရ။

အိမ်တိုင်း အိမ်တိုင်းတို့တွင် ကိုင်းများ တောင်ယာများ ရှိကြ၏။ ဘိန်းခင်းလုပ်လျှင်လည်း ထိုဘိန်းကို မိမိတို့ရွာ၌ ရောင်းချ၍မရ။ အနီးဆုံး မိုင်နှစ်ဆယ်မျှဝေးသော ခန္တီးမြို့သို့ တက်ပြီးလျှင် ထောင်ကဲကြီးများအထံ၌ ရောင်းချရ၏။

အရက်ချက်သည် ဆိုပါစို့။ မိမိတို့ရွာတွင်း၌ မည်သူမျှမဝယ်။ အိမ်တိုင်း အိမ်တိုင်းတွင် မည်သူမဆို အရက်ချက်၍သောက်ကြ၏။ ခေါင်ရည်စိမ်၍သောက်ကြ၏။ ခန္တီးရွှေမြို့တော်၌ပင်လျှင် ထိုပစ္စည်းများကို ရောင်းချ၍မရ။

ခန္တီးမြို့တော်မှ ရှမ်းအမျိုးသမီးတို့ကိုယ်တိုင် အရက်လည်းချက်ကြ၏။ ဘိန်းခင်းလည်း စိုက်ကြ၏။ လယ်ယာနှင့်တောင်ယာ သီးပင်များကိုလည်း စိုက်ကြ၏။ ထိုအချိန်က ဤနယ် ဤဒေသအတွက် သုံးစွဲကြရန် ငွေ လည်းမလို။ မည်သည့်ပစ္စည်းကိုမဆို လိုအပ်သည့်ပစ္စည်းအတွက် ပစ္စည်း ချင်း တန်ဖိုးဖြတ်၍ လဲလှယ်ယူကြ၏။

ထိုအချိန်ကဆိုလျှင် ခန္တီးမြို့တော်ကို စော်ဘွားအုပ်ချုပ်၏။ မိမိတို့ ရွာကလေးကို စော်ဘွား၏ လက်အောက်ခံဖြစ်သော မိမိတို့အမျိုးသား 'လောင်ဝီးပူသ'က အုပ်ချုပ်၏။ မိမိတို့အမျိုးအနွယ် ဘိုးများဘေးများ နေထိုင်ကြသော နာဂတောင်ရိုးကြီးကိုမူကား ဗြိတိသျှအစိုးရတို့ ဥပဒေနှင့် အုပ်ချုပ်ခြင်းမပြုရသေးသည့်နေရာနယ်မြေဟု သတ်မှတ်ထား၏။

ထိုစဉ်အချိန်က မိမိတို့ ပိန်းကူးမိန်းမပျိုကလေးများသည် ရင်ဘတ် ဟင်းလင်းနှင့် လည်ပင်းတွင် ပုတီးတွေဝေအောင်ဆွဲလျက် လုံချည်ကလေးကို ဒူးပေါ်အောင်ဝတ်ပြီးလျှင် ခေါင်းတွင် ရှန်နီတဘက်ကလေးတခါခါနှင့်

ဖြစ်ကြ၏။ ခြေထောက်တွင် ကြိမ်ခွေအမျှင်ကလေးများ ဆေးနီ ဆေးနက် ဆိုး၍ ရစ်ပတ်ကြလျက် နားနှစ်ဖက်၌ လက်ခြောက်သစ်ခန့်ရှည်သော ဆင်စွယ်ပုံ ပယင်းနားတောင်းကြီးကို ဆင်မြန်းထားလေ့ရှိရာ လုံးဝအဝတ် မရှိသလောက်ဖြစ်သော နာဂတောင်ရိုးရှိလူမျိုးအသီးသီးတို့အထဲတွင် မိမိတို့သည် ဝင့်ဝင့်ဝါဝါ အလှအပဆုံးဖြစ်ခဲ့ကြ၏။

ထို့နောက် လွန်ခဲ့သော အနှစ်ခြောက်ဆယ်ကျော်လောက်က မိမိတို့ ပိန်းကူးအမျိုးသမီးများသည် ရင်စေ့အင်္ကျီများကို စတင်ဝတ်လာခဲ့ကြ၏။ ထိုအင်္ကျီသည် ငွေမတ်စေ့၊ ငွေငါးမူးစေ့ ကြယ်သီးကြီးများနှင့် အလွန် ကြွားကြွားရွားရွား လှလှပပရှိ၏။

ယခုမူ ခန္တီးမြို့တော်မှ ရှမ်းအမျိုးသမီးများပင်လျှင် သနပ်ခါးလိမ်းခြင်း၊ ပေါင်ဒါလိမ်းခြင်း မရှိကြပါဘဲနှင့် မိမိတို့ ပိန်းကူးမိန်းမပျိုတို့ကမူ နှုတ်ခမ်းနီ လည်း ဆိုးကြ၏။ မျက်နှာချေပေါင်ဒါ မိတ်ကပ် စသည်တို့ကိုလည်း လိမ်းကြ၏။ လက်သဲတို့ကိုပင် ဆိုးစပြုလာကြလေပြီ။

ဤသို့ပြုလုပ်ကြ၊ လိမ်းခြယ်ကြရခြင်းသည်လည်း အကြောင်းရှိ၏။ ထိုအကြောင်းကား အရွယ်ရောက်လာလျှင် မိမိတို့တစ်ဝမ်းတစ်ခါးအတွက် လုပ်ကိုင်ကျွေးနိုင်မည့်သူကို မိမိတို့ ကိုယ်စွမ်းကိုယ်စဖြင့် ရှာဖွေကြရသည့် ဓလေ့ထုံးတမ်းကြောင့်ဖြစ်၏။ မိမိတို့၏ မိဘမောင်ဖွားများသည် ဤ အလွန်ရှက်ဖွယ်ကောင်းသော လင်ရှာယူရေးကိစ္စ၌ အရှက်အကြောက် ကင်းမဲ့စွာ ဝင်ရောက်စွက်ဖက်ကြလိမ့်မည်မဟုတ်ချေ။

နောက်တစ်ကြောင်းလည်း ရှိပါသေး၏။ မိမိတို့နေရာဒေသသည် နေရေး စားရေး ကျပ်တည်းလှသော နေရာဒေသဖြစ်၏။ မိန်းကလေးတွေ သည် မိမိတို့၏လုပ်အားဖြင့် တစ်ဝမ်းတစ်ခါး မလုံလောက်နိုင်ကြ။

ထို့ကြောင့် ကူညီလုပ်ကိုင်ကျွေးမွေးမည့် အားကိုးရာကို အမြန်ဆုံးရှာ

ကြရပေမည်။ ထိုသို့ရှာဖွေရာတွင် မိမိတို့ကိုယ်ကို ပို၍လှပအောင်၊ ယောကျ်ား ကလေးများ ပို၍ကြို့က်နှစ်သက်လေအောင် ပြုလုပ်ကြရပေမည်။

ထိုသို့ပြုလုပ်ရာ၌ ရုပ်ရည်လှပရုံမျှမဟုတ်ဘဲ အလုပ်အကိုင် ကောင်း ကြောင်းကိုလည်း ပြကြရမည်။ အဖျော်အဖြေကောင်းကြောင်းကိုလည်း ပြကြရမည်။ စကားပြောသည့်အသံကို ကြားစေရုံမျှဖြင့် အေးချမ်းချိုမြလျက် သာယာကြည်နူးလာအောင် ပြောနိုင်စွမ်းရှိကြရမည်။

ပိန်းကူးအပျိုမကလေးများသည် ရေမြေအနေအထားကြောင့် အနေ အစား ဆင်းရဲကျပ်တည်းလွန်းလှသဖြင့် ဤသို့သော ပေါင်းသင်းဆက်ဆံ ရေးတို့ကို တစ်ဖက်သားတို့အား သာယာတပ်မက်စေမှု အပြည့်ရရှိစေလျက် သနားဖွယ်ရာကောင်းလောက်အောင် ပေါင်းသင်းဆက်ဆံတတ်လွန်း၏။ ချစ်ရေးကြို့က်ရေး ဆိုချင်လာအောင် ပေါင်းသင်းဆက်ဆံတတ်လွန်း၏။ ချစ်ရေးကြို့က်ရေး ဆိုခဲ့လျှင်လည်း ယုံယုံကြည်ကြည် လက်ခံလွယ်တတ်၏။ ပိန်းကူးအပျိုမကလေးတို့သည် ဤအတတ်ပညာကို ဘဝပေးအရ အလို အလျောက် တတ်မြောက်လာကြရ၏။

လူမျိုးအသီးသီးမှ ယောကျ်ားကြီးများသည် သနားဖွယ်ရာသော ပိန်းကူးအပျိုမကလေးများအပေါ်၌ ဒါကိုပင်လျှင် အခွင့်အရေးယူကာ တစ်နပ်စားညဏ်ဖြင့် စော်ကားမော်ကား ကျင့်ကြံသွားတတ်ကြ၏။ ကြာသော် ပိန်းကူးအမျိုးသား ယောကျ်ားများကပါ ဤအတိုင်း ရောယောင် ပြုကျင့်လာကြ၏။

ခန္တီးမြို့သို့ရောက်ရှိလာကြသော အနယ်နယ်အရပ်ရပ်မှ အပျော်ခရီး သွားများ၊ ဗဟုသုတလေ့လာသူများ၊ တာဝန်အရ လာရောက်ကြသော အရာရှိအရာခံအချို့နှင့် ခန္တီးရွှေမြို့တော်မှ ရှမ်းလူမျိုးများ၊ ကချင်လူမျိုးများ၊ တရုတ်၊ ကုလားများ စသည်တို့သည်...

အဆိုပါ ပိန်းကူးအပျိုမကလေးတို့ရှိရာ သဲလုံနှင့် 'ပဒူးမိန်း'ခေါ်သည့် မြို့တော်တံခါး၀ ရွာကို အသူရကာယ်နတ်သမီးတို့ နေထိုင်သော နတ်ဘုံ နတ်နန်းပမာ ဥဒဟို ၀င်ထွက်ရောက်လာလေ့ရှိကြကုန်၏။

ဆင်းရဲသလောက် သဘောကောင်းလျက် အသံချိုကလေးနှင့် ချစ် စဖွယ် ပြုံး၍ စကားပြောတတ်ရှာသော ပိန်းကူးအပျိုမကလေးတို့သည် ထိုလူသားစားမုဆိုးကြီးတို့ကို ယုံကြည်လျက် နှုတ်ခမ်းဆိုးဆေးကလေးအစ၊ ပေါင်ဒါဘူးကလေးအစ၊ လက်ကိုင်ပ၀ါကလေးအစ ရယူကြရာမှ တဖြည်း ဖြည်း ကျုံးအသွင်းခံလာကြရပြီးလျှင် နောက်ဆုံး၌ ကြောင်ကြောင်ကျား ကျား သရက်ထည်အင်္ကျီ၊ လုံချည်ကလေးများကို ရယူကြရသောအခါ အယုံကြည်ကြီး ယုံကြည်အားကိုးလာမိကြရာမှ မိမိတို့၏ အသားအသွေး များကို ၀ါးမျိုရန် ပေးဆက်လိုက်ကြရသည်ချည်းဖြစ်ကြ၏။

သို့သော် ပိန်းကူးအပျိုမကလေးတို့သည် ထိုသူတို့ကို မနာကြည်းကြ။ အပြစ်မတင်၊ အပြစ်မမြင်ကြ။ ထိုသူတို့ ပြန်သွားကြတိုင်း မျက်ရည် ကလေးရစ်ဝိုင်းလျက် သဲသောင်နုံကြီးပေါ်၌ ပြုံးပြုံးကလေး ကျန်ရစ်ခဲ့ တတ်ကြ၏။

သူကလေးတို့သည် ထိုလူသားစားမုဆိုးတို့၏ လာခေါ်ပါမည်ဟူသော မုသားသစ္စာကို ရိုးသားစွာ ယုံကြည်ကျန်ရစ်၏။ ၀မ်းပမ်းတသာ မျှော် တလင့်လင့်နေ၏။

'ဒြဆာ'ဟုခေါ်သော နစ်မျောစုံမက်သည့် ပုတီးကိုပင် စားရိက္ခာ အတွက် ရောင်းရသောလ 'ပုတီးရောင်းရသောလ'ဟု အဓိပ္ပာယ်ရှိသည့် 'ဒြဆာ'လသို့ရောက်တိုင်း ထိုလူလိုက်မုဆိုးကြီးများ လာခေါ်လေမလားဟု ကျိုးနွံယုံကြည်သောစိတ်နှင့် တမ်းတတွေးတောရင်း မျှော်ကြ၏။

'ဒဗရှေ'ဟုခေါ်သော–

စားရိက္ခာမလုံလောက်၍ ထမင်းဆာဆာ ဝမ်းဟာဟာကို ချွေချွေတာတာဖြည့်တင်းကြလျက် လာမည့်နှစ်အတွက် ဝမ်းစာချင်းဆက်မိအောင် 'ထမင်းအိုးငယ်လိုက်ရသောလ'

ထိုလသို့ရောက်လျှင်လည်း တောကျီးကန်းကြီး 'သာ'သလို ပုရစ်ဝါကလေးတွေ အော်သံ အပြတ်ပြတ်ပြုနေသောကြောင့်–

'ချစ်တဲ့မောင်ကြီး ပြန်လာတာ၊ လမ်းခုလတ်မှာ ရောက်နေပါပေါ့"ဟု အသံချိုကလေးနှင့် ဆိုညည်းရင်း ယုံယုံကြည်ကြည် ဆက်လက်မျှော်လွမ်းကြ၏။

သို့သော် လူသားစားကြူး လူ့ဘီလူးကြီးတို့ကား တစ်ဦးတစ်ယောက်မျှ ပြန်လာလေ့ထုံးစံမရှိ။

ထိုလူ့ဘီလူးကြီးတို့သည် 'လပိုင်အိုက်' အမည်ရှိသော ကြည်နက်သည့်ရေပြာအရပ်ကို လွန်လာသည်နှင့် 'မေ့'တိုင်းပြည်ကို ရောက်လာသူတွေကဲ့သို့ မိမိတို့သားသမီးနှင့် ချစ်ဇနီးကို မေ့ပစ်ကြ၏။ စိတ်သစ်၊ လူသစ်၊ တစ်ပြုလုံးသစ်လျက် လူပျိုတွေချည်းဖြစ်ကုန်ကြ၏။ အသူရကာယ်နတ်မိမယ်တို့နှင့် တွေ့ကြရကုန်သော အောင်နိုင်သည့် နတ်စစ်သည်တို့ကဲ့သို့ ထိုထိုသောနေရာတို့၌ အစုံအစုံတွဲလျက် ဆွဲလျက် ပျော်လျက် စံပယ်မြူးထူးကြ၏။

မပြတ်သောမီးဖိုရှိသည့် တဲမှောင်ခန်းတို့၌လည်းကောင်း–

လေခတ်သောသစ်ရွက်သံဖြင့် ဆိတ်ညံအေးချမ်းသော သစ်ရိပ်တို့၌လည်းကောင်း–

တောင်ပြာကြီးတွေကြည့်သော မှန်ရေပြင်ကို မဝနိုင်အောင် နမ်းစုပ်နေသော သဲသင်ဖြူးကြီးပေါ်၌လည်းကောင်း–

ထိုသို့သောနေရာအရပ်ရပ်၌ ရွှင်ပျသောရယ်မောသံတို့ကို လွင့်ပျံ့

ဖုံးအုပ်စေ၏။ ခေါင်ရည်တစ်ကျိုက် ပါးတစ်ရှိုက်ဖြင့် အကြိုက်သွေးယစ်လျက် အချစ်ရော အရက်ပါ မူးကြ၊ ရမ်းကြ၊ ကြမ်းကြ၏။

ထိုသည့်နောက်ကား သာသောအသံ ချိုသောမျက်နှာနှင့် ရင်ဖုံဖွယ်ပြုတတ်လှသော နတ်မိမယ်ကလေးများကို သောင်စပ်၌ ရပ်ငေးကျန်ရစ်စေလျက် ကျောခိုင်းပြန်လာကြကုန်၏။

အဆိုပါလူ့မှုဆိုးကြီးတို့သည် ပြာကြည်နက်ရှိုင်းသောရေရှိသည့် 'လပိုင်အိုက်'အရပ်ကို ပြန်ကျော်လာကြသည်နှင့် ကျိုက်ခဲ့သောခေါင်ရည်၊ ရှိုက်ခဲ့သောပါးနကလေးများကို မေ့ပျောက်ပစ်လိုက်ကြသည်။ 'မေ့' တိုင်းပြည်တွင် 'မေ့'ပင်အောက်ကို ရောက်ခဲ့ရသူသို့ လူလိုက်မုဆိုးကြီးတို့၏ ပြောင်ချောသောကျောက်နှလုံးသား၌ မည်သည့်အရောင်၊ မည်သည့်အရေးအစင်းမျှ စွန်းထင်းကျန်ရစ်မှုမရှိ။

ဤလိုပင် လူသားစားကြူး၊ လူ့ဘီလူးကြီးတို့ ရောက်လာ၊ ပေါက်လာ၊ ပြောဆိုလာကြတိုင်း ယုံရင်း ယုံရင်းနှင့် မွန်းနစ်ခဲ့ရသော ပိန်းကူးအပျိုမကလေးများကား မနည်းလှတော့။

နန်းဟာဗီးသည် ပိန်းကူးလူမျိုးတို့၏စရိုက်နှင့် လူလိုက်မုဆိုးကြီးတို့၏လက်၌ သားကောင်အဖြစ်ခံလိုက်ရရှာသော ပိန်းကူးအပျိုမကလေးများ၏ကံကြမ္မာကို လူပီပီအဆင့်အတန်းသို့ရောက်အောင် မြှင့်တင်ပေးမည်ဟု အံကြိတ်လက်သီးဆုပ်၏။

ထိုသို့ အံကြိတ်လက်သီးဆုပ်ရင်း ပိန်းကူးအပျိုမကလေးများနှင့် တန်းတူရည်တူနေ၏။ ထိုင်၏။ အရပ်ဓလေ့အတိုင်း အလုပ်လုပ်၏။ ဘိန်းခင်းစိုက်လျှင်စိုက်ခြင်း၊ အရက်ချက်လျှင်ချက်ခြင်း မညည်းမညူပြု၏။ ထိုသို့ပြုရင်း ကိုယ်တွေ့ဆင်းရဲပင်ပန်းမှုတို့နှင့် ထိတွေ့ရသောအခါ ဘဝတူပိန်းကူးအပျိုမကလေးများ၏ အားကိုးရာရှာလိုမှုဆန္ဒကို သိလာ၏။

ဒါကြောင် သင်းကလေးများဟာ တွေ့ရာမြင်ရာကို ရိုးရိုးသားသား အားကိုးရာကြတာပဲဟု တွေးရင်း ကို့ကို သတိရလာ၏။

နန်းဟာဗီး၏မျက်စိရှေ့တွင်ရှိသော အရက်ပေါင်းအိုးပေါ်မှ ရေအေး များသည် အငွေ့တလူလူထလာ၏။ ထိုအငွေ့ထဲ၌ မြင်ရသည်ကား ကို၏ ပြုံးနေသော ကြည်မောဖွယ်ကောင်းသည့်မျက်နှာ...

'ကိုရယ်...'

နန်းဟာဗီးသည် နှုတ်မှ ရုတ်တရက်လွတ်ထွက်လာပြီးနောက် မိမိ အသံကြောင့် မိမိဘာသာ သတိရလျက် ပတ်ဝန်းကျင်ကို အထိတ်တလန့် လှည့်ကြည့်၏။

ချက်ရှင်းပူလာသောရေကို ကပျာကယာခပ်သွန်လျက် ရေအေးလောင်း ထည့်၏။ ထိုသို့ ရေအေးလောင်းထည့်ရင်း ကို၏ဘဝနှင့် မိမိ၏ဘဝ အလွန်ကွာခြားသည်ကို သတိရလာ၏။

မိမိကဲ့သို့ အရက်ချက်နေရသည့် အရိုင်းမတစ်ယောက်ကို ကိုသည် အကယ်ယူနိုင်ပါမည်လော။ ကိုက ယူသည်ထားဦး။ ကို့နှမငယ်ကလေး နှင့်တကွ ကို့အစ်မများ၊ အမေများက သဘောတူနိုင်ပါမည်လော။

နန်းဟာဗီးသည် ကို၏ တောက်ပြောင်ခမ်းနားသောအိမ်ကြီးကို မျက်စိ ထဲ၌ မြင်ယောင်လာ၏။ ထိုအိမ်ခန်းကြီးအတွင်း၌ မိမိသည် ခြေကိုမျှ ရဲရဲမချဝံ့ခဲ့။ သို့သော် အနီးတွင် အားပေးသူ ကို ရှိသည်မို့ ရဲဝံ့ဟန်နှင့် စွန့်၍ဝင်ခဲ့ဖူး၏။

လှသော နုသော ကို၏နှမငယ်သည် အိမ်ထဲ၌နေရင်း ထိတ့်ရက်စရာ မရှိသော ပိုးပျော့ထည်ကိုဝတ်လျက် တစ်ကိုယ်လုံး စိန်ပြင့်မှုန်းထား၏။ ယခု မိမိတွင်မူကား ...

နန်းဟာဗီးသည် မိမိဘဝ၊ မိမိအခြေကို အမှန်အတိုင်း မျက်စိထဲ၌

မြင်လာလျက် နလုံးသားတစ်ခုလုံး ထောင်းထောင်းညက်ညက် ကြေမွသွား ဘိသို့ နာကြည်းလာ၏။

ကိုကတော့ ပြောရှာ၏။ 'ကို့အမေသည် ကိုကို စိတ်မချမ်းမြေ့အောင် ဘယ်တော့မှမလုပ်ပါဘူး'တဲ့။

'ကိုပြောကော ဟုတ်ရရောတဲ့လား။ ကို့အမေဟာ ပိန်းကူးမကြီးမှ မဟုတ်လေပါဘဲနှင့်'

နန်းဟာဗီးသည် တွေးတောရင်း ရှိုက်ငင်၏။ ရန်ကုန်၌နေစဉ်အခါ ကတည်းက မိမိနှင့် ကိုမှာ ကွာခြားလွန်းလှ၏။ ယခုအခြေနှင့်ဆိုသော် ကိုနှင့် မိမိတို့သည် လူသားချင်း အတူတူပင်ဖြစ်ရပါသော်လည်း ယဉ်ကျေးမှု အဆင့်အတန်းချင်းကား ဘဝဂ်နှင့် အဝီစိကဲ့သို့...

လူ့ပြည်ကား မမျှတ။ လူ့ဘဝသည် ကမောက်ကမနိုင်၏။ လူ အချင်းချင်းဖြစ်ပါလျက် အဆင့်အတန်းချင်းလည်း ကွဲရ၏။ ယဉ်ကျေးမှု ချင်းလည်း ကွာခြားရ၏။ သို့ပါလျက် ချစ်ခြင်းမေတ္တာကို သိလှောင်ရသည့် နလုံးသားကမူကား အတူတူပင်ဖြစ်ကြဘိ၏။

ထိုတူညီသောနလုံးသားမှ တူညီစွာချင်ခဲ့ကြရသည့် ကိုနှင့် မိမိသည် လူ့လောက၏ သတ်မှတ်ထားသော အစဉ်အလာအရ အဆင့်အတန်းချင်း ကွာခြား၏။ မျိုးရိုးဂုဏ်သိရ်ချင်း ကွာခြား၏။ ငွေကြေးဓနချင်း ကွာခြား၏။ ထိုကွာခြားမှုတို့သည် ကိုနှင့် မိမိအား စကြဝဠာခြားသည်သို့ ကြားမှ ကာဆီးထားကြ၏။

တေးတစ်ပုဒ်ကို ကြားရဖူးသည်။ အောင်ပင်လယ်တောနက်၌ အမဲ လိုက်ရန် ထွက်သွားသော ဆင်ဖြူများသခင် ဘုရင်ကြီးတစ်ပါးသည် မိမိ၌ပါလာသည့် လက်ယာရစ်ခရုသင်းကို ဇော်ဂျီ၏အထံမှ နတ်သမီး တစ်ယောက်နှင့် လဲယူလိုက်သည်ဆို၏။

ဘုရင်ကြီးသည် ရလာသည့်နတ်သမီးကို အကြိုက်သွေးယစ်လျက် အချစ်ကြီးချစ်ဆဲ၊ နတ်သမီး ကွယ်ပျောက်သွားသဖြင့် ဘုရင်ကြီး ရူးရ၏။

ရူးသွားရသော ဘုရင်ကြီး၏ဘဝကား ကောင်းလှလေစွ။ ရူးသွပ်ခြင်းသည် ဘာကိုမျှမသိ။ မိမိကိုယ်နှင့်တကွ ဘဝတစ်ခုလုံးကို မေ့ပျောက်ရ၏။

ယခု မိမိမှာမူကား ဤသို့မဟုတ်။ မိမိဘဝကိုလည်း သိ၏။ ကို့ဘဝကိုလည်း သိ၏။ ကိုနှင့် မိမိတို့ချစ်ခဲ့ကြရသည်ကို သံသရာဆုံးသော်လည်း လုံးဝမေ့အံ့မထင်...။

နတ်စစ်သည်ကဲ့သို့ ယောကျာ်းပီပီ ဟန်ရှိဝင့်ကြွားသော ကိုသည် မိမိအား ချစ်၏။ ကြင်နာ၏။ မြတ်နိုး၏။ မိမိမျက်နှာညှိုးလျှင် တိုး၍ ယုယ၏။ မိမိမျက်နှာငယ်လျှင် ကျီစယ်ချော့မော့၏။ မိမိအတွက် အသက်ကိုစွန့်မည့်ကို ဖြစ်၏။ မိမိလိုအပ်လျှင် တောင်ကြီးကို ဖြိုဖျက်ပေးမည့်ကို ဖြစ်၏။ မိမိအခက်တွေ့လျှင် ပိုက်ကွန်၌မိသောငါးကို ထုတ်ယူ၍ လွှတ်လိုက်ဘိသို့ အခက်မျိုးတို့မှ ထုတ်ယူဆယ်တင်မည့်ကို ဖြစ်၏။

ကိုက ဆိုဖူး၏။ ဤမျိုးရိုးဂုဏ်သိရ် စည်းစိမ်နေတည်းဟူသော သံတံတိုင်းကြီးကို ဖြိုချပေးပါမည်တဲ့...။

ကို ပင်ပန်းပေမည်။ ကို မဖြိုလေနှင့်တော့။ ကို ဖြိုသည်ကို မကြည့်ရက်။ ကို စိတ်ပင်ပန်းသည်ကို မမြင်ရက်။ ကို နှလုံးကြေကွဲမည်ကို မရှုရက်။

မိမိသည် နေလုလင်နှင့်တူသော ကို့ကို ချစ်ကြည်ညို၏။ ချစ်အားကိုး၏။ ချစ်မိုးဇွေ၏။ ကို့ကို ယုံ၏။ ပုံ၏။ အသားအသွေးနှင့်တကွ နှလုံးသားကိုပါ နှင်းအပ်၏။ ကို့ကိုချစ်ရသောအချစ်သည် သံမြားချိတ်ကို မျိုမိမှားသော ငါးကဲ့သို့ မိမိအဖို့ ထွေးအန်၍မရနိုင်တော့...

သို့သော်...ကိုနေပါလေတော့။ ကို့မိခင် နှမ ဆွေမျိုးတို့၏အလယ်၌

ချမ်းသာစွာနေပါလေတော့။ ကို လူတို့၏ထုံးတမ်းစဉ်လာမှ ယိုစီးလာသော တံတွေးကွက်၌ မပျော်ပါနှင့်တော့...။

ဂုဏ်သရေတို့၏အလယ်၌ ထည်ဝါစွာတင့်တယ်သော ကိုသည် မကြာမြင့်မီ စိတ်၏ချမ်းသာခြင်းကို ရလတ္တံ့။ အချိန်နှင့် စည်းစိမ်သည် အရိုင်းမတစ်ဦးအား ချစ်ခဲ့သော ကို၏စိတ်ဆင်းရဲမှုကို ကုစားပေးပေလိမ့်မည်။

ထို့ကြောင့် ကို နေပါလေတော့။ ကို့ကို ဒုက္ခမပေး။ တံငါသည်၏ ကြီးမှုပြတ်သော ငါးသည် မှိုချအပ်သော သံမြားရိုတ်ကို ဝမ်း၌စူးဝင်သည် ဖြစ်၍ တစ်သက်လုံးနေဘိသကဲ့သို့...

ကို့ကိုချစ်ရသော မိမိသည်လည်း မျိုချအပ်သော ချစ်မြားရိုတ်ကို နှလုံးသား၌ နစ်စွာစူးဝင်စေလျက် တစ်သက်ပတ်လုံးနေပါတော့အံ့...။

"အေး...ဟေး...နန်းဟာဗီးကျော်မား"

မင်းဝမ်းသည် တံခါးကိုတွန်းဖွင့်လျက် အသံနှင့်အတူ ဝင်လာသည်။ နန်းဟာဗီးသည် စိတ်ကူးဥယျာဉ်ထဲ၌ ချစ်အိပ်မက်ကို မက်နေရာမှ ထိတ်လန့်ခြင်းကြီးစွာဖြင့် လန့်နိုး၏။

"အင်္ကာလေး မင်းဝမ်းရယ်...ညည်းကလည်း ကရူကရူလှူ...လန့်လိုက်တာနော"

နန်းဟာဗီး၏ ပြောပုံဆိုပုံတို့သည် ယခင်အဝါအမည်ဖြင့် ရောက်လာကာစကဲ့သို့မဟုတ်ဘဲ တကယ့်ပိန်းကူးမ ပီသလာ၏။ နေပုံထိုင်ပုံတို့ကလည်း ယခင်အောက်ပြည်အောက်ရွာက ပြန်လာကာစကဲ့သို့မဟုတ်။

သွားဖွယ်လာဖွယ် ကိစ္စရှိသောအချိန်အခါမျိုးမှတစ်ပါး အခြားအချိန်များတွင် အခြားပိန်းကူးအပျိုမကလေးများအတိုင်း အတွင်းဝတ် ချွေးခံအကျီ သက်သက်ဖြင့်လည်းကောင်း၊ ထဘီရင်လျားဖြင့်လည်းကောင်း၊ အတွင်းခံ

အကျီမဝတ်ဘဲ လက်မပါသော ဘင်္ဂါလီ လည်ပိုက်အင်္ကျီပြင့်လည်းကောင်း အရပ်ဓလေ့အတိုင်းနေ၏။

ယခုလည်း နန်းဟာဗီးသည် မီးဖိုကို မျက်နှာမြင်လျက် ထိုင်ခုံငယ် တစ်ခုပေါ်တွင်ထိုင်ရင်း အရက်ချက်လျက်ရှိ၏။

နန်းဟာဗီး၏ဒူးနှစ်လုံးသည် ဆောင့်ကြောင့်ထိုင်သကဲ့သို့ ခပ်ကားကား ထောင်ထားရာ တိုသောထဘီသည် နန်းဟာဗီး၏ ပြည့်တင်းသော ခြေသလုံးသားကြီးနှစ်ခုကို ကြိုးကြိုးစားစား ဖုံးအုပ်ပေးထားပါလျက်နှင့် ဝင်းဝင်းကြီးပြူထွက်နေရသေး၏။

ကျယ်ပြန့်သောပခုံးစွန်းမှစ၍ တဖြိုးတည်းကျဆင်းသွားသည့် လှပ သော လက်မောင်းဝဝကြီးနှစ်ချောင်းကို ထောင်ထားသောဒူးနှစ်ဖက်ပေါ်တွင် နွဲ့လျစွာ ဆင်စွယ်ညွတ်တင်ထားပြန်ရာ အရိုင်းဆန်ဆန်နှင့် ခန့်ညား၏။

ဘယ်ဘက်လက်ကောက်ဝတ်တွင်ကား ဤအရပ်သို့ပြန်ရောက်လာ ပြီးမှ မိမိတို့နယ်ထွက်ဖြစ်သည့် လက်ညှိုးလုံးခန့်ရှိ တစ်ကွင်းတည်းသော ပယင်းညိုလက်ကောက်ဝတ်ကြီးကို ဝတ်ထားသောကြောင့် နုထွားထွား ကိုယ်ထည်ကြီးနှင့် အလွန်ပနံရနေ၏။

လည်ပိုက်အင်္ကျီတွင်လည်း နေရောင်ခံနေကြသော ရင်သားတစ်ဝက် ခန့်တို့သည် တစ်ဖက်နှင့်တစ်ဖက် လုယက်ပြူထွက်နေကြ၏။ အဖုံးလွှမ်း ခံနေကြရသည့်အစိတ်အပိုင်းတို့ကမူ အင်္ကျီအတွင်းဘက်မှ အတင်းတွန်းကန် ရုန်းထနေကြဘိသကဲ့သို့ လှုပ်ရှားလျားလိုက်တိုင်း မူးလောက်အောင် လှုပ်ယမ်းသောင်းကြမ်း၏။

မင်းဝမ်းသည် ရှေ့မတိုး နောက်မဆုတ်နှင့် မတ်ရပ်ကြီးငေးစိုက်နေ၏။ နန်းဟာဗီးသည် ငယ်သောခါးကလေးကို ဆန့်လိုက်ပြီးလျှင် သန်မာသော လည်တိုင်ကြီးကိုငဲ့လျက်...

"အဏ္ဏလေး…ဗုမ်လ"

ဟု ပြောလိုက်သည်။ အမယ်လေး…လာပါ…ဟူသော ပိန်းကူး စကားဖြစ်၏။

အသံသည် နွဲ့လျမှုကင်းလျက် သာယာစန့်၍ ဆွဲဆောင်မှုအပြည့်ပါ သောအသံမျိုးဖြစ်၏။

"အဏ္ဏလေး…ညည်းကိုကြည့်ရတာ တကယ့်ပိန်းကူးမကြီး ဖြစ်နေ တာပဲ။ ပြီးတော့ တစ်နေ့ထက်တစ်နေ့ ကြည့်ရင်းကြည့်ရင်း လှ,လှလာ တာပဲပ…"

မင်းဝမ်းသည် ပြောပြောဆိုဆို နန်းဟာဗီး၏အနီးသို့ ပြေးဝင်ကာ ကိုယ်ချင်းပူးကပ်၍ ထိုင်လိုက်သည်။

"ပိန်းကူးမပဲ၊ ပိန်းကူးမ ထပ်ဖြစ်နေရဦးမှာလားအေ့…။ ပိန်းကူးမမို့ အခုလို အရက်ချက်နေရတာပ…"

နန်းဟာဗီးသည် ညို့မျက်လုံးကြီးများဖြင့် မင်းဝမ်းကို စိုက်ကြည့် လိုက်ပြီးလျှင် ပူးကပ်၍ထိုင်လာသော မင်းဝမ်းအား ချစ်ခြင်းအမူအရာဖြင့် ကိုယ်ချင်းတိုက်လိုက်သည်။ မင်းဝမ်းအဖို့ကား ခွေခွေကလေးလဲသွားရာမှ မဟန်နိုင်ဘဲ ပိုးလိုးပက်လက်လန်သွား၏။

"အာ–ကား လူကောင်ကြီးလှသလောက် ကြမ်းတမ်းလိုက်တဲ့ကောင်မ ကြီး။ ငါ–အေး…ယောက်ျားကြီးတစ်ယောက်ဖြစ်ပြီး ညည်းကိုယ်လုံးကြီးကို အရိုးတွေကျွဲသွားအောင် ဖျစ်ညှစ်ပစ်လိုက်ချင်တာပ…"

မင်းဝမ်းသည် ပြောပြောဆိုဆိုနှင့် လူးလဲထ၏။ ထို့နောက် နန်းဟာဗီး ၏တစ်ကိုယ်လုံးကို အလွန်မက်မက်မောမော ခြေပြန်ခေါင်းပြန်ကြည့်၏။

နန်းဟာဗီး၏မျက်လုံးညို့ကြီးအစပ်၌ မခြောက်သေးသော မျက်ရည်စ များကို တွေ့၏။ မင်းဝမ်း၏မျက်နှာသည် ကြင်နာချစ်ခင်သောအမူအရာ

သို့ ပြောင်းလာ၏။

"ညည်း ငိုနေပြန်ပြီလား–အေး။ ငေါ်ငိုရင် ညည်း အကူပေးသလို ညည်းငိုရင် ငေါ် အကူမပေးနိုင်ဘူး။ ညည်းငိုရင် ငေါ် စိတ်မကောင်း ဖြစ်ရုံပ။ ညည်း မငိုပါနဲ့လေး"

နန်းဟာဗီးသည် မိမိမျက်လုံးကို မိမိ၏လက်မောင်းဖြင့် ပနံ့တစ်ဖက် မြှင့်၍ ပွတ်သုတ်၏။ ထို့နောက် ပြုံးသောမျက်နှာဖြင့် မင်းဝမ်းကိုကြည့်၏။

"မင်းဝမ်း–ညည်းဟာ ငယ်ငယ်တုန်းကလိုပဲ။ အင်မတန်ချစ်စရာ ကောင်းတဲ့ ကောင်မ"

"အေးပ–ငါလည်း ညည်းကိုချစ်တာပဲပ။ ညည်းကို တစိမ့်စိမ့်ကြည့် ရင်း ငါလည်း တို့ငယ်ငယ်က 'အဗီး'[၁] ပြောပြတဲ့ 'လောင်ဝီးညူ'[၂] ကြီးအကြောင်းကို သတိရနေတာပ"

နန်းဟာဗီးသည် မင်းဝမ်း၏မျက်နှာကိုကြည့်လိုက်သည်။ ယခင် ရောက်စအခါတုန်းကဆိုလျှင် နန်းဟာဗီး၏စိတ်၌ မိမိတို့လူမျိုးများ၏ အကြောင်းအရာ အဖြစ်အပျက်တွေကို လုံးဝမကြားဝံ့။

ကြားလိုစိတ်မရှိ။ ကြားလိုက် သိလိုက်ရသည်နှင့်တစ်ပြိုင်နက် စိတ်နှလုံးတုန်လှုပ်ရသည်ချည်းဖြစ်၏။ ရှက်စဖွယ်၊ ကြောက်စဖွယ်တွေ ချည်း ဖြစ်နေ၏။ ယခုမူ ထိုသို့မဟုတ်လေ။

မိမိတို့အမျိုးအနွယ်သည် ဘယ်ကစလာသည်၊ ဘာတွေယုံကြည်ယူဆ ခဲ့ကြသည်၊ မည်သို့သောအစွဲအလမ်းတွေကို စွဲလမ်းယုံကြည်သည်ဟု သိချင်၏။ အမြဲတမ်းမေးမြန်း၏။ ပြောသူရှိက မပျင်းမရိနားထောင်၏။ ထို့နောက် မိမိတို့အမျိုးသားများကို သနား၏။ ချစ်၏။ ကြင်နာ၏။

၁။ အဗီး = မေမေကြီး (ဝိန်းတူးစကား)

၂။ လောင်ဝီးညူ = အကြီးအတဲဘုရင်မ (ထင်စကား)

တိုးတက်အောင် ပြုပြင်မြှင့်တင်ပေးမည့် သူတော်ကောင်းများ ဘယ်တော့ပေါ်ပေါက်လာပါ့မလဲဟု တမ်းတ၏။

ကိုသည် မိမိတမ်းတနေသော ကယ်တင်ရှင် လူစွမ်းကောင်းကြီးများ ဖြစ်နေလေမလားဟု မကြာမကြာတွေး၏။ ဤသို့တွေးမိတိုင်း စိတ်မောရပြန်၏။ မိမိသည် ကို့ကို အသိမပေးလို၊ ဒုက္ခမပေးလို၊ ကို့ဆီသို့လည်း မပြန်လို။ ကို့ကိုလည်း ဤအရပ်သို့ ခေါ်မလာလို။ ကို စိတ်ချမ်းမြေ့စွာ မေ့မေ့ပျောက်ပျောက်နေပါစေတော့။

သို့သော် ကြင်နာစိတ်ရှိသောကိုသည် မီးခွက်ပျောက်သော အာလာဒင်ကဲ့သို့ မိမိရှိရာကို မရအရရှာဖွေကာ လိုက်လာကယ်ဆယ်လိမ့်လေမလား။ မိမိနှင့်တကွ မိမိတို့တစ်မျိုးသားလုံးကို မြှင့်တင်လေမည့် အာဇာနည် လူစွမ်းကောင်းကြီးများ ဖြစ်နေလေမလားဟု ရင်တထိတ်ထိတ်ခုန်ရတတ်၏။

နန်းဟာဗီးသည် မိမိကိုယ်မိမိ ဣန္ဒြေဆောင်လို၍ အရက်ပေါင်းအိုးပေါ်မှ အငွေ့ထလာသောရေပူများကို အရေးတကြီး သွန်၊ ခပ်၊ လဲပစ်၏။

"လောင်ဝီးညူရယ်လို့ ရှိဖူးသေးသတဲ့လားအေ့။ ငါတော့ 'လောင်ဝီးပူ' သာ ရှိဖူးတယ်လို့ ကြားဖူးတာပဲ"

နန်းဟာဗီးပြောသည်မှာ ဟုတ်၏။ ဤနာဂတောင်ရိုးကြီးတစ်ခုလုံးပေါ်ရှိ နာဂအမျိုးမျိုးတို့၏ အကြီးကဲ၊ သို့မဟုတ် နာဂဘုရင်အားလုံးတို့သည် ယောကျ်ားတွေချည်းဖြစ်ကြ၏။ ထိုအကြီးအကဲ ယောကျ်ားကြီးတို့ကို 'လောင်ဝီးပူ'ဟု ခေါ်ကြ၏။ 'လောင်ဝီးညူ'ဟူ၍ တစ်ခါမျှမရှိခဲ့။

'ပူ…'ဟူသည်မှာ 'ထင်'နာဂစကားဖြင့် အဖေဖြစ်၍ 'ညူ'ဟူသည်မှာ အမေဖြစ်၏။

'လာစောင်' နာဂစကားဖြင့် အဖေကို 'ဗိုဗို'ဟုခေါ်၍ အမေကို

'ဂူ.ဂူ.'ဟုခေါ်၏။ 'တန်ကွန်' နာဂစကားနှင့်မူ အဖေကို 'အေပေါ့' ဟုခေါ်၍ အမေကို 'အယာ'ဟုခေါ်၏။ 'ပိန်းကူး'လူမျိုးစကားဖြင့်မူကား အမေကို 'အပေါ်'၊ အဖေကို 'အပါ'ဟု ခေါ်ကြသည်။

သို့သော်...ပိန်းကူးတို့၏ 'အကုပွဲတော်'တွင် သီဆိုကြသော ရှေးသီချင်းများ၌မူကား 'ပေါင်ခေါ် လောင်ဝီးပူ၊ ခေါင်ညိုဟူးလေ...' စသော နာဂအမျိုးသားတို့၏ စကားလုံးများနှင့်ချည်းဖြစ်၏။

ထို့ကြောင့် 'လောင်ဝီးပူ'ဟူသည် ထိုလူမျိုးတို့၏ အကြီးအကဲယောကျ်ားသို့မဟုတ် ဘုရင်ဖြစ်၍ လောင်ဝီးညူဟူသည် ထိုလူမျိုးတို့၏ အကြီးအကဲမိန်းမ၊ သို့မဟုတ် ဘုရင်မ ဖြစ်၏။

အကြီးအကဲဆိုရာ၌ ထိုထိုသော ရှေးစဉ်အခါက သက်ဦးဆံပိုင်ပြုလုပ်နိုင်သည့် ဘုရင်နှင့် ထပ်တူထပ်မျှဖြစ်သော အကြီးအကဲများဖြစ်ကြ၏။

တစ်ရွာတွင် လူမျိုးတစ်မျိုး၊ စကားတစ်မျိုး ဖြစ်ကြသော်လည်း အခြေခံအားဖြင့် ဓလေ့ထုံးတမ်းချင်း အားလုံးအတူတူလိုလိုဖြစ်ကြ၏။

သို့သော် တစ်ရွာနှင့်တစ်ရွာ၊ မကြာမကြာ စစ်တိုက်ကြပြီးလျှင် နိုင်သောရွာက ရှုံးသောရွာသားတွေကို ခေါင်းဖြတ်ယူကြ၏။ မြေလှန်စနစ်ကို သုံးလျက် တစ်ရွာလုံး မီးတိုက်ဖျက်ဆီး၏။ ရလာသောခေါင်းများကို နတ်တင်၏။

ထိုသို့ စစ်တိုက်ကြခြင်းနှင့်တကွ တစ်ရွာလုံးအတွက် စီမံအုပ်ချုပ်မှု အားလုံးတို့ကို အကြီးအကဲဖြစ်သူ 'လောင်ဝီးပူ'ကသာလျှင် ဦးဆောင်ဦးရွက်ပြုလျက် စီမံခန့်ခွဲပေးရ၏။

ပိန်းကူးလူမျိုးများသည် 'ဟိုင်းမြေ'နယ်ရှိ 'လွန်းမ်လူး' နာဂအမျိုးတစ်မျိုးဖြစ်လျက် စစ်ရှုံးသောကြောင့် တဖြည်းဖြည်း ရွှေ့ပြောင်းလာခဲ့ကြရရာ ချင်းတွင်းမြစ်ကမ်းအနီး၌ ရှိနေနှင့်ကြသော 'တုံးကူးရင်းကူး'လူမျိုးများနှင့်

ပေါင်းစပ်၍ ပိန်းကူးလူမျိုးများ ဖြစ်လာကြရသည်ဟုလည်းဆို၏။

ထို့ပြင် 'ထင်'နာဂမျိုးများဖြစ်ကြသော 'ယော်ထိုင်း'နာဂမျိုးတို့သည် နာဂလူမျိုးအားလုံးတို့ကို လှည့်လည်တိုက်ခိုက်ပြီးနောက် စစ်နိုင်သောလူမျိုးအဖြစ်နှင့် မေ့မေ့လျော့လျော့ရှိစဉ်...

'လိုင်းနောင်' နာဂမျိုးဖြစ်ကြသော ပုံညို့တို့သည် စစ်ရှုံးသော နာဂအားလုံးတို့ကို စုပေါင်းခေါင်းဆောင်လျက် စစ်နိုင်သော 'ယော်ထိုင်း' နာဂမျိုးတို့ကို ဝိုင်းဝန်းတိုက်ခိုက်ရာ ထင်အမျိုးအနွယ်ဖြစ်သော စစ်နိုင်နာဂတို့သည် အရှယ်ရောက်သည့်ယောကျာ်းအားလုံးတို့ကို အသေခံ၍ ခုခံတိုက်ခိုက်ကြသည်ဆို၏။

နောက်ဆုံး၌ ယောကျာ်းတွေအားလုံး သေပြီးသောအခါ ထင်လောင်ဝီးပူကြီး၏ သမီးပျိုသည် မိမိတို့အား အမျိုးပါပြုတ်ရန် ဝိုင်းဝန်းတိုက်ခိုက်နေကြသည့် 'လိုင်းနောင်' နာဂတပ်ကြီးကို တိုက်ထွက်လျက် မြစ်ကမ်းစပ်ရှိရာသို့ တိမ်းရှောင်လာခဲ့သည်။

ဤတွင် စစ်ရှုံး'ဘုရင်မ–လောင်ဝီးညူ'မှတစ်ပါး သားငယ်တို့ကို ပွေ့ပိုက်လာကြသော နာဂမုဆိုးမများနှင့် စစ်ရှုံးနာဂအပျိုအားလုံးတို့သည် ချင်းတွင်းမြစ်ကမ်းစပ်၌ နေထိုင်ကြသော 'တုံးကူး ရင်းကူး' ယောကျာ်းများ၊ 'သိန်းဖော'ယောကျာ်းများနှင့် အိမ်ထောင်ပြုကြကာ ပိန်းကူးလူမျိုးများ ဖြစ်ပေါ်လာရသည်ဟုလည်းဆို၏။

ထိုပိန်းကူးတို့သည် မခံချင်သော စစ်သွေးစစ်စိတ်ဖြင့် မိုးညှင်းမင်းတရားကြီးထံမှောက်သို့ ရောက်သည်အထိ သွားရောက်ခစား အမှုထမ်းကြ၏။ ထို့နောက် အကူအညီတောင်း၏။ သို့သော် မိုးညှင်းမင်းတရားကြီးသည် ပိန်းကူးအမျိုးသားများကို မကူညီခဲ့။

ထိုမျှမကသေး။ ရှမ်းလူမျိုးများနှင့်တကွ မိုးညှင်းမင်းတရားကြီး၏

လက်အောက်ရှိ သိန်းဖောလူမျိုးများ၊ ကဒူးကနန်းလူမျိုးများ စသော လူမျိုးတို့သည် ပိန်းကူးလူမျိုးတို့အား အရိုင်းအစိုင်းဟု မထီမဲ့မြင်ပြုကြ၏။ အနိုင်အထက်ကျင့်ကြ၏။

ဤအကြောင်းကို သိမြင်ကြားသိရသော ပိန်းကူးလောင်ဝီးညျူသည် မိမိတို့အမျိုးသားများကို စုရုံးခေါ်ယူလျက် ရှမ်းအမျိုးသား သိန်းဖော အမျိုးသားတို့နှင့်တကွ မိုးညှင်းမင်းတရားကြီးကိုပါ အဆက်ဖြတ်လိုက်သည်။

ထိုစဉ်က ပိန်းကူး 'လောင်ဝီးညျူ'သည် တောနတ်သမီးကဲ့သို့ လှပ ငယ်နုသူလည်းဖြစ်၏။ ဝါးပိုးမှျစ်စို့ကြီးကဲ့သို့ နုနုထွားထွားလည်းရှိ၏။ ကျားပျိုမကဲ့သို့လည်း ခက်ထန်၏။ ဖျန်ပျိုဘုရင်မကဲ့သို့လည်း သန်စွမ်း၏။ ဝက်ဝံပျိုမကဲ့သို့လည်း ရဲရင့်၏။

ခန္တီးမြို့စား မိုးညှင်းမင်းရားကြီး၏သားတော်သည် ထိုသို့လှသော ပိန်းကူးလောင်ဝီးညျူနှင့် ချစ်ကြိုက်ရည်ငံမိကြ၏။ သို့သော် အမျိုးကို စောင့်သော ပိန်းကူးလောင်ဝီးညျူသည် မထီမဲ့မြင်အပြုခံရသော မိမိအမျိုးသား များအတွက် အချစ်ကိုဖြတ်ခဲ့၏။

မင်းတရားကြီး၏သားတော် ခန္တီးမြို့စားသည် ပိန်းကူးလောင်ဝီးညျူကို အတင်းသိမ်းပိုက်ရန် ချီတက်လာသောအခါ လောင်ဝီးညျူသည် မိမိအမျိုး သားများကို စုစည်းလျက် ချင်းတွင်းမြစ်ကမ်းဘေးမှ ပြောင်းရွှေ့ထွက်ခွာ၏။

ထိုစဉ်က နာဂအမျိုးသားတို့သည် ပိန်းကူးအမျိုးသားတို့အား 'ဆမ်းကွမ်း' ရှမ်းပြည်များ၊ ပျက်နေသောလူမျိုးများဟု တောင်ပေါ်သို့ အလာမခံကြလေ...။

သစ်ကိုင်းလွတ်သော မျောက်သင်းကွဲကဲ့သို့ သိန်းဖောလူမျိုး၊ ရှမ်း လူမျိုးတို့ကလည်း အရိုင်းများဟူ၍ လက်မခံ။ မျိုးတူသော နာဂတို့ကလည်း

ရှမ်းလွှာပြန်များဟူ၍ လက်မခံဘဲ အဖော်မဲ့လူမျိုးကို ခေါင်းဆောင်နေရသော လောင်ဝီးညူသည် မိမိတို့တစ်မျိုးလုံးကို 'ငါးကွန်း'[၁] နှင့် မနီးမဝေး ထုံးကျောက်တောင်ကြီးအတွင်း၌ ဂူထွင်းလျက် ပုန်းအောင်းနေစေသည် ဆို၏။

မိုးညှင်းမင်းတရားကြီး၏သား ခန္တီးမြို့စားသည် သိန်းဖောတို့ကို လွှတ်၍ ရှာဖွေစေသောအခါ တောတောင်ထူထပ်လွန်းသဖြင့် သုံးနှစ်နှင့် သုံးရက်ကြာမှ တွေ့ရှိရသော ဟူ၏။

ဤတွင် ခန္တီးမြို့စားသည် တောနတ်သမီးကဲ့သို့လှသော ပိန်းကူး လောင်ဝီးညူကို သိမ်းပိုက်ရန် ရှမ်းတပ်၊ သိန်းဖောတပ်၊ ကဒူးကနန်းတပ် တို့ဖြင့် ချီတက်တိုက်ခိုက်၏။

ပိန်းကူးမျိုးချစ်များနှင့် ခန္တီးမြို့စားမင်းသား၏တပ်သည် ထုံးကျောက် တောင်ကြီး၏ခြေရင်း၌ ခုနစ်ရက်လုံးလုံး အပြင်းအထန်တိုက်ခိုက်ကြရာ ပိန်းကူးအမျိုးသားတို့ တစ်ယောက်မကျန် ကျဆုံးကုန်ကြ၏။

သို့သော် ထူးခြားသည်ကား ပိန်းကူးလောင်ဝီးညူနှင့်တကွ အခြားသော ပိန်းကူးအမျိုးသမီးများကို တစ်ယောက်မျှမတွေ့ကြရလေ။

ခန္တီးမြို့စားမင်းသားသည် ငါးရက်လုံးလုံး တောအနှံ့ တောင်အနှံ့ ရှာ၏။ ထိုစဉ် သိန်းဖောလူမျိုး နတ်ဆရာသည် 'ပေါက်ဝါး'[၂]ကို ကြည့် လျက် ထုံးတောင်ကို မီးတိုက်လျှင် ပိန်းကူးလောင်ဝီးညူကို ရလိမ့်မည်ဟု ဟော၏။

မင်းသားသည် နတ်ဆရာဟောသည့်အတိုင်း ပြုသောအခါ ထုံးတောင်

---

၁။ ငါးကွန်း = ယခုထက်တိုင်ရှိနေသော ပိန်းကူးရွာငယ်တစ်ခု၏အမည်။

၂။ ပေါက်ဝါး = ဝါးစိမ်းကို မီးဖုတ်၍ ကွဲလာသည့်အရာကို ကြည့်၍ဟော သော နတ်ဗေဒင်။

အတွင်းမှ ဂူပေါက်တစ်ခု ပွင့်လာလျက် ပိန်းကူးအမျိုးသားရှစ်ယောက်တို့သည် ထမ်းစင်တစ်ခုကို ထမ်း၍ ထွက်လာ၏။

ထို့နောက် ခန္တီးမြို့စားမင်းသား၏ရှေ့၌ ထမ်းစဥ်ကိုချလျက် ဒူးထောက်ခစားကြရင်း မင်းသားကိုလျှောက်၏။

"ကျွန်တော်မျိုးတို့၏သခင်မက 'ငါ့ကို မင်းသားအား ဆက်လေ။ ငါ မင်းသားကို ချစ်သည်ဟုလျှောက်လေ။ ထို့ထက် ငါ၏အမျိုးကို ပို၍ချစ်ရသည်။ ငါ့အမျိုးကို မလေးစန့်သူအား ငါယူလျှင် ငါ့အမျိုးကို မလေးစန့်ရန် အားပေးသည်သို့ရှိမည်။ ထို့ကြောင့် ငါ ပုန်းရှောင်သည်။ နောက်ဆုံး သေပြီးသည်နောက်အထိ ငါပြောလိုသည်ကား ငါသည် ငါ၏နှလုံးသားကို မင်းသားအား ယခုပေး၏။ မင်းသားသည် ငါ့အမျိုးများကို ချမ်းသာပေးပါလောဟု ပြန်လျှောက်လေ'ဟု ဆိုသွားပါသည်ဘုရား"ဟု လျှောက်ကြ၏။

ထမ်းစင်ပေါ်၌ကား ပိန်းကူးလောင်ဝီးညှုသည် သွေးအလိမ်းလိမ်းလူးသောစားကို ဆုပ်လျက် မိမိရင်ကို မိမိ ခွဲထားလေသည်။ အကယ်ပင်မိမိနှလုံးသားအား မင်းသားသို့ ခွဲပေးသည့်သွင် ရှိသည်ဆို၏။

နန်းဟာဗီးသည် တစ်ဆင့်တစ်ဆင့် ဤသို့မှတ်သားလာနိုင်သောစာမတတ်ပေမတတ်ဘဲ စေ့စေ့စုံစုံပြောပြတတ်သည့် မင်းဝမ်းကို ကြည့်လျက် တငေးတမောနားထောင်၏။

"အဲဒါပအေး...တော့ပွဲနေ့ရောက်ရင် ဆိုကြတဲ့သီချင်းတွေဟာ နာဂစကားနဲ့ဆိုရတာတွေ များတာပ။ တော့်ပိန်းကူးစကား ဘယ့်လောက်ပါမလဲအေး။ ပြီးတော့ ညည်းကို လောင်ဝီးညှုနဲ့ တူတယ်ဆိုတာလည်း အဲဒီလောင်ဝီးညှုကြီးကို ပြောတာပ...။

"ငါကတော့ ညည်းပြောတဲ့ လောင်ဝီးညှုလို ကိုယ့်ရင်ကိုယ်တော့

ခွဲသေမှာ မဟုတ်ဘူးတော့။ အဲဒီမြို့စားမင်းသားလိုလူရဲ့ရင်ကို ဟောသလို ခွဲပစ်လိုက်မှာ...”

နန်းဟာဗီးက ဟန်နှင့်ပန်နှင့် မီးဖိုဘေးရှိဓားကို ကောက်ယူဟန်ပြု၍ လက်ဖြင့်ပြုလုပ်ပြလိုက်ရာ မင်းဝမ်းသည် ယယ်သံပါအောင် လန့်အော် လိုက်၏။

“ကရူလူလူရူ လန့်လိုက်ထာပအေး။ ဒီကောင်မကြီး တောနတ်စီး ထားသလား မသိဘူးပ...။ ကဲ....ဖွင့်ပါဦး ညည်းပေါင်းအိုးကို”

နန်းဟာဗီးသည် အရက်ပေါင်းအိုးကို ကျွမ်းကျင်စွာဖွင့်လျက် ပေါင်း အိုးတွင်းမှ ပြည့်လုပြည့်ခင်ရှိသည့် အရက်ခံခွက်ကို ကျင်လည်စွာယူ၏။

“အာ...ကား။ အများကြီးပလေး၊ ညည်းအရက် အရောင်ပြာသားပ။ ရင့်ရဲ့လားလေး...”

နန်းဟာဗီးသည် သွေးခြည်ရဲသောလက်ကို ခါရင်း ပါးစပ်ရှေ့၌ တဟူးဟူးမှုတ်၏။

ရှေးအခါက ဤလက်ချောင်းကလေးတို့သည် အပူရှိန်တိုင်းသော ပြဒါးတိုင်နှင့် ဆေးပုလင်းများ၊ ဆေးထိုးအပ်များ၊ ခွဲစိတ်ကိရိယာများကို ကိုင်ရ၏။ ယခုမူကား ဘိန်းခင်းစိုက်သောလက်ချောင်း၊ ခေါင်ရည်တည် သောလက်ချောင်း၊ ပေါင်းအိုးထဲမှ အရက်ခံခွက်ပူပူကြီးကို နှိုက်ရသော လက်ချောင်း။

မင်းဝမ်းသည် နန်းဟာဗီးပြုလုပ်သည်ကို ဝိုင်းဝန်းကူညီ၏။ ထို့ နောက် ခန္တီးမြို့သို့ အရက်ရောင်းသွားကြရန် အဖော်စပ်၏။

ပိန်းကူးလူမျိုးတို့၌ ‘အကုဟန်’ဟုခေါ်သော တောင်ယာနတ်ပွဲ။ ‘ပန်းဂရှေ’ဟုခေါ်သော တောင်ယာဆုတောင်းပွဲ။ ‘ကာမဟန်’ဟုခေါ်သော တောင်ယာဆူးထိုးပွဲ။ ‘ဟာဗင်ကူ’ဟုခေါ်သော ကောက်ဆွတ်ပွဲ။ ‘ဟာဗ

ကတော'ဟုခေါ်သော စပါးသိမ်းပွဲတို့ ပြုလုပ်ကြရ၏။

ယခုလည်း ပလူကောင်ကလေးတွေ တွင်းမှထွက်သော 'ပင်ရုံးငွ'လသို့ ရောက်လာကြပြီ ဖြစ်ရာ တောင်ယာခုတ်ရန်အတွက် 'အကုဟန်'ပွဲတော်ကြီး လုပ်ကြရမည်ဖြစ်၏။

ထိုပွဲသည် ပိန်းကူးလူမျိုးတို့အတွက် အပျော်ဆုံးသော ရိုးရာပွဲတစ်ခု ဖြစ်၏။ ပိန်းကူးအပျိုမကလေးတို့သည် ထိုပွဲ၌ ကျွေးရန်မွေးရန် သုံးစွဲရန် အတွက် အပူတပြင်း ငွေစကြေးစ ရှာဖွေကြရ၏။

ငွေရှာကြရသောနည်းလမ်းကား အရက်ချက်ခြင်းမှတစ်ပါး အခြား နည်းလမ်းမရှိ။

ထို့ကြောင့် 'အကုဟန်'ပွဲတော်နီးလာလျှင် 'ပဒူးမိန်း'ရွာကလေးတစ်ရွာ လုံး နေ့ရောညပါ အရက်ချက်ကြရ၏။ ပိန်းကူးအပျိုမကလေးတို့သည် မီးဖိုရှေ့၌ ချွေးတလုံးလုံး သီချင်းတညည်းညည်းနှင့်ရှိကုန်ကြ၏။

အချို့ကလည်း မိမိတို့ချက်၍ရသည့်အရက်၊ ရောင်း၍ရမည့်ငွေ၊ ဝယ်ရမည့်ကုန်ပစ္စည်းများကို တွက်ချက်နေကြ၏။ စောစီးစွာ ဘိန်းခင်း စိုက်နိုင်သူများအဖို့ ထိုအချိန်သည် ဘိန်းပေါ်ချိန်လည်းဖြစ်သောကြောင့် ငွေရွှင်နိုင်၏။

နန်းဟာဗီး၏ဘိန်းခင်းကား ယခုမှပွင့်ဆဲ၊ မင်းဝမ်းက "နက်ဖြန် ခန္တီးသို့ အရက်ရောင်းသွားကြတော့မည်။ ညကတည်းက အသင့်ပြင် ထားပါ"ဟုဆို၏။

နန်းဟာဗီးကား မပြီးသေး။ နောက်ထပ် ငါးပေါင်းအိုးခန့် ချက်ရ ပေဦးမည်။

အဏ္ဏလေး ...ညည်းတို့ အရင်လိုလုပါလားအေး ...၊ ဒီလိုဆိုရင် ငါ ဒီည အိပ်ရပါဦးမလား ..."

"အားလုံးက သွားမယ်ဆိုနေတာပလေး...။ ငါဘာတတ်နိုင်မလဲပ... အဲဒီတော့ ညည်း ...

ဒပိုင်းစောင်း၌ ဖိုးကော် ပျာယီးပျာယာ၊ ဖိန်းဆင်ပေါ်ဖာ၊ မနက်ကျင်းကော် ကမ်ပေဘာပူယာ၊ နိုက်ကျင်းကော် ကံပေဘာပူယာ ဖောပီမာဝါ..."

မင်းဝမ်းသည် စကားပြောနေရာမှ သီချင်းကိုဆက်ဆိုလျက် ထိုးထိုး ထွန့်ထွန့်ကဟန်နှင့် နောက်ပြောင်၏။

"အ...ကား ... ဒီကောင်မ..."

နန်းဟာဖီးသည် မင်းဝမ်းကို လှမ်းရိုက်တော့မည့်ကဲ့သို့ လက်ရွယ်လိုက်၏။ မင်းဝမ်းက ကိုယ်ကိုယို့လျက် ကြမ်းပြင်ပေါ်၌ လဲပြိုအောင် တိမ်းရှောင်၏။

မင်းဝမ်းဆိုသောသီချင်းကို နန်းဟာဖီးက သိ၏။ သီချင်းသည် နောက်ပြောင်ထားသော ဗမာတစ်ဝက် ရှမ်းတစ်ဝက် ရောစပ်ထားသည့် သီချင်းဖြစ်လျက်...

"လင်နောက်လိုက်ဖို့ ပျာယီးပျာယာနှင့် ဆင်းပြေးခဲ့၍ ထဘီ စွန်တောင် စုတ်ပြဲခဲ့ရပါပြီ။ မစားရလည်း ကံအတိုင်း၊ စားရလည်း ကံအတိုင်း၊ တို့လင်မယား အတူတူနေကြမည်..."

ဟူသော အဓိပ္ပာယ်ရ၏။

"အေး...ညည်းကို မမီလည်း မီအောင် ပျာယီးပျာယာ ချက်လုပ်ပါလားလို့ ပြောတာပအေး။ ပျာယီးပျာယာ မလုပ်တတ်သေးရင်လည်း လင်နောက်လိုက်ကြည့်တာပ"

"သေနာကောင်မ ညည်းပဲလိုက်၊ ညည်းပဲလိုက်..."

နန်းဟာဖီးသည် မင်းဝမ်းကို လိုက်ရိုက်ပြန်၏။ မင်းဝမ်းသည်

ပျော့်ရှင်မြူးစွာ၊ ဝါးကြမ်းပြင်ပေါ်၌ လူးလိမ့်ရှောင်ရင်း ...

"ငါလိုက်ချင်တာပအေး။ ငါ့ကို ခေါ်မယ့်လူ မတွေ့ရလို့ပ..."

မိန်းမပျိုနှစ်ဦးတို့၏ ရယ်မောရွှင်မြူးသံသည် တိတ်ဆိတ်သော အိမ်ကုပ်ကလေးအတွင်းမှ ကြည်မောဖွယ်ရာ ပျံ့လွင့်ထွက်၏။

■

[ ၈ ]

"ဝါ၊ ရုံ၊ ဂုံ၊ ယေး ...အတွန်း ...

အီ၊ လုံး၊ ဂုံ၊ ယေး ...အယွန်း ..."

သွန်ချလိုက်သည့် ရွှေသံငွေသံနှင့်တူသော ချင်းတွင်းမြစ်ရေစီးသံကို ကြည်မောဖွယ်သော ပိန်းကူးအပျိုမကလေးတို့၏ သီချင်းသံက ရောယှက် ပေါင်းစပ်လိုက်သည်။

"ဟေး...အဲဟိုကောင်မဆိုတဲ့ သီချင်းကို ညည်းသိသလားအေး"

ကမ်းထက်သို့ လှမ်းမျှော်ငေးမောနေသည့် နန်းဟာဗီးကို မင်းဝမ်းက မေးလိုက်၏။ နန်းဟာဗီးက ငေးရင်း ခေါင်းခါလိုက်သည်။ ထို့နောက်မှ လှေပဲ့တွင် 'တက်မ'ကိုင်နေသော မင်းဝမ်း၏ဘက်သို့ လှည့်၏။

"လွမ်းစရာကြီးနော်...။ နားထောင်လို့ကောင်းသားပဲ။ ဗမာလို ဘာတဲ့တုံး..."

"ဒါ...အလွမ်းသီချင်း မဟုတ်ဘူးပအေး...။ ဒီသီချင်းက အချစ် သီချင်း..."

"ဟုတ်လား...အေး...။ နားထောင်လို့လည်းကောင်းတယ်နော်...။ ဗမာလို ငါ့ပြောပြပါလား..."

"ဝါ၊ ရုံ၊ ဂုံ၊ ယေး …အတွန်း
အီ၊ လုံး၊ ဂုံ၊ ယေး …အယွန်း …"
"ဝါးကို အရင်းက ခွဲပါလေ…"
"ကြိမ်ကို အဖျားက ခွဲပါလေ…တဲ့အေး"

"တယ်…ဒီကောင်မ။ ဒါနဲ့ အချစ်သီချင်းဆို။ ဘယ်မလဲ ညည်းလင် အချစ်…"

"အာ…ကား။ ညည်းမသိလို့ပအေး။ တော့်သီချင်းက အားကြီးချစ်တာပ။ ယောက္ခမအိမ်ပေါ်မှာနေရတဲ့ သမက်ကို ယောက္ခမကြီးက အိမ်ဆောက်ဖို့ ဝါးခွဲခိုင်းတော့ သမက်က မခွဲတတ်ဘူးအေ့…။ အဲဒီတော့ တို့ပိန်းကူးမိန်းမက ကလေးချော့ရင်း အိမ်ထဲက အဲဒီလို သီချင်းဆိုလိုက်တာပ။ ဒါ သူ့ယောကျာ်းကို ချစ်လို့ပအေး။ ဘယ့်လောက်ချစ်သတုံး …"

နန်းဟာစီးသည် မင်းဝမ်းကို ရေဖြင့် မစိုအောင်လှမ်းပက်လိုက်၏။ ဆည်းလည်းသံနှင့်တူသော ပိန်းကူးအပျိုမလေးတို့၏ ရယ်မောသံသည် သွင်သွင်မြည်သော မြစ်ရေစီးသံနှင့်အတူ ကမ်းထက်သို့ရိုက်ခတ်သွား၏။

ကမ်းထိပ်၌ရပ်နေကြသော ခြေတံရှည်သည့် သစ်ပင်ကြီးများသည် ပိန်းကူးအပျိုမကလေးတို့၏အသံကို ကြားသဖြင့် ယိမ်းငဲ့ကြည့်လိုက်ကြဘိသို့ လှုပ်ရှားကျန်ရစ်၏။

ပိန်းကူးအပျိုမကလေးတို့၏လှေသည် ညနေရီရွှေရောင်ဟပ်သော မတ်စောက်စောက်ကမ်းပါးပြတ်ကြီးအနီးသို့ ရောက်လာသည်။

မြင့်ကျယ်မတ်စောက်သည့် ကမ်းပါးပြတ်ကြီး၏ခြေရင်း၌ သွင်သွင်စီးသည့် ဖလ်ရေကြောပေါ်မှ ပြတ်သန်းလျှောဆင်းသွားသော လှေငယ်၏ သဏ္ဌာန်သည် ပို၍သေးငယ်သွားသည်ဟု ထင်ရ၏။ ထိုသဏ္ဌာန်သည်

ကြည်နူးဖွယ်လည်းလှ၏။ ချောက်ချားထိခိုက်ဖွယ်လည်းဖြစ်၏။

ထိုစဉ် ပိန်းကူးအပျိုမကလေးတစ်စုက တစ်ပြိုင်တည်းအသံပြုလိုက်ကြ၏။

"ဖာနန်းကျိန့်၊ ဖာနန်းကျိန့်..."

မြင့်မားမတ်စောက်သော ကမ်းပါးစောက်မှန်သမျှကို ထိုအရပ်၌ 'ဖာနန်းကျိန့်'ဟူ၍ ခေါ်၏။

'ဖာနန်းကျိန့်'သည် ရှမ်းစကားဖြစ်လျက် 'အပျိုကလေးခုန်ချသော ကမ်းပါးစောက်'ဟု အဓိပ္ပာယ်ရ၏။

ထိုအရပ်ရှိ မိန်းကလေးများသည်က ကမ်းပါးစောက် ကမ်းပါးပြတ်ကြီးများကို မြင်ကြရတိုင်း မိမိနှင့် ချစ်ခင်ရင်းနှီးသော အပျိုဖော်ကလေးတစ်ယောက် ချစ်ရေးမပြေလည်သဖြင့် ဤကမ်းပါးစောက် ကမ်းပါးပြတ်ကြီးပေါ်မှ ခုန်ချသေဆုံးသွားပြီးသည့်နှယ် လွမ်းရိပ်သန်းသောမျက်လုံး၊ ဝမ်းပန်းနည်းသောအသံတို့ဖြင့် 'ဖာနန်းကျိန့် ဖာနန်းကျိန့်'ဟု ပြောလေ့ရှိကြ၏။

"အဟ္ဟလေး...ယောကျ်ားကလေးက ပစ်သွားရုံနဲ့တော့ မသေသေးဘူးပအေး..."

ပိန်းကူးအပျိုမကလေးတို့က နန်းဟာဗီး၏မျက်နှာကို တစ်ပြိုင်တည်းလှည့်ကြည့်ကြ၏။

နန်းဟာဗီးသည် ချက်ချင်း ကို့ကို သတိရလာ၏။ မိမိတကယ်ပြောလိုက်တာလား။ ကိုက မိမိကို ပစ်သွားလျှင် မိမိ မည်သို့ဖြစ်မည်နည်းဟု တွေး၏။ ထိုအတွေးနှင့်အတူ ရင်တွင်းရှိသော နှလုံးသားတို့သည် တစ်စုံတစ်ယောက်က ဆွဲနုတ်ယူငင်သွားဘိသို့ ဟာခနဲဖြစ်လာ၏။ မင်းဝမ်းကမူ ခေါင်းကိုတွင်တွင်ယမ်း၏။

"ငတို့ ဒီအရပ်ကမိန်းမတွေက လင်ကိုချစ်ကြတယ် မဟုတ်လားအေး...။

တို့ယူမယ့်လင်က တို့အသက်ကို မလိုချင်တော့ဘူးဆိုပြီး လွှင့်ပစ်လိုက်တော့ တို့ကလည်း လူကောင်ကြီးက ရှင်နေပြီး၊ အသက်မရှိတဲ့ တို့ကိုယ်ကြီးကို ဘာလုပ်မှာလဲအေး။ ဒီလောက်မြင့်တဲ့ကမ်းပါးကြီးပေါ်က လွှင့်ပစ်ချလိုက်ကြတာပေါ့အေး...”

နန်းဟာဗီးသည် မင်းဝမ်း၏စကားကို နားထောင်ရင်း နှလုံးသားက ဟုတ်ပါသည်ဟု ထောက်ခံ၏။ သို့သော် နန်းဟာဗီး၏ဦးနှောက်က လက်မခံ။

“တော်စမ်းပါအေး...။ ညည်းပြောတဲ့အတိုင်းသာ တကယ်လုပ်ရမယ်ဆိုရင် ညည်းကိုယ်တိုင် ဒီကမ်းပါးကြီးပေါ်က အကြိမ်ပေါင်း နှစ်ဆယ်လောက် ခုန်ချသေပြီးနေပြီပ...”

“အာ...ယား။ အဲဒါ ညည်း တို့အရပ်က မိန်းမတွေအကြောင်းကို မသိသေးဘူးပအေး။

...တို့အရပ်မှာ ရှမ်းဖြစ်ဖြစ်၊ ကချင်ဖြစ်ဖြစ်၊ တို့ပိန်းကူးဖြစ်ဖြစ်၊ တို့ယူမယ့်လင်လောင်းကို တို့ကြိုက်သလို... ရွေးနိုင် ရှာနိုင်ကြတာချည်းပ။

...ယောကျ်ားတစ်ယောက်ကို တို့လင်ဖြစ်ဖို့ တော်တယ်, မတော်ဘူး ရွေးနေတုန်း ယောကျ်ားကဖြစ်ဖြစ်၊ တို့ကဖြစ်ဖြစ် မကြိုက်ရင် ကွဲနိုင်ကြတာပ။

...အေး...တို့ကလည်း တို့လင်လောင်းအဖြစ်နဲ့ ရွေးပြီးမှ...၊ ယောကျ်ားကလည်း တို့ကို မယားပြုပါ့မယ်လို့ ပြောပြီးမှ၊ နှစ်ဖက်လူကြီးနဲ့ တစ်ရွာလုံးကိုလည်း တို့ ယူကြမယ်လို့ အသိပေးပြီးမှ...

...အဲဒီယောကျ်ားက တို့ကို ပစ်သွားမယ်ဆိုရင် တို့မိဘတွေလည်း အရှက်ရကြတာပအေး။ တို့လည်း အစုလို၊ ဟို...အမြင့်ကြီးပေါ်က

တေို့ကိုယ်ကို အောက်ပစ်ချလိုက်ကြတာပအေး..."

"အာ...ဟေ..."

"အား...ဟေ..."

"အာ...ဟာ..."

"အား...ဟာ..."

"အေး..."

"အား..."

"အေး..."

"အား..."

နာဂအမျိုးသားတို့၏ အတိုင်အဖောက်ဆိုသံသည် လေ့ငယ်ပေါ်မှ မင်းဝမ်း၏စကားသံကို တောသံဟိန်းလျက် ဖုံးအုပ်သွား၏။

ကမ်းပါးပြုကြီးအောက်၌ လျောင်းစက်နေသော မြစ်ဆိပ်သဲပြင်ပေါ်တွင် တစ်ထွာခန့်သောနံငယ်ကို ခါးပတ်ထားသည့် နာဂအမျိုးသား အမျိုးသမီးတို့သည် ကြီးမားရှည်လျားသော ကြိမ်စည်းကြီးများကို တစ်နေရာမှ တစ်နေရာသို့ သယ်ယူရွှေ့ပုံနေကြ၏။

ရှမ်းအမျိုးသမီးကြီးငယ်တို့သည် ဆိပ်ကမ်းနေရာအနှံ့အပြား၌ ရေအိုးတစ်ဖက် ရေပုံးတစ်ဖက်ပါသော ဆိုင်းထမ်းတို့ကို ထမ်းကြလျက် မြင့်မားသောကမ်းပါးထိပ်သို့ လူးလာတုံ့ခတ်နေကြ၏။

ဆိပ်ကမ်းတစ်လျှောက်လုံး၌ ဟိုတစ်စု သည်တစ်စု ဆိုက်ကပ်ချည်နှောင်ထားကြသော ပိန်းကောလှေငယ်ကလေးတို့သည် ကမ်းပြင်ပြည့်မျှ နေရာအနှံ့ အစုအစုပြည့်နေကြ၏။

ရေစပ်တွင် ယာယီဆောက်လုပ်ထားဟန်ရှိသော လှစင်အောက်၌ ကလေးသူငယ်တို့သည် ဓားခုတ်ဟန်၊ စစ်တိုက်ဟန်၊ အမဲလိုက်ဟန်

စသည့် ကစားနည်းတို့ဖြင့် ပြေးလွှားဆော့ကစားနေကြ၏။

သစ်ဖြင့်ဆောက်လုပ်ထားသော အိမ်မည်းကြီးများသည် ခပ်ရဲရဲ တန်းစီကြလျက် ဖြူဖွေးသော ကမ်းပါးမြင့်ကြီး၏ထိပ်မှ မိမိအောက်၌ရှိသည့် ဆိပ်ကမ်းကို မလှုပ်မယှက် ငုတ်တုတ်ထိုင်ကြည့်နေကြ၏။

ပိန်းကူးအပျိုမကလေးတို့၏လှေသည် ထိုဆိပ်ကမ်းတစ်နေရာ၌ ထိုးဆိုက်၏။ ထို့နောက်...

ပန်းဝတ်ယက် ပန်းဝတ်ရည်စုပ်ယူရန်၊ ပျားအုံမှထွက်ခွာသော ပျားသည် ပန်းဝတ်ယက် ပန်းဝတ်ရည်တို့နှင့်တကွ မိမိ၏ပျားအုံရှိရာကို မြူးကြွစွာ ပြန်ဝင်လာဘိသို့...

ပိန်းကူးအပျိုမကလေးတို့သည် မိမိတို့ရောင်းချရန်ပစ္စည်းများနှင့်တကွ ခန္တီးရွှေမြို့တော် ဆိပ်ကမ်းထက်သို့ မြူးကြွစွာတက်ကြ၏။

ခန္တီးရွှေမြို့သားတို့သည် ဤအချိန်၌ ပိန်းကူးမကလေးများ လာရောက်ဈေးရောင်းကြလိမ့်မည်ဟု ကြိုတင်သိထား၏။ ထို့ကြောင့် ရောင်းလာလိမ့်မည့်ကုန်ပစ္စည်းများကို ကြိုတင်ဈေးချထား၏။ ပိန်းကူးမကလေးများ ဝယ်ယူကြလိမ့်မည့်ပစ္စည်းကို ကြိုတင်ဈေးမြှင့်ထားနှင့်၏။ ထို့နောက် ပိန်းကူးမကလေးများကို ပိုးပန်းရန်၊ အရောဝင်ရန်၊ အသိဖွဲ့ရန်၊ ခန္တီးရွှေမြို့တော်၌ရှိသော စားနေကျ ဓာတ်သိကာလသားတို့က ကြိုတင်ပြင်ဆင်ထားနှင့်ကြ၏။

သို့သော် ထိုကာလသားတို့သည် နန်းဟာမီးကို ကြောက်ရွံ့ကြသည်။ နန်းဟာမီးသည် ခန္တီးမြို့ အရေးပိုင်မင်းနှင့် တန်းတူ အချိန်မရွေး စကားပြောနိုင်သည်။ ထို့ကြောင့် ခန္တီးကာလသား လူကြမ်းများက နန်းဟာမီး ခေါင်းဆောင်သော ပိန်းကူးမကလေးများကို ယခင်ကကဲ့သို့ မဝံ့မရဲ...

လှသော၊ ဝသော၊ ထွားသော၊ ချစ်စရာကြိုက် စရာကြီးဖြစ်သော

မျက်နှာလည်းရှိ နှုတ်သီးလည်းစွာသော နန်းဟာဇီးသည် နေဝင်ရိုးရီအချိန်၌ ခန္တီးရွှေမြို့တော်၏ ကမ်းပါးထက်သို့ တက်လာသည်နှင့် ခန္တီးကာလသားတို့သည် အဝေးက ငေးကြည့်ကြရ၏။ နန်းဟာဇီး၏ခေါင်းပေါ်မှ နေကြာပန်းပွင့်ကြီးသည် တိမ်ပုစ္ဆန်ဆီသွေးနှင့် ပနံရစွာ ဝေ့ကာဝေ့ကာလှုပ်ရှား၏။ နန်းဟာဇီး၏တင်ပါးကြီးသည် ခေါင်းထက်၌ပန်ထားသော ပန်းပွင့်နှင့်အတူ နွဲ့ကာသွဲ့ကာ စည်းချက်ကျကျလှုပ်၏။

ခန္တီးမြို့တော်၏လမ်းပေါ်သို့ နန်းဟာဇီး ရောက်ရှိလာသောအခါ ခန္တီးမြို့တော်သည် ပို၍သာယာပြည့်စုံ၏။ အိမ်ဝင်း၌ စိုက်ထားကြသော လမ်းဘေးတစ်ဖက်တစ်ချက်မှ တဝေဝေပွင့်နေကြသည့် ဆောင်းကြွေးပန်းတို့သည် ပို၍လှလာသည်ဟုထင်ရ၏။ ပန်းဝတ်ယက်ကို စုပ်ယူနေကြသော ပန်းပွင့်ပေါ်မှ ပိတုန်းများသည် နသစ်သစ်ပန်းပွင့်ကြီး မှတ်သောကြောင့် နန်းဟာဇီးကို စုပ်ယူရန် ထပျံကြည့်ကြ၏။

လေအဆင့်တွင် ကြွေလွင့်ကျသော ပွင့်သစ်စတောပန်းတို့သည် စီးသောစမ်းရေအယဉ်၌ မျောပါနေကြဘိသို့ နန်းဟာဇီးနှင့် ပိန်းကူးအပျိုမကလေးတို့သည် ခန္တီးမြို့တော်၏ လမ်းမကြီးပေါ်၌ ရွှေ့လျားသွားလာနေကြသည်။

ကိုမြို့သားတို့သည် ပိန်းကူးအပျိုမကလေးတို့၏ ကုန်ပစ္စည်းများပေါ်၌ မည်မျှဈေးနှိမ်ထားနှင့်ကြသော်လည်း ပိန်းကူးအပျိုမကလေးတို့သည် မတွန့်မတိုပင် မိမိတို့၏ကုန်ပစ္စည်းများကို ရောင်းချပစ်လိုက်ကြ၏။ ထို့နောက် တစ်မြို့လုံးရှိ ဈေးဆိုင်မှန်သမျှကို လှည့်လည်မွှေနှောက်လျက် မိမိတို့လိုချင်သည့်ပစ္စည်းများကို ရှာဖွေဝယ်ယူကြ၏။

မြို့ကြီးပြကြီးတို့မှ အထက်တန်းလွှာတို့နှင့် ကင်းကွာလာခဲ့ရသည်မှာ များးစွာမကြာလှသေးသော နန်းဟာဇီးသည်–

ယခုမူ တကယ့်တောခေါင်သည့်အရပ်မှ မိမိအမျိုးသားများနှင့်ထပ်တူ ပကတိတောသူအရိုင်းကြီးကဲ့သို့ ဖြစ်နေ၏။

ထို့ကြောင့် မြို့ပေါ်ရှိ ဘုရားပွဲ၏ဈေးတန်း၌ ရပ်ဝေးရွာတို့မှ ရောက်လာကြသည့် ကာလသားကြီးတို့ကဲ့သို့ ခန္တီးရွှေမြို့တော်၏ လမ်းမပေါ်တွင် မိမိတို့အစုအအုပ်ကို မကွဲစေဘဲ စုန်ချည်ဆန်ချည် လမ်းသလားနေ၏။ ဟိုဝင်သည်ထွက် လျှောက်ကြည့်၏။ ရှက်ရွံ့နောက်တွန့်ခြင်း လုံးဝမရှိတော့။

မြန်မာတို့၏ လျှပ်ပေါ်လော်လီသော ခေတ်မီအဝတ်မျိုးကို ရှမ်းအမျိုးသမီးတို့ထက်ပင် မက်မက်မောမော အတုယူဝတ်ဆင်လေ့ရှိကြသော ပိန်းကူးအပျိုမကလေးတို့သည် နန်းဟာမီး ရောက်လာပြီးမှ လှသောနန်းဟာမီး၏ အတုကိုယူလျက် ပိန်းကူးမပီပီ ဝတ်ဆင်လာကြပြီဖြစ်ရာ ခန္တီးမြို့ လမ်းမကြီးပေါ်၌ ဝိုင်းဝန်းကြည့်ချင်ဖွယ်ကောင်းအောင် ထူးခြားနေကြ၏။

နန်းဟာမီးသည် ထိုအုပ်စုကို ခေါင်းဆောင်လျက် ထိုအပျိုမတို့ ဝယ်ယူလိုသမျှကို တစ်ဆိုင်ဝင် တစ်ဆိုင်ထွက်ဖြင့် လှည့်လည်ဝယ်ပေး၏။

ပေါင်ဒါဘူးလိုချင်သည် ဆိုသောကြောင့် 'မင်းဝမ်း'အတွက် နန်းဟာမီးက ပေါင်ဒါဘူး ဝယ်ပေးသည်။ အကောင်းဆုံး အညွန့်ဆုံးကိုမှ သုံးလာခဲ့ဖူးပြီးဖြစ်သော နန်းဟာမီးကို ဆိုင်ရှင်ကိုလူလည်သည် လှည့်ပတ်လိမ်ညာရောင်း၍မရ။

ပြည့်ဖြိုးလှပသောလက်မောင်းကြီးနှင့် လိုက်လျောလှသည့် တစ်ဖက်တည်းဝတ်ဆင်ထားသော ပယင်းလက်ကောက်ကြီးဖြင့်လည်းကောင်း၊ သန်မာတောင့်ခိုင်သော လည်တိုင်ကြီးနှင့် ပန်ရလွန်းလှသည့် အတုံးအခဲကြီးများ ပြုလုပ်ထားသော ကျောက်စိမ်းလည်ဆွဲကုံးကြီးဖြင့်လည်းကောင်း၊ ရှန်းကန်ခုံးထနေသော ရင်သားမို့မို့ပေါ်၌ ငွေဒင်္ဂါးပြား ကြယ်သီးကြီးများ တပ်ဆင်ထားသည့် ရှေးကျသော ဘင်္ဂါလီပုံ လည်ဟိုက်လက်ပြတ်

မဲဆိုးဖျင်အင်္ကျီအနက်ဖြင့်လည်းကောင်း၊ အနက်ပေါ်တွင် အနီအစင်းအစင်း ဖော်ထားသော 'ဂျပ်ရုတ်'ထဘီထူထူကို သလုံးသားဝင်းဝင်းကြီးပေါ်စေလျက် တိုတိုတောင်းတောင်း စွန်တောင်စွန်းချလျက် ဝတ်ဆင်၍လည်းကောင်း၊ လှပစွာရက်လုပ်သည့် ဖျင်တဘက်ရှည်ကို ခါး၌စည်းနှောင်၍လည်းကောင်း၊ တလှတပမြင်နေရသော သိနားလည်လွန်းလှသည့် ပိန်းကူးအပျိုမထွားထွား ကြီးကို ဆိုင်ရှင်သည် တအံ့တသြငေးကြည့်၏။

"ရှင့် ဒီ'ယာဒလေ'က အစစ်မဟုတ်ဘူး။ အဲဟို 'ပွန်းဒ်စ်'ပဲ ယူမယ်၊ ဈေးကြီးလွန်းတယ်။ လျှော့ပါဦး ..."

ဆိုင်ရှင်သည် ဟင်းလင်းပွင့်သောပါးစပ်ဖြင့် ငေးမောမှင်တက်မိနေဆဲ ဆိုင်ရှေ့မှ ဝယ်သူအသစ်တို့ ဝင်လာကြသည်။

'ရွှီ'ဟူသော လူယဉ်ကျေးတို့၏ အံ့သြသည့်လေချွန်သံနှင့်အတူ–

"အချစ်ရေ...ကြည့်စမ်း၊ ဟိုအရိုင်းကောင်မကြီး မတောင့်လား။ စိတ် ဝင်စားစရာကြီးနော်..."

"စိတ်ဝင်စားရင် ကိုယ်ခေါ်ခဲ့မယ်လေ၊ အိမ်မှာ အိမ်စေအဖြစ်နဲ့လည်း နိုင်း၊ မင်းအတွက်လည်း ဆန္ဒပြေပေါ့..."

"အချစ်ကလည်းကွာ...တောင့်တာကို ပြောတာပါ။ ကိုယ့်မယား လောက်တော့ ဘယ်စိတ်ဝင်စားပါ့မလဲ..."

အင်္ဂလိပ်ဘာသာဖြင့် အပြန်အလှန်ပြောရင်း ဝင်လာကြခြင်းဖြစ်၏။ နန်းဟာဗီးသည် ဈေးဆိုင်၏မျက်နှာစာကို ကျောပေးထားရာမှ မျက်နှာ ရဲခနဲနီလျက် ဆတ်ခနဲ တစ်ကိုယ်လုံးလှည့်လိုက်၏။

ဆိုင်တွင်းသို့ လက်တွဲဝင်လာကြသော အထက်တန်းစား မြန်မာ လင်မယားနှစ်ယောက်သည် နေရာ၌ တုံ့ခနဲရပ်သွားကြ၏။

ပါးပျဉ်းထောင်လျက် ပေါက်တော့မည်ဟု မာန်ယစ်နေသော ငန်းဝါ၏

မျက်လုံးမျိုးဖြင့် မိမိတို့အား ကြည့်နေသည့် ပိန်းကူးမထွားထွားကြီးကို ရုတ်တရက် ထိတ်လန့်နေ၏။

နန်းဟာဗီးသည် မြန်မာလင်မယားနှစ်ယောက်တို့ကို ကြည့်နေရင်း ဆိုးဆေးပုံးထဲမှ ဆယ်ယူညှစ်ချလိုက်သော ဖျင်အဝတ်ကဲ့သို့ ချက်ချင်း မျက်နှာ၌ အသွေးအရောင်ဆုတ်ဖျော့၏။

ပိန်းကူးမကြီးတို့၏ ဝတ်ဆင်တန်ဆာဖြင့် တစ်မျိုးတစ်ဖုံ ခန့်ညား ထည်ဝါနေသော နန်းဟာဗီးသည် မိုးသက်လေပြင်းတိုက်ခတ်ခြင်း ခံရ သောကြောင့် လှုပ်ယမ်းသွားရသည့် ပင်လုံးကျွတ်ပွင့်လျက်ရှိသော ငုရွှေဝါ ပင်ကဲ့သို့ တစ်ကိုယ်လုံး သွက်သွက်ခါခါတုန်လှုပ်၏။

မြန်မာယောကျ်ားပျိုသည် တရားလမ်းကြောင်းမှ ဖဲကြဉ်ထားသည့် မျက်လုံးကို ဟန်ဆောင်သောမေတ္တာဖြင့် ဖုံးဖိလျက်၊ ရင်းနှီးသောအပြုံး ကိုပြု၏။

"အဝါ..."

ကို၏အသံသည် သကာလိုချို၏။ ကို၏နှလုံးသားကား တမာလို ခါးလေပြီ။

နန်းဟာဗီးသည် ကို၏ ဖြဲစပ်စပ်မျက်နှာကို ကျောက်ရုပ်ကဲ့သို့ ငေးကြည့်၏။ နန်းဟာဗီး၏နှုတ်ခမ်းအစုံသည် ဆတ်ဆတ်တုန်နေ၏။ နန်းဟာဗီး၏မျက်လုံး၌ မျက်ရည်ဖြင့် တောက်ပြောင်လာ၏။

နန်းဟာဗီးသည် မည်သို့မျှ ရောက်လာရန် အကြောင်းမရှိသော ကို့ကို အချိန်ရှိသရွေ့ စိတ်ကူးယဉ်လျက် တမ်းတခဲ့၏။ ကို့ကို အားကိုး ခဲ့၏။ ကို့အကြောင်း တွေးလိုက်လျှင် တအားတက်ခဲ့၏။ အကယ်၍သော် ကို တကယ်များ ဤအရပ် ဤဒေသသို့ ရောက်လာမည်ဆိုလျှင် မိမိထက် ပျော်ရွှင်သူ ကမ္ဘာတွင် ရှိနိုင်မည်မဟုတ်ဟုထင်၏။

ယခု ကိုသည် တကယ်ရောက်လာလေပြီ။ မည်သို့မျှမမျှော်လင့်ဘဲ ကို့ကို တွေ့လိုက်ရသောအခါ နန်းဟာဗီး၏အတွေးနှင့် တကယ့်ဖြစ်ရပ်သည် ကွာခြားလွန်းလှ၏။ ပေါက်ခွဲခြင်းခံလိုက်ရသည့်မြေအိုးကဲ့သို့ နန်းဟာဗီး၏နှလုံးသားသည် အစိတ်စိတ်ကွဲကြေသွားသည်သို့ ထင်ရ၏။

ကိုသည် အရှက်ကင်းမဲ့လွန်း၏။ မျက်နှာပြောင်လွန်းလှ၏။ တစ်ခါက ကိုပြောခဲ့ဖူးသည်။

ရွှေပုံ, စိန်ပုံကြီးပေါ်မှာ နတ်သူဇာတို့၏ရင်ခွင်ထက်၌ ပွေ့ဖက်ချော့သိပ်ခြင်းခံရပါစေဦး၊ အဝါနှင့် ကင်းကွာနေရမည်ဆိုလျှင် ပျော်ရွှင်ခြင်းသုခကို မရနိုင်ပါဘူးတဲ့...။

ခုတော့ ကို့ရဲ့သစ္စာစကားတွေဟာ မုသားတွေချည်းပါလား ကိုရယ်...။

နန်းဟာဗီးသည် ကို၏မျက်နှာကို မမှိတ်မသုန်ကြည့်ရင်း နာကြည်းလှသောအသွင်သည် မျက်နှာ၌ပေါ်လာ၏။

လေပင့်သဖြင့် ဟုန်းဟုန်းထသောတောမီးသည် သွေ့ခြောက်သည့်သစ်ပင်အား အဖျားသို့တိုင်အောင် လောင်မြိုက်မျိုဝါးသကဲ့သို့ နန်းဟာဗီး၏ရင်၌ အချစ်မှဖြစ်သည့် သောကမီးသည် နှလုံးသားနှင့်အတူ ငြိမ်သက်နေသည့်ကိုယ်အလုံးကို ကျွမ်းကြေပြာကျအောင် လောင်မြိုက်၏။

ကိုကမူ အပြုံးမပျက် ကြည့်နေနိုင်၏။

"ကိုဖြင့် မှတ်တောင်မမှတ်မိဘူး။ ဝါတို့အမျိုးသားဝတ်စုံနဲ့ ဝါ့ကိုကြည့်ရတာ ရုပ်ရှင်တွေထဲက 'တဟီတီ'ကျွန်းသူအလှကြီးတွေအတိုင်းပဲ။ အရင်ကထက်တောင် ပိုပြီးလှလာသေးတယ်"

ကို့စကားကိုကြားလျှင် ကို့ဘေး၌ရပ်နေသော စိန်သီးနေသည့် မြန်မာအမျိုးသမီးက အဝါ့ကို ပြုံးကြည့်နေရာမှ နှုတ်ခမ်းတစ်ဖက်မဲ့လိုက်၏။ ထို့နောက် ကို့မျက်နှာကို မျက်စောင်းထေ့ထေ့ပြုံ၍ကြည့်၏။ ကိုက

ရယ်ရွှန်းဖတ်ရွှန်းပြုလိုက်သည်။

"အချစ်...အဲဒါ ကိုနဲ့အတူအလုပ်တွဲလုပ်ခဲ့ဖူးတဲ့ ဆေးရုံက သူနာပြု ကလေး ဝါ။ ဝါ... ဒါက ကို့ဇနီး ဝတ်လုံတော်ရ ဒေါ်ထားတင့်..."

ကို၏ရိုးသားသောစကားသည် အစိတ်စိတ်ခွဲကြေပြီးသော နန်းဟာမီး၏ အသည်းညှာကို ဆားရေဖြင့်ပက်ဖျန်းလိုက်သည်နှင့်တူ၏။ ထို့ကြောင့် ကို့စကားမဆုံးမီ ဆိုင်တွင်းမှ ပြေးထွက်ခဲ့၏။

ထို့နောက် မုဆိုး၏ လိုက်လံပစ်ခတ်ခြင်းကို ခံရသဖြင့် ဒဏ်ရာနှင့် ပြေးလာရသည့် သမင်ပျို့မကဲ့သို့ ဤကားသစ်ပင်၊ ဤကားလူ၊ ဤကား လမ်းဟု မသိနိုင်တော့ဘဲ အတင်းတိုးဝှေ့တိုက်ခိုက်သွား၏။

စင်စစ် နန်းဟာမီး၌ ဒဏ်ရာရလာသည်။ ထိုဒဏ်ရာသည် နှလုံး သား၌ လတ်တလောရလိုက်သောဒဏ်ရာဖြစ်၏။ ကိုသည် ထိုဒဏ်ရာကို ရအောင်ပြုလိုက်၏။ ယခင့် ယခင်က ဆောက်တည်ရာမရအောင် ထိခိုက် တုန်လှုပ်ရသော အကြောင်းဖြစ်ရပ်တို့နှင့် တွေ့ကြုံတိုင်း မိမိသည် ကို့ကို တွေးတောလျှင် သက်သာ၏။ ကို့ကိုတမ်းတလျှင် ပြေပျောက်၏။ ကို့ အပေါ်တွင် အားကိုးစိတ်ထားရုံမျှဖြင့် ချမ်းသာမှုရ၏။

ယခု မိမိအားကိုးခဲ့သောကိုသည် မိမိ၏နှလုံးသားကို ရယ်ရယ်မောမော နှင့် အစိတ်စိတ်ခွဲရက်သူဖြစ်၏။

မိမိချစ်ခဲ့ရသော၊ မိမိကိုးစားခဲ့ရသော၊ မိမိအားထားခဲ့ရသော၊ မိမိ မြတ်နိုးခဲ့ရသော၊ မိမိအထင်ကြီးခဲ့ရသော ကိုသည် ယခုအချိန်၌ မိမိ၏ နှလုံးသားကို အစိမ်းလိုက် ထုတ်ယူညှစ်ခြေရက်သော အစွယ်ပြူးပြူးနှင့် ဘီလူးကြီး ဖြစ်နေပါပြီကော။

နေပူရှိန်၏နှိပ်စက်ခြင်းကိုခံနေရသော ပဒုမ္မာကြာပွင့်သည်၊ ရိုးတံမှ ငိုက်စိုက်ကျနေဘိသို့ အချစ်၏ပုတ်ခတ်နှိပ်စက်ခြင်းကို ခံနေရသော

နန်းဟာဗီး၏ဦးခေါင်းသည် မြေသို့ငိုက်စိုက်ချလျက် ပြင်းသောအသက်ရှူသံနှင့်အတူ ဆောက်တည်ရာမရဘဲ ရှူးရှူးသုတ်သုတ်သွား၏။

နန်းဟာဗီး၏မျက်နှာသည် မိုးသက်လေပြင်း၏ လှုပ်ယမ်းမှုကို ခံလိုက်ရသော နှင်းဆီပွင့်ကဲ့သို့ မျက်ရည်တို့ဖြင့် စွတ်စိုပေကျံ၏။

ဖွံ့ဖွံ့ထွားထွားရှိသောရင်၌ ပူပန်သောနှလုံးသားသည် သံတွေခဲကို ရဲရဲတောက်စေသည့် ပန်းပဲသည်၏မီးလင်းဖိုကို မှိုချထားရဘိသို့ လေးလံပူလောင်၏။

ဒဏ်ရာရသောကျားပျို့မသည် မိမိရှေ့၌ရှိသော တောတောင်သစ်ပင်တို့ကို မမြင်ဘဲ သိမ့်သိမ့်တုန်အောင် တိုက်ခိုက်တိုးဝှေ့ ပြေးလွှားနေဘိသို့...

ပူလောင်သောနှလုံးသားကို ပိုက်ထွေးထားရသည့် နန်းဟာဗီးသည် မိမိရှေ့၌ရှိသော သစ်ပင် ပန်းပင် လူ စသည်တို့ကိုမမြင်တော့ဘဲ အတင်းတိုးဝှေ့ တိုက်ခိုက်ပြေး၏။

ရှမ်းပျို့မတို့သည် မြို့လမ်းမ၏အလယ်၌ ရပ်တန့်စကားပြောနေကြရင်း ကျောတွင်ပိုးထားသည့်ကလေးကို နွဲ့ယမ်းလှုပ်ရှားသိပ်၏။

ထိုရှမ်းမပျို့တို့၏လက်သည်လည်းကောင်း၊ ကျောသည်လည်းကောင်း၊ ခါးသည်လည်းကောင်း က,နေဘိသို့ နွဲ့လျလှပ၏။

ထိုရှမ်းမပျို့တို့၏ အပြုအနေသည် အောက်ပြည်၌ ကြီးပြင်းခဲ့ရသော နန်းဟာဗီးအဖို့ ဆန်းသစ်သောအမြင်ဖြစ်၏။ ဤအမြင်ကို မြင်တိုင်း နန်းဟာဗီးသည် တအံ့တသြငေးမောလေ့ရှိ၏။ ယခုမူ နန်းဟာဗီးသည် ဤသားချော့သော ရှမ်းမပျို့တို့၏ ကဟန်ကို မမြင်နိုင်တော့။

အိမ်ဘေး အိမ်ရှေ့ စသည်တို့၌ ရှမ်းလူပျို့နှင့် ရှမ်းအပျို့တို့သည် ရင်ကိုလှုပ်၍၊ ခါးကိုငဲ့၍၊ တင်ကိုယမ်း၍၊ မျက်နှာချင်းဆိုင်၍၊ မျက်လုံးချင်း စိမ်းစိမ်းကြည့်၍ ချစ်တေးသံဖြင့် ချစ်ရေးဆိုကြရင်း 'ဆွိုင်ယွိုင်–ဆွိုင်ယွိုင်'

ဟူသောအသံကိုပြုလျက် ဆန်ထောင်းနေကြ၏။

နံသစ်သော၊ ထိုရှမ်းချစ်သူတို့၏ ချစ်သွေးကြွသော အပြုအနေသည် အောက်ပြည်၌ ကြီးပြင်းခဲ့ရသော နန်းဟာဗီးအဖို့ စိတ်ဝင်စားရ၏။ ဆန်းသစ်ကြည်နူးရ၏။ ကိုကို လွမ်းဆွတ်ရ၏။ ကိုကို အချစ်ပွားရ၏။ ဤအမြင်ကိုမြင်တိုင်း အားကျကြည်မောစွာ၊ မသိမမြင်ယောင်ပြုလျက် သတိထားခဲ့သည်ချည်းဖြစ်၏။ ယခုမူ နန်းဟာဗီးသည် ဤအချစ်သွေးကြွလျက် ဝင်းပနေကြသော ရှမ်းလုလင်ပျိုနှင့် ရှမ်းလုံမပျိုတို့၏ မျက်နှာကို မမြင်နိုင်တော့။ အားမကျနိုင်တော့။

အုပ်အုပ်ညို့ညို့ရှိသော မြို့မလမ်းပေါ်၌ လက်တစ်ဝါးခန့်မျှသော ဖျင်ကြမ်းကို ခါးပတ်အောက်ပိုးကျိုက်လျက် တစ်တောင်ကျော်ခန့်ရှိသော ဓားကို ကျောပြင်ထက်၊ ခါး၌ထိုး၍ ကြော့မော့လုံးကျစ်သော နာဂလုလင်တို့သည် လွမ်းဆွတ်ဖွယ်ကောင်းသည့် တောသံကိုပြုရင်း ကြိမ်၊ ထင်း၊ ရုံးရှက် အစရှိသော ကုန်စည်များကို တစ်နေရာမှ တစ်နေရာသို့ အလွန်တက်ကြွစွာ လူးလာတုံ့ခေါက် သယ်ယူနေကြ၏။

အောက်ပြည်၌ ကြီးပြင်းလာသော နန်းဟာဗီးသည် ထိုနာဂလုလင်တို့ကို မြင်ရသောအခါ အဆန်းတကြယ်ဖြစ်၏။ ရှက်သောစိတ်နှင့် တစ်ဖက်သို့လှည့်ရင်း မသိမသာ မျက်စိကစားမိ၏။ ဘေးဘက်မှ လုံးတီးမြင်နေရသော နာဂလုလင်ကို ကြည့်လျက် ကိုနှင့် အလုံးအရပ်ချင်း နှိုင်းယှဉ်တွေးတော၏။ ယခုမူ နန်းဟာဗီးသည် ဤနာဂလုလင်တို့ကို လည်း မမြင်နိုင်တော့...။

တောင်ဆုပ်ခန့်မျှသော ဖျင်ထည်ကို ခါး၌ပတ်လျက် ဟင်းလင်းရှိသော ရင်သား၏အလှကို ဝက်ဆီပြင့်လူးခြယ်လျက် ရောင်စုံဖလ်ပုတီးတို့ကို လည်၌ အများအပြားဆွဲလျက် မိမိတို့ကိုယ်တိုင် တည်လုပ်ထားသော

ခေါင်ရည်ဘူးကိုကိုင်လျက် တပ်မက်ဖွယ်သောအပြုံးဖြင့် မောင်တော် နာဂလုလင်တို့အား စောင့်ကြိုနေကြသော နာဂအပျိုကလေးတို့ကို မြို့တော်၏လမ်းဘေး၌ ဟိုတစ်စု သည်တစ်စု မြင်နေကြရ၏။

ထိုနာဂမပျိုတို့၏ အပြုအနေသည် အောက်ပြည်၌ ကြီးပြင်းခဲ့ရသော နန်းဟာဗီးအဖို့ သစ်ဆန်း၏။ နာဂမပျိုတို့ကို မြင်ရတိုင်း မဆီမဆိုင် ကို့ကို မြင်ယောင်လာ၏။ ကိုနှင့်တွေ့ရသောညကို သတိရလျက် ရင်ဖို လာရ၏။ ယခုမူ နန်းဟာဗီးအဖို့ ရင်မဖိုနိုင်တော့။ ဤနာဂမပျိုတို့ကိုလည်း မမြင်တော့...။

မြို့၏လမ်းတစ်လျှောက်၌ မြင့်မားသောလိမ္မော်ပင်တို့သည် ဥယျာဉ် အိုကြီးကဲ့သို့ အတန်းလိုက် အတန်းလိုက် အုံ့အုံ့ဆိုင်းဆိုင်းရှိ၏။

ထိုလိမ္မော်ပင်တို့၌ ရွှေရောင်ဝင်းသော လိမ္မော်သီးတို့သည်လည်း ကောင်း၊ မြရောင်စိမ်းသော လိမ္မော်သီးတို့သည်လည်းကောင်း၊ ခွေးနို့စို့ သကဲ့သို့ အပြွတ်အပြွတ်သီး၏။ အခိုင်အခိုင်တွဲလျက် အကိုင်းပင်လုံး ညွတ်၏။

ထိုလိမ္မော်ပင်၏ထိပ်၌ သာယာစွာမြည်ကျူးလိုက်သော ဥသြငှက်ကို မြင်သည့်ခဏ မြင့်မားသောခန်းမဆောင်အတွင်း၌ ဖြူဆွတ်သောအဝတ်ကို ဝတ်လျက် ရပ်ကြည့်နေသော ကို၏ဦးခေါင်းကို သတိရ၏။ ဤအေးချမ်း သာယာသော ရှိုးသားသည့်မြို့လမ်းမ၌ ကိုနှင့်အတူ တစ်ရှိန်ရှိန်၌ ကြည်နူး စွာလျှောက်ဦးမည်ဟု အမြဲလိုလိုတမ်းတခဲ့၏။

ယခု ကိုနှင့်အတူလျှောက်လည်နေနိုင်သူကား မိမိမဟုတ်။

နန်းဟာဗီးသည် အသီးများဖြင့် ကိုင်းညွတ်သော လိမ္မော်ပင်တို့ ကိုလည်း မမြင်တော့။ လွမ်းဆွတ်ဖွယ် အော်မြည်လိုက်သော ဥသြသံတို့ ကိုလည်း မကြားတော့။ ပျော်ရွှင်ချမ်းမြေ့စွာ သွားလာလှုပ်ရှားနေကြသော

ရိုးသားသည့် မြို့သူမြို့သားတို့ကိုလည်း မမြင်တော့။ ဤမြို့မှ ကင်းဝေးရာ၊ ဤလမ်းမှ ကင်းဝေးရာသို့ ရှာဖွေပြေးလွှား၏။

နန်းဟာဖီးသည် မကျယ်ဝန်းလှသော မြို့၏ပြင်ဘက်သို့ တစ်ခဏချင်း ရောက်လာ၏။ မြို့၏ပြင်ဘက်၌ တောင်ကုန်းတစ်ခုရှိ၏။ ထိုတောင်ကုန်း၏ထိပ်တွင် ခန္တီးမြို့စော်ဘွားကြီးများ အဆက်ဆက်က ကိုးကွယ်လာခဲ့သော မြို့ဦးစေတီ ရှိလေသည်။

ခမ္မဆရာကြီးတစ်ဦး ခေါ်ယူသွားရာမှ ဂုဏ်ထူးနှင့် အောင်လက်မှတ်ရခဲ့သော ဆေးရုံဆရာမကလေး နန်းဟာဖီးသည် ခရစ်ယာန်အယူ ယူသူဖြစ်၏။

ရေနစ်သူသည် နီးရာအရာဝတ္ထုကို အားကိုးအားထားပြုလျက် လှမ်းဆွဲလိုက်ဘိသို့ ခရစ်ယာန်မလေး နန်းဟာဖီးသည် အပူမီး၏ လောင်မြိုက်ခြင်းကိုခံလာရစဉ် တောင်ကုန်းထိပ်ရှိ စေတီကို တွေ့သည်နှင့် ကယ်ယူနိုင်လေမလားဟု အားကိုးစိတ်တွေပေါ်၏။

လူသူကင်းရှင်းသော စောင်းတန်းလမ်းမကြီးကို အပြေးတက်၏။ မောပန်းခြင်းသည် ရင်၌လောင်ကျွမ်းပူလောင်မှုနှင့်စာသော် မယှဉ်နိုင်အောင် ချမ်းမြေ့လှ၏။

စေတီ၏ရင်ပြင်ထက်၌ အာရုံခံတန်ဆောင်းတစ်ခုရှိသည်။ ထိုအာရုံခံတန်ဆောင်း၏အတွင်း၌ ‘ချစ်သား ချစ်သမီး လာလှည့်လော’ဟု လက်ဆန့်တန်း၍ ငြိမ်းချမ်းမှုကိုပေးနေဟန်ရှိသော မတ်ရပ်ရုပ်တုတော်တစ်ခု ရှိ၏။

ချစ်ခြင်းမှဖြစ်သော သောက၏လောင်မြိုက်မှုကိုခံနေရသည့် အမှိုက်မီးစာနှင့်တူသော နန်းဟာဖီး၏ကိုယ်သည် ရွှေရုပ်တုကြီး ပြုံလဲသကဲ့သို့ မတ်ရပ်တော်၏ရှေ့၌ ဗုန်းဗုန်းလဲကျ၏။

"အရှင်ဘုရားကြီးရယ်၊ သမီးရဲ့ဒုက္ခကို ကယ်မ,တော်မူပါဦး..."

မြစ်ရေလျှံသောအချိန်၌ ကျိုးပေါက်သော တာတမံမှရေတို့သည် အရှိန်ပြင်းစွာ ဝေါခနဲကျလာဘိသို့ ချုပ်တည်းထားရသော နန်းဟာဗီး၏ ပူလောင်မှုသည် ပြင်းစွာသောငိုရှိုက်သံအဖြစ်နှင့် ပွင့်အန်ထွက်ပေါ်လာ၏။

ရမ္မက်လှိုင်းတံပိုးများ ထကြွလာသော အချစ်ပင်လယ်ပြင်၌ သောက မုန်တိုင်း၏ ဖော့ယမ်းတိုက်ခတ်မှုကို ခံနေရသော နန်းဟာဗီးသည် တစ်နေရာ တည်း၌ ရပ်တည်မနေနိုင်တော့ဘဲ ကရုဏာတရားဖြင့် လျစ်လျူပြုသော မတ်ရပ်တော်၏ရှေ့မှ ထွက်ပြေး၏။

စေတီ၏အုတ်တံတိုင်းပြင်ဘက်၌ ပန်းရိုင်းတောကြီးရှိ၏။ ပန်းရိုင်း ပင်တို့သည် ကိုကဲ့သို့ ကြော့မော့သောအသွင်ကိုဆောင်၏။ လေအပင့်တွင် တင့်လှသောဟန်ပန်ဖြင့် ကိုကဲ့သို့ ကြွားကြွားဝင့်၏။

ပန်းရိုင်းတောကြီးအတွင်းသို့ နန်းဟာဗီး တိုးဝင်သွားသောအခါ ပွင့်သောပန်းရိုင်းပင်တို့သည် ကိုပြုသကဲ့သို့ ကယုကယင် ဆီးကြိုပွေ့ ဖက်၏။

လှသော၊ နုသော၊ မွှေးသော ပန်းရိုင်းပွင့်တို့သည် နန်းဟာဗီး၏ လက်မောင်း၊ ပခုံး၊ ရင်ဘတ်၊ လည်တိုင်၊ မျက်နှာတို့ကို ညင်ညင်သာသာ တိုးဝင်နမ်းစုပ်၏။

"အို..."

သတိရသဖြင့် နာကြည်းသောယောင်ယမ်းမှုသည် ရှိုက်ငင်သံနှင့် ရောလျက် နှုတ်မှလွတ်ထွက်၏။

ခုန်အုပ်သောကျား၏လက်အောက်မှ လွတ်မြောက်ပြေးထွက်သော ဒရယ်ပျိုမသည် မီးလောင်မြက်ကို မြင်သဖြင့် ကျားဟူ၍ အထိတ်တလန့် ပြေးဘိသို့ နန်းဟာဗီးသည် ပန်းတောကြီးမှ ဝေးရာသို့ အထိတ်တလန့်

ပြေး၏။ နန်းဟာဘီး၏တစ်ကိုယ်လုံး၌ ချွေးသီးချွေးပေါက်များ စို့ရှဲလာ၏။ နန်းဟာဘီး၏မျက်လုံးများသည် ပြာလာ၏။ ကြီးစွာသောစွန့်လွှတ်လိုက်ရမှု၊ ကြီးစွာသောနလုံးပူလောင်မှု၊ ကြီးစွာသောမောပန်းမှုတို့နှင့်အတူ နန်းဟာဘီးသည် မြင့်မားသောသစ်ပင်ကြီးများအောက်ရှိ ကုန်းစောင်းငယ်တစ်ခု၏ ထိပ်၌ လဲ၏။

သည်နေရာမှာပဲသေသွားလျှင် သည်ဒုက္ခက ငြိမ်းလေမည်လားဟူသော အတွေး ဝင်လာ၏။ လူသူနှင့်ဝေးရာဖြစ်သောကြောင့် နေရာမှ မထဘဲ တစ်ကိုယ်လုံး သိမ့်သိမ့်တုန်စေလျက် အသံထွက်၍ တစ်ဝကြီး အားရအောင် ငို၏။

လူသူအရောက်အပေါက်နည်းသည့် မြက်ခင်းပြင်ပေါ်၌ လူမတစ်ယောက် လာရောက် လူးလှိမ့်ငိုနေသည်ကို တွေ့ရသောအခါ သစ်ပင်ထက်ရှိ မျောက်စပ်အုပ်ကြီးက တအံ့တဩ ဝိုင်းကြည့်အော်ကြ၏။

မျောက်စပ်အုပ်ကြီး၏အော်သံ တိတ်ဆိတ်ပြီးနောက် ဥဒေါင်းဖျို၏ ရှိုအေးသောတွန်ကျူးသံ ပေါ်လာ၏။ ထို့နောက် ယောက်ဖခွေးခေါ်ငှက်၏ တမ်းတမြည်သံသည် တောင်အလုံးကို သနားဖွယ်ရာပျံ့၏။ ဥသြငှက်၏ လွမ်းတေးဆိုသံနှင့် ပျားပိတုန်းတို့၏ နာပျော်ဖွယ်သော ပန်းဝတ်မှုန် ယစ်မူးသံတို့သည် တော၏ပတ်ဝန်းကျင်၌ ပဲ့တင်ထပ်လျက် အခြားအသံတို့ကို တိတ်ဆိတ်ဖုံးလွှမ်းစေ၏။

တစ်ဝကြီးငိုချလိုက်ပြီးနောက် နန်းဟာဘီး၏ရင်ထဲ၌ လင်းသွား၏။ ချစ်ခြင်းမေတ္တာသည် မျက်ရည်နှင့်ပေါင်းစပ်မိတိုင်း နလုံးသား၌ရလာသည့် ဒဏ်ရာက သွေးပုပ်ပြည်ပုပ်များ ထွက်သွားရဘိသို့ သက်သာ၏။

ရှိုက်ငင်သံပျောက်သည်နှင့် ညွတ်ကိုင်းကျနေသော ကြာပွင့်သည် ရေ၌ထင်လာသောအရိပ်ကို ကြည့်ဘိသို့ နန်းဟာဘီးသည် မြက်ခင်းပြင်မှ

ခေါင်းငိုက်စိုက်ပြု၍ ထိုင်၏။

မိမိချစ်ခဲ့ရသော၊ မိမိစွဲလမ်းခဲ့ရသော၊ မိမိအထင်ကြီးခဲ့ရသော ကိုသည် မိမိကို ရက်စက်လိုက်လေပြီ။

ထို့ကြောင့် မိမိသည် မိမိနှလုံးသား၌ စွဲကပ်နေသော ကို့ကို ထုတ်၍ ဖယ်ရှားပစ်ရတော့မည်။ မိမိက မဖယ်ရှားလို၍ မဖြစ်တော့။

နန်းဟာဗီး၏ရင်၌ ဟင်းလင်းပွင့်သကဲ့သို့ ဟာ၏။ ကို့ကို မိမိရင်ထဲမှ ထုတ်ပစ်လိုက်ရတော့မည်ဟူသော အသိသည် မိမိရင်ထဲရှိ မိမိ၏ အသည်းနှလုံးများကို ထုတ်ပစ်လိုက်ဘိသို့ မနေတတ် မထိုင်တတ် ရှိလာ၏။

ကြိုးကြိမ်လက်ထိပ် စသော အနှောင်အဖွဲ့တို့ထက် ပြုံးနေသော ကို၏အနှောင်အဖွဲ့သည် ပို၍ခိုင်မြဲလွန်းလှပါပကော။

ကြိုးကြိမ်လက်ထိပ်တို့ဖြင့် ချုပ်ချည်အပ်သော အနှောင်အဖွဲ့မှ လွတ်မြောက်အောင် ရုန်းထွက်လျှင် လက်ခြေတို့သာ စုတ်ပြတ်ဒဏ်ရာရမည်။ ယခု ကို၏အနှောင်အဖွဲ့မှ လွတ်အောင်ရုန်းရခြင်းကား အသည်းနှလုံးတို့ပါ ကြေမွစုတ်ပြဲလာရ၏။

ကိုကား ဖြတ်တောက်နိုင်သူတည်း။ ရက်စက်နိုင်သူတည်း။ မိမိကား ကိုကဲ့သို့ မရက်စက်ဝံ့။ မဖြတ်တောက်ဝံ့။ ချစ်မိသောကို့ကို ဖြတ်တောက်ရခြင်းသည် မိမိ၏အသည်းညှာကို ဖြတ်တောက်ရဘိသို့ နာကြည်း၏။

နန်းဟာဗီးသည် မျက်ရည်ဖုံးလွှမ်းသောမျက်လုံးနှင့်အတူ သောက၏ ရိုက်ပုတ်ခြင်းခံရသည့်ဦးခေါင်းကို ဖြည်းညင်းစွာ အားယူထောင်၏။

နန်းဟာဗီး၏မျက်စိရှေ့၌ ရယ်သွမ်းသွေးသံပြုလျက် စီးဆင်းနေသော ကြည်အေးသည့် ချင်းတွင်းမြစ်ရေကို တွေ့ရသည်။

မိမိ၏ပူလောင်သောနှလုံးသားနှင့် ဆောက်တည်ရာမရနိုင်ပြီဖြစ်သော

ဤကိုယ်ကောင်ကြီးကို ဤနေရာမှနေ၍ ချင်းတွင်းမြစ်ရေယဉ်ထဲသို့ ပစ်ချ နှစ်မြှုပ်လိုက်ရသော် အေးမြကောင်း အေးမြလေအံ့ ဟူသောအတွေး ပေါက်လာ၏။

ကြည်လင်စိမ်းပြာသော ဖလ်ရေပြင်သည် ဝေးလံနက်ရှိုင်းသောအရပ်မှ နန်းဟာမီးကို ဖိတ်ခေါ်သကဲ့သို့ရှိ၏။ နန်းဟာမီး ရောက်နေသောနေရာကား မြင့်မားသော ကမ်းပါးပြတ်ကြီး၏ထိပ်၌ ဖြစ်လေသည်။ ဤမှာဘက်ကား သာယာလှပသော ကုန်းစောင်းထိပ်၊ ဟိုမှာဘက်ကား ချောက်ကမ်းပါး။

ဤနေရာသည် နန်းဟာမီး၏ဘဝနှင့်တူ၏။ နန်းဟာမီးသည် ဤမှာ ဘက်၌ ရှိစဉ်အခါက ပိန်းကူးလူမျိုးတို့နှင့် မည်သို့မျှမသက်ဆိုင်သော ဆေးရုံဆရာမကလေးဖြစ်၏။ ဘာကိုမှ မတွေးမပူရဘဲ အဖော်တွေနှင့် ပျော်၏။ ချစ်သောကိုနှင့် မြူးထူးခဲ့၏။

ယခု ဟိုမှာဘက်ရှိ ချောက်ကမ်းပါးနှင့်တူသော ပိန်းကူးလူမျိုးဘဝတွင် အရက်ချက်ရ၏။ ဘိန်းခင်းစိုက်ရ၏။ မိမိ၏ချစ်သောကိုက အဆုံးစွန် စွန့်ပစ်ခဲ့လေပြီဟု ပူပူလောင်လောင်သိရ၏။ ယခုပင်လျှင် ရဲရဲတောက်သော မီးကျီးပေါ်၌ ပစ်ချခြင်းခံရသည့် ငှက်မွေးကဲ့သို့ ဤကုန်းစောင်းထိပ်ရှိ မြက်ခင်းပြင်နုပေါ်တွင် လူးလွန့်လောင်မြိုက်ခြင်းခံရ၏။ ယခု မိမိအသည်း နှလုံးတို့ကား ကျွမ်းလောင်ပြီးလေပြီ။ မိမိသည် မိမိဘဝနှင့်ထိုက်တန်သော တူသော ဟိုမှာဘက်သို့ ခုန်ဆင်းလိုက်ရသော် ကောင်းလေမည်လား...။

နန်းဟာမီးသည် ကမ်းပါးထိပ်၌ပေါက်သော သစ်ပွပင်အိုး၏ခြေရင်းသို့ သွားရောက်ရပ်၏။ နန်းဟာမီး၏ကိုယ်သည် ရေနှင့်ကင်းသော ကြာပြူ ကြာနီရိုးတို့ကဲ့သို့ ပျော့ခွေ၏။ နန်းဟာမီး၏မျက်နှာသည် ဆီးနှင်းကျသော ညဝ၏ မှုန်မွှားမွှားလအရေးကဲ့သို့ ဖျော့တော့၏။ နန်းဟာမီး၏မျက်လုံးသည် ဆီးနှင်းဖြင့် ပိတ်ဆို့ခြင်းခံရသော သောက်ရှူးကြယ်ကဲ့သို့ အရောင်ကင်း၏။

"အဏ္ဏလေး ...ဆွန်းဝမ်းရေး ..."

မင်းဝမ်း၏ ဓိုးရိမ်တကြီးအော်လိုက်သံသည် နန်းဟာဇီးကို အိပ်ရာမှ နိုးလိုက်သကဲ့သို့ရှိ၏။ ချက်ချင်းလိုပင် နှစ်ယောက်သား သစ်ပွပင်အိုး၏ ခြေရင်း၌ လဲကျသွား၏။ မင်းဝမ်းသည် အပြေးရောက်လာလျက် နန်းဟာဇီးကို စိုးရိမ်တကြီး ဖက်ဆွဲလိုက်သောကြောင့်ဖြစ်၏။ ထို့နောက် နန်းဟာဇီးကို မလွှတ်ဘဲ အတင်းဖက်ထား၏။

"ညည်း ဘာလုပ်မလို့လဲအေး...။ ညည်း ဒီမှာလာမရပ်ပါနဲ့လား အေး...။ ဒီနေရာ မကောင်းဘူးပ။ တော့်မြင်ခဲ့ရတဲ့ ဖာနန်းကျွန့်ဆိုတာပအေး။ တောနတ်ကိုက်တတ်တာပလေး။ တော့် သွားကြပါစို့ရဲ့..."

နန်းဟာဇီးသည် မင်းဝမ်း၏ ပူပန်လွန်ကဲသောမျက်နှာကို စိမ်းစိမ်းကြည့်၏။ ငါချစ်ရသောကိုထက် ငါ့ကိုပိုချစ်သော သူငယ်ချင်းပါကလားဟု တွေးရင်း မျက်ရည်လည်၏။ နန်းဟာဇီး၏ရင်၌ လောင်မြိုက်သောမီးသည် သူငယ်ချင်း၏ ချစ်ခြင်းတည်းဟူသော မေတ္တာရေစင်ကြောင့် ခေတ္တငြိမ်းချမ်းမှုကိုရ၏။ နန်းဟာဇီးသည် မင်းဝမ်း၏လက်မောင်းကို ဆုပ်ကိုင်ဖျစ်ညှစ်လိုက်သည်။

"အေး...သွားမယ်သူငယ်ချင်း။ ငါ...ခန္တီးမြို့ကပါ ခုချက်ချင်းသွားချင်တယ်။ ငါ ဒီမြို့မှာ မနေချင်ဘူး..."

နန်းဟာဇီး၏အသံသည် တိမ်ဝင်သွားသည်။ နန်းဟာဇီး၏မျက်လုံး၌ မျက်ရည်လည်လာပြန်သည်။ နန်းဟာဇီးသည် စကားကိုဖြတ်၍ စိတ်ကို တင်းလိုက်၏။ ထို့နောက် ဆုပ်ထားသော မင်းဝမ်း၏လက်မောင်းကို လွှတ်လိုက်သည်။

"ကဲ...လာ သွားကြစို့။ တော့် ပဒူးမိန်း အရောက်ပြန်ကြစို့..."

■

တရားခမ္မ၏ရန်ဘက်သဖွယ်ဖြစ်၍ အချစ်သွေး အကြိုက်သွေးတို့ကို နှိုးဆွနေသော ဤပန်းပေါင်းစုံပွင့်သည့် နွေနှောင်းလ၌ ပိန်းကူးလူပျိုတို့၏ 'ပဒူးမိန်း'ရွာကလေးတွင် နှင်းပြိုက်ပြိုက်ကျဆဲဖြစ်၏။

ပိန်းကူးတို့၏တောအလှသည် မိုးမှုန်အောက်၌ချထားသော ပန်းစည်းကဲ့သို့ စွတ်စွတ်စို၏။

ပန်းတိန်ငှက်၊ ယောက်ဖခွေးခေါ်ငှက်တို့၏ လွမ်းဖွယ်အော်မြည်သံကို နာခံကြရင်း ပိန်းကူးအပျိုမကလေးတို့သည် ယနေ့အဖို့ အထူးတလည် တောသို့စုရုံးဝင်ကြ၏။ ဟင်းရွက်သစ်၊ ပန်းသစ်ဖို့တို့ကို ရှုးကြ၏။

တောသစ်ပင်တို့ကလည်း အဝတ်အဆင်သစ်တို့ဖြင့် တင့်တယ်စံပယ်နေသော 'လျှပ်ပေါ်'သည့် မိန်းမပျိုကဲ့သို့ ပွင့်အပ်သည့်ပန်းတို့ကို ပင်လုံးကျွတ် ပန်ဆင်လျက် တောအလယ်တွင် အပြိုင်အဆိုင် ကြော့မော့စွာ ရပ်၍ ဗန်းပြ၏။

ပိန်းကူးအပျိုမလေးတို့သည် ပင်လုံးကျွတ်ပွင့်သော တောသစ်ပင်တို့ကို တုပြိုင်လျက် တစ်ခေါင်းလုံး တောပန်းတို့ဖြင့် ဝေအောင်ပန်ဆင် အလှချင်းပြိုင်၏။

ခန့်ထည်သောကောင်းကင်သည် ရောင်စုံပန်းပွင့်များနှင့် ပင်လုံးကျွတ်

ပွင့်နေကြသည့် ကလက်လွန်းသော တောအလုံးကို သုန်မှုန်စွာကြည့်လျက် မျက်စိရှက်သောကြောင့် ဖြူလွှသောနင်းပဝါဖြင့် လုံခြုံစွာဖုံးအုပ်ပစ်၏။

ကလက်သောသစ်ပင်တို့သည် ဖြူလွှလွှနှင့် ပဝါအတွင်းမှ ရှမ္ဘက်လေ အဝှေ့တွင် တစ်ပင်နှင့်တစ်ပင် ဖက်ပွေ့လိုက်ကြ၏။

သစ်ပင်တို့ကိုအားကျသော ပိန်းကူးအပျိုမကလေးတို့သည် ချစ်သူကို တမ်းတသည့်...

"ကူးတူးပတ်တ်မာ၊ ရှဘီအို...

ယောဂု နတ်တ်မာ အံကျိုင့...

ပင်းတွန်းပတ်တ်မာ ဦးရပ်တ်ရမ်း..." အစရှိသော အော်ညည်းသံဖြင့် တောသံပေးလိုက်ကြ၏။

ထိုတေးသံသည်...

လူကလေးရဲ့နော်၊ သစ်ပင်ပေါ်၊ လွှဲကျော်ဖြစ်မည့်သား၊ မငိုပါနဲ့လား။ ရေထဲနေပြန် ဖျံဖြစ်မည့်သား၊ တိတ်ပါတော့လား...ဆိုတဲ့ အမေ့တေးသံကို နားထောင်ရင်း နို့တပြွတ်ပြွတ်စုပ်၍ ကြီးပြင်းလာရသော ကျွဲပေါက် ကလေးကဲ့သို့လည်း သန်မာအားရှိသောမောင်သည် ပြန်လာပေတော့မည်။

တို့မောင်သည် သစ်ပင်ထက်တွင် မျောက်ကဲ့သို့လည်းကောင်း၊ ရေအယဉ်တွင် ဖျံကဲ့သို့လည်းကောင်း၊ တောအသွားတွင် ကျားကဲ့သို့ လည်းကောင်း စွမ်းအားနှင့်ပြည့်စုံ၏။

မောင်ပြုလုပ်လေသမျှ ပြုံးသောမျက်နှာဖြင့် အမြဲကျေနပ်နေမည့် ကျွန်မသည် ယခု မောင်အပြန်တွင် ပါလာလိမ့်မည်ဖြစ်သော တောကောင် နှင့် သားငှက်တို့ကို ကူညီသယ်ယူရန် စောင့်နေပါသည်။

ဤသို့စောင့်ကြိုနေသဖြင့် မောင် အမောတကယ်ပြေလိမ့်မည်ဆို သော် ချစ်သောကျွန်မငယ်အဖို့ စောင့်ကြိုရကျိုးနပ်ပါပြီ... ဟူသော

အခိပ္ပာယ်ရှိ၏။

ဝါးနွယ်ဖြင့်ပြုလုပ်သော ညွှတ်များ၊ ဝါးဖြင့်ပြုလုပ်သော 'ဘိ'များ၊ 'ဆင်'ထားသော ထောင်ချောက်များ၊ 'ကပ်'ထားသော 'ဂျမ်း'များ၊ ဒူးလေးများနှင့် ရှေးရိုးလက်ဖြစ် တူမီးသေနတ်၊ ဓား၊ လှံ စသည်တို့ကို ကိုင်စွဲလျက် လွန်ခဲ့သည့်ခြောက်ရက်ခန့်ကတည်းက တောတွင်းသို့ ဝင်သွားကြကုန်သော လူရေးလူစပြုကြမည့် ပိန်းကူးယောကျ်ားတို့သည် အချို့ ဝမ်းပန်းတသာ ဟင်းလျာတောကောင်များနှင့်တကွ ပြန်ရောက်လာကြပြီဖြစ်သော်လည်း အချို့ မရောက်လာကြသေး...။

သို့သော် ယနေ့အဖို့ ပွဲတော်၏အစ၊ နေလုံးမကျမီ၊ အားလုံး ရွာအရောက် ပြန်လာကြရမည်ဖြစ်၏။

ဟင်းရွက်သစ်ရူးနေကြသော ပိန်းကူးမအပျိုအအိုတို့သည် ထိုသို့သော လေးထမ်းသည့် ဖေတို့ကို ဆီးကြိုကြရန်အတွက် တောစပ်၏အဝင်ဝ၌ ယခုကဲ့သို့ တေးဆိုသူဆို၊ အော်သူအော်၊ ပျော်သူပျော်နှင့် စည်စည်ညံညံ ရှိနေကြ၏။

တောင်ခါးပန်းနှင့် ခင်တန်းကုန်းမြောင်တို့တွင် ကျောကွင်းကိုထောင်သည့် ခွေးညီနောင့်သခင် ယုန်ရှင်ကိုဖမ်းခဲ့သော လေးထမ်းသည့်ဖေကို တွေ့ရသည်နှင့် တဲအိမ်နေ ကြင်သူတို့က ပြုံးသောမျက်နှာဖြင့် အပြေးဆီးကြိုကြ၏။ ပါလာသောအမဲဟင်းလျာတို့ကို ဝမ်းပန်းတသာ ဆီးယူကြ၏။ မိမိတို့ယူလာသည့် ခေါင်ရည်ဘူးကို ခေါင်ရည်ကဲ့သို့ ယစ်မူးစေသော မှိန်းမူးမူးအကြည့်ဖြင့် လေးကြီးရှင်ကို ပေးကြ၏။ ထို့နောက်... ဟင်းလျာကိုရွက်၊ လေးကိုဖက်လျက် မြူးကြွကြွအသွင်ဖြင့် ရွာဘက်သို့ ရှေ့ဆောင်ဝင်၏။

မြစ်ဖျားအရပ်ဖြစ်သော ခေါင်သော၊ နက်သော ပိန်းကူးတို့၏ ပဒူးမိန်း

ရွာကလေးသည် ရတ်တရက် ဖန်ဆင်းအပ်သောနတ်ပြည်ကဲ့သို့ ယခုအချိန် လွန်စွာစည်၏။

မုံရွာမြို့နှင့် အထက်ပိုင်းတစ်လျှောက်ရှိ မြန်မာဈေးသည်၊ တရုတ် ဈေးသည်၊ ကုလားဈေးသည်တို့၏ သရက်ထည်ပိတ်အဆင်စုံများ၊ ရွှေတု ငွေတု လက်ဝတ်တန်ဆာမျိုးစုံ၊ လှပပြောင်လက်သော ပြင်သစ်ကျောက်စီ လက်ဝတ်တန်ဆာမျိုးစုံ၊ သနပ်ခါးခဲ၊ အပေါစားပေါင်ဒါ၊ ရေမွှေးပုလင်း၊ နှုတ်ခမ်းဆိုးဆေး၊ ပါးဆိုးဆေး၊ လက်သည်းဆိုးဆေး၊ စီးကရက်၊ ဆေးပေါ့ လိပ်၊ မောင်းချစား၊ ကလေးဆော့သေနတ်၊ လေမှုတ်ပူဖောင်း စသော ပစ္စည်းမျိုးစုံရောင်းချသည့်ဆိုင်တို့သည် ပဒူးမိန်း၊ သဲလုံ စသော ပိန်းကူးရွာ တို့၏ ပတ်ဝန်းကျင်တစ်ဝိုက်တွင် မုံစီသလို ရောက်ရှိလာကြ၏။

အချို့သောပိန်းကူးနှင့် ကချင်အမျိုးသားတို့၏အိမ်၌ ပေါက်ဖော် ကြီးတို့၏ ကစားဝိုင်းနှင့် ဘိန်းခန်းများ ရောက်ရှိနေကြလေပြီ။

ပိန်းကူးအပျိုမကလေးများသည် နတ်ပွဲ၌ ကျွေးမွေးရန်အတွက် ယခင် ကတည်းက သီးသန့်သိမ်းဆည်းထားခဲ့ကြသော ကောက်သားကို ဆန် ဖြစ်စေရန် ထောင်းပြီး၊ ပြာပြီး ချက်ပြုတ်ရန် အသင့်ဖြစ်စေပြီးနောက် ချင်းတွင်းမြစ်၏ အေးစက်စိမ်းပြာသော ဖလ်ရေကြည်ဖြင့် တစ်ကိုယ်လုံး ဆေးကြောသုတ်သင်ကြ၏။ အသစ်စက်စက်ဝယ်ထားအပ်သော အမွှေး ဆပ်ပြာဖြင့် တစ်ကိုယ်လုံး အထပ်ထပ် တိုက်ချွတ်သန့်စင်စေကြ၏။

ထို့နောက် တစ်ကိုယ်လုံး အလှအပပြုပြင် ဖြီးလိမ်းကြပြီး အဝတ် သစ်များကို ဝတ်ဆင်ကြပြီး အမွှေးနံ့သာတို့ဖြင့် တစ်ကိုယ်လုံး စိမ့်ထုံစေပြီး မီးဖိုသို့ဝင်ကြ၏။

အိမ်ဦး၌ အကြီးအကဲဖြစ်သောယောကျ်ားတို့ကမူ မိမိတို့အိမ်သား များ ရှာဖွေရရှိလာသော ဒေါင်းမင်းများ၊ ယစ်များ၊ တောကြက်၊ တော

ဝက်များ စသည်တို့ကို သန့်ရှင်းစွာ အကောင်မပျက် ကိုင်ကြရ၏။ ထို့နောက် အကောင်မပျက် ချက်ကြရ၏။

ပြီးလျှင် ညနေငါးနာရီခန့်၌ ရှာစောင့်နတ်နှင့် တောင်ယာနတ်တို့ကို ကြက်ငှက်အမဲတို့၏ ယာဘက်လက်၊ ယာဘက်အတောင်ပံ၊ အသည်းနှလုံးတို့ပါသော ဟင်းလျာထမင်းတို့ဖြင့် အိမ်တိုင်း အိမ်တိုင်းက ကျွေးမွေးပသကြ၏။ နတ်ဆရာတို့၏ ရွတ်ဖတ်သရဇ္ဈာယ်သံသည် ဒီးဒုတ်ကြွေးကြော် ကြက်ကတော်သို့ ဓော်ဒီသံဆက်လျက် တစ်အိမ်မှတစ်အိမ် ပဲ့တင်ပြန်ကူး၏။

အိမ်သူအိမ်သားတို့ နတ်ကျွေးပသပြီးချိန်သည် တစ်အိမ်လုံး ပျော်မြူးဝမ်းမြောက်ကြသည့်အချိန်ဖြစ်၏။ ကလေး လူကြီးမကျန် ကိုယ်စိတ်ပေါ့ပါးရွှင်လန်းလာကြ၏။ အိမ်သားတိုင်းတို့၏ မျက်လုံးသည် ပြုံးနေ၏။ အိမ်သားတိုင်းတို့၏ နှုတ်ခမ်းသည် ပွင့်လုလုပန်းကဲ့သို့ ဣန္ဒြေရရှိ ယဲ့ယဲ့ကလေးမျှ ဆိုင်းငံ့နေကြ၏။

အိမ်မှုနတ်ဆရာသည် ချက်ပြီးဟင်းလျာပေါင်တစ်ဖက်နှင့် ထမင်းတစ်ပွဲကို ယူ၏။ ကျန်ပေါင်တစ်ဖက်နှင့် ထမင်းတစ်ထုပ်ကို အိမ်သားဖခင်၏ဘက်မှ အကြီးအကဲထံသို့ ပို့ပေးရန် ဖယ်လိုက်၏။ ထို့နောက် အသားဟင်းများဖြင့် ရောပြွမ်းသည့် ဖက်စိမ်းထမင်းထုပ်များကို အလုအယက် ဝိုင်းဝန်းနေကြသော အိမ်ရှိကလေးများနှင့် အိမ်သားများကို ပေး၏။

ပေးသူနှင့် ယူသူတို့က တစ်ပြိုင်နက်တည်း ပိန်းကူးစကားနှင့် အော်လိုက်ကြသော "ဟေး...ဒီနှစ်ပျော်သလို နောက်နှစ်လည်း ပျော်ကြဦးစို့"ဟူသော အသံသည် တစ်အိမ်လုံး ဟိန်းထွက်လာ၏။ ခပ်စောစောက ပြုံးလုလုမျက်နှာတို့သည် မိုးရိပ်အောက်မှထွက်လာသည့် နေရောင်ကဲ့သို့

အတားအဆီးမရှိ လင်းခနဲပွင့်လာရာမှ ရွှင်မြူးသောရယ်မောသံအဖြစ် တစ်အိမ်လုံး ဘောင်ဘင်ခတ်လျက် အိမ်ပြင်သို့လျှံထွက်၏။ ခွေးတွေရော ကလေးတွေပါ အိမ်သားအားလုံးတို့ ရှန်းရှန်းဖြန်းဖြန်းမြည်စေလျက် မြူးထူး၏။

လူကြီးအချို့ကမူ အများအပြားပြုလုပ်ထားသည့် အသားပြွမ်းသော ဖက်စိမ်းထမင်းထုပ်များကို ရွာမိရွာဖ အကြီးအကဲတို့၏ အိမ်ကိုလည်း ပို့၏။ မိဘဆွေးမျိုးနှင့် မိတ်ဆွေအပေါင်းအသင်းတို့၏အိမ်ကိုလည်း ပို့၏။ အခြားသော ရွာသူရွာသားများနှင့် ဈေးရောင်းလာကြသည့် ဗမာများ၊ တရုတ်များ၊ ကုလားများထံသို့လည်း ပေးပို့၏။

လူငယ်ပိုင်းကမူ မိမိတို့ချစ်သော မိတ်ဆွေအပေါင်းအသင်း အချင်းချင်းနှင့် ရွှေလည်ဖက်ပွေ့ နှလုံးမွေ့ကြမည့် သက်ထားကြင်ဘက်လောင်းများရှိရာသို့ ပေးပို့ကြ၏။

ချစ်သူအတွက် ပေးပို့ကြသည့် ဖက်စိမ်းထမင်းထုပ်၌ သွေ့ခြောက်သည့် အထိ အမွှေးနံ့မပြယ်သော ပန်းများ၊ ယစ်ကောင်၊ ဒေါင်းမင်းတို့၏ ဦးခေါင်း၊ အသည်းနှလုံးနှင့် ပေါင်နှစ်ချောင်းတို့ ပါလေ့ရှိကြ၏။

ချစ်သူသို့ ရည်စူးလျက် ကိုယ်တိုင်တည်အပ်သည့် ခေါင်ရည်ဘူးနှင့် အတူ ဖက်စိမ်းထုပ်ကို ကမ်းလင့်သော ပိန်းကူးအပျိုမကလေးတို့၏ ချစ်ရည်ဝေ့သည့် မှိန်းမူးမူးမျက်လုံး၊ အပြုံးလုသော နှုတ်ခမ်းအစုံတို့သည် အပေးခံရသူ လုလင်ပျိုအား ထိန်းမနိုင်သိမ်းမရ၊ ချစ်စိတ်ကိုကြွစေ၏။ ထိုအချိန်သည် တစ်ရွာလုံး ရယ်မောသံနှင့် ဆူညံရွှင်ပျနေကြသည့်အချိန် ဖြစ်၏။

ယခင်က လူရိပ်လူယောင်မြင်ရခဲသော ရွာကလေးတစ်ခုလုံး လှုပ်လှုပ် ရွရွဖြစ်စပြု၏။ ဈေးဆိုင်ကလေးများသည် ဟိုတစ်စု သည်တစ်စု အစုအစု

ပေါ်လာ ရောင်းချ၏။

သောင်ပြင်ပေါ်၌ သင်ဖျာရက်ရန် သင်လာခုတ်ကြသော ဗမာများက ရောင်းချသည့် လက်ဖက်ရည်အချိုဆိုင် တစ်ဆိုင် ပေါ်လာ၏။ ထိုဆိုင်၌ အရက်လည်းရ၏။ ဘိန်းလည်း ရ၏။ ပိန်းကူးတို့၏ပွဲတော်ကို နွဲပျော်ရန် အတွက် ရပ်ဝေးမှ သက်သက်လာကြသော ကာလသားကြီးငယ်တို့ဖြင့် တသောသော တဝေါဝေါ စည်ကား၏။

နန့်ဖား၊ စစ်ဖောင်၊ ဖောင်ဆိုင်၊ ငါးကွန်း၊ လစ်တူ စသည့် ပိန်းကူးရွာတို့မှ ပိန်းကူးဈေးသည် အပျိုမကလေးများလည်း ပွဲတော်သို့ ရောက်နေကြ၏။ ပိန်းကူးအပျိုမကလေးတို့သည် မိမိတို့၌ ပါလာသည့် ကုန်များဖြင့် တစ်အိမ်မှတစ်အိမ်သို့ ကူးချည်သန်းချည် ရက်ကန်းရှယ် သကဲ့သို့ ပြုလုပ်နေကြ၏။

ကချင်၊ ရှမ်း၊ ပိန်းကူး စသော ကာလသားတို့သည် ဝတ်ကောင်း ဆင်လှနှင့် ပိန်းကူးအပျိုမကလေးတို့ထံမှ အရက်လည်းဝယ် လူလည်း ဝယ်ကြ၏။ ထိုကာလသားလူလည်တို့သည် သဘောလွယ်၍ ချစ်တတ် ခင်တတ် အားနာတတ်သော ပိန်းကူးအပျိုမကလေးတို့ထံမှ အရက်ကို ငွေပေးဝယ်လျက် လူကို ချိုသာရဲတင်းလှသော ချစ်စကားလုံးများပေး၍ ဖွတ်တရွတ်ဝယ်ကြ၏။

ပြာညို့ညို့တောင်ကြီးသည် ဖလ်သားရောင်မြစ်ရေပြင်နှင့်အတူ ဖြူလွလွနှင်းမှုန်တို့၏အောက်၌ ပျောက်ချင်းမလှ ပျောက်ကွယ်သွားကြ သည်နှင့် လေးလေးတွဲ့တွဲ့ တောသံပေါက်သော လွမ်းမောဖွယ်ရာကောင်း သည့် သံပြိုင်သီချင်းသံ ပေါ်လာ၏။

ထိုအသံသည် ကျောက်တောင်များအကြားမှ အဟုန်ပြင်းစွာစီးဆင်း နေသည့် ဖလ်သားရောင်မြစ်ရေပြင်၏ ဟစ်ကြွေးသံကို ဖုံးလွှမ်း၍ တော

အလုံး ရှာအလုံးကို ပဲ့တင်ထပ်လျက်ပေါ်၏။

နှင်းပဝါခြုံထားသော တောင်ပြာကြီး၏ခြေရင်း၌ လျှောင်းစက်နေသည့် ဖလ်ရေပြင်...

ဖလ်ရေပြင်အေးစက်စက်ကို ဖက်ပွေ့ထားရသော သဲသောင်ခင်း။

သဲသောင်ခင်းအပေါ်ကိုမှ ကျူးကျော်တက်ရောက်ဝံ့သော ကုန်းမြေမြင့် ...

ကုန်းမြေမြင့်၏ ထိပ်ပတ်ဝန်းကျင်၌ ကုပ်ကုပ်ယို့ယို့ ဝိုင်းရံကြည့်နေကြသည့် ပိန်းကူးအမျိုးသားတို့၏နေအိမ်...

ထိုနေအိမ်များရှေ့ရှိ မြေကွက်လပ်ကြီးအလယ်၌ အူလှိုက် အသည်းလှိုက် လောင်မြိုက်နေသော လူ့တစ်ရပ်ခန့်နီးနီး မီးပုံကြီး။

ထိုမီးပုံကြီးကို ဝိုင်းပတ်လျက် ဝသော၊ နသော၊ ရင်ကြွ၍ လှသော တင်ကလေးများ၏ပိုင်ရှင်ဖြစ်ကြသော ပိန်းကူးအပျိုမကလေးတစ်သိုက်တို့ ဝိုင်းရံက,နေကြ၏။ သူကလေးတို့သည် ပျူဖွာသောမျက်လုံး၊ ပြူးသောမျက်နှာ၊ လှုပ်ခါသောပေါင်တံတို့ဖြင့် မြင်မရဲရှုမရအောင် တွန့်လိမ် ယိမ်းညွှတ်က၏။

သူကလေးတို့၏အကသည် ငြိမ့်ငြိမ့်ခြေဆောင့်သော်လည်း လေဟုန်စီးသကဲ့သို့ ညင်သာ၏။ သူကလေးတို့၏တေးသံသည် အစဖြစ်သောကြောင့် လေးတွဲ့သော်လည်း ကောင်းကင်ယံသို့ ပျံတက်လွင့်ပါး၏။ ထိုအသံသည် တောလုံးဟိန်းလျက် တောင်ကမ်းပါးယံနှင့်ရိုက်ခတ်၍ ရပ်လုံးရွာလုံး မြေပြင်အနှံ့၊ ကမ်းအပြန့် ကျရောက်ဖုံးလွှမ်း၏။

“ဟေး ... ပွဲစနေပြီကော”

နားစွင့်လိုက်ကြ၏။ အချင်းချင်း တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြ၏။ ဖြုန်းခနဲ ပြိုင်တူရပ်လိုက်ကြ၏။

သဲသောင်တို့မှ သစ်ရိပ်တို့မှ ဈေးဆိုင်တို့မှ အိမ်ငယ်ထက်တို့မှ၊ ချစ်ရေးဆိုကြသော အရောင်းအဝယ်ပြုနေကြသော၊ ခေါင်ရေစုပ်နေကြသော၊ သေသောက်နေကြသော၊ စကားတွတ်တွတ်ပြောနေကြသော၊ ပိန်းကူး ယောက်ျား, ပိန်းကူးမိန်းမများ၊ အခြားလူမျိုး ယောက်ျားများ, အခြားလူမျိုး မိန်းမများတို့သည်...

ထိုသို့သော မီးပုံဘေးမှတေးသံကို ကြားရသည်နှင့် ခွက်ပေါက်ကို ပိတ်၍ ခပ်အပ်သော ရေသည် အပေါက်ကိုဖွင့်သည်ဖြင့် အပေါက်ရှိရာ သို့ စုပြုံယိုစီးသကဲ့သို့ ပိန်းကူးရိုးရာပွဲသို့ လာရောက်ကြသော လူအားလုံး တို့သည် တေးသံကို ကြားသဖြင့် တေးသံလာရာ မီးပုံဆီသို့ ရှေးရှုပြေး ကြ၏။ ကလေး လူကြီး ရှိရှိသမျှ ပုပုရွရွအားလုံး မီးပုံဘေးသို့ ရောက် လာကြ၏။ အချို့ ဈေးဆိုင်တွေပါ ရွှေ့လာကြ၏။ အချို့ ဘေးမှဝိုင်းကြည့် ကြ၏။ အချို့ ကိုယ်တိုင်ဝင်ရောက်ကကြ၏။

ကသူများသည် အချို့ မိမိတို့မိန်းမပျိုကလေးအချင်းချင်း ရှေ့နောက် ယှဉ်လျက်၊ အချို့ မိမိတို့ချစ်သူများနှင့် ရှေ့နောက်ယှဉ်လျက်၊ အချို့ ဦးကြီးများ အဒေါ်ကြီးများနှင့် ရှေ့နောက်ယှဉ်လျက် တမင်နေရာရွေးချယ်၍ ကကြ၏။ ဤသို့ နေရာရွေးချယ်ယူထားကြခြင်းအတွက် သိသူတို့အဖို့ လေးနက်သောအကြောင်းရှိ၏။

ပိန်းကူးအပျိုမကလေးတွေချည်း ရှေ့နောက်စဉ်လျက် ကနေသည့် အကြားထဲသို့ ယောက်ျားပျိုကလေးများက မိမိကြိုက်နှစ်သက်သော ပိန်းကူး အပျိုမကလေး၏ရှေ့၌ ဝင်ရောက်ယှဉ်တွဲကနိုင်၏။ ပိန်းကူးအပျိုမကလေး က လက်ခံလျှင် မိမိအား ချစ်ရေးဆိုခွင့်ပေးခြင်းပင် ဖြစ်၏။ လက်မခံလျှင် ကနိုင်ခွင့်မရှိ၊ သို့သော် စိတ်မပျက်ဘဲ အခြားပိန်းကူးအပျိုမကလေးများ၏ ကြားထဲသို့ ဝင်ကြည့်နိုင်သေး၏။

ဦးကြီး အဒေါ်ကြီး စသော သက်ကြီးရွယ်ရင့်တို့၏ကြားထဲသို့ ဝင်ရောက်ကနေသော အပျိုမကလေးတို့ကမူ မည်သူ့ကိုမျှလက်မခံ။ ချစ်ခွင့်မပေး။ ကြားဝင်ခွင့်မပြုဟု ကြေညာထားခြင်းဖြစ်၏။

ထို့ကြောင့်လည်း ရှမ်းလူပျို၊ ကချင်လူပျိုနှင့် ပိန်းကူးလူပျိုတို့သည် ကပွဲစလျှင်စချင်း အပြေးအလွှားရောက်လာကြခြင်းဖြစ်၏။ ဝင်ရောက်ကခွင့် ပြုထားသောအပျိုတွေကို ကြည့်လျက် ဘယ်အပျိုရှေ့တွင် ဝင်ရောက်ကရ ပါမည်လဲဟု ရွေးချယ်ကြ၏။ ဝင်ရောက်ကကြ၏။ ယောကျ်ားများသာ မဟုတ်၊ တစ်ခုလပ်၊ မုဆိုးမ အရွယ်ကောင်းအမျိုးသမီးတို့ကလည်း အပျိုတန်းကြီး၏နောက်မှ ဝင်ရောက်ကကြ၏။ အပျိုတွေက လက်မခံ လိုက်သော ကိုလူပျိုကို မိမိတို့ရှေ့၌ ဝင်ကပါလားဟု ဖိတ်ခေါ်ကြ၏။

"အိုး…ရှာ…အိုး…ရှာ…အန်းကူး…အိုရှာ…"ဟု ဟစ်ကြွေးလိုက်ကြသော သီချင်း'အတိုင်'သံသည် တောသံလွင်လျက် ညည်းတွဲ့တွဲ့နှင့် လွမ်းချင့်စဖွယ် ရှိ၏။ ထို'အတိုင်'သံကို "အိုရှေ…အိုရှေ…အန်းကူး…အိုရှေ…"ဟူသော 'အဖောက်'သံဖြင့် ကျန်သော မိန်းမ, ယောကျ်ားတို့က ဝိုင်းဝန်းလိုက် ကြ၏။

ပိန်းကူးအပျိုမကလေးတို့သည် အတိုင်အုပ်စု အဖောက်အုပ်စုပြု၍ အနိမ့် အမြင့်၊ ဘယ်သံ ညာသံနှင့် သီချင်းကို အတီးမပါဘဲ သီဆိုကြ၏။ ကကွက်မှ ခြေထောက်ချသောအသံသည် ဖုန်းဖုန်းမြည်လျက် ဝါးချက်လိုက် သကဲ့သို့ ညီညာ၏။

ရိုးရာဓလေ့အတိုင်း ဝင်ရောက်ကသူတို့ အတော်များနေကြပြီဖြစ်၏။ တောင်အုပ်ဦးကြယ်ရောင်နှင့်တကွ ရွာလူကြီးများလည်း အစုံအညီ ကနေ ကြပြီဖြစ်၏။ ဖောင်ဆိုင်၊ ငါးကွန်း၊ လစ်တူရွာတို့မှ ပိန်းကူးအပျိုမကလေး များလည်း ဝင်ရောက်ကနေကြ၏။

အသံတိုင်သော အပျိုမကလေးအုပ်စုသည် “ဝေါ...ကွန်နီ...ခွန်မောာ... စီခွန်မော...စီခွန်ပါ လောယာ...”ဟု အားပါးတရတိုင်လိုက်သည်နှင့်...

အသံဖောက်လိုက်ရသော အုပ်စုအပျိုတို့ကလည်း “အေး...ကွန်နီ... ထေပါးရှိ ထေပါး...ရှိ...ထေး...ပါလောယာ...”ဟု အားပါးတရလိုက်၏။

သီချင်းသွားဟန်သည် ညည်းတွဲ့မှုထက် ရွှင်ပျမှုဘက်သို့ ရှေးရှု၏။ ကကွက် ကဟန်တို့ကလည်း သီချင်းသွားနှင့်အတူ သွက်လက်လာ၏။ အနီးအပါး၌ လှုပ်လှုပ်ရှားရှားရှိနေကြသောသူတို့သည်လည်း တဖြည်းဖြည်း ငြိမ်သက်စပြုလာကြ၏။

“ရွာလယ်မှာ ပွဲကြီးစ,ပါပြီ။ လာကြပါတော့၊ လာကြပါတော့။ တောင်ယာ၊ တောအိမ်၊ ချောင်းကြား၊ မြစ်ပြင်၊ သောင်ပြင်၊ ကမ်းစပ်၌ နေသူတို့ တစ်ယောက်မကျန် အားလုံးလာကြပါ၊ စုကြပါ...

“ငှက်များသည် အိပ်ချိန်တန်၍ သစ်ကိုင်းရှာချိန်ရောက်ပါပြီ။ မြွေများ သည် အစာရှာထွက်ဖို့ လမ်းရှာချိန်ရောက်ပါပြီ။ ဒီအချိန်၌ ငါတို့သည် တောင်ယာသစ်ခုတ်ရန်အတွက် တောနတ်ကိုကျွေးသော ပွဲတော်ကြီးကို စကြပါစို့။ ပျော်ပျော်ပါးပါး၊ စုပေါင်းကကြပါစို့။ ခေါင်ရည် တစ်ဘူးပြီး တစ်ဘူး တစ်ယောက်လက်မှတစ်ယောက် လုယူသောက်ကြပါစို့။ မိုးလင်း သဖြင့် နွားနောက်တွေအော်သည်အထိ ကကြပါစို့...”ဟု အဓိပ္ပာယ်ရသော ဖိတ်ခေါ်သည့်တေးသံအပိုဒ် ပြီးဆုံးသွား၏။

မီးပုံကြီးမှ မီးရောင်သည် ပိန်းကူးအပျိုမကလေးတို့၏ နီပြီးသော ပါးအို့ကို တွတ်တွတ်ရဲအောင်ခြယ်ပေး၏။ နွဲ့ကာ သွဲ့ကာ လှုပ်ခါနေသော ပိန်းကူးအပျိုမကလေးတို့၏ ကဟန်သည် မီးတောက်မီးညွန့်နှင့်အပြိုင် ယိမ်းကြ၏။ အနီးပတ်ဝန်းကျင်မှ လှုပ်လှုပ်ရွရွကြည့်နေကြသူတို့သည် ပြူးကျယ်သောမျက်ကွင်း၊ ဟင်းလင်းပွင့်သောပါးစပ်တို့ဖြင့် ထုလုပ်ထား

သော ကျောက်ရုပ်ကဲ့သို့ ရှိနေကြ၏။

ထိုစဉ် သီချင်းသံသည် ခလုတ်တိုက်မိသကဲ့သို့ ငံ့ခနဲရပ်တန့်၏။ ကနေသူနှင့် ကြည့်နေသူအပေါင်း၏ အားလုံးသောဦးခေါင်းတို့သည် သံပတ်ပေးထားသည့်စက်ရုပ်ကဲ့သို့ ပွဲအပြင်ဘက်ကို တစ်ပြိုင်တည်း လှည့်လိုက်ကြ၏။ အံ့ဩမှုသည် ပတ်ဝန်းကျင်တစ်ခုလုံးကို အခိုက်အတန့်အားဖြင့် စိုးမိုးသွား၏။

တောနတ်၏သမီးပျိုသည် လှပခြင်း၏ ကေရီအသွင် ဖန်ဆင်းလျက် ရုံရွှေတော်တို့နှင့်အတူ ထင်ထင်ရှားရှားလာနေဘိသို့ နန်းဟာဗီးသည် မိမိ၏အဖော် ပိန်းကူးအပျိုမအချို့နှင့်အတူ အမှောင်ဘက်မှနေ၍ မီးပုံပွဲ ရှိရာသို့ ရှေးရှုလာ၏။

"အက္ကလေး...ဗမ်လ...ဗမ်လ..." အမယ်လေး...လာကြ...လာကြ...။

တအံ့တဩငေးမောနေမိကြသော ပိန်းကူးအပျိုမကလေးအချို့က လှမ်းအော်ကြ၏။ ထို့နောက် ပို၍မြူးထူးစွာ ဆက်က၏။ ပို၍အသံကျယ်လောင်စွာ သီချင်းဆိုကြ၏။

မည်သို့ဆက်လက်ကနေကြစေ၊ မည်သို့ဆက်လက်ဆိုနေကြစေ၊ က,နေသူတို့နှင့် က,ပွဲကို ဝိုင်းကြည့်နေကြသူတို့၏ မျက်လုံးများသည် နန်းဟာဗီးတို့ အပျိုတစ်သိုက်ရှိရာသို့သာ လိုက်ကြည့်နေကြ၏။ ကြည့်လည်း ...ကြည့်ချင်စဖွယ်အသွင်အပြင်များ ရှိကြ၏။ အရိုးသားဆုံး၊ ရှေးအကျဆုံးဖြစ်သော လူမျိုးစရိုက်၊ ရိုးရာအဝတ်များကို ထိုအပျိုတစ်သိုက်လုံး တစ်ဆင်တည်း တစ်သွေးတည်း ဝတ်ထားကြ၏။ ထိုတစ်သိုက်လုံး၏ အဝတ်အဆင် ဟန်ပန်အပြုအမူတို့သည် အနုစိရှုစ်ဆယ်ခန့် ပြန်ရိုင်းသွားသကဲ့သို့ ထင်ရ၏။ လှုပ်ရှားမှုနှင့်တကွ အနေအထိုင် အကြည့်အားလုံး အရိုင်းဆန်၏။ ပြောကြသောစကားတို့ကလည်း ပိန်းကူးအမျိုးသား

စကားမှတစ်ပါး ပြောနေကျ မြန်မာစကားတို့ကို လုံးဝမပြောကြတော့...။

ထိုအပျိုမတို့သည် ကနေကြသူတို့၏ရှေ့ မနီးမဝေး၌ ရိုးရာဝလေ့၏ အရိုင်းဆန်ဆန်ဟန်ပန်မျိုးဖြင့် တန်းစီထိုင်ကြ၏။ ပါလာသော ခေါင်ရည်ဘူးကိုစုပ်ရင်း မလှုပ်ရှားသောမျက်နှာနှင့် ကနေသူတို့ကို ကြည့်ကြ၏။

"အား ကျင်ဆောဆော–ကျင်ဆောဆော၊ ကျင်ဝှန်း ကျင်ဆောဆော..."

အပြုံးပန်းပွင့်သောပါးစပ်၊ သွေးဖျန်းဖျန်းကြွသောမျက်နှာတို့ဖြင့် ကနေသည့် အပျိုအချို့က ညာသံနှင့် တိုင်လိုက်၏။ ကျန်အပျိုတို့နှင့်တကွ အားလုံးသော ယောကျ်ား, မိန်းမကြီးငယ်တို့က...

"အား...ကျင်ယားယာ...ကျင်ယားယာ...ကျင်ဝှန်း ကျင်ယားယာ"ဟု နိုးကြွသောမျက်နှာ၊ အားပါးတရရှိသောအသံဖြင့် ဘယ်သံမြည်စေ၍ ကကွက် ကဟန်တို့သည် သီချင်းသွားနှင့်အတူ ပို၍သွက်လက်လာ၏။

ရှေ့သို့ဆက်ဆိုရမည့်သီချင်းကို သိနှင့်ကြပြီးဖြစ်သော နန်းဟာစီးနှင့် အပျိုတစ်စုက ခေါင်ရည်ဘူးများကို လည်၌ဆွဲလျက် သီချင်းသီဆိုရင်း အကဝိုင်းထဲသို့ အစုလိုက် ဝင်ရောက်ကကြ၏။

"ညီး၊ လား၊ လော်...၊ ညီး...ပင်လော၊ ညီ...လောညီ..."

နောက်ဝင်လာသော အပျိုတစ်စုတို့၏အသံကြောင့် တိုင်သံသည် ပို၍မြင့်တက်လာ၏။ ထိုတိုင်သံသီချင်း၏ အဓိပ္ပာယ်သည် ခေါင်ရည်ဘူးကို လွယ်လျက် ကကြပါမည်ဟူ၏။ အဖောက်သမားတို့ကလည်း အားကျမခံ ပို၍ကျယ်လောင်စွာလိုက်ကြ၏။

"ညီ လော ညီ၊ ညီးပင်တန်း၊ ညီ လော ညီ..."

ခေါင်ရည်ဘူး...ယူခဲ့ကြပါဦး...ဟူသည့် အဓိပ္ပာယ်ရ၏။ အသင့်စောင့်ကြည့်နေကြသော ပွဲပြုလုပ်သူများ၊ ပိန်းကူးအဘိုးအို အဘွားအိုနှင့် ကလေးများ စသည်တို့က အသင့်ရှိနေပြီးဖြစ်သော ခေါင်ရည်ဘူးများကို

ယူလျက် ပွဲကနေကြသူတို့၏ လည်ပင်းကို တစ်ယောက်ပြီး တစ်ယောက် ဆွဲရိုတ်ပေးလိုက်ကြ၏။ အပြင်မှ ခေါင်ရည်သောက်လိုသူတို့ကလည်း ပွဲထဲသို့ ပြေးဝင်၍ ကကြ၏။ ရွှင်မြူးသံနှင့် တက်ကြွစွာသီဆိုနေကြသော ထိုသီချင်းပိုဒ်သည် တော်တော်နှင့်မပြီး။ ကနေသူတို့အတွက် ခေါင်ရည်ဘူး လူစေ့မရမချင်း ထပ်တလဲလဲရယ်သံနှင့် သီဆိုကြ၏။

'အတိုင်'ဆိုသူတို့သည် လည်၌ဆွဲထားသည့် ခေါင်ရည်ဘူးကို သောက်ဟန်ပြုရင်း ပျော်မြူးစွာကခုန်ကြ၏။ 'အဖောက်'လိုက်သူတို့ကလည်း ခေါင်ရည်ဘူးကို အပြင်သို့ လှမ်းတောင်းဟန် သောက်ဟန်ပြုလျက် ရွှင်မြူးစွာကခုန်၏။ ကိုလူပျိုတို့က ခေါင်ရည်ဘူးများကို အလုအယက် တကယ်လှမ်းပေးကြရင်း လက်ခံသူတို့၏ရှေ့မှ ဝင်ရောက်ကကြ၏။ ရယ်မောရွှင်ပျသံနှင့် သီချင်းသံတို့သည် တောင်ကမ်းပါးယံကို ရိုက်ခတ်ပျံ့လွင့်နေ၏။

■

သဲသောင်ပြင်ဆိပ်၌ နှင်းမှုန်တွေပိတ်နေ၏။

မော်တော်ရှေ့မှ မီးစူးသည် ပိတ်နေသော နှင်းမှုန်တွေအကြားသို့ အားနည်းစွာတိုးဝင်ရင်း သဲသောင်ဆိပ်ကမ်းသို့ ကပ်ရောက်လာ၏။

ပိန်းကူးမကလေးတို့၏ ရယ်မောရင်း သီဆိုလိုက်ကြသော သီချင်းသံ စာစာသည် မော်တော်ရှိရာသို့ ခပ်ယိုယို့ရောက်လာလျက် မော်တော်မှ ယောကျ်ားကြီးများ၏သွေးကို နွေးခနဲဖြစ်သွားစေ၏။

"သီချင်းသံတွေ ကြားနေရပါကော... သူတို့ ဒီလိုပဲ တစ်ညလုံး ကသလား..."

"အား...ဒေါက်တာ ဒီပိန်းကူးမတွေ မိုးလင်းအောင် က,ကြမှာ။ နှစ်တိုင်း ဒီလိုပဲ မိုးလင်းမှပြီးတာချည်းပဲ။ ကျွန်တော် နှစ်တိုင်းရောက်တယ်..."

အရာရှိကြီးသည် သလိပ်ကပ်သောအသံကွဲကြီးဖြင့်ပြောရင်း အကြောင်းမဲ့ တဟက်ဟက်ရယ်၏။ ထို့နောက် ဘာမျှမရှိသောပုလင်းကို ဖလ်ခွက်ထဲသို့ သွန်ထည့်၏။ မရှိတော့သည်ကို တွေ့မှ ပုလင်းခွံကို မော်တော်အပြင်သို့ ပစ်လွှတ်လိုက်၏။

"ကျွန်တော်တို့ သောင်ပေါ်ရောက်ရင် ပိန်းကူးအရက် နည်းနည်း

သောက်လိုက်ကြဦးစို့၊ ဒီမှာ ပိန်းကူးမတွေချက်တဲ့အရက်ဆိုတာ အားကြီး ကောင်းတယ် ဒေါက်တာ၊ ဖွဲနံ့ကလေးသင်းသင်းနဲ့ အရက်ကလည်း သိပ်ကောင်း၊ ကောင်မကလေးတွေကလည်း သိပ်သဘောကောင်း... အဲ...အဲ...အခု ဒေါက်တာ့ဆရာမတောင် အရက်တွေဘာတွေ ချက်တတ် နေပြီတဲ့..."

အရာရှိကြီးသည် အကြောင်းမဲ့ တဟက်ဟက်ရယ်ရင်း နေရာမှ ထ၏။ ထို့နောက် တပည့်တစ်ယောက် လှမ်းပေးသည့် အပေါ်ဝတ်အင်္ကျီ ရှည်ကြီးကို ဝတ်ပြီးလျှင် ညှို့သည်ဖြစ်သူ ဒေါက်တာ့ကို ခေါ်လျက် မော်တော်ပေါ်မှ ရှေ့ဆောင်ဆင်း၏။

သောင်ပြင်ပေါ်ရောက်သည်နှင့် ညှို့သည်ဒေါက်တာသည် ပို၍အေးမြ သည့် ရာသီဥတုနှင့် ရင်ဆိုင်ရ၏။

"အင်း...သူတို့ချက်အရက်တွေကိုပဲ တစ်ခွက်လောက်တော့ မျက်စိ မှိတ် တွယ်လိုက်မှပဲ"ဟု တွေး၏။ တစ်ခဏအတွင်း ချိုသောမျက်နှာ၊ နွဲ့သောအသံကလေးဖြင့် အနီးသို့ကပ်၍ အရက်များရောင်းချနေကြသော ပိန်းကူးမကလေးများနှင့် ရင်ဆိုင်နေရပြန်၏။

ဤချစ်ဖွယ်သောအသံကလေးမျိုးကို ကြားရသည်နှင့် မကြာမီတွေ့ရ မည့် အဝါ့ကို ချက်ချင်းသတိရလာ၏။ အဝါသည်လည်း ဤလို ချစ် ဖွယ် သနားဖွယ်ကောင်းသော အသံချိုကလေးမျိုးနှင့် စကားပြောတတ်၏။ စိတ်ဆိုးသွားဟန်ရှိသော အဝါသည် ယခင်လို ချိုမှ ချိုပါဦးမည်လား။ ဘာပဲဖြစ်ဖြစ် အဝါ့ကိုတော့ စိုးမိုးရဲသည်။ ဒီည သိရပေမည်ဟု ပြုံး၏။

သောင်ပြင်ပေါ်ရှိ မြန်မာလက်ဖက်ရည်ဆိုင်ရှင်သည် အရာရှိကြီးနှင့် ညှို့သည်ဒေါက်တာတို့အား အလွန်ရိုသေစွာ နေရာထိုင်ခင်းပေး၏။

"ရွာက ပိန်းကူးမတွေကတော့ ကနေကြတယ်ခင်ဗျ။ ဒီမှာတော့

ဒီကောင်မကလေးတွေ အရက်ပဲရှိတယ်။ နာမည်ကြီးဖောင်ဆိုင်အရက် ပေါ့...

"အား...ဖောင်ဆိုင်အရက်လား။ နင်တို့ ဖောင်ဆိုင်ကလား၊ မင်းကီး ရော မပါဘူးလား..."

ပိန်းကူးအပျိုမကလေးတို့သည် ဝါးကျည်တောက်ကိုကိုင်လျက် အရာရှိကြီး၏ရှေ့တွင် သဲပြင်ပေါ်၌ ဒူးထောက်ထိုင်၏။ သနားဖွယ်ရာသော မျက်နှာပြုံးပြုံးကလေးနှင့် မရဲတရဲ ရှေ့သို့တိုးကပ်လာ၏။

"မင်းကီး ပါတယ်ရှင့်၊ ပွဲထဲမှာ က,နေတယ်ရှင့်။ အစ်ကိုကြီး အရက်ဝယ်မယ် မဟုတ်လားရှင့်။ အားကြီးကောင်းတယ်ရှင့်။ အစ်ကိုကြီး ဝယ်ပါနော...။

"အေး...ဝယ်မှာပေါ့ဟ။ နင့်အရက် ကောင်းရဲ့လား။ တို့က အရက် ချည်းဝယ်မှာမဟုတ်ဘူး။ လူပါဝယ်ချင်တာ၊ ကဲ...ပြောစမ်း၊ လူက ဘယ့်လောက်၊ အရက်က ဘယ်လောက်လောက်တုံး၊ အရက် အရင်မြည်း ကြည့်မယ်..."

ပိန်းကူးမကလေးတို့၏မျက်နှာသည် မည်သို့မျှမပျက်ဘဲ အလွန်နှစ်လို ဖွယ်ရာ ပြုံးမြဲပြုံးနေ၏။ အနီးသို့ကပ်လာကြပြီး အဆင်သင့်မြည်းကြည့်ရန် ဝါးကျည်တောက်မှ အရက်များကို ခွက်ထဲသို့ ငှဲ့ပေးကြ၏။

အရာရှိကြီးသည် ပိန်းကူးမကလေး ငှဲ့ပေးသော အရက်ခွက်ကို ညှော်သည်ဒေါက်တာဘက်သို့ လှမ်းပေးလိုက်၏။ ထို့နောက် အခြား မိန်းကလေးတစ်ယောက်ပေးသည့် အရက်ကို မိမိကိုယ်တိုင် သောက်မြည်း ၏။

"အား...သိပ်မဆိုးဘူး၊ အရက်တော့ကြိုက်ပြီ။ လူရော...မြည်းကြည့်ရ မယ် မဟုတ်လား..."

ပိန်းကူးအပျိုမကလေးတို့က အရာရှိကြီး၏မျက်နှာကို အပြုံးမပျက် ကြည့်နေကြ၏။ အရာရှိကြီးကလည်း ပိန်းကူးမကလေးတို့၏မျက်နှာကို ရီဝေသောမျက်လုံးဖြင့် ဆွဲတော့မလို ကြည့်နေ၏။

"ကဲ...ဘယ်သူ့မြည်းရမတုံး။ နင့်ကိုလား...နင့်ကိုလား၊ ဟိုဘက်က ကောင်မလေးကိုလား..."

"လူက...ရောင်းဖို့ ဈေးဆိုင်ထားပြီးပြီရှင့်၊ ကျွဲတစ်ကောင်၊ မောင်း တစ်လုံး၊ ငွေငါးဆယ်နဲ့ သဲလုံက ပိုဝမ်းကို တော့်အဖက ရောင်းမယ်တဲ့ ရှင့်။ အခု အရက်ပဲရောင်းဖို့ရှိတယ်ရှင့်။ ဒီကျည်တောက်ကို ငါးကျပ်နဲ့ ရောင်းမယ်ရှင့်..."

"ဟာ...ဒီလိုဆို ဘယ်ဖြစ်မလဲ။ တို့က လူပါရမှ ဝယ်မှာ။ ဒါဖြင့် နင့်ဆီက မဝယ်ဘူး။ သူ့ဆီက ဝယ်မယ်၊ ဟုတ်လား၊ လူပါရမယ် မဟုတ်လား"

"လူက အဖဆီမှာဝယ်မှ ရမယ်ရှင့်။ ကျွန်မတို့က အဖမသိဘဲ လူ ကို မရောင်းနိုင်ရဘူးရှင့်။ အရက်ပဲရောင်းနိုင်တယ်ရှင့်..."

"နင့်အဖ မသိအောင် တိတ်တိတ်ကလေးရောင်းပေါ့ဟာ၊ ဟုတ်လား ...အစဉ်မရောင်းချင်နေ၊ ခဏရောင်း မဟုတ်ဘူးလား..."

ပိန်းကူးအပျိုမကလေးတွေက အပြုံးမပျက် ခေါင်းခါလိုက်ကြ၏။ အရာရှိကြီးသည် တဟားဟားနှင့်ရယ်လျက် ညွှဲသည်ဒေါက်တာဘက် သို့ လှည့်၏။

ဘိလပ်အရက်နှင့်သာ ရင်းနှီးခဲ့ရသော ညွှဲသည်ဒေါက်တာသည် လက်တစ်ဖက်ကား ပိန်းကူးချက်အရက်၊ ကျန်လက်တစ်ဖက်ကား ရေနွေး ကိုကိုင်လျက် ကြက်သီးထနေတုန်းရှိ၏။ အရာရှိကြီး လှည့်အကြည့်တွင်မှ မျက်စိကို စုံမှိတ်လျက် ရှုံ့သောမျက်နှာဖြင့် မော့၏။

တရုတ်နီမော်ထိုင်းအရက်၊ ရုရှားဖော်ဒကာအရက်တို့နှင့် ရိုးစွဲလိုက်သော ပိန်းကူးအပျိုမကလေးများ ကိုယ်တိုင်လည်း ချက်လုပ်ကြသော ဤတောင်ယာတောက သာမောဖွယ်ကောင်းသည့် ကောက်သစ်ဆန်အရက်မွှေးမွှေးကလေးသည် ညွှေ့သည်တော် ဒေါက်တာ၏ ရွှံ့နေသော မျက်နှာကို ပြုံးလာစေ၏။

ညွှေ့သည်ဒေါက်တာ၏ပါးစပ်မှ လူယဉ်ကျေးတို့၏ အံ့ဩသော လေချွန်သံမျိုး ပေါ်ထွက်လာ၏။ ထို့နောက် အနီးတွင် ကျုံ့ကျုံ့ယုံ့ယုံ့ထိုင်ကာ မိမိ၏အဖြစ်ကို ပြုံးပြုံးကလေးကြည့်နေကြသော ပိန်းကူးအပျိုမကလေးတို့၏မျက်နှာကို သတိထားမိလာ၏။ ဒေါက်တာသည် အရှက်ပြေ ရောနှောဆက်ပြုံး၏။

"ဒါ...မင်းတို့ချက်ကြတာလား..."

နုနယ်သော၊ ငယ်သော၊ ပျိုမျစ်သော ပိန်းကူးအပျိုမကလေးတို့က မျက်နှာကို လွှဲဖယ်ခြင်းမပြုဘဲ ကြည့်မြဲကြည့်လျက် မသိမသာ ယဲ့ယဲ့ကလေး ခေါင်းညိတ်ပြ၏။

မကြာမီ ညွှေ့သည်ဒေါက်တာ၏ဆန္ဒအတိုင်း အရာရှိကြီးသည်လည်းကောင်း၊ အရှာရှိကြီး၏ နောက်လိုက်နောက်ပါတို့သည်လည်းကောင်း၊ ပိန်းကူးအပျိုမကလေးတို့က အလိုက်သိသိ ငှဲကာငှဲကာပေးကြသော အရက်များကို တစ်ခွက်ပြီးတစ်ခွက်၊ တစ်ခွက်ပြီးတစ်ခွက် မြိန်ရေရှက်ရေနှင့် သောက်ကြ၏။

လက်ဖက်ရည်ဆိုင်ရှင် ထုတ်ချပေးသော ဆတ်သားကင်ကလည်း ပိန်းကူးမကလေးတို့၏ ဖွံ့နံ့သင်းသော ဆန်အရက်နှင့် လိုက်လွန်းလှ၏။ ဆတ်သားကင်တစ်ကိုက်၊ ဆန်အရက်တစ်ကျိုက် လိုက်လှသည့်ဖြစ်ခြင်း။

ပိန်းကူးမယ် အပျိုတို့သည် တဲတွေးကို တတစ်တစ်မျိုချရင်း လူ

ယဉ်ကျေးကြီးများ၏ မြိန်ရေရှက်ရေ စားသောက်နေကြသည့်မျက်နှာကို တစိမ့်စိမ့်ငေးမျှော်ကြည့်နေကြ၏။

ထို့နောက် လျော့သွားသော အရက်ခွက်သို့ ကျိုးနွံသောမျက်နှာနှင့် အလွန်နွဲ့ပျောင်းစွာ အရက်ထပ်ဖြည့်ပေးကြ၏။

အရာရှိကြီးသည် အရက်ခွက်ကိုယူ၍ တစ်ကျိုက်မျှသောက်လိုက်ပြီး နောက် ကြည့်နေသော ပိန်းကူးအပျိုမကလေးတို့အား အရောဝင်လိုသော မျက်နှာထားဖြင့် ခွက်ကိုမြှောက်ပြ၏။

"သောက်မလား...ဟေ့"

ပြုံးပြုံးကလေးဖြင့် လူယဉ်ကျေးကြီးတို့၏မျက်နှာကို တစိမ့်စိမ့်ကြည့် နေရှာကြသော ပိန်းကူးအပျိုမကလေးတို့က မျက်လုံးကိုလည်း မလှုပ်ရှား ကြစေဘဲ အပြုံးကိုလည်း မပျက်ကြစေဘဲ နွဲ့နွဲ့ကလေး ငေးနေဟန်နှင့် ယဲ့ယဲ့ကလေး ခေါင်းညိတ်ပြလိုက်ကြ၏။

ညှိသည်ဒေါက်တာနှင့်တကွ အရာရှိကြီးတို့သည် လက်ထဲရှိ အရက် ခွက်ကို ပိန်းကူးမကလေးများဆီသို့ ဆန့်တန်းကမ်းလိုက်၏။

နွဲ့သော၊ ငယ်သော၊ ပျိုမျစ်၍ ကလေးဆန်သော ပိန်းကူးအပျိုမ ကလေးတို့သည် အရက်ခွက်ကို လက်နှစ်ဖက်ဖြင့် စုကိုင်သောက်ကြရင်း လူယဉ်ကျေးကြီးတို့၏မျက်နှာကို ချိုပြုံးချစ်လိုစွာကြည့်ကြ၏။

ပြန့်ကျယ်သောသဲသောင်ပြင်အလယ်ရှိ သေးငယ်သော ရုံးရွက်တဲကို အေးစက်စိမ့်ယိုလာအောင် နှင်းမှုန်တို့ ဖုံးလွှမ်းပိတ်ဆို့ထားရာဖြစ်သည်။ တစ်လုံးတည်းသော လက်ဆွဲဓာတ်မီးရောင်၏ မင်းမူရာ ဤတဲကုပ်ငယ် အတွင်း၌ ကျင်းပပြုလုပ်နေကြသော အရက်ဝိုင်းသည် တစ်စထက်တစ်စ ပို၍ပျော်မြူးဖွယ် ကြည်နူးဖွယ်ကောင်းလာ၏။ ပိန်းကူးအပျိုမတို့၏ အရက်ကလည်း တစ်စထက်တစ်စ ပို၍အရသာရှိလာသည်ဟု ထင်ရ၏။

ဤသို့ဖြင့် ပိန်းကူးမကလေးတို့၏ အရက်ကျည်တောက်ကြီးတို့သည် ပိန်းကူးမကလေးတို့၏ အေးချို့ဝဲနွဲ့သော ချစ်ဖွယ်အသံကလေးတို့ကို ကြားလိုက်ရတိုင်း အလိုလို တစ်ဘူးပြီးတစ်ဘူး ခန်းခန်းသွားသကဲ့သို့ ထင်ရ၏။

ထိုသည့်နောက်ကား ပိန်းကူးမကလေးတို့ တစ်ဖက်တစ်ယောက်တွဲခေါ်လာကြခြင်းကို ခံယူလျက် အရာရှိကြီး၊ ဉေ့သည်ဒေါက်တာနှင့် အရာရှိကြီး၏တပည့်များသည် ပိန်းကူးတို့၏ပွဲရှိရာသို့ ရောက်လာကြ၏။

ပွဲဆရာတောင်အုပ် ဦးကြယ်ရောင်သည် သေနတ်တွေတကားကားဖြင့်တက်လာနေကြသော အရာရှိကြီး၏တပည့်များကို မြင်သည်နှင့် ပွဲကနေရာမှထွက်ကာ အရာရှိကြီးများ ထိုင်ရန်အတွက် နေရာအသင့်ပြင်ဆင်ထားပေး၏။ ထို့နောက် ချက်ချင်းလိုလိုပင် ပိန်းကူးပွဲတို့၌ ကျော်ကြားလှသော ပိန်းကူးခေါင်ရည်ကို ရိုသေစွာပေးလာ၏။

ပွဲ၌သောက်ရန် ပိန်းကူးတို့စိမ်သော ခေါင်ရည်ကား ကျော်ကြားသည်နှင့်အမျှ မီးတောက်ထဲသို့ပက်လျှင် အရက်ကဲ့သို့ ဝုန်းခနဲမီးလောင်၏။ ပြင်းရှရှဖြင့် သောက်ကောင်းလှသည်နှင့်အမျှ တစိမ့်စိမ့်ယစ်မူး၏။ တစ်ချိန်တည်း အရက်သောက်လိုက် ခေါင်ရည်သောက်လိုက် ပြုမိလျှင် သုံးလေးရက် အိပ်ရာမှ မထနိုင်တော့။

ဉေ့သည်ဒေါက်တာမှတစ်ပါး အရာရှိကြီးနှင့် တပည့်တို့သည် ဤအကြောင်းကို သိကြ၏။ သို့သော် မဆင်ခြင်နိုင်ကြဘဲ ခေါင်ရည်ဘူးကြီးများကို ပိုက်လျက် ခေါင်ရည်ကို စုပ်ကြလျက် သီးသန့်ချပေးထားသော ကုလားထိုင်ကြီးများပေါ်တွင် အစွေ့သားနှင့်...။

ရှုခင်းသည် ကောင်းကင်၌ နင်းကမ္ဘလာ မိုးထား၏။ ဘေးပတ်ပတ်လည်၌ စာပဝါပြူဖုံးသော မဟူရာတုံးကြီးများ ကာရံထား၏။ အလယ်၌

ပတ္တမြားမီးပုံ ဖိုထား၏။ ထိုပတ္တမြားမီးပုံကြီးကို ပတ်လျက် ဝသော၊ နုသော၊ ခါးငယ်ရင်ကြွ၍ လှသောတင်ကလေးများ၏ပိုင်ရှင် ဖြစ်ကြသော သမီးကညာရတနာတို့က တုတ်တဲ့တဲ့၊ လှုပ်လဲ့လဲ့၊ တကယ့်ရွှေပိုးတီ တွန့်သလို တလွန့်လွန့်ကနေကြ၏။

ညွှန့်သည်ဒေါက်တာသည် ကနေသူတို့အထဲ၌ အဝါ့ကို ရှာနေ၏။ ကနေသူတို့သည် ဒေါက်တာ၏ရှေ့မှ နှစ်ယောက်ပြီးနှစ်ယောက်၊ သုံးယောက်ပြီးသုံးယောက် အထပ်လိုက် အထပ်လိုက် ဆင်တူဆင်တူ ဖြတ်ဖြတ်သွားကြ၏။

"အ…လောင်ရိုးရှေ…လောင်ရိုးရှေ…လောင်ရို့နဲ့ညိုဟဲ၊ လောင်ရိုးရှေ…"

သံစူးကလေးများသည် အလွန်ဆတ်လတ်တက်ကြွစွာဆိုလိုက်၏။ အလိုက်သံတို့ကလည်း တစ်ဆက်တည်းလိုလို အလွန်သွက်သွက်လက်လက် ဘယ်သံဖြင့်လိုက်၏။

"အ၊ လောင် တောင်း ယာ၊ လောင် တောင်းယာ၊ လောင်တောင်းလဲ လောင်ယာ၊ အလောင်းယာ…"

ဖက်မစွာရသေးသည့်ပြောင်းဖူးကဲ့သို့ လှပတစ်ရစ်သော သလုံးသားကြီးများသည် မီးပုံရှေ့၌ တေးသံအလိုက် စိပ်တစ်ခါ ကျဲတစ်လှည့်ဖြင့် လှုပ်ရှားနေကြ၏။

ပြေးခုန်နေရသောကြောင့် ပြည့်မောက်နေပါလျက်နှင့် လှပစွာတွဲအိသော ပိန်းကူးအပျိုမတို့၏ရင်သည် သိမ်သောခါး၏အထက်မှနေ၍ မြင်သူတို့ အူယားလောက်အောင် လှုပ်ယမ်းခေါင်းညိတ်လွန်း၏။

လှပသောတင်အကျနှင့် လိုက်လျောသော ကြိုးထွားသန်မာသည့် ပေါင်တံအစုံတို့သည် ရှေ့သို့လှမ်းလိုက်တိုင်း မီးရောင်နှင့်ထိလျက် ကြည့်

လှည့်ပါ ရှုလှည့်ပါဟု ဖိတ်ခေါ်နေသကဲ့သို့ အသက်ရှူမှားလောက်အောင် ထင်းခနဲ တင်းခနဲ အလှပြ၏။

အရာရှိကြီး၏တပည့်အချို့သည် ပိန်းကူးမကလေးတွေ၏ ကြားထဲသို့ အတင်းဝင်ရောက်ကကြ၏။ ကရိုးကစဉ် လက်ချင်းဆက်၍ကရုံမျှ မဟုတ်ဘဲ ခါးကိုလည်း ဖက်ကြ၏။ ကိုယ်လက်နေရာမလပ်၊ ဟိုဟိုဒီဒီကိုလည်း ဆွဲကြကိုင်ကြ၏။

ပိန်းကူးယောကျ်ားပျိုတို့သည် တပြည်းပြည်း ကြက်ပျောက် ငှက်ပျောက် ပျောက်ကုန်ကြလျက် ပိန်းကူးယောကျ်ားလူအိုကြီးများသာ ကျန်ရစ်ကြ၏။ ပိန်းကူးမိန်းမပျိုမကလေးအချို့သည် ကပွဲအတွင်းမှ ရှန်းကန်ထွက်ပြေး ကုန်ကြ၏။

"သမီးတို့ တူမကြီးတို့ ပွဲပျက်ရင် တောင်ယာလည်းပျက်၊ ရွာလည်းပျက် တတ်တယ်... ပွဲမပျက်အောင် ဆက်ကကြဟေ့..."

တောင်အုပ်ကြီး ဦးကြွယ်ရောင်၏အသံကြောင့် ကျန်ရှိနေသူများက သီချင်းအဆိုမပျက် အကမပျက်ဘဲ ဆက်လက်ကမြဲ ကနေကြ၏။ သားမှ ဝိုင်းဝန်းကြည့်နေကြသော ပိန်းကူး အဘိုးအို အဘွားအိုတို့ကလည်း ပွဲမပျက်စေရန် အကဝိုင်းထဲသို့ ဝင်ရောက်ကကြ၏။

အလွန်အကျွံမူးလာပြီဖြစ်သော အရာရှိကြီးသည် နာမည်တစ်ခုကို ခေါ်လျက် ကနေကြသူများကို ဟိုလူ့ဆွဲ ဒီလူ့ဆွဲ ဆွဲစပြု၏။

ပိန်းကူးစကားဖြင့်ပြောလိုက်ကြသော လူကြီးအချို့၏အသံနှင့်အတူ ရှေးရိုးရာ ပိန်းကူးအဝတ်ကို ဝတ်ထားသည့် နန်းဟာဗီးတို့၏အုပ်စုထဲမှ ပိန်းကူးအပျိုမတစ်ယောက်သည် ကနေရာမှ အပြင်သို့ထွက်လျက် အရာရှိ ကြီးကို ချော့မော့တွဲခေါ်၏။

နန်းဟာဗီးသည် အသားဆတ်ဆတ်တုန်လျက် ကနေရာမှ ဝိုင်းအပြင်

သို့ထွက်၏။ ထို့နောက် ပိန်းကူးလူကြီးများကို ပိန်းကူးစကားဖြင့် အပြင်းအထန် အကျောက်အကန် ဆူပူပြောဆို၏။ အရာရှိကြီးကို တွဲခေါ်သွားသည့် ပိန်းကူးအပျိုမကလေးဆီသို့ လှည့်၍ လှမ်းအော်၏။

ပိန်းကူးအပျိုမကလေးသည် တုံ့ခနဲရပ်သွား၏။ ထို့နောက် ပိန်းကူးစကားနှင့် နန်းဟာဗီးကို ပြန်ပြော၏။ အပျိုးမကလေး၏ မျက်လုံးသို့ မျက်ရည်များလည်နေ၏။ အပျိုမကလေး၏မျက်နှာ၌ အလွန်နာကြည်းခံခက်ဟန်ပေါ်၏။ အပျိုမကလေး၏စကားသံ၌ ငိုသံပါ၏။

ပိန်းကူးအမျိုးသား ဦးကြီးနှင့် အဒေါ်ကြီးတို့ကမူ အလွန်စိုးရိမ်သောမျက်နှာထား၊ အလွန်စိုးရိမ်သောလေသံတို့ဖြင့် နန်းဟာဗီး၏ ကိုယ်လက်ခြေထောက်တို့ကို ဆွဲကိုင်ပွတ်သပ်လျက် ဖျောင်းဖျချော့မော့၏။

ပန်းသွေးရောင်ထသော နန်းဟာဗီး၏မျက်နှာသည် ဖြတ်ဖြတ်သွားကြသည့် ကနေသောလူရိပ်တို့ လွန်လေတိုင်း ထင်းမီးရောင်တွင် နှင်းဆီပွင့်ကဲ့သို့ တွတ်တွတ်ရဲမြင်ရ၏။

ခါးငယ် ရင်ကြွ၍ လှသောတင်၊ တောင့်သောပေါင်တံ၊ လှပ်ရှားသောဟန်ပန်၊ တောက်ပြောင်သောမျက်လုံးတို့သည် ပါးပျဉ်းထသော ငန်းဝါမြွေပျိုမ၏အလှကဲ့သို့ စူးစူးရဲရဲရှိ၏။

လူအားလုံးတို့သည် ချစ်ဖွယ်၊ ကြိုက်ဖွယ်၊ ကြောက်ဖွယ်လှနေသော ခေါင်းဖြတ်တော့မည့် လူရိုင်းပျိုမကြီးအသွင်ပေါက်နေသည့် နန်းဟာဗီးကို ငေးကြည့်နေကြ၏။

ရိုးရာယုံကြည်မှုကြောင့် ရပ်ဆိုင်းခြင်းမပြုဝံ့သဖြင့် အရှိန်မပျက်ကနေကြသူတို့ကလည်း  နန်းဟာဗီးရှိရာသို့ မျက်စိရောက်နေကြ၏။ ထိုစဉ် ကြည့်နေကြသူလူအားလုံးတို့သည် အသက်ရှူရပ်လျက် ပင့်သက်ရှိုက်မိကြ၏။ ရင်၌ တထိတ်ထိတ်ဖိုလှိုက်လာကြ၏။ တစ်ခုခုဖြစ်တော့

မည်ဟု စိတ်တထင့်ထင့်ပူကြ၏။

မှူးနေသော ညှို့သည့်ဒေါက်တာသည် လှသော၊ တောင့်သော ငန်းဝါပျိုမကဲ့သို့ ပါးပျဉ်းထသော လူရိုင်းပျိုမကြီးအနီးသို့ ရဲတင်းစွာရောက်လာ၏။ လူရိုင်းပျိုမကြီး နန်းဟာဗီးကို ဖက်တော့ မွေ့တော့မလို ဟန်ပန်ဖြင့် မူးမူးရူးရူးပြု၏။ မျက်နှာချင်းအပ်၊ ပါးချင်းကပ်တော့မလိုလိုလည်းပြု၏။

“ဝါ...ကို ဝါ့ဆီကို တမင်လာခဲ့တာလေ၊ ကို ဝါ့ဆီကို မလာဘဲ မနေနိုင်တော့ဘူး သိလား။ ဝါက ဝါပိုင်ထားတဲ့အလှကလေးနဲ့ ကို့ကို မနေနိုင်မထိုင်နိုင်အောင်လုပ်တယ်။ အဝေးကြီးကနေပြီး ဝါ့ရှေ့မှောက်ကို ရောက်လာအောင်လုပ်တယ်။ ဝါ သိပ်ဆိုးတာပဲ...”

ဒေါက်တာ၏စကားသံသည် မပီမသဖြစ်နေ၏။ ဝါ...ကို...‘ဘွာ’ ဟု အသံထွက်နေ၏။ လူကလည်း လဲတော့မလို ယိုင်ခနဲ ယိုင်ခနဲ တစ်ချက်တစ်ချက် ယိမ်းထိုး၏။ မျက်နှာကလည်း စပ်ဖြဲဖြဲနှင့် မျက်လုံး မပွင့်ဘဲ မှဲ့ကာရွဲ့ကာရှိနေ၏။ တမင်လာခဲ့တာ ဟူသောစကားကို တမွှင် ဝါခဲ့ဒါ...ဟု မပီမသ အာလေးလျှာလေးကြီးဖြင့်ပြော၏။

ခပ်စောစောကတည်းက သိပြီး မြင်ပြီးဖြစ်သော နန်းဟာဗီးသည် ယခင်က ချစ်ခဲ့ရ၊ ကြိုက်ခဲ့ရ၊ မြတ်နိုးခဲ့ရ၊ မြင်ယောင်ခဲ့ရသော...

ကျက်သရေရှိလှသည်၊ သိက္ခာရှိလှသည်၊ ယောကျ်ားပီသလှသည်ဟု ထင်ခဲ့ရသော ကို၏မျက်နှာကို အလွန်နာကြည်းစွာ စူးစူးစိမ်းစိမ်းကြည့်၏။

ပန်းပဲသမား၏မီးတောက်ဖြင့် ပျော့ပျောင်းသောသံချောင်းသည် ရေနှင့်ထိတွေ့သဖြင့် ဖန်ရည်ထုံးရည်တို့ စွတ်စိုလျက် ယခင်ထက် ပို၍ မာကျောရဘိသို့ ...

ဘဝကပေးသည့် အချစ်သောကမီးကြောင့် ပျော့ပျောင်းငိုညည်းခဲ့ရသော နန်းဟာဗီးသည် ကို့ကို တွေ့ရသဖြင့် ဒေါသဖြင့် စွတ်စိုလျက်

တစ်ကိုယ်လုံးမွန်ထူမာကျော၏။ သို့သော် မှုးနေသောကိုသည် နန်းဟာဗီး၏မျက်နှာကို နှစ်လိုလျက် ရှက်ကြောက်နေဟန်ရှိသည်ဟု ထင်၏။

“အာခု၊ ကို…ဝါ့ရှေ့မှောက်မှာ ဆိုက်ရောက်စစားနေရတဲ့ အချစ်ရဲ့အကျဉ်းသမား ဖြစ်နေရပြီ သိလား…။ စိုးမိုးနိုင်တဲ့ အလှဘုရင်မကြီးက ကို့ကို အကျဉ်းသမားကလေးကို သနားပြီး အိမ်ခေါ်သွားပါလားကွာ…။ ကို့ကို အရင်တုန်းကလို ချစ်ဘူးလား…။ ချစ်နိုင်တော့ဘူးလား…”

'ပြန်း…'ခနဲမြည်သောအသံသည် ကနေကြသူတို့၏ သီချင်းသံတို့ကို ဖုံးလွှမ်းလျက် သစ်ပင်များကို ပဲ့တင်ရိုက်ခတ်ပြီးလျှင် တောသံပေး၍ ကောင်းကင်သို့ ပျံ့လွင့်သွား၏။

ဒေါက်တာသည် တစ်ပတ်လည်၍ မြေပေါ်သို့ လဲကျသွား၏။ အားလုံးက ဝိုင်းဝန်းအာရုံစိုက်နေကြသောကြောင့် အားလုံးက ထင်ထင်ရှားရှားမြင်လိုက်ကြ၏။

အရာရှိကြီး၏တပည့်အချို့သည် ကြက်သေ သေနေကြရာမှ ချက်ချင်းတောကောင်သူရဲများ အော်ဟစ်သကဲ့သို့ ကြိမ်းမောင်းအော်ဟစ်လျက် ပြေးလာကြ၏။ ထိုသူတို့၏ကိုယ်၌ သေနတ်ကြီးများကို လွယ်ထားကြသည်ဖြစ်ရာ လွယ်ထားသော သေနတ်ကြီးတို့သည် ယမ်းခါလျက် ပါလာကြ၏။ အချို့က ယမ်းခါနေသည့် ထိုသေနတ်ကြီးများကို လက်ထဲသို့ ဖြုတ်ယူလျက် ပစ်တော့မည့်အသွင်မျိုးဖြင့် ဂျိုးဂျိုးကျောက်ကျောက် လုပ်လိုက်ကြ၏။

မှုးယစ်လွန်းသဖြင့် လဲပြိုလုလုဖြစ်နေသောကြောင့် ပိန်းကူးမယယ်ကို ဖက်တွယ်မှီနေရသည့် အရာရှိကြီးသည် ချက်ချင်း ဧည့်သည်ဒေါက်တာအနီးသို့ ပြန်ရောက်နေ၏။ အလွန်စိုးရိမ်စွာ အလွန်တုန်လှုပ်စွာဖြင့် ဒေါက်တာကို တွဲပြီး ထူပြီးဖြစ်နေ၏။ ထို့နောက် အရာရှိကြီးနှင့်တကွသော

လက်နက်ကိုင်တပည့်တို့သည် နန်းဟာဗီး၏ရှေ့မှ ပိတ်ဆို့ရင်ပေါင်တန်းကြ လျှင် နန်းဟာဗီး၏မျက်နှာကို စားတော့မည်ကဲ့သို့ စုပ်ပြုကြည့်၏။

"ဖာစုတ်မ...အရိုင်းမ...ဒါ လူကြီးလူကောင်း သိလား။ ဒါ...နိုင်ငံ တော်ရဲ့ ရောဂါပိုးမွှားတို့ကို လေ့လာဖို့ ရောက်လာတဲ့ နိုင်ငံတော်ရဲ့ ကျန်းမာရေးဌာနက အကြီးဆုံးအရာရှိချုပ် တိုင်းမင်းကြီးရဲ့..."

ကိုဧည့်သည်သည် အရာရှိကြီး၏စကားမဆုံးမီ မိမိကိုယ်ကို မိမိ ဘာသာ ရပ်တည်လိုက်၏။ ထို့နောက် ရန်ပြုတော့မည်ကဲ့သို့ စီတန်းရပ် နေကြသည့် မိမိဘက်တော်သား လက်နက်ကိုင်တို့၏ရှေ့သို့ ထွက်လျက် လက်ကိုဆန့်တန်းတားလိုက်၏။ မီးပုံမှမီးရောင်သည် ဧည့်သည်ဒေါက်တာ ၏ပါးစပ်မှ စီးကျလာသော သွေးတို့ကို အထင်းသားမြင်စေ၏။

"အေး...ဟုတ်တယ်...နင်တို့လို လူကြီးလူကောင်းတွေ ဖျက်ဆီးလို့၊ ငတို့လူမျိုးတွေ ဖာစုတ်မ ဖြစ်နေကုန်ကြပြီ။ ဒါကြောင့် ငါ့ကိုယ်ငါ ဖာစုတ်မ မဖြစ်ရအောင် နင်တို့လို အပျက်အစီးဆုံး လူကြီးလူကောင်း တွေရဲ့ရန်ကို ကာကွယ်လိုက်တာ..."

ထွားသော၊ ရိုင်းသော၊ သန်မာသော အရိုင်းမကြီးသည် ဧည့်သည် ဒေါက်တာနှင့်တကွ အရာရှိကြီးတို့အား နာကြည်းမှုကို ခံစားနေရသည့် ကျဉ်းမြောင်းသောမျက်လုံးဖြင့် စူးစူးရဲရဲကြည့်၏။

'ဖာစုတ်မ'ဟူသော စကားကို မြန်မာစကားအတိုင်း ထည့်လျက် ကျန်စကားလုံးတို့ကို ပီသရှင်းလင်းသော သံပိုင်းသံဖြတ်တို့ဖြင့် အမေရိကန် ရုပ်ရှင်မင်းသမီးတို့နှင့် ယိုးမှားလောက်အောင် အင်္ဂလိပ်လိုပြော၏။

ဒေါက်တာသည် ရုပ်ရှင်ထဲမှ လူရိုင်းမချောချောကြီးကဲ့သို့ဖြစ်နေသော လက်သံပြင်းလှသည့် မိမိဆရာမဟောင်းကလေး၏မျက်နှာကို တွန့်ဆုတ် ဆုတ်အပြုံးဖြင့် မဝံ့မရဲကြည့်နေစဉ်...

နန်းဟာဗီးသည် မည်သူ့မျှမမှုသော နေလုလင်မ၏မျက်နှာထားဖြင့် မိမိသွားလိုရာသို့ တည်ငြိမ်စွာ ရှေ့ရှုထွက်သွား၏။ ဒေါက်တာအရာရှိကြီးနှင့် လက်နက်ကိုင်တပည့်တို့သည် အလင်းရောင်ရှိရာတွင် အမှောင်ရိပ်ဖယ်ရှားပေးရသကဲ့သို့ ဘေးသို့ ရှောင်ခွာရှဲပေးလိုက်ကြ၏။

ဒေါက်တာသည် ပါးစပ်မှစီးကျနေသော သွေးတို့ကို လက်ဖြင့်သုတ်လိုက်ပြီး အရာရှိကြီးဘက်သို့ လှည့်ပြုံး၏။

"ကိစ္စမရှိပါဘူး၊ သူက သိပ်စိတ်နာနေတာဗျ။ တကယ်တော့ ရန်ကုန်မှာ သူ ဆရာမကလေး လုပ်နေတုန်း ကျွန်တော်က အိမ်ထောင်မကျသေးဘူး။ အဲဒီတုန်းက သူဟာ ကျွန်တော်ရဲ့ လက်မထပ်ရသေးတဲ့ မယားပေါ့။ သူ…တစ်နေ့က ခန်းမှာ ကျွန်တော်နဲ့ ထားကို တွေ့သွားတယ်လေ…။ အဲဒီတော့ သူ့ကို မယူရကောင်းလားလို့ စိတ်နာနေမှာပေါ့…"

ကိုညွှန့်သည်သည် ရယ်ရွှန်းဖတ်ရွှန်းဖြင့် ဘေးမှ အခြားလူများကြားအောင် အသံခပ်ကျယ်ကျယ်ပြော၏။

"ကြားကြလား…ခင်ဗျားတို့ ကြားကြလား။ အဲဒီပိန်းကူးမဟာ ဒီလူကြီးမင်းရဲ့ မယားတဲ့။ အဲဒီပိန်းကူးမရဲ့ ဆွေမျိုးမိဘတွေ ဒီအထဲမှာ မရှိဘူးလား။ ဘယ်မလဲ တောင်အုပ်ကိုကြယ်ရောင်။ ကိုကြယ်ရောင်လာစမ်း ဒီကို…"

ချက်ချင်းလိုလိုပင် ဦးကြယ်ရောင်နှင့်အတူ ဘိန်းလန့်နေဟန်ရှိသော ပိန်းကူးလူကြီးတစ်ယောက်သည် အရာရှိကြီး၏ရှေ့သို့ ရောက်လာ၏။ အခြားပိန်းကူး ယောကျ်ား မိန်းမများလည်း ဝိုင်းအုံရောက်လာကြ၏။

"ဟော့…မင်းတို့က ဘာလို့လိုက်လာရတာလဲ၊ မင်းတို့ မကကြဘူးလား။ မင်းတို့ ရွာနာမှာ မကြောက်ဘူးလား…"

အရာရှိကြီးက ပြေးလိုက်တော့မည့်ဟန်မျိုးဖြင့် ခြောက်လှန့်အော်ဟစ်လိုက်၏။ ပိန်းကူး အမျိုးသမီး အမျိုးသားကြီးငယ်တို့သည် လန့်ဖျံ့သော ပျားများကဲ့သို့ ဝုန်းခနဲပြေးကြ၏။

“ကဲ...ကဲ...လုပ်ကြပါ၊ လုပ်ကြပါ။ ခင်ဗျားတို့ထုံးစံအတိုင်း ကမြဲကကြပါ။ ကျွန်တော်တို့ကြောင့် ဘာမှအနှောင့်အယှက်မဖြစ်ကြပါစေနဲ့...”

မီးပုံကပွဲကိုရပ်လျက် အထိတ်တလန့်ဖြစ်ကုန်ကြသော ပိန်းကူး လူကြီးလူရွယ်များနှင့် မိန်းမငယ်များကို ဒေါက်တာသည် အလွန်သဘောထားပြည့်ဝဟန်ဖြင့် တောင်းပန်သလိုလို အထပ်ထပ်ပြောသည်။

ထိုစဉ် ဦးကြယ်ရောင်ကပါ ရောနှောအော်ဟစ်ခေါ်၏။ ထွက်ပြေးနေကြသူ ကြောက်ရွံ့နေကြသူတို့ကို အတင်းလိုက်ဆွဲ၏။ စောစောကတည်းက အဆက်မပြတ်ရုံမျှ မီးပုံကို လှည့်ပတ်ကနေကြသော အဘွားအိုတစ်ယောက်နှင့် အဘိုးအိုနှစ်ယောက်တို့၏နောက်မှ ချက်ချင်း လူတွေအားလုံးလိုလို ပြန်ရောက်လာကြ၏။ တိတ်နေသောသီချင်းသံသည် အသံလွှင့်ချိန်၌ ဖွင့်လိုက်သည့် ရေဒီယိုသံကဲ့သို့ ရုတ်ခြည်း ဝေါခနဲဆူညံလာ၏။

ဤသို့ နေသားပြန်ကျသွားသည်နှင့် အရာရှိကြီး၏ရှေ့၌ ဦးကြယ်ရောင်နှင့် ပိန်းကူးအဘိုးကြီးတို့ ရောက်လာကြ၏။ အရာရှိကြီးသည် ဦးကြယ်ရောင်နှင့် ပိန်းကူးအဘိုးကြီးကို ဒေါက်တာနှင့်ဝေးရာသို့ ခေါ်သွား၏။

“ဒါ...ခင်ဗျားသမီးလား။ ဒီတစ်ယောက်တည်း ရှိသလား။ ရန်ကုန်ကို ဘယ်အရွယ်က ပို့လိုက်တာတုံး။ ဘယ်သူနဲ့ ပို့လိုက်တာတုံး။ ဘယ်သူ့ဆီ ပို့လိုက်တာတုံး။ တခြားကျောထောက်နောက်ခံ ဘယ်သူရှိသေးသတုံး...”

အရာရှိကြီး၏မေးခွန်းများကို ဘိန်းလန်နေသော ဦးကျိုဝမ်းက အတော်ကြိုးကြိုးပမ်းပမ်းဖြေရ၏။ ထိုသို့ဖြေရင်း ရင်ထဲမှလည်း တလုပ်လုပ်

ဖြစ်လာရ၏။ မနီးမဝေးမှ ရပ်စောင့်နေကြသော အရာရှိကြီး၏ တပည့်ကျော် လက်နက်ကိုင်များကို ကြည့်လျက် နလုံးတုန် ရင်ခုန်လာ၏။ ဤတွင် အလိုလိုဝမ်းနည်းလာရင်းက မိမိတို့လင်မယားအား အတိုင်းအတာနှင့် ဘိန်းရှုခိုင်းနေသော နှိပ်စက်လှသည့် သမီးဆွန်းဝမ်းကို အလွန်နာကြည်းလာ၏။

"အေး...တော့်သမီးကို တော့်က ကြောက်နေကြရတာပလေး...။ သူ့ကိုလည်း တော့် ဘာပြောဝံ့မတုံး။ လူကြီးများကိုရော တော့်က ဘာပြောဝံ့မတုံး။ တော့်သမီးကို ဆုံးမမယ့်လူ ဘယ်မှာရှိတယ်လည်း တော့်မသိဘူးပ။ တော့်ပိန်းကူးတွေလည်း ဘယ်သူမှ သူ့ကို မပြောဝံ့ကြဘူးပ။ ကြယ်ရောင်လည်း အသိပ..."

အရာရှိကြီးသည် ဦးကျိုဝမ်း၏စကားကို နားထောင်ရင်း ဦးကျိုဝမ်း၏မျက်နှာကို စူးစူးစိုက်စိုက် အကဲခတ်၏။

"ဒီမှာ...ခင်ဗျားသမီး ကျုပ်တို့နဲ့ပါလာတဲ့ လူကြီးမင်းနဲ့ ရှုးတယ်ဆိုတာ သိရဲ့လား။ ဒီလူကြီးမင်းဟာ သူ့မိန်းမဖြစ်ဖူးတဲ့ ခင်ဗျားသမီးဆီကို သွားရောက်တွေ့ဆုံခွင့်ရှိတယ်။ ဒါကို ခင်ဗျားတို့ပိန်းကူးတွေ ဝင်ပြီး နှောင့်ယှက်ကြမယ်ဆိုရင် ကျုပ်တို့တစ်တွေ လူကြီးမင်းဘက်က ကာကွယ်ပေးရလိမ့်မယ်။ ကျုပ်ပြောတာ နားလည်ရဲ့လား..."

မင်းဝမ်းသည် မိမိတို့နှင့် မနီးမဝေးတွင် အရာရှိကြီးနှင့် ဦးကြယ်ရောင်၊ ဦးကျိုဝမ်းကို စကားပြောနေကြသည်ကို ကနေရာမှ လှမ်းလှမ်းကြည့်၏။ ထို့နောက် မိမိ ကြားသိရလို ကြားသိရငြား ခေါင်ရည်ဘူးများကိုယူလျက် အရာရှိကြီးနှင့် ဦးကြယ်ရောင်တို့ကို သွားရောက်ပေးပြီး မယောင်မလည်နှင့် မနီးမဝေးတွင် ရပ်စောင့်၏။ သို့သော် တောအုပ်ဦးကြယ်ရောင်က မင်းဝမ်းကို မောင်းထုတ်လိုက်သည်။

ပိန်းကူးအပျိုမကလေးတို့သည် ကျသောနှင်းပြိုက်ပြိုက်၏အောက်၌ မီးကျီးအားကောင်းသော မီးပုံကြီးကို ဝိုင်းပတ်ကကြရင်း အတွေးကိုယ်စီနှင့် ရှိနေကြ၏။

ဤအပြစ်မျိုးများ ဖြစ်ကြပြီးနောက် မိမိတို့ရွာလူကြီးများ၊ မိန်းကလေး မိဘများနှင့် ဤသို့သော အရာရှိကြီးများ ယခုလို စကားပြောကြပြီးလျှင် မည်ကဲ့သို့ဖြစ်လာတတ်ကြသည်ကို ဤပဒူးမိန်း၊ သဲလံ၊ ဖောင်ဆိုင် စသော ချင်းတွင်းမြစ်ကမ်းပါးရှိ ပိန်းကူးအမျိုးသမီး အားလုံးတို့က သိနေကြ၏။

မိမိတို့အရပ်၌ လူကြီးတွေ ဤသို့ ခေါင်းချင်းဆိုင်ကြပြီးသည့်နောက် ထိုလူကြီးတွေနှင့် သက်ဆိုင်သော မိန်းကလေးသည် မကြာမီ အိမ်ထောင် ပြုကြရ၏။ အကယ်၍ အိမ်ထောင်မပြုလျှင်လည်း တစ်ခါတစ်ရံ အဖေ မရှိသောသားကို မွေးရတတ်ကြ၏။

မီးပုံကနေရာသို့ ဦးကြယ်ရောင် ရောက်လာပြီးနောက် မိန်းကလေးများ ဘယ်မှမသွားဘဲ ဤတွင် ကမြဲကနေရန် ပြောကြား၏။ အချို့ ရှောင်ရှား ထွက်သွားကြကုန်သော ယောကျ်ားများကိုလည်း ဦးကြယ်ရောင်က ပြန်ခေါ်ထား၏။ မီးပုံကပွဲသည် မကြာမီ စည်စည်ကားကား အားတက် သရော ကနေကြပြန်၏။ အရာရှိကြီးနှင့် လက်နက်ကိုင်တပည့်တို့သည် အလွန်ကျေနပ်ရစွာ ခေါင်းရည်စုပ်နေကြ၏။ အချို့သောလက်နက်ကိုင်တို့ ကား သောင်ပြင်ရှိ လက်ဖက်ရည်ဆိုင်ဆီသို့ ရောက်နေကြလေပြီ။

နန်းဟာမီးသည် ရန်ကုန်၌နေစဉ် စောစောက အရိုက်ခံရသည့် ညဲ့သည်တော်ကြီး၏မယားဖြစ်ဖူးသည်ဟု ညဲ့သည်တော်ကြီး ကိုယ်တိုင် က ပြောပြကြောင်း ပိန်းကူးယောကျ်ားတွေရှိရာမှ တစ်ဆင့် ပိန်းကူးအမျိုး သမီးတွေဆီသို့ ပါးစပ်သတင်းရောက်လာ၏။

ပိန်းကူးအပျိုမအချို့က ဟုတ်မှာပဲဟု ထောက်ခံကြ၏။ ထိုအပျိုမတို့သည် ယခုလာသော ဧည့်သည်တော်ကြီးနှင့် နန်းဟာဗီးတို့ ခန္တီးမြို့ဈေးဆိုင်ထဲ၌ တွေ့ကြစဉ်က ဧည့်သည်ယောကျ်ားကြီးက နှုတ်ဆက်ရာ နန်းဟာဗီးက မျက်နှာချင်းမဆိုင်ဘဲ ထွက်ပြေးသွားသည်ကို သိကြသူများဖြစ်၏။ ထိုစဉ်က နန်းဟာဗီးသည် ခန္တီးမြို့၌ပင် မနေတော့ဘဲ မင်းဝမ်းနှင့်အတူ ပဒူးမိန်းသို့ ချက်ချင်းပြန်ပြေး၏။ ထို့ကြောင့် ဤသတင်းသည် ဖြစ်နိုင်စရာအကြောင်းရှိသည်ဟု ဆိုကြ၏။

“ဒါကြောင့် သူ့ယောကျ်ားက တို့ရွာကို အတင်းလိုက်လာတာ ဖြစ်ချင်ဖြစ်မှာ ငါဆိုရင်တော့ မူမနေပေါင်။ ပြန်လိုက်သွားလှရျည့်”

တစ်ယောက်တစ်ပေါက်ပြောနေကြသော မိမိတို့ အဖော်မိန်းမပျိုများအား ဤသတင်း မဟုတ်ရကြောင်း မင်းဝမ်းက ရှင်းပြ၏။

ယခုလိုက်လာသူသည် အလွန်ကျော်ကြားသော ခွဲစိတ်ဆရာဝန်တစ်ဦးဖြစ်၍ အလွန်လည်းချမ်းသာသူဖြစ်ကြောင်း၊ နန်းဟာဗီးနှင့် ချစ်မိကြိုက်မိကြပြီး နန်းဟာဗီးကို ယူပါမည်ဟု ကတိပေးခဲ့ကြောင်း၊ ယခု ကတိမတည်ဘဲ အခြားမိန်းမတစ်ယောက်ကို ယူလာသဖြင့် နန်းဟာဗီးက စိတ်နာကြည်းနေခြင်းဖြစ်ကြောင်း ပြော၏။

“အဲ့တ္တလေး...မင်းဝမ်းရေ...။ ဒီရည်းစားက မယူရင် ဟိုရည်းစားကို ရှာပြီးကြိုက်လိုက်ရုံပ။ သူ့လင် တခြားမိန်းမ ယူလာချည့်လို့ ညည်းကောင်မ စိတ်ဆိုးနေတာပလေး။ သူ့လင်ကလည်း သည်းခံလှရျည့်ပ။ ဒါပေမဲ့ ခုလောက်ဆိုရင် သူ့လင်က ‘လုံးပြီးလို့ ညည်းကောင်မ စိတ်ပြေလောက်ပြီပ”

မင်းဝမ်းသည် ထိတ်ထိတ်ပျာပျာဖြင့် ဧည့်သည်တော်များရှိရာသို့ လှမ်းကြည့်၏။ မင်းဝမ်း စိုးရိမ်လိုက်သည့်အတိုင်း ဧည့်သည်တော် ဒေါက်တာသည် ကုလားထိုင်၌ မရှိလေတော့။

မင်းဝမ်း၏နဖူးဆံစတို့၌ သီးကျနေသော နှင်းပေါက်များနှင့်အတူ ချွေးပေါက်ကြီးများ စို့လာ၏။

ရဲရဲတောက်သောမီးကျီးတို့သည် ကြီးသောနှင်းပေါက်ကြီးများ၏ အောက်တွင် တရှဲရှဲနှင့် ငြိမ်းချမ်းသွားကြ၏။

ပိန်းကူးအပျိုမကလေးတို့၏ တေးသံအကြား၌ မင်းဝမ်း၏တေးသံ သည် တဖြည်းဖြည်း တိတ်ဆိတ်သွား၏။

ဦးကြွယ်ရောင်နှင့် လူကြီးများအလစ်ကို စောင့်ကြည့်နေခဲ့သော မင်းဝမ်းသည် မီးပုံကြီးကို ငါးပတ်မျှ ပတ်မိသောအခါ အခွင့်ကောင်းရသည် နှင့် ကရာမှ ပြေးထွက်သွား၏။

■

[ ၁၁ ]

မီးဖို၌ မီးရောင်ကလေး မှေးမှေးမှုသာမြင်ရသည့် အမှောင်ပတ်ဝိုင်းနေသော အိမ်ငယ်၏အတွင်း၌ပင် မျက်စိနောက်နေ၏။ အမှောင်ထုသည် ပတ်ပတ်လည်တွင် ရောင်မလွတ်အောင် ရှုပ်ထွေးနေသည်ဟုထင်၏။

ဂျိုးကျောင်းမြည်အောင် ပြင်းသောခြေလှမ်းဖြင့် ခေါက်တုံ့ခေါက်ပြန် လျှောက်နေရာမှ မိမိရှေ့တွင်ရှိသော အမှောင်ထုကို လူလုံးဖြင့် အားပါးတရ တိုက်လိုက်၏။

အမှောင်ထုသည် မည်သို့မျှပြန်မပြု။ တွန်းကန်ခြင်း၊ ခုခံခြင်း၊ ရန်းဖယ်ခြင်းလည်းမရှိ၊ ဤသည်ကိုပင် နန်းဟာဗီးက မိမိကို လှောင်ပြောင်သရော်သည်ဟုထင်လျက် ပို၍ဒေါသထွက်၏။

နန်းဟာဗီး၏လက်ချောင်းများသည် ဆုတ်ချည် ဖြန့်ချည်ပြုနေ၏။ တစ်ချက်တစ်ချက် လက်မောင်းကို စုံမြှောက်၍ တစ်စုံတစ်ခုကို ရိုက်သကဲ့သို့ လေထဲတွင် အားနှင့်ဆန့်၏။ တစ်အိမ်လုံး သိမ့်သိမ့်လှုပ်အောင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်၏။ မီးဖိုဘေး၌ တနုံ့ခနဲရပ်၏။ မီးကျီးခဲရောင်ဟပ်သည့် မှိန်းမှေးမှေးမီးဖိုကို ရန်သူကဲ့သို့ စူးခနဲကြည့်၏။ ပြင်းသောအရှိန်ဖြင့် မီးဖိုဘေးရှိ ထိုင်ခုံပေါ်သို့ တစ်ကိုယ်လုံးပစ်ချထိုင်၏။ အိမ်ငယ်သည် ဆင်တိုးခြင်းခံရဘိသို့ ငြိမ့်ခနဲ ပြင်းစွာလှုပ်ရသည်။

ချက်ချင်း တိုက်ခန်း၌ အလုံသိမ်းထားသည့် ကျောက်ဆစ်ရုပ်ကဲ့သို့ ငြိမ်သက်နေပြန်၏။ မီးဖိုမှ မီးကျိုးခဲရောင်သည် အမှောင်၌ ငြိမ်သက်သည့် နန်းဟာဗီး၏မျက်နှာကို ပန်းရည်လူးခြယ်ပေးထား၏။

အဖော်ပိန်းကူးအပျိုမတို့၏ မီးပုံကရာမှ သီချင်းသံသဲ့သဲ့သည် နှင်း ပင်လယ်ကို ကျော်ဖြတ်လျက် အထီးထီးရှိနေရသော နန်းဟာဗီးရှိရာသို့ လိုက်လာနှုတ်ဆက်၏။

သီချင်းသံသည် ပျော်ဟန်ရှိသော်လည်း သီချင်းဆိုသူတို့ကား တကယ် မပျော်နိုင်ရှာကြ။ ယုံလွယ်သော၊ ရှစ်ခင်တတ်သော၊ သဘောကောင်း လှသော၊ ပိန်းကူးအပျိုမကလေးများကို ပို၍တတ်သိသော၊ ပို၍ယဉ်ကျေး သော၊ ပို၍ကြွယ်ဝသော၊ အခြားလူမျိုးတို့က အတင်းအပျော်ကြံကြ၏။ အတင်းအပျော်ခြေတင်ကြ၏။ အတင်းအပျော်ဖျက်ဆီးကြ၏။ စီးပွားရေး နှင့်တကွ လူမှုရေးတို့ကိုပါ အတင်းအပျော် နိုင်ထက်စီးနင်း ပြုကျင့် ကြည့်ကြ၏။ ထိုသည့်နောက်ကား ပိန်းကူးမကလေးများနှင့် ပိန်းကူးလူမျိုး တို့ကို သင်းတို့ကပင် မကောင်းသတင်းလွှင့်ကြ၊ ပြောကြ၊ နှိမ့်ချကြသေး၏။

ပန်းသွေးကွပ်ထားသော နန်းဟာဗီး၏မျက်နှာသည် အလွန်နာကြည်း စွာ လှုပ်ရှား၏။ နန်းဟာဗီး၏မျက်နှာပေါ်က်သည် မှုန်မှေးကျဉ်းမြောင်း လာ၏။ နန်းဟာဗီး၏ သန်မာသောမေးကြောကြီးသည် တင်းခနဲ တင်းခနဲ ထောင်၏။

ကျွိ…ဟု မြည်သွားသော ဝါးတံခါး၏အသံသည် တိတ်ဆိတ်နေ သည့် တစ်အိမ်လုံးကို လွှမ်းမိုးသွား၏။ နန်းဟာဗီးသည် ထိုအသံနှင့်အတူ ထိုင်ရာမှ မတ်ခနဲရပ်၏။ ထို့နောက် တံခါးဝကို မျက်တောင်မခတ်သော မျက်လုံးဖြင့် စူးစိုက်ကြည့်၏။ သို့သော် ပိန်းကူးအိမ်တို့၏ ထုံးစံအတိုင်း တံခါးပေါက်၏ရှေ့၌ လှေကားစိုက်ထားသည့်နေရာတွင် နံနက်တိုင်း

ဆန်ထောင်းကြရသည့် မြေစိုက်အခန်းငယ်တစ်ခု ရှိနေသေးသောကြောင့် မှောင်နေသဖြင့် အပြင်သို့ လုံးဝမမြင်ရ။

တံခါးသည် ကျွီ...ဟူသောအသံကိုပြုလျက် ဖြည်းညင်းစွာပြန်ပိတ်၏။ ထို့နောက် ဆုတ်ဆိုင်းဆုတ်ဆိုင်းခြေသံဖြင့် ဝါးကြမ်းပြင်ကို စမ်းသပ်နင်းလာသည့်အသံမျိုး ကြားရ၏။

မှောင်ထဲသို့ စူးစိုက်ကြည့်နေသည့် သန်မာသော မိန်းမပျိုထွားထွားကြီးသည် သွေးဖျန်းဖျန်းပူကြွလျက် နှုတ်ခမ်းကို တင်းတင်းစေ့လိုက်၏။ ထို့နောက် ကျပ်စင်ပေါ် အသင့်ထားနေကျဖြစ်သော ‘ဟင်းဖျက်’ဓားမြှောင်ကို ဆွဲယူဆုပ်ကိုင်လိုက်၏။ ဓားမြှောင်သည် ကျပ်စင်ပေါ်ရှိ ဝါးတိုင်ကို ထိလျက် သေးငယ်သောအသံကို ဖြစ်စေ၏။

လှမ်းလာသောခြေသံသည် တုံ့ခနဲရပ်သွား၏။ အတန်ကြာငြိမ်သက်ပြီးနောက် နန်းဟာမီးရှိရာသို့ တည့်တည့်မတ်မတ်လာရာမှ ရပ်ပြန်၏။ နန်းဟာမီးသည် ဓားကို တင်းတင်းဆုပ်လျက် အသက်မရှူဘဲ ငြိမ်သက်ရပ်စောင့်၏။

“ဆွန်းဝမ်း”

မိမိအနီးမှကပ်လျက် လေသံဖြင့် တိုးတိုးခေါ်လိုက်သော မင်းဝမ်း၏အသံကို ကြားရ၏။

“ညည်း ဘာလို့ စကတည်းက အသံမပေးတာလဲ”

နန်းဟာမီးသည် မင်းဝမ်းကို ဒေါသနှင့်ကြိမ်း၏။ မင်းဝမ်းက နန်းဟာမီး၏လက်မောင်းကို လှမ်းဆုပ်လှုပ်ယမ်းသည်။

“ငါ ညည်းကို အသံကျယ်ကျယ်နဲ့ မခေါ်ချင်လို့ပေါ့အေး။ လာလာ... ဒီမှာ မကောင်းဘူး၊ ညည်းကို ငါမြင်နေရတယ်။ ညည်းနောက်မှာ မီးဖိုရှိနေတယ်မဟုတ်လားအေး ...”

မင်းဝမ်းသည် နန်းဟာဗီးကို အိမ်ပြင်သို့ ပြန်ထွက်သွားကြရန် ဆွဲခေါ်၏။

"ဘယ်လဲ...ညည်း ဒါ အခု ဘယ်သွားမလို့လဲ..."

"အဂ္ဂလေး...နန်းဟာဗီးရေး–ညည်းမသိဘူးပအေး။ အခု ညည်းအိမ်မှာ ညည်း မနေရင် ကောင်းတာပလေး..."

မင်းဝမ်းသည် စိတ်တိုစိတ်ရှုပ်ဟန်ဖြင့် အတင်းဆွဲခေါ်သွား၏။ သစ်တုံးတစ်တုံးတည်းကို ထစ်ထားသည့် လှေကားငယ်ပေါ်မှ ရှေ့၌ရှိသော ဆန်ထောင်းသည့်အခန်းထဲသို့ ဆင်းပြီးသည်နှင့် အပြင်မှ စကားပြောလာကြသည့် ယောကျ်ားသံများကို ကြားကြရ၏။

မင်းဝမ်းသည် နန်းဟာဗီးကို ဆွဲပြေးလျက် အိမ့်ပြင်သို့ ထွက်ရမည့် အခန်းနံရံဘက်ကို ကျောဖြင့်ကပ်၍ ငြိမ်သက်စွာရပ်၏။

စကားပြောလာကြသော အသံများသည် မင်းဝမ်းတို့ကို လွန်လျက် တန်းတန်းမတ်မတ် အိမ်တွင်းသို့ဝင်ကြ၏။

"သည်အိမ်ပ–ဆွန်းဝမ်းတို့အိမ်။ ကျုပ်တို့ ပိန်းကူးအိမ်လှေကားက နည်းနည်းအတက်ရခက်တယ်ခင်ဗျ။ မီးထိုးထားပေးမှ ဆရာကြီး တက်လို့ရမယ်..."

ဝင်လာကြသူတို့သည် သုံးယောက်ဖြစ်၏။ ရွာခံ ပိန်းကူးယောကျ်ားတစ်ယောက်၊ အရာရှိကြီး၏တပည့် လက်နက်ကိုင်တစ်ယောက်နှင့် ညှိသည်တော်လူကြီးမင်း ဒေါက်တာ။

သုံးယောက်လုံး မင်းဝမ်းနှင့် နန်းဟာဗီးကို ကျောပြုလျက် ရှေ့တွင်ရှိသော လှေကားကို ဓာတ်မီးဖြင့်ထိုးပြသူက ပြ၍ တက်သူက တက်နေကြ၏။

မင်းဝမ်းသည် ဤအချိန်၌ပင် ဆွန်းဝမ်း၏လက်မောင်းကိုဆွဲလျက်

မိမိတို့ ကျောကပ်နေကြသော ထရံ၏အပြင်ဘက်သို့ ထုပ်ဆီးတိုးသလို လှစ်ခနဲထွက်၏။ အပြင်ရောက်သည်နှင့် တစ်ဆက်တည်း ဆွဲပြေး၏။ မီးပုံကနေကြသူတို့၏ သီချင်းသံသည် တဖြည်းဖြည်း ပို၍ကျယ်လောင်၏။

အလွယ်လိုက်ပါပြေးလာသော နန်းဟာဗီးက တုံ့ခနဲရပ်လိုက်၏။ ခလုတ်တိုက်လိုက်ဘိသို့ တန့်ခနဲရပ်လျက် လဲပြိုလုလု ယိမ်းခါသွားသော မင်းဝမ်းကို လက်တစ်ဖက်တည်းနှင့် ဆွဲထိန်းထား၏။

"ညည်း အခု ဘယ်သွားမလို့လဲ..."

"မီးပုံကတဲ့ဆီကိုပအေး။ အဲဒီမှာ ညည်းနေဖို့အကောင်းဆုံးပ။ မကောင်းဘူးဆိုရင် အဲဒီကလူတွေအားလုံးရှေ့မှာ ဘယ်မှမသွားဘဲ ထိုင်နေရင် အကောင်းဆုံးပ..."

နန်းဟာဗီးသည် မင်းဝမ်းကိုင်ဆွဲထားသည့် မိမိလက်မောင်းကို နောက်သို့ရုပ်လိုက်၏။

"ဟေ့အေး ငါ အဲဒီမလိုက်ချင်ဘူး။ ငါ ဒီလိုစော်ကားမော်ကား လုပ်နေကြတဲ့လူတွေနဲ့ နောက်ထပ် မျက်နှာချင်းမဆိုင်ချင်ဘူး။ အို... ငါမလိုက်ဘူးအေ။ နောက်ထပ် ငါ မျက်နှာချင်းဆိုင်ရရင် တစ်ခုခုဖြစ်လိမ့်မယ် သိလား"

နန်းဟာဗီးသည် ပြောပြောဆိုဆို မိမိလက်ထဲ၌ ဆုပ်ကိုင်လျက်ပါလာသော ဟင်းဖျက်ဓားမြှောင်ကို အမှတ်မထင် မြှောက်ကြည့်၏။

နှင်းထုကြီးဖုံးအုပ်ထားသောကြောင့် ကောင်းကင်၌ အရောင်မရှိ။ သို့သော် နန်းဟာဗီး၏လက်ထဲရှိ ဓားကိုကား မင်းဝမ်းက မြင်ရ၏။ ရွာ၌ အမဲရသောအခါ ဦးကျီးဝမ်း အမဲအရေ လိုက်၍ခွာပေးသောဓား ဖြစ်သည်။

"ပေးပါအေး...ညည်းဓား"

မင်းဝမ်းသည် စားကိုဆွဲယူလိုက်၏။ ထို့နောက် မှောင်သောနှင်းမှုန်ထုအတွင်း၌ပင် နန်းဟာမီး၏မျက်နှာကို စိုးရိမ်ပူပန်စွာ စူးစိုက်ကြည့်၏။

"ညည်း ငါ့စကား နားထောင်ပါလားအေး...။ သူတို့ ညည်းကို လိုက်ရှာနေကြတာပ။ မီးပုံကလူတွေအားလုံးရှေ့မှာဆိုရင် ညည်းကို လုံးဖို့ သူတို့မဖြစ်ပ။ အဲဒီတော့ ညည်းကို တခြားဆွဲခေါ်သွားကြရင် ငေါ့်အားလုံး ညည်းဘက်က သက်သေရကြတာပ။ အခုလို တခြားနေရာမှာဆိုရင် ညည်းဘက်က သက်သေမရဘူးပ..."

နန်းဟာမီးသည် ချော့ချော့မော့မော့ရှင်းပြနေသော မင်းဝမ်း၏စကားကို နားထောင်ရင်း ရင်ထဲက နာကြည်းလာ၏။

သည်အတိုင်း မင်းမဲ့တိုင်းပြည်လို ဖြစ်ရတော့မှာလား။ ဖြစ်နေတယ် ထားဦး။ တစ်ချိန်က မိမိကို ချစ်ခဲ့ပါသည်။ ကြင်နာခဲ့ပါသည်ဆိုသော ကျော်ကြားသည့် ခေတ်ပညာတတ် လူယဉ်ကျေးကြီး...ကိုက မိမိအပေါ်တွင် တရားမဲ့ စည်းကမ်းမဲ့ အနိုင်အထက်ပြုကျင့်တော့မှာလားဟု တွေး၏။

ပြုကျင့်တော့မည့်ပုံဟန်က ရှိနေသည်။ လက်နက်ကိုင် အပေါင်းအဖော်တို့နှင့် မိမိအိမ်ပေါ်သို့ တက်သွားသည်ကို မိမိကိုယ်တိုင် မြင်လိုက်၏။

ပိန်းကူးယောကျာ်းတစ်ဦးသည် မိမိအိမ်ကို လမ်းပြရှေ့ဆောင်ပြု၍ ဆိုက်ဆိုက်မြိုက်မြိုက်ခေါ်လာ၏။ ပိန်းကူးအမျိုးသမီးဖြစ်သော မိမိအား မတွေ့မချင်း ရှာပေးပေလိမ့်ဦးမည်။

သစ်ခုတ်သောပုဆိန်သွားမှ အနည်းငယ်မျှသော လက်ကိုင်ရိုးသစ်သားသည် မိမိနှင့်အမျိုးတူသည့် အများအပြားသော သစ်ပင်အပေါင်းတို့အား လဲပြိုပျက်စီးစေသကဲ့သို့ ဤပျက်သော ပိန်းကူးအနည်းငယ်သည် မိမိတို့ ပိန်းကူးတစ်မျိုးလုံးကို အခြားသူများက နှိပ်စက်စေရန် လမ်းပြဖျက်ဆီး၏။

မိမိတို့လူမျိုးသည် လူဦးရေအားဖြင့်လည်း နည်းပါးလှ၏။ နေရာအား

ဖြင့်လည်း နက်ခေါင်ချောင်ကျလှ၏။ ဓလေ့စရိုက်အားဖြင့်လည်း ယဉ်ကျေးစလူတို့၏ ထုံးစံအတိုင်း ရိုင်းလှသေး၏။ အသိတရားအားဖြင့်လည်း ခေါင်းပါးလှ၏။ သို့သော် မိမိတို့လူမျိုးသည် မိမိတို့လူမျိုးအချင်းချင်းမှ တစ်ပါး အခြားလူမျိုးများကို စော်ကားမော်ကားမပြုကြ။ အခြားလူမျိုးများကမူ မိမိတို့ကို အမြဲလိုလို လာရောက်စော်ကားကြ၏။

ထို့ပြင် အသိတရားခေါင်းပါးသူများ ဖြစ်ကြသည့်အတိုင်း မိမိတို့လူမျိုး၌ တစ်ကိုယ်ကောင်းသမားများ ရှိနေရ၏။ မိမိတို့တစ်ဝမ်းတစ်ခါးအတွက် တန်ခိုးအာဏာ ဥစ္စာရှိသူတို့အထံတွင် မိမိမျက်နှာကောင်းရရေး၊ မိမိ အခကြေးငွေရရေးတို့ကို ရှေးရှု၍ မိမိအမျိုးကို ဖျက်ဆီးပစ်ကြသည့် လူပျက်စီးများ ရှိနေကြရ၏။

ဤသည့်အဖြစ်ဆိုး အခြေအနေဆိုးတို့မှ ကယ်တင်ပေးချင်မည့်၊ ကယ်တင်ပေးနိုင်မည့် လူယဉ်ကျေးတစ်စုံတစ်ယောက်သည် အဘယ်အရပ်မှ ပေါ်လာပါလေမည်နည်း။

နန်းဟာဗီးသည် မိမိချစ်ခဲ့ရသော ကို့ကို မိမိတို့ ယခုကြုံတွေ့နေကြရသည့် အခြေအနေမျိုးမှ ကယ်တင်နိုင် ကယ်တင်ချင်သော တကယ့်ယောကျ်ားမြတ် သူရဲကောင်းကြီးတစ်ယောက်ဟု တွေးတောမျှော်ကိုးခဲ့၏။ မိမိနှင့်တကွ မိမိလူမျိုးတစ်မျိုးလုံးတို့ ခိုလှုံရာ၊ အားထားရာ၊ လဲလျောင်းရာ၊ ပုန်းအောင်းရာ ဖြစ်ရမည်ဟု တွေးထင်တမ်းတခဲ့၏။

ယခု မိမိအထင်ကြီးခဲ့ရသော ကို၊ မိမိစိတ်ကူးယဉ်ခဲ့ရသော ကိုသည် မိမိအပေါ်၌ ကတိမတည်ခဲ့။ သစ္စာမရှိခဲ့ရုံမျှမက မိမိလူမျိုးတို့၏ ဓလေ့စရိုက်အပေါ်၌ အခွင့်အရေးယူလျက် ဓလေ့ရိုင်းရှိသူများနှင့် လူယုတ်မာလူရမ်းကားများတို့ ပြုကျင့်လေ့ရှိကြသည့်အတိုင်း ပိန်းကူးအမျိုးသမီးဖြစ်လာရသည့် မိမိကို စော်ကားရန်အတွက် လိုက်ရှာနေသေး၏။ နန်းဟာဗီး

သည် နှင်းမှုန်ပြင်ကြီးကို ငေးစိုက်နေရင်း မျက်ရည်ဝိုင်းလာ၏။ ထို့နောက် မင်းဝမ်း၏ပခုံးကို ဖြည်းညင်းညင်သာစွာဆုပ်ကိုင်၏။

"နင်ထား...[၁] မင်းပြန်တော့။ ငါ သူတို့နဲ့ နောက်ထပ် မျက်နှာချင်း မဆိုင်ချင်ဘူးကွ။ ငါ ဘယ်အိမ်ပေါ်မှလည်း သွားမပုန်းဘူး။ တောထဲက တစ်နေရာရာမှာ ငါသွားထိုင်နေမယ်။ မင်းသွားတော့"

တကယ့်ရှေးပိန်းကူးမကြီးကဲ့သို့ ပိန်းကူးစကားဖြင့် ပိန်းကူးမသံ ပေါက်အောင် ပြောလိုက်သော နန်းဟာဗီးကို မင်းဝမ်းက မော့ကြည့်၏။ ဝမ်းထဲကလည်း စိုးရိမ်လာ၏။

"အဣလေး...နန်းဟာဗီးရေး...ညည်းတစ်ယောက်တည်းပါလား အေး...။ တောထဲမှာ တောနတ်ရှိတာပ...။ ဝက်ဝံတွေလည်း ရှိတာပ အေး...။ ငါကြောက်လှချည့်ပ..."

နန်းဟာဗီးသည် မင်းဝမ်းကို မီးပုံပွဲသို့ပြန်သွားစေလျက် မိမိကမူ မှောင်သောတောနက်ကြီးဘက်သို့ မျက်နှာမူလိုက်၏။ သို့သော် မင်းဝမ်းက မပြန်။ ကြောက်သည်ဆိုသော်လည်း နန်းဟာဗီးနှင့်အတူ ကပ်လျက်ပါ လာ၏။

တောခြေသို့မရောက်မီအတွင်း ငွေရည်လွှမ်းထားသော ပြာညို့ညို့ တောင်ထိပ်ကို ဖြူနုနုစာပဝါဖြင့် ရစ်ပတ်အုပ်ပေါင်းထားဘိသို့ မြင်နေရ သေး၏။

ရေးရေးမြင်နေရသော အဝေးတောတန်းကြီးအပေါ်ရှိ မှိုင်းပြာရောင် လုနေသည့် မြူပင်လယ်ကြီးကို ကြည့်ရသည်မှာ လူ့ဘဝကြီးနှင့်ပင် တူလွန်းလှ၏။

---

၁။ နင်ထား = အတူသေမည့်အဖော်။ (သူငယ်ချင်းဟုခေါ်ခြင်းဖြစ်၏။) ပိန်းကူးစကား။

အမြဲးညီနောင်စာပေ

မြူပင်လယ်ကြီး၏ ဤမှာဘက်အတွင်း၌ လှသောတောင်၊ မှောင်သောတော၊ နက်သောချောက်၊ ဖြူသောနှင်းထု။

အဝေးမှကြည့်၍ သာယာသလောက် အနီးကပ်လိုက်လျှင် စွတ်စို၏။ ဆူးအတိ၊ ဘေးအတိရှိ၏။ ကြောက်မက်ဖွယ်ကောင်း၏။

လူ့ဘဝကြီး၏ ဤမှာဘက်တွင်လည်း ပျော်သောအချိန်၊ တည်ငြိမ်သောကာလ၊ လွမ်းရသောအခါ ကြည်သာသောရက်၊ မျက်ရည်စက်လက်ယိုစီးရသော အပိုင်းအခြား။

ဤသည်တို့ကို အဝေးမှလေ့လာဘိသို့ စာတ်ခုံပေါ်တင်ကြည့်လိုက်လျှင် ပျော်ရွှင်ရ၏။ ရယ်ရ၏။ ကြည်နူးရ၏။ လွမ်းရ၏။ နှစ်လိုဖွယ်ရှိ၏။ စိတ်ကိုကြည်နူးစေ၏။

သို့သော် ကိုယ်တိုင်တွေ့ကြုံခံစားရလျှင်ကား မနှစ်လိုနိုင်။ မကြည်နူးနိုင်။ မသာယာနိုင်။ ဒုက္ခအတိပြီး၏။ စက်ဆုပ်ဖွယ်ကောင်း၏။

အတွေး၌နှစ်မျောလာသော နန်းဟာဗီးသည် ရွာစွန်ရှိ လိုက်ဆိုင်းနောင်တို့အိမ်ဘေးမှ တောစပ်ရှိ လမ်းချိုးသို့ ကွေ့လိုက်၏။

ဝင်းခနဲလင်းလာသော ဓာတ်မီးရောင်သည် နန်းဟာဗီးနှင့် မင်းဝမ်းတို့၏မျက်နှာကို တည့်တည့်ထိုးထား၏။ မင်းဝမ်းသည် တုန်တုန်လှုပ်လှုပ်နှင့်ပင်လျှင် နန်းဟာဗီးရှေ့မှ ပိတ်ကာရပ်လိုက်၏။

နန်းဟာဗီးသည် မိမိရှေ့မှ ပိတ်ကာရပ်ပေးထားသော မင်းဝမ်း၏လက်များကို အားပေးသည့်အနေဖြင့် ဆုပ်ကိုင်လိုက်၏။ မင်းဝမ်း၏လက်သည် မိမိဆီမှယူထားသောဓားကို ဆုပ်ကိုင်ရင်း တဆတ်ဆတ်တုန်နေရှာသည်။

"ဟေး...မင်းဝမ်း...သူ့ယောကျ်ား သူ့မိန်းမကိုတွေ့ချင်လို့ လိုက်ရှာနေတယ်နော။ နင် ဝင်ပြီးနှောင့်ယှက်လိုက်ရင် တစ်ရွာလုံး ဘာဖြစ်သွားမယ်

ဆိုတာ သိတယ်မဟုတ်လား"

ပိန်းကူးစကားဖြင့်ပြောလိုက်သော ပိန်းကူးယောကျ်ားတစ်ယောက်၏ အသံဖြစ်၏။ နန်းဟာမီးသည် အသားဆတ်ဆတ်တုန်လျက် မင်းဝမ်းကို ဘေးသို့ဆွဲဖယ်လိုက်၏။

"ဟေး...ဘယ်သူ့ယောကျ်ားက ဘယ်သူ့ကိုတွေ့မှာလဲကွ။ တို့ပိန်းကူး တွေထဲမှာ နင်တို့လိုယောကျ်ားမျိုးတွေ ရှိနေလို့ ငတို့တစ်မျိုးလုံး ခွေးလို၊ ဝက်လို ဖြစ်နေရတာ၊ နင် ဒီကိုလာစမ်း ...နင့်မျက်နှာ ကြည့်ရအောင်"

နန်းဟာမီးသည် ပိန်းကူးစကားဖြင့် ပြန်အော်လိုက်၏။ တစ်ဖက်မှ မည်သို့မျှ အသံပြန်မပေါ်လာသော်လည်း ဓာတ်မီးဖြင့်ကား ထိုးမြဲထိုးထား ၏။ နောက်ထပ် အချင်းချင်း တိုးတိုးတွတ်တွတ်ပြောသံ ကြားနေရ၏။

မင်းဝမ်းသည် နန်းဟာမီးကိုဆွဲလျက် ဓာတ်မီးရောင်၏အပြင်သို့ ရောက်အောင် ထွက်၏။ ဓာတ်မီးသည် မင်းဝမ်းတို့ထွက်သွားရာသို့ လိုက်ထိုးနေ၏။

"ဟေး...ဒီမှာဟေ့...ဒီမှာတွေ့ပြီ...။ ဆွန်းဝမ်းတို့ မင်းဝမ်းတို့ ဒီမှာဟေ့..."

ပိန်းကူးယောကျ်ားသည် ဗမာလိုအော်လိုက်၏။ ဟိုအိမ် သည်အိမ်၊ အိမ်သုံးလေးအိမ်တို့မှ ဓာတ်မီးတွေ တဝင်းဝင်းပြေးလာကြ၏။

"ဆွန်းဝမ်း...ပြေးပါ...ပြေးပါ။ ပွဲကတဲ့ဆီကို ရောက်အောင်ပြေးပါ"

မင်းဝမ်းသည် နန်းဟာမီး၏ကိုယ်ကြီးကိုဆွဲရင်း ပါးစပ်မှ တတွတ် တွတ်ပြောရင်း တိုက်တွန်းရင်း အလွန်စိုးရိမ်ကြီးစွာဖြင့်ပြေး၏။

သို့သော် ဆွန်းဝမ်းကား ပြည်မမှ ပြန်လာကာစကဲ့သို့ မိမိတို့ လူမျိုးစရိုက်ကို လုံးဝမသိရသေးသောအဝါမဟုတ်။ ပဒူးမိန်းကို ရောက်ကာစ ကကဲ့သို့ လှုပ်လှုပ်မြင်တိုင်း ကြောက်နေသည့် ယခင်ဆွန်းဝမ်းမဟုတ်။

စစ်တွင်းမှပြန်လာသည့် ယခုရက်ပိုင်းကလေးအတွင်းမှစ၍ အနန်းဟာမီး

ကျားမင်းသမီး ဟူသည့်နာမည်နှင့်လိုက်အောင် လူလုံးလူဖန် သန်စွမ်းကြီးမားသည့်နှင့်အမျှ တည်တံ့ရဲရင့်လှသော ပိန်းကူးအရိုင်းမကြီးတစ်ယောက်ဖြစ်နေ၏။

ထို့ကြောင့်လည်း မင်းဝမ်းနှင့်အတူ မင်းဝမ်းဆွဲရာသို့ ခေတ္တလိုက်ပြေးပြီးနောက် မလွတ်သာသည်နှင့် ရန်သူကို ရင်ဆိုင်ရန် ရဲရဲရင့်ရင့်ရပ်လိုက်၏။

မိမိရှိရာသို့ အသံမျိုးစုံတို့ဖြင့် တပျော်တပါး ညာသံပေးရင်း ပြေးလာကြသည့် ဓာတ်မီးရောင်များကို ကြည့်လျက် မိမိကို အမဲလိုက်သလို ဝိုင်းလိုက်လာကြပါကလားဟု ပို၍နာကြည်းလာ၏။ မိမိ တုံ့ရပ်နေခဲ့သဖြင့် လူချင်းကွဲသွားစဉ်က မင်းဝမ်းလက်ထဲမှ မိမိလက်ထဲတွင် ကျန်ရစ်ခဲ့သည့်ဓားကို ကျစ်ကျစ်ပါအောင်ဆုပ်ထားမိ၏။

ပိန်းကူးလူမျိုးတို့၏ ရိုးရာအဝတ်အဆင်ဖြင့် ခါးငယ် ရင်ကြွ၍ အရိုးကျလှသည့် အသားစိုင်အသားခဲကြီးများ ပေါ်လွင်နေသော နန်းဟာဖီးသည် ပတ်ပတ်လည်မှ ဝိုင်းဝန်းထိုးထားကြသော လက်နှိပ်ဓာတ်မီးရောင်တို့၏အလယ်တွင် ရန်သူကို အသင့်စောင့်နေသော စစ်နတ်သမီး၏ကျောက်ဆစ်ရုပ်တုကဲ့သို့ ဖူးဖူးရဲရဲလှ၏။

'ပိန်းကူးမတစ်ယောက်ကို စော်ကားဖို့အတွက် အမဲလိုက်သလို ဝိုင်းလိုက်ရဲကြတဲ့ တကယ့်လူစွမ်းကောင်းကြီးတွေပါလား။ တော်တော်လည်းချီးကျူးဖို့ကောင်းတာပဲ..."

နန်းဟာဖီးသည် အမှောင်ထဲ၌ ဝင်းဝင်းလက်လက်ထိုးထားသော လက်နှိပ်ဓာတ်မီးများကို ရဲရဲရင့်ရင့် မျက်တောင်မခတ် လှည့်ပတ်ကြည့်ရင်း သရော်ရွတ်ချပြီး ပြေးလိုက်၏။

"ကဲ...မြို့ကလာတဲ့ လူယဉ်ကျေးကြီးတွေရဲ့ ရှင်တို့ရဲ့ ဓာတ်မီးတွေကို

ပိတ်ထားလိုက်ကြစမ်းပါ။ ရှင်တို့ရဲ့ဒေါက်တာရော ဘယ်မလဲ။ တောစွန် တောင်ကြားက ပိန်းကူးမတစ်ယောက်ကို စော်ကားဖို့အတွက် ဒါလောက် တပ်တောင်တာ မိုလ်ထုနဲ့ လူစုလုပ်ဖို့ မလိုပါဘူး။ ရဲရဲလာပြီးရင်ဆိုင် လှည့်စမ်းပါ…”

ဝိုင်းဝန်းထိုးထားကြသော ဓာတ်မီးရောင်များရှိရာမှ အရှက်ပြေ ပြောင် လှောင်ရယ်မောသံ၊ အပြစ်ပြောသံ၊ ကြိမ်းဝါးသံများနှင့်အတူ အချင်းချင်း ပြောနေကြသော စကားသံများ ဗလုံးဗထွေးပေါ်လာ၏။

ပိန်းကူးသံ၊ ဗမာသံ၊ ကချင်သံ စကားသံများ အမျိုးစုံလှ၏။ ထို့နောက် မီးတစ်လုံးပြီးတစ်လုံးငြိမ်းလျက် ထွက်ခွာသွားကြသည့် ခြေသံ တို့နှင့်အတူ လူသံတိတ်ဆိတ်သွား၏။

နန်းဟာဗီးသည် မိမိမျက်နှာသို့ တည့်တည့်ထိုးထားသော မီးရောင်ကို စူးစူးရဲရဲကြည့်နေမိသောကြောင့် မီးရောင်မှိတ်သွားသည်နှင့် မျက်လုံးများ ပြာနေ၏။ တော်တော်နှင့် ဘာကိုမျှမမြင်ရ။

ဘာကိုမျှမမြင်ရသော်လည်း မည်သူသည် မိမိကို မည်သို့ပြုလုပ်လေ မည်နည်းဟု စုံစမ်းရန် အသင့်စောင့်၏။ ဤသို့စောင့်ရင်း အတန်ကြီးကြာ သည်နှင့် နှင်းမှုန်မှုန်တွင် လူရုပ်ပုံတစ်ပုံကို မြင်ရ၏။ ထိုလူရုပ်ပုံသည် ကို ဖြစ်နေပါပြီကော…။

အဝေးမှ အဖော်အပျိုမကလေးများ၏ သီချင်းသံကို ကြားနေရ၏။ ထိုအသံတို့၏အကြား၌ပင် မြင့်မားသောသစ်ပင်ကြီးများအပေါ်မှ ကြီးမား သောနှင်းပေါက်တို့သည် တဖြောက်ဖြောက်မြည်လျက် ကျဆင်း၏။ နှင်းမှုန်ထုသည် မဝေးလှသော ကိုနှင့် မိမိ၏အကြား၌ပင် တစ်ခါတစ်ခါ ဝါးခနဲနေအောင် ပိတ်ဆို့၏။ ပတ်ဝန်းကျင်ရှိ တောသစ်ပင်ကြီးများအောက် တွင် ကိုနှင့် မိမိ နှစ်ယောက်တည်း။ ပြောင်သောကုန်းမြေပြန့်တွင် ရပ်

လျက်...။

ယခင်ကဆိုလျှင် မိမိသည် ဤသို့သောအချိန်မျိုး၌ ချစ်၍ခုန်သော ရင်ခုန်သံကို နှစ်နှစ်သိမ့်သိမ့် အသည်းတထိတ်ထိတ်နှင့် နားထောင်နေမိမည် ဖြစ်၏။ ယခုမူ ဤမျှသစ္စာမဲ့သော၊ ယုတ်မာသော၊ ရက်စက်သော ကို့ကို စူးစူးဝါးဝါးကြည့်လျက် ဒေါသထွက်နေရ၏။

"ဝါ...ကို့ကို အထင်မှားနေတယ်ထင်တယ်ကွာ။ ကို ဝါ့ကို ပြောစရာ တွေ အများကြီးရှိတယ်။ ကို ဝါ့ကိုရှင်းပြချင်တယ်။ ကို သိပ်အံ့ဩတယ် ကွာ။ ဝါ အစက ကို့ကိုချစ်တယ်ဆို။ ခု...ဘာလို့ ဒါလောက် စိမ်းစိမ်း ကားကားကြီးဖြစ်သွားရတာလဲ ဝါရယ်"

နန်းဟာဗီးသည် တုတ်တုတ်မျှမလှုပ်။ သင်း ဘာတွေထပ်လိုမ့်ဦး မလဲဟု တိတ်တိတ်ဆိတ်ဆိတ်စောင့်၏။ ယခင်ကဆိုလျှင် ကို ဤသို့ပြော လိုက်သည်နှင့် ကို့ရင်ခွင်ကို ခေါင်းဖြင့်ဝှေ့ကာ ကို့လက်မောင်းကြီးကို မိမိရင်ခွင်ထက်၌ ပိုက်ပွေ့ပြီးလျှင် မျက်လုံးကလေး ပေကလပ် ပေကလပ် ပြု၍ နားထောင်ခဲ့သည်ချည်းဖြစ်၏။ ယခုမူ ပါးစပ်ကို တင်းတင်းစေ့လျက် ဓားကို ကျစ်ကျစ်ပါအောင်ဆုပ်လိုက်မိ၏။

"ပြောစမ်းပါ ဝါ၊ ဘာကြောင့် ဒါလောက် ကို့ကို စိမ်းကားသွားရ တာလဲဟင်၊ ကို မိန်းမယူလာလို့လား ဟုတ်လား..."

ကိုသည် ပြောရင်း ရှေ့သို့တိုးလာ၏။ ကို၏ပါးစပ်မှ ဆန်အရက်နံ့ နှင့်အတူ ကို၏အာငွေ့သည် အေးစက်သော နန်းဟာဗီး၏ပါးပေါ်သို့ နွေးခနဲထိတွေ့လာ၏။

ကို၏အသံမှာ ဆွဲငင်စေတတ်ပါ၏။ ရှေးကဆိုလျှင် မိမိသည် ကို၏ ရင်ခွင်ထဲသို့ ပြေးဝင်လိုက်မိမည်ဖြစ်၏။ ယခုမူ ယူကျုံးမရနိုင်လောက်အောင် ရင်၌ဆူဝေလျက် မျက်ရည်ပူကြီးများ မျက်လုံးနှစ်ဖက်၌ ပုံးလွှမ်းလာ၏။

"ကို အဝါ့ကိုချစ်တယ် သိလား။ ကို အဝါ့ကို သတိအမြဲရတယ်။ ကိုပြောရင် အဝါ ယုံမှာမဟုတ်ဘူး။ ဒါပေမဲ့ အဝါ ယုံချင်ယုံ မယုံချင်နေ။ ကို့မှာ အဝါ့ကိုရှင်းပြဖို့ တာဝန်ရှိတယ်။ ဝါ သိသားပဲကွာ။ ကို အဝါ့ကို ချစ်သလို ကိုတို့လုပ်ငန်းနဲ့ပတ်သက်တဲ့ ပညာရပ်တွေကိုလည်း ချစ်တယ် မဟုတ်လား။ အဖြစ်က ဒီလို...ရှေ့လာမယ့်နှစ် မေလမှာ ကမ္ဘာ့ဆေးပညာ အဖွဲ့ချုပ်ကြီးက...

"လူယဉ်ကျေးတွေမှာ ဖြစ်တတ်တဲ့ ရောဂါမျိုးတွေဟာ ဘာကြောင့် လူရိုင်းတွေမှာ မဖြစ်ရတာလဲဆိုတာ အတိုင်းတိုင်း အပြည်ပြည်ကို စူးစမ်း ရှာဖွေခိုင်းတယ်။ ဒီရှာဖွေတွေ့ရှိချက်ကို ကမ္ဘာ့ဆေးပညာအဖွဲ့ချုပ်ကြီးမှာ ခိုင်ခိုင်လုံလုံ တင်ပြနိုင်တာနဲ့ လူယဉ်ကျေးတွေမှာ ဖြစ်တတ်တဲ့ ရောဂါတွေ ကို ကာကွယ်ဖို့ ဆေးလုပ်ငန်းမှာ ကမ္ဘာ့ကျေးဇူးရှင်ကြီးတစ်ဦးအဖြစ် ခေါင်းဆောင်ပြီး တာဝန်ယူ လုပ်ကိုင်စမ်းသပ်ရမယ်...

"အဲဒါ ကိုက လုပ်ချင်တယ်...။ ကျန်းမာရေးဝန်ကြီးက ဒေါက်တာ မင်းထင်ဆိုတဲ့လူကို ရွေးချယ်နေတယ်။ အဲဒီဒေါက်တာမင်းထင်က အသက် ၃၀ ကျော်လောက်၊ ခပ်ကြောင်ကြောင်လူပျိုကြီး ...

"ဒါပေမဲ့ ကျန်းမာရေးဝန်ကြီးက အဲဒီဒေါက်တာမင်းထင်ကိုပဲ ရွေးချယ် နေတယ်။ အကြောင်းကတော့ မိမိသမီးလုပ်တဲ့သူက အဲဒီဒေါက်တာ မင်းထင်ကို အတင်းလိုက်ကြိုက်နေတာ သိလို့ပဲ၊ ရှင်းရှင်းပြောရရင် သမက်လောင်းကိုမှ ဒီအခွင့်အရေးကို ပေးမယ်ပေါ့...။

ကိုကလည်း အဲဒီအခွင့်အရေးကို သိပ်လိုချင်နေတယ်။ ဒီတော့ကာ ကို့အငြိုအငြင်ကို ဘယ်တော့မှမခံခဲ့တဲ့ အမေတို့က ဒီအခွင့်အရေးကို ကိုရအောင် ဝိုင်းဝန်းလုပ်လိုက်ကြတာပဲ။ တကယ်တော့ ကိုက ဒီမိန်းမကို သဘောကျလို့ မဟုတ်ဘူး....။

"ဒါပေမဲ့ ကို မလိမ်ပါဘူး ဝါ။ ကမ္ဘာ့ကျေးရွာရှင်ကြီးတစ်ယောက် ဖြစ်လာရမယ့် အခွင့်အရေးတော့ ကိုလိုချင်တယ်လေ…။ ဝါလည်း ကို့ ချစ်သူတစ်ယောက် ဒီလိုဖြစ်မယ်ဆိုရင် ခွင့်လွှတ်လိမ့်မယ်လို့ ထင်တာပဲ…"

ပြတ်တောင်းပြတ်တောင်းနှင့်ပြောနေသော ကို၏အသံသည် တိတ်သွား၏။ နှင်းပေါက်တို့သည် တဖြောက်ဖြောက်ကျမြဲကျ၏။ တောပိုးတောမွှားတို့၏အော်သံသည် မြည်မြဲမြည်၏။ မီးပုံပွဲမှ သီချင်းသံကိုလည်း ကြားမြဲကြားနေရ၏။ ကိုနှင့် နန်းဟာဗီးသည် တိတ်ဆိတ်နေလေသည်။

ကိုသည် ရှေ့သို့တိုးလာနေ၏။ နန်းဟာဗီးသည် မျက်ရည်ဖုံးသော မျက်လုံးဖြင့် ခေါင်းငိုက်စိုက်ပြုနေ၏။ နန်းဟာဗီး၏ရင်ထဲ၌ မဆေ့ခွဲနိုင်အောင် ဖြစ်လာရ၏။ မျက်ရည်ပေါက်တို့သည် နှင်းပေါက်ကြီးများနှင့်အတူ မြေသို့ တပေါက်ပေါက်ကျ၏။

"ဘယ့်နှယ့်လဲ ဝါ၊ ကို့ကို ခွင့်မလွှတ်နိုင်ဘူးလား။ ကိုယ့်ချစ်သူတစ်ယောက်ကို ကမ္ဘာ့ကျေးရွာရှင်ကြီး ဖြစ်လာမှာ မမြင်ချင်ဘူးလား။ ဝါက ကိုယ့်ချစ်သူကို လက်ထဲမှာ အပိုင်သိမ်းပြီး တိုးတက်မှုတွေအားလုံး ပိတ်ထားဖို့ စိတ်ကူးသလား။ ဝါက အဲဒီလိုစိတ်ကူးတယ်၊ အဲဒီလိုဖြစ်ရမှ စိတ်ချမ်းသာမယ်ဆိုရင် ကို အဲဒီလိုပဲ ဝါကြိုက်သလိုနေတော့မယ်၊ ကို မပြန်တော့ဘူး။ ကို ဝါနဲ့ပဲနေရစ်ခဲ့တော့မယ်၊ ကို တကယ်ကတိပေးမယ်။ ဘယ့်နှယ့်လဲ…"

ကိုသည် နန်းဟာဗီး၏ပခုံးနှစ်ဖက်ကို မျက်နှာချင်းဆိုင်ရပ်နေရာမှ ကိုင်လှုပ်ရင်းမေး၏။ လှုပ်ရင်းလှုပ်ရင်း ကို၏လက်နှစ်ဖက်သည် နန်းဟာဗီး၏ လက်ပြင်နှစ်ဖက်ကို ဆွဲယူပွေ့ပိုက်လျက် ရင်ချင်းအပ်လိုက်၏။

ကို၏ကိုယ်ငွေ့သည် နွေးမြဲနွေး၏။ ကို၏ရင်ခွင်သည် သာယာမြဲသာယာ၏။ ကို၏အသားအသွေးတို့သည် ယခင်အတိုင်းပင် နန်းဟာဗီး၏

တစ်ကိုယ်လုံးကို ဖျဉ်းဖျဉ်းသိမ့်သိမ့် စိမ့်မြစိမ့်၏။ ထိလုလု အနီးသို့ကပ်လာသော ကို၏မျက်နှာသည် ယခင်အတိုင်းပင် နန်းဟာဗီးကို အသက်ရှူမှားစေလျက် ရင်ထဲ၌ တရှိက်မက်မက်ဖြစ်စေ၏။

“ဝါ ကို တကယ်ပြောတာ သိလား။ ကို တကယ်ချစ်တာက ဝါပါကွာ။ ကိုလေ အခု ဝါ့ကို ပြန်မခွဲချင်တော့ဘူး။ ကို ဝါ့ကို ကိုတို့နဲ့ အတူပြန်ခေါ်သွားဖို့တောင် စိတ်ကူးတယ်...”

မိန်းမောနေသောဝါသည် မီးခြစ် ခြစ်လိုက်ဘိသို့ ထောင်းခနဲ ဒေါသမီးတောက် ပေါ်လာ၏။ ကို၏မျက်နှာကို ဆတ်ခနဲမော့ကြည့်လိုက်ပြီး ကို့ရင်ခွင်အတွင်းမှ ဖျတ်ခနဲ နောက်ဆုတ်လိုက်၏။

“အရိုင်းမတောင့်တောင့်ကြီးကို ကို့အတွက်လည်း ဆန္ဒပြေ၊ မိန်းမအတွက်လည်း အနိုင်းအစေတစ်ယောက် ရအောင်လား၊ ဟုတ်လား”

“ဝါ ဘယ်လိုပြောလိုက်တာလဲ ဝါ။ ဝါ...ကို့ကို တကယ်မယုံသေးဘူးနော်...”

“ဒါ ကျွန်မပြောတာမဟုတ်ဘူး။ ကျွန်မတို့ ပိန်းကူးမအရိုင်းမတွေပြောတာ မဟုတ်ဘူး။ ကို့ကျန်းမာရေးဝန်ကြီးရဲ့သမီး၊ ကို့ခနီးချောကြီးက ပိန်းကူးမတွေကို တွေ့တွေ့ချင်းပြောလိုက်တဲ့စကား...”

“ကိုကပြောတာမှမဟုတ်ဘဲနဲ့ ဝါ...ရယ်။ ဝါ အရင် ဒီလို အမှတ်မထားတတ်ပါဘူး။ ကိုက ဝါ့ကို ချစ်တာပါ...အရင်ကလည်း ချစ်တာပဲ။ အခုလည်း ဝါ့ကို ချစ်နေတာပဲ...”

“သြော်...ဝါ့ကိုချစ်နေတယ်လား။ ကိုချစ်တာ ဝါသိပါတယ်။ ဒီအရိုင်းမတောင့်တောင့်ကြီးကို ကြုံကြိုက်တုန်း အချောင် ငါသွားဗုန်းလိုက်ဦးမယ်ဆိုတဲ့ ချစ်နည်းမျိုးမဟုတ်လား။ ကိုဟာ သစ္စာမဲ့ရုံမဟုတ်ဘူး။ ရက်စက်တယ်။ ငါကတိပျက်မိတဲ့အတွက် အသည်းကွဲနေရတဲ့သူပါကလားလို့

မတွေးဘူး။ အဲဒီကွဲနေတဲ့ အသည်းကို အဆိပ်ရည်နဲ့ ထပ်လောင်းဖို့ ကြိုးစားတယ်။ ကိုဟာ လောကမှာ အပျက်ဆုံး၊ အယုတ်မာဆုံး…”

ကိုသည် လှပသောအရိုင်းမကြီးကို ကြည့်လျက် ပင့်သက်ရှိုက်ရင်း ငေး၏။ အလင်းရောင်ကင်းသော ပြူမွဲမွဲနှင်းမှုန်တို့၏အတွင်း၌ပင် မိုးမိုး မည်းမည်းမြင်ရသော နန်းဟာမီး၏ပုံဟန်သည် တပ်မက်ဖွယ်ရာရှိနေ၏။ ကိုက ခြောက်ကပ်ကပ်အသံနှင့် ရယ်လိုက်သည်။ ကို၏ရယ်သံသည် မတည်မငြိမ် ပေါ့ပျက်ပျက်ရှိလှ၏။

“ဝါ ပြောစမ်း၊ ကြိုက်သလို အားရအောင်ပြောစမ်း။ ဒါပေမဲ့ ကို ကတော့ ဝါ့ကို ချစ်မှာပဲ။ ချစ်နေချင်တာပဲ…”

“ချစ်နေချင်တာပဲ၊ ချစ်နေချင်တာပဲလို့ မပြောစမ်းပါနဲ့။ စော်ကား နေချင်တာပဲ၊ စော်ကားနေချင်တာပဲလို့ ရှင်းရှင်းပြောလိုက်စမ်းပါ။ ဒီလို ယုတ်ယုတ်မာမာ စော်ကားဖို့အတွက် လူစင်စစ်တစ်ယောက်လုံးကို တော ခြောက်သလို ခြောက်ထုတ်ခဲ့ပြီး အမဲလိုက်သလို ဝိုင်းလိုက်ခဲ့လို့ အခု ဒီမှာ အမိခံနေရပြီမဟုတ်လား…။ ဘာသွယ်ကာဝိုင်ကာလုပ်နေတာတုံး…။ ကိုဟာ ယောကျ်ားပါ”

မူးနေသောကိုသည် ဆက်လက်ဟန်မဆောင်နိုင်တော့။ ထို့ပြင် မိမိကို မော်မကြည့်ဝံ့ခဲ့ဖူးသော အဆင့်အတန်းချင်းကွာခြားလှသည့် မိမိလက် အောက်ရှိ ဆရာမငယ်တစ်ယောက်က ဤသို့ တုံ့ပြန်နှုတ်လုံထိုးခြင်းကို မခံမရပ်နိုင်ဖြစ်လာ၏။

တစ်ချိန်က မိမိ၏ရင်ငွေ့ဖြင့် ဖယောင်းကဲ့သို့ အရည်ပျော်ခဲ့ဖူးသူက ယခု တစ်ခါမှမတွေ့ဖူး မချစ်ဖူးခဲ့သော သူစိမ်းတစ်ယောက်ကဲ့သို့ မာရေ ကျောရေပြုနေသည်ကိုလည်း မခံမရပ်နိုင်ဖြစ်လာ။ ထို့ပြင် ယခု တစ်ခဏ ကလေးအတွင်း နွေးနွေးထွေးထွေးကြီး မိမိလက်ထဲက ရုန်းကန်ထွက်သွား

သည် ဖြစ်သောကြောင့်လည်း အားမလိုအားမရဖြစ်လာ၏။ ကိုသည် မိမိထွေးပိုက်ခဲ့ဖူးသည့် ကျောက်ဆစ်ရုပ်တုကြီးကဲ့သို့ မြင်နေရသော နှင်းမှုန်ထဲက မိန်းမထွားထွားကြီးကို ကြည့်ရင်း တဲတွေးမျိုချ၏။

"အေး...ဝါပြောချင်တာ ပြောတော့ကွာ၊ ကိုယ်မရှင်းတော့ဘူး။ ကိုဝါ့ကို ဟိုတုန်းကတည်းက ချစ်ခဲ့တယ်။ အခုလည်း ချစ်မှာပဲ။ နောင်လည်း အမြဲတမ်းချစ်နေမယ်။ ဖြစ်ချင်ရာဖြစ်၊ ဝါ ထင်ချင်သလိုထင်"

ကို၏စကားသံများသည် မပီသတော့။ ကိုသည် နန်းဟာမီးကို အတင်းဆွဲဖက်လိုက်၏။ ကို၏မျက်နှာသည် နန်းဟာမီး၏မျက်နှာဖြင့် မျက်နှာချင်းထိကပ်လျက် ပြောနေသောစကားလုံးများနှင့်အတူ နေရာမလပ် နမ်းရှုပ်နေရာမှ စကားဆက်မပြောတော့ဘဲ နှုတ်ခမ်းချင်း အတင်းဖိကပ် နမ်းစုပ်၏။

ကို၏လက်တစ်ဖက်သည် နန်းဟာမီး၏ ယယ်သောခါးကို ထွေးပိုက်နေကျအတိုင်း မိမိကိုယ်နှင့် တင်းတင်းကျပ်ကျပ် ထိကပ်လာအောင် ဆွဲယူထွေးပိုက်၏။ ကို၏ ကျန်လက်တစ်ဖက်သည် နန်းဟာမီး၏တစ်ကိုယ်လုံးကို မက်မောခြင်းကြီးစွာဖြင့် နေရာမလပ် စမ်းသပ်လှုပ်ရှား၏။ ကို၏ပေါင်သည် နန်းဟာမီး၏ပေါင်နှင့် အတင်းလိုက်၍ထိကပ်ထား၏။ ကို၏တစ်ကိုယ်လုံးသည် နန်းဟာမီး၏တစ်ကိုယ်လုံးနှင့် အတင်းလိုက်၍ထိကပ်ထား၏။ ကို၏ အသက်ရှူသံသည် ပြင်းလာ၏။ ကို၏အသားများသည် တုန်နေ၏။ ကို၏အသားအသွေးတို့သည် တစ်ကိုယ်လုံးတောင့်တင်းနေ၏။

ကိုသည် ဤသို့ကြိုးကြမ်းစွာပြုမူတတ်၏။ ကို ဤလို ကြိုးကြမ်းစွာပြုမူတိုင်း နန်းဟာမီးသည် လျှပ်စစ်အမိခံလိုက်ရသူကဲ့သို့ တစ်ကိုယ်လုံး ဖျဉ်းဖျဉ်းသိမ့်အောင်လှုပ်ရှားလျက် အသက်ဖုတ်လှိုက်ဖုတ်လှိုက်ရှူနေရသည်ချည်းဖြစ်၏။ ထို့နောက် ဒိတ်ဒိတ်ခုန်သောရင်ဖြင့် ကိုပြုလေသမျှကို

ရှက်ကြောက်ထိတ်လန့်စွာ ရင်တဖိုဖို စောင့်စားနေမိသည်ချည်းဖြစ်၏။

ယခုလည်း နန်းဟာဗီးသည် မှင်တက်မိသလို ရင်တဖိုဖိုနှင့် ငြိမ်သက်နေမိ၏။ ကိုသည် နန်းဟာဗီးကို နမ်းစုပ်ပြန်၏။ တိုးတိတ်သောလေသံသည် ပူနွေးနွေးအာငွေ့နှင့်အတူ နန်းဟာဗီး၏ပါးပြင်ဆီသို့ ညင်သာစွာ ကျလာ၏။

"ကို အဝ့ါကို ချစ်တယ်ကွာ။ ကိုယ်တော့ ချစ်မှာပဲ..."

ကိုသည် နန်းဟာဗီး၏ပခုံးနှင့်ခါးကို ရှေ့နောက်သိုင်းဖက်လျက် မြေပြင်၌ အတူထိုင်ချရန် ကြိုးစား၏။ အရုပ်ကဲ့သို့ ကိုပြုလေသမျှ ငြိမ်သက်နေမိသော နန်းဟာဗီးသည် အသက်ဝင်လာဘိသို့ အထိတ်တလန့် ကို့ရင်ဘတ်ကို ဆောင့်တွန်းလိုက်၏။

မူးနေသောကိုသည် နောက်သို့ယိမ်းယိုင်လျက် မြေပြင်၌ ဖင်ထိုင်လျက် လဲကျ၏။ နန်းဟာဗီးသည် လဲနေသည့်ကို့ကို ကြည့်ရင်း ကြောက်မက်ဖွယ် တောကောင်တစ်ကောင်နှင့် ရင်ဆိုင်နေရဘိသို့ အထိတ်တလန့် နောက်ဆုတ် နောက်ဆုတ်ပြု၏။

ကိုသည် နှင်းမှုန်ထဲ၌ တရွေ့ရွေ့ဝေးသွားတော့မည့် နန်းဟာဗီးကို အတင်းပြေးဖက်၏။ ကိုသည် လူစိတ်ကင်းသကဲ့သို့ရှိ၏။ ကို၏အသက်ရှူ သံသည် ပြင်း၏။ ကို၏နှုတ်မှ ယုတ်ယုတ်မာမာတွေ ထွက်နေ၏။ ကို၏လက်များက ရမ်းကားရက်စက်၏။ ကို၏ပြုမူပုံသည် အရှက်ကင်း ၏။ နောက်ဆုံး၌ ကိုသည် မိမိအား ရုန်းကန်တွန်းထုတ်နိုင်တော့မည့် သန်မာလှသော နန်းဟာဗီးကို အကြင်နာကင်းစွာ မျက်နှာသို့ လက်ဖြင့် ဆက်ကာ ဆက်ကာရိုက်၏။

"ကဲဟာ...ကဲဟာ...နင့်ကို ဒီနေရာတင် လဲအောင်ရိုက်မယ်။ ပြီး တော့မှ..."

ချစ်သူတစ်ယောက်၏အပြုအမူနှင့် မတူတော့ပြီဖြစ်သော ကို့လက်ထဲမှ နန်းဟာဗီးသည် အရှိန်ပြင်းစွာဆောင့်ရုန်းလိုက်၏။ နန်းဟာဗီး၏ အင်္ကျီစသည် ကို၏လက်ထဲ၌ စုတ်ကျန်ရစ်ခဲ့၏။

ကိုသည် ဟင်းလင်းပေါ်လာသော နန်းဟာဗီး၏ရင်ကို ခေါင်းဖြင့် ပြေးတိုက်လှဲ၏။ ထို့နောက် လဲသွားသော နန်းဟာဗီး၏ကိုယ်ပေါ်သို့ အတူပိလှဲလိုက်ပြီးလျှင် ချစ်ကြင်နာမှုမပါဘဲ ကြီးသောရမ္မက်နှင့် ခွေးကိုက်သလို ပါးစပ်ဖြင့်ကိုက်၏။ ထို့နောက်ကား ကို၏ပါးစပ်သည် ပွင့်ဟလာ၏။

"အွန့်"ဟူသော အသံမြည်လျက် ကိုသည် နေရာမှ ဒူးထောက်ထ၏။ အလွန်ကြောက်ရွံ့သောမျက်နှာ၊ ပြူးကျယ်သောမျက်လုံးဖြင့် နန်းဟာဗီးကိုကြည့်ရင်း နောက်ဆုတ် နောက်ဆုတ်သွား၏။ ထို့နောက် နက်ကျယ်သောအသံကိုပြုလျက် ရင်ဝကို လက်ဖြင့်ဖိ၍ မီးပုံပွဲရှိရာသို့ ပြေး၏။

"အား ကျင်ယားယာ ကျင်ယားယာ။ ကျင်မီးကျင်ယားယာ..."

'မိုးမလင်းမချင်း ကကြစို့' ဟူသည့်တေးသံနှင့်အတူ ပိန်းကူးအပျိုမကလေးများသည် မီးကျီးကောင်းလှသည့် မီးပုံကြီးကို ဖျတ်လတ်စွာ ရှေ့တိုးနောက်ဆုတ် ပြေးခုန်ပတ်လိုက်ကြ၏။

ထိုစဉ် ပြေးလာသော ညွှဲသည်တော်ကြီးသည် ပိန်းကူးမကလေးတို့၏ ခြေရင်း၌ ခေါင်းစိုက်လဲကျသွား၏။ ညွှဲသည်တော်ကြီး၏ပါးစပ်မှ မပီသသောအသံများနှင့်အတူ သွေးတပွက်ပွက်စီးကျလာပြီးနောက် တစ်ချက်မျှ လိမ့်လိုက်ပြီးလျှင် ငြိမ်သက်သွား၏။

ကနေကြသော ပိန်းကူးအပျိုမကလေးတို့သည် စူးသောအသံဖြင့် အော်ကြလျက် မိမိတို့ကနေရာမှ ထွက်ပြေးကြ၏။

မကောင်းသည့်သေားရန် ကံကြမ္မာများ မဆိုက်ရောက်စေနိုင်ရန်အတွက် မိုးမလင်းမချင်း ရပ်နားမှုမပြုကြရသော ပိန်းကူးလူမျိုးတို့၏ မီးပုံပွဲကြီးကား ပျက်ခဲ့ရလေပြီ။

■

ထွက်သစ်စနေရောင်အောက်တွင် နှင်းမှုန်ဖြင့်ထိတ်နေသည့် သောင်စပ်၌ ပိန်းကူးရွာသားတို့သည် တိတ်တိတ်ဆိတ်ဆိတ် စုပြုံရပ်နေကြ၏။

ပြာညို့ညို့တောင်တန်းကြီးများသည် ဖြူလွှလွှနှင်းမှုန်များကို မလှုံ့တလုံ လွှမ်းခြုံရစ်သိုင်းကြလျက် ဖလ်ရေလှိုင်းကလေးတို့၌ အရိပ်ထင်၍ မြင်မိသူတိုင်း ကြည်မောဖွယ် လှပနေသော်လည်း ဆိပ်ကမ်း၌ ရှိနေကြသူအားလုံးတို့က မည်သူမျှ စိတ်ဝင်စားမှုမပြုကြ။

သူတို့သည် အသားမည်းမည်း ဗိုက်ရွှဲရွှဲနှင့် အသံကွဲကြီးဖြင့် ဟစ်အော်ဆူပူရင်း သဲပြင်ပေါ်၌ ပေါက်ဆွ ပေါက်ဆွလျှောက်နေသော လူဝကြီးတစ်ယောက်ကို ကြောက်ရွံ့စွာကြည့်နေကြ၏။

ကြီးကျယ်သောလူကြီးတစ်ယောက် သေဆုံးမှုနှင့် ပတ်သက်၍ ထိုလူဝဝအရာရှိကြီး၌ ခေါင်းကို ဆင်နင်းဘိသို့ ကြီးမားသောအပြစ်တာဝန်ကြီး ကျရောက်နေ၏။

ထိုထက်ပို၍ဆိုးသည်ကား တရားခံသည် မိမိတို့ကို လုံးဝမကြောက်ရုံမက မိမိကိုပါ ခြိမ်းခြောက်လျက်ရှိ၏။ တကယ်သေရဲမိုက်ရဲသူလည်းဖြစ်၏။ မိမိတို့ပြုကျင့်လေသမျှကို သာသနာပြုအဖွဲ့သို့တိုင်မည် ဆိုနေ၏။ မိမိတို့က တရားလွှတ်တော်အထိသွားလျှင် တရားခံက ဘုရင်ခံဆီမှတစ်ဆင့် ဘိလပ်အထိသွားမည် ဆိုနေ၏။ ဤအရပ် ဤဒေသမျိုးတို့၌ သာသနာပြု

အဖွဲ့တို့၏ တန်ခိုးဩဇာကလည်း ကြီးလွန်းလှ၏။ အစိုးရအရာရှိတို့သည် သာသနာပြုအဖွဲ့တို့၏ ညွှန်ကြားရာကို ပြုလုပ်နေကြရ၏။

ကမ်းဘက်မှ လက်နက်ကိုင်များခြံရံလျက် မည်သူ့ကိုမျှ ထီမထင်သော မျက်နှာပြင့် ရဲရဲရင့်ရင့်ဆင်းလာသော တရားခံပိန်းကူးအပျိုမကြီးကို လှမ်းမြင်ရ၏။

အရာရှိကြီးသည် ယခင့်ယခင် တရားခံများကဲ့သို့ပင် ပိန်းကူးမကြီးကို လက်ထိပ်ခတ် ခေါ်သွားချင်၏။ သောင်ပြင်ပေါ်၌ လိုမ့်ကန် သေနတ်ဒင်နှင့်ဆောင့်၊ ဖွပ်ဖွပ်ကြေအောင် ဆွဲလွဲပြီး မော်တော်ထဲရျ၊ မော်တော်ပေါ်ရောက်၍ မော်တော် ကမ်းကခွာသည်နှင့် ပိန်းကူးမကြီးကို မော်တော်ဝမ်းထဲ၌ထား၍ ဝတ်လစ်စလစ်ချွတ်လျက် မြော့သွားအောင် မိမိတို့လူစုက တစ်ယောက်တလဲ အမှုဆင်းဆင်းစစ်လိုက်ချင်၏။ အတင်းအပြစ်ပေးပစ်လိုက်ချင်၏။

သို့သော် ယခုမူ ဤသို့မလုပ်ဝံ့။ ရပ်ရွာလူကြီးများ၊ အဖော်မိန်းမတွေမပါလျှင် ဤကြီးထွားသောတရားခံမကြီးက မလိုက်နိုင်ဟု ဆိုနေသောကြောင့် ရွာလူကြီးများနှင့် အဖော်မိန်းမတွေကိုပါ ယခုကဲ့သို့ စောင့်ခေါ်နေရခြင်းဖြစ်၏။

"ကျွန်မှ မပြေးဘူးနော်...ကျွန်မ တမင်လာပြီး အဖမ်းခံပြီးသား။ ရှင်တို့ ကျွန်မကို လက်ထိပ်ခတ်မခေါ်နိုင်ဘူး။ ကျွန်မ နားလည်တယ်..."

တရားခံမကြီးသည် ဤသို့ပြောဆိုပြီးမှ လက်ထဲ၌ပါလာသည့် သွေးရဲရဲပေကျံနေသော ဓားကို မြေကြီးပေါ်သို့ ပစ်ပေါက်စိုက်ပေးလိုက်သေး၏။

ဤသို့သောနေရာမျိုးတွင် ဤမျှလူရည်လည်သော တရားခံမမျိုးနှင့် တွေ့ကြုံနေရသည့်အတွက် ဖြစ်ချင်ရာဖြစ်ဟု သူသေသေ ကိုယ်သေသေ စွန့်လိုက်လိုသောစိတ်ထားမျိုးပင် ပေါ်လာ၏။ သို့သော် တကယ်တွေး

လိုက်ပါမှ ဤပူပူနွေးနွေး လူသတ်ပြီးစဖြစ်သော တရားခံမကြီးနှင့် တုပြိုင်မစွန့်ရဲ...။

မိမိသာလျှင်မဟုတ်။ လူမိုက်လူရမ်းများအဖြစ် နာမည်ကျော်ကြားခဲ့သော မိမိတပည့် လူရမ်းကားများပင်လျှင် ဤတရားခံမကြီးကို ကြောက်နေကြ၏။

"တကယ်မလုပ်ရဲဘဲနဲ့တော့ သွားမလုပ်ကြနဲ့နော်။ ဗလကလည်း နည်းတဲ့ဗလ မဟုတ်ဘူး။ တစ်ယောက်ယောက်တော့ အသေအုပ်ပြီးမှ အသက်ချင်းလဲသွားမယ့်ဟာမကြီး ...သတိထား..."

မိမိတပည့် လူရမ်းကားတွေက ဤအတိုင်း အချင်းချင်း သတိပေး၍ တထိတ်ထိတ် တလန့်လန့်ဖြစ်နေကြသည်ကို မိမိကိုယ်တိုင် သိနေရသဖြင့် ပို၍စိတ်တိုနေ၏။

"ဟေး...မြန်မြန်လာကြကွ။ မင်းတို့ကိုယ်မင်းတို့ တိုင်းခန်းလှည့်လည်လာတဲ့ မင်းသမီးနောက်က ကိုယ်ရံတော်တွေများ အောက်မေ့နေကြသလား။ ဒါ...တရားခံမ ဖမ်းလာတာကွ..."

အရာရှိကြီးသည် ကျယ်လောင်စွာလှမ်းအော်လိုက်၏။ သို့သော် လျှောက်လာနေကြသူတို့ကား နန်းဟာမီးကို မည်သို့မျှ မြန်မြန်သွားလေအောင် မပြုလုပ်နိုင်ကြ။

အရာရှိကြီးသည် မည်သို့မျှ ထူးထူးခြားခြား လှုပ်ရှားလာခြင်းမရှိသော မိမိတပည့်များနှင့် နန်းဟာမီးတို့ကိုကြည့်လျက် ပို၍ရှူးရှူးရှားရှားဖြစ်နေ၏။ ထို့ကြောင့် မိမိပြုလုပ်တိုင်း တိတ်တိတ်ဆိတ်ဆိတ်ခံတတ်သော သဲပြင်ကြီးကို ဖွားခနဲ ဖွားခနဲနေအောင် ဆောင့်၍ဆောင့်၍နင်း၏။ ထို့နောက် ကုပ်ကုပ်ယို့ယို့ဖြင့် မိမိကို အလွန်ကြောက်ရွံ့စွာ ဝိုင်းဝန်းကြည့်နေကြသော ပဒူးမိန်းရွာသူရွာသား ပိန်းကူးလူမျိုးများကို မျက်မှောင်ကြုတ်၍ကြည့်၏။

"ဒီပိန်းကူးရွာ သိပ်ရှုပ်တဲ့ပိန်းကူးရွာ။ သူခိုးဓားပြ မိန်းမရှင်တွေနေတဲ့ ပိန်းကူးရွာ။ အခုသေသွားတဲ့လူဟာ ဘယ်လိုလူအောက်မေ့လဲ။ ဒီလူသေတဲ့အတွက် နင်တို့ပိန်းကူးရွာ တစ်ရွာလုံး မြေအလှန်ခံရမယ် သိလား..."

"ရှင်...ဒီပိန်းကူးက ဘာ့ကြောင့် မြေလှန်ခံရမှာလဲ...။ ဒီမှာ၊ ရှင်တို့ရဲ့ အဖိုးတန်လူကြီးကို ခုခံသတ်ပစ်လိုက်တဲ့လူကိုယ်တိုင်က ကျွန်မ ခုခံမိလို့ သေသွားပါတယ်လို့ ဝန်ခံဖြောင့်ချက်ပေးထားပြီးမှ ဒီပိန်းကူးရွာက မြေအလှန်ခံရဦးမလား...

ရှင်စကားပြောရင် ကြည့်ပြောပါ။ ဒါဟာ ကြောက်တတ်တဲ့ ကျွန်မတို့ ပိန်းကူးတစ်မျိုးသားလုံးကို အမှန်အတိုင်း သက်သေမလိုက်ဝံ့အောင် ရှင် ခြိမ်းခြောက်နေတာပဲ...

ဒီမှာ...ရှင်တို့ကိုယ်တိုင် သိပါတယ်။ ပိန်းကူးရွာက ရှုပ်တာမဟုတ်ဘူး။ ရှင်တို့က လာရှုပ်နေကြတာ။ ရှင်တို့ဟာ ပိန်းကူးရွာက ပိန်းကူးမကလေးတွေကို မိန်းမရှင် မိန်းမရှင်လို့ ခေါ်ကြတယ်။ ပြီးတော့ မိန်းမရှင်တွေရဲ့ ကာမကို အရှက်မရှိ ဝပ်တွားခယပြီး တောင်းကြတယ်။ မရရင် အမဲလိုက်သလို ဝိုင်းလိုက်ကြတယ်။ ပြီးတော့ သူခိုးဓားပြလို အတင်းလုယက် တိုက်ယူတယ်။ အမဲဖျက်သလို ဖျက်တယ်။ တိရစ္ဆာန်တွေတောင် ရှင်တို့လို ယုတ်ယုတ်မာမာ ရိုင်းရိုင်းစိုင်းစိုင်းမလုပ်ဘူး...

...အခု ရှင်တို့ရဲ့ အကျော်အမော် လူ့အဖိုးတန်ကြီး ဆိုတာလည်း ဒီလိုပဲ။ ပိန်းကူးမကို အနိုင်အထက်ပြုကျင့်ပြီး အတင်းကာမစားပြတိုက်လို့ ပိန်းကူးမက ခုခံလိုက်တာနဲ့ အခုလိုဖြစ်ရတာပဲ မဟုတ်လား။ ဒီအမှုက တကယ့်တရားခံတွေထဲမှာ ရှင်တို့ပါတယ်။ ရှင် ပါပါတယ်။ အခု ရှင်တို့က ကျွန်မကိုဖမ်းတယ်။ နောက် ရှင်တို့ပါ အချုပ်ခံရမယ် နားလည်လား..."

နန်းဟာဗီး၏ပြောပုံဆိုပုံသည် ဗမာစကား ကောင်းစွာမတတ်သေးသည့် အချို့သော ပိန်းကူးလူမျိုးများပင် နားလည်အောင် ပြတ်သားရှင်းလင်း၏။ အရာရှိကြီးသည် ရဲတင်းစော်ကားလှသော ပိန်းကူးမကို တရားခံပီပီ ဖြစ်လာစေရန် မျက်နှာထားနှင့်ကြည့်၏။

"ဟဲ့...တရားခံမ၊ တိတ်တိတ်နေစမ်း။ နင် ဘာလိမ်နေတာလဲ။ နင်ဟာ သေသွားတဲ့လူကြီးမင်းရဲ့ တိတ်တိတ်ပုန်းမယားဆိုတာ ငါမသိဘူးမှတ်သလား။ ငါမပြောနဲ့ လူကြီးမင်းကိုယ်တိုင် ပြောသွားလို့ နင်တို့တစ်ရွာလုံး သိတယ်။ ဟော့ ပြောလိုက်ကြစမ်း။ လူကြီးမင်းက ဒီကောင်မကို သူ့တိတ်တိတ်ပုန်းမယားပါလို့ ပြောသွားတာ မင်းတို့ ကြားကြတယ်မဟုတ်လား ..."

ဝိုင်းရပ်ကြည့်နေကြသော ပိန်းကူးအမျိုးသမီး အမျိုးသားတို့သည် မလှုပ်ရှားသောမျက်နှာများဖြင့် လေးလေးပင်ပင် ခေါင်းညိတ်ပြကြ၏။

"ဒါ...ရှင်တို့ စကတည်းက ယုတ်ယုတ်မာမာဆင်ထားတဲ့ လုပ်ဇာတ်ပဲ။ ဒါပေမဲ့ ကျွန်မ ဂရုမစိုက်ဘူး။ ရှင် ကျွန်မကို အကြောင်းမဲ့ ကြိမ်းလား မောင်းလား မလုပ်မိဖို့ သတိထားပါ..."

နန်းဟာဗီးသည် အရာရှိကြီး၏မျက်နှာကို စူးစူးစိမ်းစိမ်းကြည့်လျက် စိုးမိုးသောလေသံနှင့် ပြောနေသည်ကို တွေ့ကြရသောအခါ မော်မျှမကြည့်ဝံ့ကြသော ပိန်းကူးလူမျိုးတို့က အားကျဂုဏ်ယူ၏။ ထိုစဉ် နန်းဟာဗီးသည် သားမှုဝိုင်းနေကြသော မိမိတို့ ပိန်းကူးအမျိုးသား, အမျိုးသမီးများ၏ဘက်သို့ လှည့်လိုက်၏။

"ဒီမှာ ကျွန်မတို့ ပိန်းကူးလူမျိုးတွေဟာ တခြားလူမျိုးတွေက ဝိုင်းဝန်းနှိပ်စက်တိုင်း ခံနေကြရတဲ့ 'ခံဖတ်'လူမျိုး ဖြစ်နေကြရတာ ဘာ့ကြောင့်လဲ၊ သိကြရဲ့လား ...

…ကျွန်မတို့ ပိန်းကူးလူမျိုးတွေထဲမှာ ထမင်းတစ်နပ် ငွေတစ်ကျပ်ရရုံနဲ့ ကိုယ့်လူမျိုးကို တခြားလူမျိုးတွေ စော်ကားနိုင်အောင် လမ်းပြပေးတဲ့ သစ္စာဖောက်မျိုးဖျက်တွေ ရှိနေကြလို့။ ထမင်းတစ်နပ် ငွေတစ်ကျပ်ရရုံနဲ့ ကိုယ့်ကိုယ်ကိုရော၊ ကိုယ့်တစ်မျိုးလုံးကိုရော၊ လဲစားချင်နေကြတဲ့ လူဖျင်း လူညံ့ သစ္စာဖောက်တွေ ရှိနေကြလို့…

…ပြီးတော့…ကိုယ့်လူမျိုးအချင်းချင်းကျရင် နိုင်ထက်စီးနင်း လုပ်ရဲ သလောက်၊ တခြားလူမျိုးတွေနဲ့ တွေ့လိုက်ရင် ခွေးတစ်ကောင်အလိုက်ခံရ လို့ ပြေးကြတဲ့ နွားအုပ်လို အမြီးထောင်ပြီး တဝုန်းဝုန်းနဲ့ ပြေးတတ်ကြလို့…

…အဲဒါကြောင့် အစုအထိ အစဉ်အဆက် အစော်ကားခံလာကြရတာ။ အဲဒါတွေကို ကျွန်မတို့ ပိန်းကူးထီး၊ ပိန်းကူးမတွေ သတိရဖို့သင့်ပြီ၊ နားလည်လား…။

…ကျွန်မတို့ပိန်းကူးတွေဟာ အဲဒီလူမျိုးတကာ အညှဉ်းဆဲခံရတဲ့ဘဝက ရုန်းကန်လွတ်မြောက်ချင်ရင် အခု ကျွန်မဖြစ်နေတဲ့အမှုမှာ မြင်သမျှ ကြားသမျှ သိသမျှတွေကို ဟုတ်တဲ့မှန်တဲ့အတိုင်း ရဲရဲရင့်ရင့်ပြောဝံ့တဲ့စိတ် မျိုး မွေးထားကြ။ ဒါပဲ…”

နန်းဟာဗီးပြောနေသောစကားတို့ကို အရာရှိကြီးနှင့် တပည့်တို့သည် လုံးဝနားမလည်ကြ။

နန်းဟာဗီးသည် ပိန်းကူးစကားနှင့်ပြောနေခြင်းဖြစ်ရာ ပိန်းကူးလူမျိုး များသည် နန်းဟာဗီး၏အနီးသို့ ပိုရှိနိုးကပ်အောင် ဝိုင်းဝန်းရောက်လာ ကြ၏။ အချို့ပိန်းကူးယောကျာ်းကြီး ပိန်းကူးမိန်းမကြီးများက ခေါင်း တညိတ်ညိတ်ပြုလုပ်နေကြ၏။

“ဟေး…ဘာကြည့်နေတာလဲကွ။ ဒါ…မင်းအမေ သီချင်းဆိုနေတာ မှတ်သလား။ သူ့လူမျိုးတွေကို သူဘာပြောနေတယ်ဆိုတာ မင်းတို့

နားလည်လို့လား။ တယ် ဒီခွေးကောင်တွေဟာ...”

နန်းဟာဗီးကို မပြောဝံ့သော အရာရှိကြီးသည် မိမိနှင့်နီးသော တပည့် တစ်ယောက်ကို လိုက်ရိုက်၏။ တပည့်သည် ပြေးရှောင်ရင်း နန်းဟာဗီး၏ အနီးသို့ရောက်၏။

“ဟော့...တရားခံမ...မော်တော်ပေါ်ကို အရတက်ပါ၊ မတက်ရင် အတင်းဆွဲတင်ရမယ်...”

နန်းဟာဗီးသည် လက်နက်ကိုင်ကို စိမ်းစိမ်းလှည့်ကြည့်၏။ ထိုသို့ ကြည့်ရင်း ပြောစကား နားမထောင်ရင် လုပ်ပိုင်ခွင့်ရှိမှာပဲ ဟူသောအသိက ခေါင်းထဲ၌ ရောက်လာ၏။ ထို့ကြောင့် ‘ချာခနဲ’လှည့်၍ မော်တော်တက်သို့ ရှေးရှုသွား၏။

မော်တော်ပေါ်သို့တက်ရင်း မင်းဝမ်းကို သတိရလာပြန်၏။ လူချင်း ကွဲသွားကတည်းက ယခုအချိန်အထိ မင်းဝမ်းကို လုံးဝမတွေ့ရ။

မင်းဝမ်းသည် ကြောက်၍ပုန်းနေခြင်းလည်း ဟုတ်မည်မထင်။ ဤသို့ ဖြစ်လျှင် မင်းဝမ်း ဘယ်သို့ရောက်လေသနည်း။ မင်းဝမ်းကို သူတို့ ဘယ်သို့ပြုလုပ်လေသနည်း၊ နန်းဟာဗီးသည် မင်းဝမ်းအတွက် စိုးရိမ်လာ၏။ ထို့ကြောင့် မော်တော်ပေါ်သို့ လှမ်းတက်ရင်း ရပ်နေကြသော မိမိတို့ ပိန်းကူးလူမျိုးများရှိရာသို့ လှည့်ငေးကြည့်၏။

“ဟဲ့ကောင်မ...ဘယ်ထွက်ပြေးဦးမလို့လဲ...”

အသံနှင့်အတူ နန်းဟာဗီး၏ကျောကုန်းသို့ လက်နက်ကိုင်တစ်ယောက် က သေနတ်ဒင်ဖြင့် ဆောင့်လိုက်၏။

အမှတ်မဲ့ဖြစ်သော်လည်း တောင့်တင်းသန်မာလှသော ပိန်းကူးအပျိုမ ကြီးသည် ရှေ့သို့ယိုင်သွားရုံမှတစ်ပါး လဲကျသွားခြင်းမဖြစ်။

ချက်ချင်း မော်တော်ပေါ်၌ မတ်ခနဲရပ်လိုက်၏။ ထိုလက်နက်ကိုင်၏

မျက်နှာကို မြေပေါ်က်သကဲ့သို့ ခြေဖျားဖြင့် တအားခတ်၏။ 'ဖြောင်း'ဟူသော အသံနှင့်အတူ လက်နက်ကိုင်သည် သေနတ်တခြား လူတခြား၊ သောင်ပြင်ပေါ်သို့ ဝဲကျသွား၏။ နန်းဟာဗီး၏ခြေထောက်နှင့် နှစ်ပေလောက်အကွာတွင် မျက်နှာရှိနေလျက် မော်တော်ဘေး သောင်စပ်၌ ရပ်နေခဲ့မိသော လက်နက်ကိုင်အဖို့ ကံဆိုးလှလေသည်။

အဖြစ်အပျက်သည် အလွန်လျင်မြန်လှသောကြောင့် မည်သူမျှ၊ မည်သို့မျှမကူညီလိုက်နိုင်ကြ။

"ဒီမှာ...ရှင့်လူတွေ ကျွန်မကို ဘာမှမတရားမလုပ်ပါစေနဲ့လို့ ပြောထားတယ် မဟုတ်လား။ နောက်ထပ် ကျွန်မကိုယ်ကျွန်မ ဆက်ပြီးကာကွယ်ရင်း အသက်ချင်းလဲသွားဖို့ ဘယ်လိုမှ ကျွန်မ ဝန်မလေးဘူး။ ရှင့်လူတွေ တကယ်လုပ်ရဲရင် လုပ်ကြ..."

အထိတ်တလန့်အံ့အားသင့်နေကြသော ပိန်းကူးရွာသားများရှေ့၌ မိမိအား အင်္ဂလိပ်စကားဖြင့် လှည့်ပြောနေသော နန်းဟာဗီးကို အရာရှိကြီးသည် ဒေါသတကြီးလှမ်းကြည့်၏။ ထို့နောက် တစ်စုံတစ်ခုပြောမည်ဟု ပါးစပ်ဟာ၏။

"ကျွန်မသိပါတယ်...ရှင်တို့က ရှင်တို့ကို ခုခံတယ်။ ထွက်ပြေးတယ်ဆိုပြီး အလွန်ဆုံး ကျွန်မကို ပစ်သတ်နိုင်ကြမှာပေါ့။ ရှင်တို့ ပစ်မသတ်လည်း ဥပဒေအရ အခု လူသတ်မှုနဲ့ အစွဲခံနေရတာပဲမဟုတ်လား။ *ဘယ်လိုများ ကျွန်မအတွက် ပိုပြီးထိခိုက်လာနိုင်သေးတုံး...။* တကယ်ထိခိုက်လာနိုင်တာက ရှင်တို့ပဲ။ ကျွန်မကို တစ်ခုခုလုပ်မယ်များထင်ရင် ငြိမ်ခံနေလိမ့်မယ်လို့တော့ မထင်နဲ့။ အသက်ချင်းလဲပြီး ကာကွယ်ပစ်လိုက်မယ်...။ ရှင် သဘောပေါက်တယ်မဟုတ်လား"

မိမိအား အင်္ဂလိပ်စကားဖြင့် ဆက်လက်ပြောနေသော နန်းဟာဗီးကို

အရာရှိကြီးသည် အလွန်ခံပြင်းစွာနှင့် မျက်နှာလွှဲလိုက်၏။ သဲပြင်ပေါ်သို့ တံတွေး'ပြစ်'ခနဲထွေးလိုက်ပြီးနောက် မိမိတပည့်များဘက်သို့ လှည့်လိုက်၏။

"ဟေ့...ကောင်တွေ မင်းတို့ ဒီတရားခံမကို သွားသွားမလုပ်ကြပါနဲ့ လို့ ငါပြောထားတာမဟုတ်လား။ ဒီလိုဖြစ်တာပဲကောင်းတယ်။ ဟေ့... ဟိုကောင်...မင်းအမေ... ဘာကြည့်နေတာလဲ...။ ယိုခွေးသားကို သွားထူပေးလိုက်..."

မေးရိုး၏လည်တိုင်အစပ်နှင့် မျက်နှာအောက်ပိုင်းတစ်ခုလုံးကို အထိခံလိုက်ရသော အရာရှိကြီး၏ လက်နက်ကိုင်တပည့်ကျော်သည် ပါးစပ်တွင်းမှ သွေးများစီးကျလျက် သတိမရဘဲရှိနေ၏။

"အစ်ကိုကြီး...ဒီကောင် သတိမရဘူး..."

"ခွေးသား ကောင်းတယ်။ ဒါပဲကောင်းတယ်။ မစိုးမပို့လုပ်ဦး။ ဒီကောင့်သေနတ်ကို သိမ်းထားလိုက်ကြ။ ပြန်မပေးနဲ့၊ မျက်နှာကို ရေနဲ့ လောင်း..."

အတန်ကြာအောင် ဝိုင်းဝန်းပြုစုကြပြီးသည့်နောက် ထိုလူ သတိရလာသည့်အချိန်၌ မော်တော်ပေါ်တွင် လိုက်ပါကြရမည့်လူများအားလုံး အဆင်သင့်ရောက်နေကြပြီးဖြစ်၏။

မော်တော်ထွက်ခွာလာချိန်အထိ မင်းဝမ်း ပေါ်မလာ။

သစ်ကြီးဝါးကြီးတို့ဖြင့် ပိတ်ဆီးမိုးကာလျက် ညှို့ပြာသောတောင်တန်းကြီးတို့အောက်တွင် တောက်ပသောသဲသောင်ပြင်၊ ကြည်လင်သောရေလှိုင်းကလေးတို့ကို မြင်ရသည်မှာ ဤအချိန်သည် နောက်ဆုံးအချိန် ဖြစ်လေမည်လား။

* * *

စောင်မရှိ အခင်းမရှိ နံ့စော်၍ ကျဉ်းမြောင်းသော အုတ်တမံတလင်းခင်း အခန်းငယ်ကလေးထဲ၌ နန်းဟာဗီး နေရ၏။ လူနေရသည်နှင့်မတူ။ တိရစ္ဆာန်လှောင်ထားသည့် လှောင်အိမ်ထဲ၌ အထည့်အလှောင်ခံနေရသည်နှင့်တူ၏။

စရောက်လာကတည်းက မည်သူ့ကိုမျှမတွေ့ရ။ မည်သူကမျှလည်း လိုက်မလာ။

မင်းဝမ်းလည်း လိုက်မလာ။ မင်းဝမ်း၏အကြောင်းကိုလည်း အစအနမျှ မကြားခဲ့ရ။

မိမိကို ဘိန်းနှင့်လဲ၍ယူရန်၊ ဆန်နှင့်လဲစားရန် တကဲကဲပြုခဲ့ဖူးသော မိမိ၏ မွေးသဖခင်အရင်းဖြစ်သူ ဦးကျိဝမ်းသည်လည်း လိုက်မလာတော့။

ကျဉ်းမြောင်းသော သီးသန့်အခန်းကလေးထဲတွင် အတွေးပင်လယ်၌ နစ်မြုပ်ရင်း တိတ်တိတ်ဆိတ်ဆိတ် အချိန်ကုန်ခဲ့ရသည်ချည်းဖြစ်၏။ လူ့လောကကြီးနှင့် ကင်းကွာသကဲ့သို့ရှိနေရ၏။ ထိုသို့ရှိရတိုင်း ရင်ထဲ၌ မတင်မကျရှိနေသည့်အကြောင်းကို တွေး၏။ မည်သို့တွေးစေ အကြောင်းတစ်စုံတစ်ရာ ရှာဖွေ၍မရ။

မိမိကို မည်ကဲ့သို့ပြုလုပ်ကြလေမည်နည်း။ သက်ဆိုင်ရာတို့သည် မိမိအား ဘာတစ်ခုမျှ ကြီးကြီးကျယ်ကျယ် စစ်မေးခြင်းလည်းမပြု။ အဖြစ်အပျက်တွေကို ပြောပြချင်လှသော်လည်း ပြောပြခွင့်မရ။

ရောက်ရောက်ချင်း နာမည်မေး၏။ မိဘ မေး၏။ အသက် မေး၏။ လုပ်စားသောအလုပ် မေး၏။ ထို့နောက်...

'ရောဂါဖြစ်ပွားမှု စူးစမ်းရေးပါရဂူ...ဒေါက်တာကျော်သက်အား ထိုးသောဓားနှင့်တကွ ကိုယ်တိုင် လာရောက်အဖမ်းခံပါသည်'ဟူသည့် စာတမ်းအောက်မှ လက်မှတ်အထိုးခိုင်း၏။

မိမိသည် ထိုးသတ်ခြင်းမဟုတ်။ ကာကွယ်ခြင်းဖြစ်ပါသည်ဟု ရှင်းပြမည်ပြုသောအခါ "ဒါ တရားရုံးက စစ်လိမ့်မည်။ တရားရုံးရောက်မှပြော" ဟု ဆို၏။

မိမိ၏ရင်၌ သေဆုံးသူကိုက်လိုက်သည့်ဒဏ်ရာ ရှိ၏။ ထိုဒဏ်ရာကို ဆေးထည့်ရန် ဆေးရုံသို့ လိုက်သွားရ၏။ မျက်မှန်းတန်းမိခဲ့ဖူးသော ဆရာဝန်ကြီးနှင့် တွေ့ရလိမ့်မည်ဟု အားတက်မိသေး၏။

ဆေးရုံသို့ရောက်သော် ဆရာဝန်ကြီးကို မတွေ့ရ။ လက်ထောက်ဆရာဝန်ဆိုသူနှင့်သာ တွေ့ရ၏။ အကိုင်အတွယ် ရက်စက်ရိုင်းပျ၏။ ဆေးကုရန်ထက် စော်ကားရန်ပြုမူချက်က အလေးပို၏။ အနည်းဆုံး နောက်ထပ် ငါးကြိမ်မျှ ဆေးထည့်ရလိမ့်မည်ဟု မိမိကိုယ်တိုင် ဆရာမဖြစ်သောကြောင့် ခန့်မှန်းနိုင်သည့် ဒဏ်ရာကို ယခုတစ်ကြိမ်ဖြင့် လုံလောက်သည်။ နောက်ထပ် ဆေးရုံလာရန် မလိုတော့ဟု ပြော၏။

မိမိ ယခုတစ်ကြိမ် လူတွေကို ဆက်ဆံရသည်မှာ လူ့ပြည်ဟူသည် စက်ဆုပ်ဖွယ်ရာအရပ်တစ်ခုကဲ့သို့ ဖြစ်နေ၏။ လူဖြစ်လာရသည်မှာ ဘုရားသခင်၏ စိတ်ဆိုးခြင်းကို ခံရသောကြောင့်၊ သို့မဟုတ် ကံခေလွန်းသောကြောင့် လူဖြစ်လာရသည်ဟု ထင်လာ၏။

အရေးကြုံနေပြီဖြစ်သောကြောင့် အားကိုးရန် တွေးတောရင်း ငယ်စဉ်ကတည်းက မိမိကို စောင့်ရှောက်ထိန်းသိမ်းပေးခဲ့သော သာသနာပြုအဖွဲ့ကို အကြောင်းကြားစာ ပို့ချင်၏။ ပို့ခွင့်မရ။

မိမိနှင့် မျက်မှန်းတန်းမိခဲ့ဖူးသော မြို့မဝန်ထောက်ကြီးနှင့် အရေးပိုင်ကြီးကို တွေ့ချင်နေ၏။ တွေ့နိုင်ရန် အကြောင်းကြားပေးမည့်သူ မရှိ။ တွေ့နိုင်ခွင့်မရ။

"တရားခံမက တရားခံမလိုနေစမ်း။ အဲဒါ အထက်တန်းအရာရှိ

လူကြီးလူကောင်းတွေ နားလည်လား။ ငေါ် ပြောပိုင်ခွင့်မရှိဘူး”

လက်နက်ကိုင်အစောင့်တို့ထံမှ ဤစကားလုံးများကိုသာ ကြားခဲ့ရ၏။ ဤသို့ဖြင့် နန်းဟာဇီးသည် မည်သူ့ကိုမျှ တွေ့ခွင့်၊ ပြောခွင့်၊ အကြောင်းကြားခွင့်မရဘဲ ယခုရောက်နေရသည့် အချုပ်ခန်းအတွင်းသို့ ဝင်လာရ၏။ အချုပ်ခန်းထဲသို့ရောက်သည်နှင့် မိမိသည် လူ့လောကကြီးနှင့် အရှင်လတ်လတ် ကွဲကွာလာရဘိသို့ရှိ၏။ အချုပ်ခန်းထဲမှကြည့်လျှင် လူ့လောကကို မမြင်ရ။ လူနှင့်တူသူတွေကို မတွေ့ရ။

အချုပ်ခန်းသည် ယောက်ျားအချုပ်ထောင်အတွင်းမှ သီးသန့်အခန်းငယ်တစ်ခုဖြစ်၏။ ငါးပေ ရှစ်ပေမျှကျယ်လျက် သုံးနှစ်သားချောင်းကြီးများကို နှစ်လက်မစီခွာ၍ ပတ်ပတ်လည် ကာရံထား၏။ လူဝင်နိုင်ထွက်နိုင်ရန်အတွက် အမြင့်သုံးပေ၊ ဖြက်နှစ်ပေရှိသော အပေါက်ငယ်တစ်ပေါက်ရှိ၏။ ထိုအပေါက်ကို သော့ခတ်ထားသောတံခါးနှင့် အမြဲပိတ်လျက်တွေ့ရ၏။

အခန်းငယ်အတွင်း အောက်ခံ တမံတလင်းပေါ်တွင် ထိုအရပ်ထွက် ကြိမ်ဖြင့်ရက်သော ဖျာကြမ်းတစ်ချပ်ရှိ၏။ ထိုဖျာငယ်ကို သတိထားကြည့်လိုက်သည်နှင့် ရှည်လျားသော ကြမ်းပိုးကောင်ကြီးများ တစ်နေရာမှ တစ်နေရာသို့ ကူးသန်းသွားလာနေကြသည်ကို မြင်နိုင်၏။

အခန်းအတွင်း၌ အမြဲတမ်း ညှီစို့စို့နံစော်နေသော်လည်း ညဘက်တွင် နှင်းမှုန်နှင့်တကွသော အေးစက်စက်လေတို့က အတားအဆီးမရှိ ဝင်လျက် တစ်ခန်းလုံး နှင်းတို့ဖြင့် စွတ်စိုစေ၏။ နှင်းမစိုသည့်အချိန်တို့တွင် ကိုက်လေတိုင်း အနာဖြစ်တတ်သော တောင်ဖြုတ်များနှင့်တကွ တောခြင်ရိုင်းကြီးတို့က တသောသော ဝင်လာကိုက်ခဲကြ၏။

နန်းဟာဇီးသည် ဤအခန်းငယ်ကလေးအတွင်း၌ မိမိ၏သေးအင်တုံ

နှင့် အတူနေရ၏။ အချိန်တန်လျှင် ထမင်းသံပန်းကန်ပြားတစ်ချပ်၊ အရည်ကျဲကျဲချက်ထားသည့် အမျိုးအမည် မသိရသော ဟင်းတစ်ခွက်နှင့် ရေတစ်ခွက်ကို အပေါက်ဝမှ အတွင်းသို့သွင်းပေး၏။ စားလိုက စား၊ မစားလိုက နေ။ ဘာမျှမေးမြန်းခြင်းမရှိ၊ မိမိကမေးလျှင်လည်း ဘာမျှပြန်ပြောလိမ့်မည်မဟုတ်။

ဤအချုပ်ခန်းပတ်ပတ်လည်လည်၌ မြင်ရသမျှသောသူတို့သည် လူစိတ်ရှိဟန်မတူကြ။ မလှုပ်မရှား တင်းမာသောမျက်နှာထားဖြင့် နှစ်အဆက်ဆက်က ငြိုးသူရန်ဘက်ကဲ့သို့ မိမိကိုဆက်ဆံကြ၏။

မိမိပြုခဲ့သောအပြစ်သည် မိမိအား လူအချင်းချင်း ဤသို့ဆက်ဆံချင်လာရအောင် ကြီးလေးခဲ့လေသလော။

ဤသို့တွေးလိုက်သည်နှင့် ကို၏အပြုအမူများက ထမင်းလုံးတစ္ဆေခြောက်သကဲ့သို့ ပေါ်လာရ၏။

ကိုနှင့် ဆေးရုံ၌ အတူအလုပ်လုပ်ခဲ့ကြပုံ၊ အလုပ်လုပ်ရင်းလုပ်ရင်း မျက်လုံးချင်း ကြုံက်ခဲ့ကြပုံ၊ ထို့နောက် ကိုက လူကြီးလူကောင်းပီသစွာ ယဉ်ယဉ်ကျေးကျေး ချစ်ရေးဆိုပုံ၊ ထို့နောက် ကိုက ညဘက်မှာ တစ်ချိန်လောက် အေးအေးလူလူတွေ့ပါရစေဟု မကြာမကြာတောင်းဆိုပုံ။

ထိုစဉ်က ကိုသည် ယခု မြင်ရတွေ့ကြုံရသကဲ့သို့ ယုတ်မာရိုင်းစိုင်းလိမ့်မည်ဟု မည်သို့မျှတွေးထင်၍မရ။ ကိုသည် တည်ကြည်ခန့်ညားစွာဖြင့် ပြုံးရျိသူဖြစ်၏။ ကြင်နာယုယတတ်သူဖြစ်၏။ လူသားအချင်းချင်း ဂရုစိုက်တတ်သူဖြစ်၏။

ဤသည်တို့ကို တွေးရတိုင်း ကို့ကိုကြည့်၍ အားကျ၏။ ကိုလိုနေမည်၊ ကိုလိုပြုမည်ဟု ဆုံးဖြတ်၏။ ထို့ကြောင့်လည်း ကို့အနားတွင် ခွဲစိတ်ကိရိယာများ၊ ကိုအသုံးပြုသည့် တန်ဆာပလာများကို စောင့်ပေးနေ

ရပြီးသည့်နောက် မောပန်းသည်ဟုမထင်သေး ...။

တအားသစ်လျက် သွက်လက်ဖျတ်လတ်စွာပင် လူနာခန်းသို့ဝင်နိုင်၏။ လူနာတွေကို လှည့်လည်ကြည့်နိုင်၏။ အပူချိန်တိုင်းခြင်း၊ ဆေးတိုက်ခြင်း၊ လိုအပ်သည်တို့ကို ပြုစုပေးခြင်း လုပ်ပေးနိုင်ခဲ့၏။

လူနာတို့ကား မိမိတို့လူနာဖြစ်နေရသည်ဟူသော အခွင့်အရေးကိုယူ၍ ဆိုးချင်ကြ၏။ အချို့က စိတ်တိုစွာ အော်ငေါက်ကြ၏။ အချို့က အနီးသို့ရောက်လာသည့် ဆရာမကို အိပ်ရာထက်မှကြည့်ရင်း ရိသဲ့သဲ့ပြုကြ၏။ အချို့က မဖြစ်လောက်သောဝေဒနာကို အကြောင်းပြုလျက် ကလေးဆိုးကြီးများကဲ့သို့ ညည်းညူပူဆာတတ်ကြ၏။

မိမိသည် လူနာအားလုံးတို့ကို လုံ့လရှိသောမိခင်သည် သားငယ်အားလုံးကို ပြုစုခဲ့ဘိသို့ မညည်းမညူ တပျော်တရွှင်ကြီးပြုစုခဲ့၏။ လူနာခန်းသို့ ဝင်ရသည်ကိုပင် ခင်မင်တွယ်တာသောစိတ်ဖြင့် ပျော်ရွှင်ခဲ့သည်ချည်းဖြစ်၏။ အမျိုးမျိုးဆိုးတတ်ကြသည့်လူနာတို့ကို အလိုက်သင့် နှစ်သိမ့်စေခဲ့လျက် လူနာခန်းမှ ထွက်လာခဲ့သည်နှင့် ကစားကွင်းမှပြန်လာရဘိသို့ ရွှင်လန်းနှစ်သိမ့်မိ၏။

လူနာတို့ကို ရေချိုးပေးခြင်း၊ အိပ်ရာခင်းတို့ကို ပြုစင်သန့်ရှင်းသည့် အဝတ်အထည်တို့ဖြင့် ပြန့်ပြန့်ပြူးပြူး ခင်းကျင်းလဲလှယ်ပေးခြင်း စသည်တို့ကို ပြုလုပ်ပေးရာ၌လည်း မိမိသည် နာမည်အရဆုံးဖြစ်၏။ အရေအတွက်အများဆုံးနှင့် အမြန်ဆုံး၊ အကောင်းဆုံး ခင်းကျင်းပေးနိုင်သူဖြစ်၏။

မိမိသည် ဤအတိုင်း စေတနာဖြင့် ပြုလုပ်ပေးခဲ့၏။ ဤအတိုင်း စေတနာဖြင့် ပြုစုပေးခဲ့၏။ လူနာဟူသမျှတို့အား မိမိကိုမြင်သည်နှင့် စိတ်ကြည်လင်လာစေ၏။ မိမိမျက်နှာကို တွေ့ရသည်နှင့် ရောဂါသက်သာလာစေ၏။ မိမိသည် မိမိတာဝန်ကျနေသော လူနာခန်းမဆောင်ကြီးရှိ

လူနာသည်အပေါင်းတို့၏ အားကိုးရာ ပျော်ရွှင်ရာကို ပေးစွမ်းနိုင်သူဖြစ်၏။ စိတ်သက်သာမှု၊ စိတ်ကြည်နူးမှုတို့ကို ပေးစွမ်းနိုင်သူဖြစ်၏။ ရောဂါ၌ နစ်နေကြကုန်သော လူနာသည်အပေါင်းတို့၏ မေခလာနတ်သမီးကြီး ဖြစ်ခဲ့၏။

ယခု မိမိအလှည့်၌မူ ဤသို့ စေတနာထားမည့်သူကို မတွေ့ရတော့။

ဤနေရာသည် ဆေးရုံမဟုတ်၊ အချုပ်ခန်းဖြစ်သည်ကို မိမိသိ၏။ ဆေးရုံသို့ လူနာအဖြစ်နှင့် ရလာသည့်ဒဏ်ရာကို စစ်ဆေး ဆေးထည့်ရန် မိမိ သွားရောက်အစစ်အဆေးခံရစဉ်အခါကလည်း ဆရာဝန်သည် မိမိ၏ ဒဏ်ရာကိုသာလျှင်မဟုတ်၊ အသည်းနှလုံးကိုပါ ထိခိုက်နာကြည်းအောင် ဆက်ဆံလွှတ်လိုက်၏။ ယခု ဤအချုပ်ခန်းထဲသို့ ရောက်လာသည့်အခါ၌ ဆေးရုံမဟုတ်သည့် အချုပ်ခန်းဖြစ်ရုံမက လူတို့ကိုချုပ်နှောင်သည့် အချုပ်ခန်းနှင့်အတူ သားကောင်တို့ကိုလှောင်သည့် လှောင်အိမ်နှင့်တူနေသောကြောင့် ပိုဆိုးရ၏။ ဤအဖြစ်အားလုံးတို့သည် ကို့ကြောင့်...

ထိုစဉ်...ရက်စက်ယုတ်မာလှသော ကို၏မျက်နှာကြီးကို မြင်ယောင်လာ၏။ မိမိသည် မှတ်မှတ်ရရ ကိုနှင့် နှစ်ကြိမ်သာလျှင် ညဘက်၌ တွေ့ဖူး၏။

မိုးကန့်လန့်ကာကြီးအတွင်းမှ ကြယ်ကလေးတွေ ပြူတစ်ပြူတစ် ငုံ့ကြည့်နေသောညက တစ်ကြိမ်။

ထိုညသည် ကိုတောင်းပန်လွန်းသဖြင့် ကိုချိန်းလိုက်သည်ကို ရှေးဦးစွာ တွေ့ခွင့်ပေးလိုက်သည့်ည ဖြစ်၏။ သို့ပါလျက်နှင့် ကိုသည် မိမိကို ချမ်းသာမပေးခဲ့။

သို့သော် မိမိသည် မင်ရည်တွဲ့တွဲ့တွင် လဲ့လဲ့မျှမြင်ရသော ကို၏ မျက်နှာကို တရှိုက်မက်မက်ကြည့်ရင်း ကျေနပ်နှစ်သိမ့်ခဲ့၏။

ထိုသည့်နောက် ကိုနှင့် ညဘက်တွင် တွေ့ခွင့်မကြုံကြိုက်တော့ဘဲ ကို့စကားကိုယုံလျက် ကိုနှင့်ခွဲခွာထွက်လာခဲ့၏။ ယခု နင်းမှုန်မှုန်အောက်တွင် နှစ်ကြိမ်မြောက်တွေ့သောညသည် နောက်ဆုံးအကြိမ်တွေ့ရသည်လည်းဖြစ်သောည။

သည်ညဉ့်မှုကား ကို၏ဘဝီလူးရုပ်သည် ပေါ်ခဲ့၏။ ကိုသည် မိမိကို အပျော်သက်သက် အမဲလိုက်သကဲ့သို့ လိုက်လျက် မိမိအသွေးအသားကို ကြွပ်ကြွပ်ဝါးမျိုရန် ရက်စက်ယုတ်မာစွာ ပြုကျင့်၏။ ဤမျှပြုရက်သော ကိုကြောင့်...

ဂျိမ်း...ဂျိုင်းဟူသောအသံကြောင့် နန်းဟာဗီး၏အတွေးသည် ရပ်၏။ လက်နက်ကိုင်သုံးယောက်တို့ကို တွေ့ရ၏။ မိမိအား လာခေါ်ကြခြင်းဖြစ်သည်။

"အခုမှ စစ်မေးကြမည်ထင်ရဲ့"

နန်းဟာဗီးသည် ဝမ်းနည်းမှုကြောင့် အားငယ်စပြုနေပြီဖြစ်သည်ကို အားခဲလျက် လက်နက်ကိုင်တို့ခေါ်ဆောင်ရာနောက်သို့ လိုက်ပါခဲ့၏။ အစန်းအပြင်ဘက်သို့ရောက်သည်နှင့် မိမိ၏ပုံပန်းကို မိမိ ခန့်မှန်းကြည့်၏။

အမှုဖြစ်ပွားသည့်ညက မိမိတို့ရိုးရာအဝတ်ကို ဝတ်ထား၏။ ထိုညက နင်းစိုသော ဖုန်မှုန့်ထဲတွင် ပေပေလူးလူးဖြစ်အောင် ကိုနှင့် လုံးသတ်ကြပြီးနောက် ကို့ကြောင့်စုတ်သွားသည့်အင်္ကျီကို သက်သေအဖြစ် တင်ပြရန် ဆိုင်ရာတို့အား ပေးအပ်လျက် အဖော်တစ်ယောက်ထံမှ အင်္ကျီတစ်ထည်ကို ကမန်းကတန်း ချွတ်ယူလာခဲ့၏။

ထိုအင်္ကျီသည် မိမိကိုယ်လုံးကိုယ်ထည်ဖြင့် မတော်သည်ကို ထိုစဉ်က သတိမထားမိ။ ယခုမှ ဗိုက်သားတစ်ခုလုံး ပေါ်နေသည်ကို သိရ၏။ လှုပ်လိုက်တိုင်း ချုပ်ရိုးတွေစုတ်ပြဲလျက် မိမိ၏အတွင်းသားအချို့ ပြူထွက်

လာကြသည်ကို မြင်ရ၏။

မိမိတို့ရိုးရာလုံချည်ကလည်း ရင်ရှားဝတ်၍ရနိုင်သည့်လုံချည်မျိုး မဟုတ်သည့်ပြင် ဒူးပေါ်သည်အထိ တိုတောင်း၏။ ထို့ကြောင့် လက်မောင်း၊ ခြေထောက်၊ ဗိုက်၊ ခါး စသော ပေါ်နေသည့်အသားများကို တောင်ပြုတ်များ အကိုက်ခံထားရသဖြင့် ဝဲနာများကဲ့သို့ အဖုအပိန့်တွေ ဖြစ်နေ၏။

နန်းဟာစီးသည် မိမိကိုယ်မိမိကြည့်ရင်း ရင်ထဲ၌ မသက်မသာဖြစ်လာ၏။ အမှုဖြစ်ပွားရသည့်ညကစ၍ ယခုအချိန်အထိ ကိုယ်လက်ဆေးကြောခြင်းမပြုရသေးသော မိမိအဖို့ တကယ့်တောင်ပေါ်နာဂရိုင်းမကြီးကဲ့သို့ ဖြစ်နေ၏။ ဤသို့ဖြစ်နေရသည့် အရိုင်းမကြီးအား မည်သည့်ဂုဏ်သရေရှိ လူကြီးလူကောင်းသည် အရေးတယူ ပြုလုပ်ခေါ်ပြောဝံ့ပါမည်နည်း။

နန်းဟာစီးသည် နှလုံးခိုင်ခိုင်ထားလျက် အားတင်းနေရင်း မျှော်လင့်ချက်တွေ ကုန်ဆုံးလျော့ပါးလာ၏။ မိမိကိုကြည့်နေကြလေသလားဟု ပတ်ဝန်းကျင်ကို သတိထားလိုက်သည်နှင့် ရဲဌာနအတွင်းသို့ ခေါ်ဆောင်လာကြောင်း သိရ၏။ ရဲဌာနထဲ၌ မိမိနှင့် မျက်နှာကြောမတည့်ခဲ့သော အရာရှိကြီးနှင့် လက်နက်ကိုင်တပည့်များ။ ထို့နောက် ကိုနှင့်အတူ တစ်ကြိမ်မျှ မြင်လိုက်ရသဖြင့် မိမိက မှတ်မိနေသော တစ်ကိုယ်လုံး စိန်, ရွှေ, ကျောက်သံပတ္တမြားတို့ သီးနေသည့် ခေတ်မီဗမာအမျိုးသမီး...။

"ဟဲ့...ကောင်မ ဟိုမှာထိုင်..."

အရာရှိကြီးသည် တမံတလင်းတစ်နေရာသို့ လက်ညှိုးညွှန်ပြလိုက်၏။ အရာရှိကြီး၏မျက်နှာ လေသံ ဟန်ပန်တို့သည် ယခင်ကထက် ပို၍ ခက်ထန်ရက်စက်ရဲလာသည့် ကြောက်မက်ဖွယ်အသွင်မျိုး ဆောင်နေ၏။

နန်းဟာဗီးသည် ထိုင်လည်းမထိုင်၊ ဘာမျှလည်းမတုံ့ပြန်ဘဲ အရာရှိကြီး၏မျက်နှာကို စူးစိုက်ကြည့်နေ၏။

"ထိုင်ဆိုတာ ဘာပြန်ကြည့်နေတာလဲ။ ဒီကောင်မ ငါ့ကို ခုခံမလို့...။ ဟေ့ကောင်တွေ လုပ်စမ်း"

အရာရှိကြီး၏စကားမဆုံးမီ ခါးဆီသို့ ဖိနပ်နှင့်ဆောင့်ကန်ခြင်းကို ခံလိုက်ရ၏။

ရှေ့သို့ ဟပ်ထိုး ဟပ်ထိုးဖြစ်သွားစဉ် မျက်နှာသို့ လက်ဝါးဖြင့်ပိတ်ရိုက်သည်ကို ခံရပြန်၏။ မျက်လုံးထဲ၌ ပြာခနဲဖြစ်သွားပြီး ရီဝေဝေရှိလာရင်း—

ကုလားထိုင်ပေါ်၌ စီးကရက်ကို လှပစွာသောက်နေသော ဗမာမိန်းမရှေ့၌ မိမိ ဤသို့အစော်ကားခံလိုက်ရသည်ကိုလည်းကောင်း၊

လူကိုထားသည့်နေရာနှင့်မတူသော အချုပ်ခန်းကျဉ်းကလေးထဲ၌ ရေခဲလုလုရှိနေပါသည်ကို အခြုံအခင်းမရှိဘဲ သေးအင်တုံ့နှင့်အတူ နေနေရသည်ကိုလည်းကောင်း၊

ထို့ပြင် မိမိအား ကြိုးစင်တင်သည်အထိ ဝိုင်းဝန်းပြုလုပ်တော့မည်ဟူသော အသိသည်လည်းကောင်း တစ်ပြိုင်နက်တည်းဝင်လာ၏။

ဤအသိကို သတိဝင်လာသည်နှင့်အမျှ မိမိကို ရိုက်နှက်နေသည့် နီးရာတစ်ယောက်အား မိရာသို့ ဆွဲကိုင်ဖမ်းဆုပ်လိုက်၏။

လည်မျိုသို့ ဆုပ်ကိုင်အဖမ်းခံလိုက်ရရှာသော ကံဆိုးသည့် လက်နက်ကိုင်သည် လုံးဝမလှုပ်နိုင်ဘဲရှိနေရစဉ် ယင်း၏ဦးခေါင်းသည် အောက်ခံတမံတလင်းနှင့် အကြိမ်ကြိမ်ကိုင်ရိုက်ခြင်းကို ခံနေရ၏။

"ဟ...လုပ်ကြပါဟ၊ သေတော့မယ်။ မင်းတို့ ဘာငေးနေကြတာလဲ"

အရာရှိကြီး၏အော်သံကြောင့် နန်းဟာဗီးသည် ပြန်နိုးခနဲသတိဝင်လျက် မိမိလက်တွင်းမှလူကို လွှတ်လိုက်၏။

ထိုစဉ် မိမိ၏နံကြား၊ ကျော၊ ခါး၊ ဇက်ပိုး စသည်တို့ကို သေနတ်ဒင်များဖြင့် ဝိုင်းဝန်းဆောင့်ကြ၊ ထိုးကြသည်ကို ခံလိုက်ရ၏။ နားထဲ၌ ဒိုးဒိုးဒုတ်ဒုတ်မြည်လျက် စုပြုံပစ်လိုက်သည့်'ခဲ'များ တစ်ပြိုင်နက် လာရောက်ထိမှန်ဘိသို့ အသက်ရှူမှားအောင် နာအောင့်ယိမ်းယိုင်၏။

သို့သော် မထူးပြီဟူသောအသိသည် ဒဏ်ရာအပြင်းအထန်ရပြီးသော သားကောင်ကဲ့သို့ အဆုံးစွန်ရဲရင့်စေ၏။ ပင်ကို၏သုံးဆခန့် သန်စွမ်းစေ၏။ အံ့ဘနန်းမျှ ခံနိုင်စွမ်းရှိစေ၏။

ထို့ကြောင့် ဖိနပ်ဖြင့်ကန်ကြ၊ သေနတ်ဖြင့်ဆောင့်ကြ၊ သစ်သားတုတ်ကြီးများဖြင့် ဆောင့်ထိုးကြသည့်အကြားမှ ဒူးညွှတ်၍ကျသွားရသော်လည်း လုံးဝလဲမသွားဘဲ မိမိရည်မှန်းထားသော အရာရှိကြီးရှိရာသို့ အတင်းတိုးဝင်အရောက်သွား၏။

နန်းဟာဗီးသည် အရာရှိကြီး၏လည်မျိုကို မိမိရရဆုပ်ကိုင်လိုက်နိုင်သည်။ ထို့နောက် သစ်ပင်ကို ဆွဲနုတ်လိုက်ဘိသို့ အရာရှိကြီးကို ကုလားထိုင်ပေါ်မှ ဆောင့်ဆွဲချလိုက်၏။ မိုက်ကြီးကို အနိုင်နိုင်သယ်နေရသည့် အရာရှိကြီးကို အမဲလိုက်ခွေးသည် သားကောင်ကို ဆွဲကိုက်ခါလိုက်ဘိသို့ ဘယ်ညာဆွဲခါ၏။

ဝိုင်းဝန်းကန်ကျောက်၊ ထိုးဆောင့်နေကြကုန်သော အရာရှိကြီး၏ တပည့်များသည် အရာရှိကြီးကိုပါ ထိုးမိ၊ ဆောင့်မိ၊ ကန်မိကြကုန်သောကြောင့် အသေအချာရွေးချယ်လျက် တစ်ချက်တစ်ချက်မှ ဝင်ရောက်ထိုးနှက်ကန်ကျောက်နိုင်၏။ သန်မာကြီးထွားလှသော လူရိုင်းမကြီးကား လုံးဝမမှု။ မည်သို့မျှမအော်နိုင်၊ မရုန်းနိုင်၊ မခုခံနိုင်ပြီဖြစ်နေသော အရာရှိကြီး၏ လည်မျိုကို ကိုင်မြဲကိုင်လျက် အဝတ်ထုပ်ကြီးကို ဆွဲယမ်းနေဘိသို့ ဆွဲယမ်းလှုပ်ခါ၏။

"ရှင်တို့ ကျွန်မကို မတရားသတ်နိုင်တယ်၊ လုပ်ချင်သလို လုပ်နိုင်တယ်။ ကျွန်မအတွက် မထူးဘူး။ ဒါပေမဲ့ ကျွန်မ ပြောခဲ့ဖူးတယ်မဟုတ်လား။ ရှင်တို့အထဲက ကျွန်မနဲ့အတူ တစ်ယောက်ယောက်ကို ခေါ်သွားမယ်ဆိုတာ အခု ကျွန်မ ခေါ်သွားမယ်ဆိုတဲ့လူဟာ ရှင်ပဲ၊ နားလည်လား။ ရှင့်လူတွေ ကျွန်မကို ကြိုက်သလိုလုပ်ကြပေစေ...ကျွန်မသေရင် ရှင်ပါပါမယ်"

နန်းဟာဗီးသည် ပြင်းထန်မောဟိုက်သောအသက်ရှူခြင်းနှင့်အတူ အရာရှိကြီး၏မျက်နှာအနီးသို့ တိုးကပ်၍ နာကြည်းသံဖြင့်ပြော၏။ အသက်မရှူနိုင်တော့ပြီဖြစ်သဖြင့် ထိတ်လန့်လျက်ရှိသော အရာရှိကြီးသည် နန်းဟာဗီး၏ပြောသံကို အားလုံးနားလည်၏။ တကယ်လည်းဖြစ်နိုင်သည်ဟု ပို၍ထိတ်လန့်၏။ ထိုစဉ် ထွားကျိုင်းသောအရိုင်းမကြီးက မိမိ၏လည်မျိုကို ဆုပ်ကိုင်လျက် မိမိတစ်ကိုယ်လုံးကို ဘယ်ပြန်ညာပြန် ဆွဲယမ်းလှုပ်ခါ၏။ ဤတွင် အလွန်ထိတ်လန့်ကြောက်ရွံ့လှပြီဖြစ်သောမျက်နှာဖြင့် မပီမသအော်ဟစ်ရင်း မိမိတပည့်ကျော်များကို ရပ်ဆိုင်းရန် လက်ကာ၏။

အစိုးရိမ်ကြီးသော တပည့်ကျော်တစ်ယောက်သည် ဒဏ်ရာမရှိစေရန်ဟူသည်ကို သတိမရတော့ဘဲ အရာရှိကြီး လက်ကာပြနေစဉ်၌ပင် နန်းဟာဗီး၏ဦးခေါင်းကို သေနတ်ဒင်ဖြင့် ရိုက်လှဲ၏။ လဲကျသွားသော နန်းဟာဗီးသည် အရာရှိကြီး၏လည်မျိုကို လက်ထဲမှမလွှတ်ဘဲ သတိမေ့လျော့သွားသည်။

ဦးခေါင်း၌ သွေးအလူးလူးဖြင့် သတိမေ့လျက်ရှိသည့် နန်းဟာဗီး၏လက်ထဲမှ အရာရှိကြီး၏လည်ပင်းကို ယောကျ်ားကြီးလေးယောက်တို့က တပင်တပန်းဖြေယူကြရ၏။

အရာရှိကြီး၏တပည့်တစ်ဦးသည် သွေးအလူးလူးနှင့် သတိမေ့နေသော

နန်းဟာဗီး၏ကျောပြင်ကြီးကို သေနတ်ဖြင့်ဆောင့်ရန်ပြု၏။

"မလုပ်နဲ့...မလုပ်နဲ့...သေသွားမယ်။ သေသွားရင် ကျွန်မအနေနဲ့ ရှင်တို့ဘက်က သက်သေမရနိုင်ဘူး..."

ကုလားထိုင်ပေါ်၌ စီးကရက်သောက်မပျက် ထိုင်ကြည့်နေသော အမျိုးသမီး၏အသံ ဖြစ်၏။ မိမိကိုယ်တိုင် နန်းဟာဗီး၏ခုခံချက်ကို ခံလိုက်ရသော ထိုလက်နက်ကိုင်သည် မကျေချမ်းသောမျက်နှာဖြင့် အမျိုးသမီးဘက်သို့ လှည့်ကြည့်၏။

"ကိစ္စမရှိပါဘူး အမလေး...။ ဒီကောင်မ ကျွန်တော်တို့လက်ထဲမှာ ဘာမှမဖြစ်စေရဘူး။ အခု အတွင်းကြေကြေပြီး သုံးလေးလကြာမှ သေမှာ..."

"မလုပ်ပါနဲ့ဆို မလုပ်ပါနဲ့လေ၊ ရှင်တို့ဆရာကို စကားပြောနိုင်အောင် မြန်မြန်ဝိုင်းပြီးပြုစုကြပါဦး..."

ဗမာမိန်းမ၏ ခိုးမိုးသောအသံကို မည်သူမျှမလွန်ဆန်နိုင်ကြ။ အရာရှိကြီး၏တပည့်တို့သည် အရာရှိကြီးရှိရာသို့ အားလုံး ဝိုင်းဝန်းရောက်သွားကြ၏။ အရာရှိကြီးက နေသာထိုင်သာရှိသည်နှင့် အလွန်လှပကြော့မော့စွာ ဝတ်ဆင်ထားသော ဗမာအမျိုးသမီးရှိရာသို့ ရှက်ရွံ့စွာလှည့်ကြည့်၏။

"အန်ကယ်လ်တို့...မစ္စစ်ကျော်သက်ရှေ့မှာ ဒီလိုဖြစ်ရတာ စိတ်မကောင်းပါဘူး။ အားလည်းနာပါတယ်။ အရိုင်းအစိုင်းတွေကြားထဲမှာ ရောက်နေရတော့ အရိုင်းအစိုင်းတွေလိုပဲ ဖြစ်နေကြရတာပဲ"

အရာရှိကြီး၏အသံကွဲကြီး၌ ပေါ့ပျက်ပျက်ဖြင့် လုပ်ကြံထားသော ရယ်သံပါ၏။ မစ္စကျော်သက်သည် မိမိကုလားထိုင်မှထလျက် အရာရှိကြီး၏ရှေ့သို့ ခန့်ညားထည်ဝါစွာရောက်လာ၏။

"ကိစ္စမရှိပါဘူးလေ၊ ကျွန်မ ဒီမိန်းမကို စကားတစ်ခွန်းလောက် မေးချင်လို့ အခေါ်ခိုင်းတာပါ။ ကျွန်မကပဲ အားနာနေပါတယ်။ အခု

မမေးတော့ပါဘူး။ ကျွန်မ အန်ကယ်လ်ဆီကပဲ သိချင်တယ်။ ဒေါက်တာ ဟာ ဘာ့ကြောင့် အဲဒီရွာကို မနေနိုင်မထိုင်နိုင် သွားချင်ရလဲ။ သွားတုန်းက ဘာ့ကြောင့် ကျွန်မကို ခေါ်မသွားဘဲ ချန်ထားခဲ့ရတာလဲ၊ ဒေါက်တာနဲ့ ဒီမိန်းမဟာ ဆရာဝန်နဲ့ သူနာပြုဆရာမအဖြစ်အပြင် တခြားဘယ်လို အဆက်အသွယ် ရှိဖူးခဲ့သလဲ။ အဲဒါ အမှန်သိချင်တယ်"

"သူ အင်မတန်သွားချင်တယ်ဆိုလို့ အန်ကယ်လ်က လိုက်ပို့ရတာပဲ။ အန်ကယ်လ်လည်း ဘာမှမသိလိုက်ရဘူး'

မိမိလည်ပင်းကို မိမိလက်နှစ်ဖက်ဖြင့် ပွတ်သပ်နှိပ်နယ်ရင်း ယိုစီး သောချွေးပေါက်တို့ဖြင့် မသက်မသာရှိနေပုံရသော အရာရှိကြီးကို မစွစ် ကျော်သက်သည် စူးစိုက်ကြည့်၏။ ထို့နောက် မျက်နှာလွှဲလျက် ပြတင်း ပေါက်သံတိုင်များအကြားမှ မြင်နေရသော အဝေးရှိ တောင်ပြာကြီးများ ကို မျှော်ငေး၏။ ထို့နောက် လှပသောလက်ဆွဲအိတ်ထဲရှိ အဖိုးထိုက်တန် လှသည့် ကာရက်ရွှေရောင်စီးကရက်ဘူးကို ထုတ်ယူလျက် စီးကရက် တစ်လိပ်ကို မီးညှိသောက်၏။

"ဆရာဝန်၊ ဆရာမအနေနဲ့အပြင် ဒေါက်တာနဲ့ ဒီမိန်းမ အရင်တုန်းက ဘယ်အခြေအနေအထိ ဆက်ဆံခဲ့ဖူးသလဲ၊ ဘာ့ကြောင့် ဒေါက်တာကို သေသည်အထိ ဒီမိန်းမက သတ်လိုက်ရတာလဲ၊ ဒီမိန်းမရဲ့ရွာမှာ ဒီကိစ္စနဲ့ ပတ်သက်ပြီး လူတွေက ဘယ်လိုပြောနေကြသလဲ။ အဲဒါလောက်တော့ အန်ကယ်လ် သိမှာပေါ့။ အမှုနဲ့လည်း ပတ်သက်လို့ပေါ့လေ...ကျွန်မက သိချင်တာလည်း ပါပါတယ်"

"အန်ကယ်လ်မသိတာ အမှန်ပဲ။ ဒီပိန်းကူးမရဲ့ရွာမှာတော့ ဒေါက်တာ က ကိုယ့်တိတ်တိတ်ပုန်းမယားရှိရာကို ကိုယ်လာတာပဲလို့ပြောတာ တစ်ရွာ လုံးလိုလိုက ကြားတယ်လို့ သိရတာပဲ။ အဲဒီနောက်တော့ ဒေါက်တာနဲ့

ဒီမိန်းမ တွေ့ကြပြီး ဒီမိန်းမက ဓားနဲ့ထိုးသတ်လိုက်တာပဲ။ သူ့ကို မယူလို့ မကျေနပ်ဖြစ်ပြီးထိုးတာ ဖြစ်ချင်ဖြစ်နိုင်တာပေါ့..."

မစ္စစ်ကျော်သက်သည် စီးကရက်ကို ငြိမ်၍ဖွာနေ၏။ ထို့နောက် အရာရှိကြီး၏မျက်နှာကို စူးစိုက်ကြည့်ရာမှ ပြုံးလိုက်၏။

"တိတ်တိတ်ပုန်းမယား ... တရားဝင်ဖြစ်သွားမှာလည်း ဒေါက်တာက စိုးရိမ်ရှာ ထင်ပါရဲ့..."

မစ္စစ်ကျော်သက်သည် အသံမထွက်ဘဲ အတန်ကြာအောင်ပြုံးနေပြန်၏။

"ဒီမှာ...အန်ကယ်လ်ရဲ့၊ ဒေါက်တာကို သိကြတဲ့လူတိုင်းကတော့ ယုံမှာမဟုတ်ဘူး။ အန်ကယ်လ်တို့ လုပ်ကြံဆင်ထားတာဆိုရင်တော့ ဖျက်ပစ်လိုက်ပါ။ ဒေါက်တာ သွားလာနေကျ ကြေးစားမိန်းမရှင်တစ်ယောက်က အခြားအကြောင်းတစ်ခုခုကြောင့် သတ်တယ်ဆိုရင် ဟုတ်သေးရဲ့..."

မစ္စစ်ကျော်သက်က နောက်စကားကို အင်္ဂလိပ်လိုပြော၏။ ထို့နောက် အရာရှိကြီး၏တပည့်တွေထဲက အင်္ဂလိပ်စကားတတ်ကျွမ်းသူများ ပါလေမလားဟု အကဲခတ်သေး၏။ မတွေ့ရသည်နှင့် ညဘက် အိမ်သို့လာရန် အရာရှိကြီးကို မှာကြား၍ နှုတ်ဆက်ထွက်လာ၏။

မစ္စစ်ကျော်သက်သည် မိမိရှေ့၌ သွေးယိုစီးသောဦးခေါင်းဖြင့် မရှုမလှ လဲပြိုနေသော မိန်းမပျိုထွားထွားကြီးကို တွေ့၏။ ထို့ကြောင့် အနီးသို့ကပ်လျက် မျက်နှာကို သေသေချာချာငုံ့ကြည့်၏။

"ကြောက်စရာကြီးးပဲ၊ တစ်ကိုယ်လုံး အဖုတွေနဲ့ ကြမ်းကြမ်းတမ်းတမ်းကြီး။ ဒါနဲ့တောင် ယောကျ်ားတွေဟာ တော်တော်အံ့ဩဖို့ကောင်းတယ်...။ အန်ကယ်လ် ဒီမိန်းမကို သူ့နေရာသူ ပြန်ပို့လိုက်ပါ။ နောက်ထပ် ဘာမှမလုပ်ပါနဲ့"

မစ္စစ်ကျော်သက် ကြည့်နေစဉ်၌ပင် နန်းဟာဗီး၏မျက်လုံးသည် တဖြည်းဖြည်း ပွင့်လာ၏။ ထို့နောက် မစ္စစ်ကျော်သက်၏မျက်လုံးကို စူးစိုက်ကြည့်၏။

"ရှင်ပြောတာ မှန်တယ်။ ရှင့်ယောက်ျားဟာ ရှင့်အပေါ်မှာ ဘယ်လို ပြုမူတယ်ဆိုတာ မသိရပေမယ့် ကြောက်စရာကြီးဖြစ်တဲ့ ကျွန်မရဲ့ခြေရင်း မှာတော့ အင်မတန်အရှက်ကင်းကင်းနဲ့ ရှေးကတည်းက အလုပ်အကျွေး ပြုခွင့်တောင်းခဲ့တယ်ရှင့်။ အခုလည်း အဲဒီလိုလာတောင်းတာပဲ။ တောင်း ဆိုလို့ မရတော့ တိရစ္ဆာန်တစ်ကောင်လို စော်ကားမော်ကားလုပ်တယ်။ ကျွန်မကို အနိုင်အထက်ပြုကျင့်လို့ မနိုင်နိုင်ဘူးဆိုတာသိတော့ ကျွန်မအင်္ကျီ ကို ဆွဲဆုတ်ပြီး ဒီမှာကြည့်စမ်း..."

နန်းဟာဗီးသည် မိမိ၏အင်္ကျီကို ဆွဲလှစ်ပြ၏။ မိန်းမအချင်းချင်းပင် မက်မောအားကျဖွယ်ကောင်းသော ရင်သားအစုံ၌ မစ္စစ်ကျော်သက်၏ မျက်လုံးအစုံသည် ငေးစိုက်နေ၏။

အခွံနွာလိုက်သည့် ပဲစိမ်းစားဥကဲ့သို့ ရွှမ်းရွှမ်းစိုစို ပြည့်တင်းလျက် မည်သူတစ်စုံတစ်ယောက်မျှ မထိမတို့ရဖူးသည်သို့ မိမွေးတိုင်းအလှနှင့် တင်းတင်းကြွကြွရှိသော ရင်သားတစ်ဖက်တွင် ကြီးမားသော 'သွား' ဒဏ်ရာကြီးများနှင့်အတူ ဖူးရောင်ညိုမြည်း ပေါက်ပြဲနေ၏။

နန်းဟာဗီးသည် အင်္ကျီကို လက်နှစ်ဖက်ဖြင့် ပြန်ဖုံးလိုက်၏။

"ဒီလိုဒဏ်ရာမျိုးရလိုက်တဲ့ မိန်းမတစ်ယောက်ဟာ ဘယ်တဲ့ပြန်မလဲ ဆိုတာ ရှင် စဉ်းစားကြည့်။ ရှင်သိဖို့က ကြောက်စရာကောင်းတဲ့ အရိုင်းမ ကြီးဟာ ကြေးစားမိန်းမရှုင် မဟုတ်ဘူး။ ကြေးစားမိန်းမရှုင်တွေနဲ့ ပေါင်း သင်းကျင့်ရလာတဲ့ ရှင့်ယောက်ျားက ကျွန်မကို သူ့ရဲ့ အမြဲတမ်းဆက်ဆံ နေကျမိန်းမရှုင်တွေလို စော်ကားကြည့်လို့..အခုလို ကြောက်စရာကောင်းတဲ့

အရိုင်းမကြီးရဲ့ ကာကွယ်မှုကို ခံသွားရတာ”

မိမိကဲ့သို့ပင် အင်္ဂလိပ်စကားဖြင့် ပီသသွက်လက်စွာ ပြန်ပြောနေသော နန်းဟာဗီးကို မစ္စစ်ကျော်သက်သည် အလွန်မုန်းတီးသောမျက်လုံးဖြင့် တိတ်တိတ်ဆိတ်ဆိတ် စူးစိုက်ကြည့်၏။

သို့ကြည့်ရင်း ယောကျ်ားတွေနှင့် ယှဉ်ပြိုင်သတ်ပုတ်စဉ်က ကြောက်ဖွယ်ကောင်းလွန်းလှသော အရိုင်းမကြီး၏ဟန်ပန် အလုံးအထည်သည် ပုံထဲ၌ မြင်ရသည့် ရှေးရှေးခေါမ ရောမကျောက်ရုပ်တုကြီးများကဲ့သို့ အချိုးအဆစ်ကျနလှသည်ကို သတိထားမိလာ၏။ ထို့ကြောင့်လည်း ပို၍ ဝန်တိုစိတ်တွေပေါ်လာ၏။

မုန်းတီးသောမျက်လုံးလေးလုံးတို့သည် တစ်ဦးနှင့်တစ်ဦး ယှဉ်ပြိုင်ကြည့်နေကြရာမှ မစ္စစ်ကျော်သက်က နှုတ်ခမ်းစွန်းတစ်ဖက်ကို ကော့တက်ရုံမျှ ပြုံးလိုက်၏။ ထို့နောက် မျက်နှာကို ဆတ်ခနဲမော့လိုက်ပြီးလျှင် တစ်ဖက်သို့ ဖြည်းညင်းစွာလှည့်ရပ်၏။

“ဟော့–ဒီကောင်မကြီးဟာ တွေ့ရာမြင်ရာ လျှောက်ကိုက်နေတာပဲ။ သူ့နေရာသူ မြန်မြန်ဆွဲပို့လိုက်ကြစမ်း။ ဟိုရောက်မှ ဆေးရုံက ကွန်ပေါင်ဒါ တစ်ယောက်ခေါ်ပြီး သူ့ဒဏ်ရာ ဆေးထည့်ပေးလိုက်...”

နန်းဟာဗီးသည် လက်နက်ကိုင်ခြောက်ယောက်တို့၏အလယ်၌ သွေးတို့ဖြင့် ယိုစီးစေသည့်ဦးခေါင်းကို မညွတ်စေဘဲ မိမိကိုယ်မိမိ အစွမ်းကုန်အားခဲလျက် ပါသွား၏။

မစ္စစ်ကျော်သက်သည် နန်းဟာဗီး မိမိမျက်စိရှေ့မှ ပျောက်ကွယ်သွားသည်အထိ ငြိမ်သက်စွာရပ်နေ၏။

မိမိရှေ့မှထွက်သွားကြသည်ကိုလည်း မလှပ်ရှားသောကိုယ်၊ မလှုပ်ရှားသောမျက်နှာ၊ မလှုပ်ရှားသောမျက်လုံးတို့ဖြင့် ငြိမ်သက်ကြည့်နေ၏။

အမြဲးညီနောင်စာပေ

လှုပါး၀လွန်းသော အရိုင်းကောင်မကြီးသည် မိမိကို မတန်မရာ စော်ကား မော်ကားပြုလုပ်သွားသည်ဟု အသည်းခိုက်အောင်နာကြည်းနေ၏။

သို့သော် မတန်မရာသူကို ဖက်ပြိုင်စကားပြောရန်မသင့်။ တိုးတိတ် သောပင့်သက်ကို ရှူရှိုက်လိုက်ပြီးနောက် မစ္စစ်ကျော်သက်သည် စီးကရက် တစ်လိပ်ကို ညှိသောက်လိုက်သည်။

အကန့်အကန့်ရှိသောတောပြတ်၊ အဆင့်ဆင့်မြင့်သော တောင်ပြာကြီး များအပေါ်မှ နှင်းမှုန်နှင်းငွေ့တို့ကို သယ်ယူလာသော ချမ်းမြေ့မြေ့လေပြည် သည် မစ္စစ်ကျော်သက်၏ ချွေးစို့နေသည့်မျက်နှာကို ဝင်ရောက်ပက်ဖျန်း ၏။ ဤအေးစိမ့်သောလေသည် မစ္စစ်ကျော်သက်၏ရင်ကို အေးချမ်းမှု မပေးနိုင်ခဲ့။

■

[ ၁၃ ]

မိမိတည်းခိုအိမ်သို့ရောက်သည်နှင့် ကိုယ်လုံးပေါ်မှန်ရှေ့၌ရပ်လျက် မစွစ်ကျော်သက်သည် မိမိကိုယ်ကိုမိမိ ကြည့်၏။ လှပဖြူဖျော့သောမျက်နှာ၊ စိန်ရွှေကျောက်မျက်ရတနာတို့ဖြင့် ဖုံးလွှမ်းထားသည့် ပါးလျပျော့နွဲ့သည့် ကိုယ်...

မျက်နှာမျက်လုံးတို့၌ အဖိုးထိုက်တန်သော နိုင်ငံခြားဖြစ် အလှခြယ် ကိရိယာများဖြင့် ခြယ်လှယ်ပြုပြင်ထားသော ဥရောပတိုက်သူနှင့် ယှိုးမှား နိုင်၏။

အသွေးအရောင်ကင်းသောပါးပြင်ပေါ်၌ နှင်းဆီသွေးရောင် ခြယ်မှုန်း ၏။ ပါးလှစ်သည့်နှုတ်ခမ်းအစုံကို မိမိမျက်နှာနှင့်လိုက်လျောသည့် ပုံပန်း သဏ္ဍာန်ပေါ်အောင် နှုတ်ခမ်းဆိုးဆေးဖြင့် ပုံဖော်၏။ မျက်လုံး၊ မျက်ခုံး တို့ကို ဆိုဖွယ်ရာမရှိအောင် တောက်ပပေါ်လွင်စေ၏။ မျက်တောင်များကို ထင်းခနဲလှလေအောင် နှစ်ပင် သုံးပင်ပူးလျက် ကော့ညွှတ်စေ၏။

ဆိုဖွယ်ရာမရှိသောမျက်နှာအောက်၌ စိန်ကျောက်တို့ဖြင့် ဖုံးလွှမ်း ထားသောကိုယ်သည်၊ အရပ်အမောင်းနှင့် ညီညွတ်စေသည့် ရင်တု တင်တုများကြောင့် ကြွရွရှိ၏။ ခြုံလိုက်သော် မိမိတစ်ကိုယ်လုံးသည် အပြစ်ဆိုဖွယ်ရာမရှိ တပ်မက်ဖွယ်ပုံသွင်ကို ဆောင်သေး၏။

ဝတ်လုံတည်းဟူသော ကိုယ်ပိုင်ပညာရှင်အရျင်းအပြင် ဖခင်ကလည်း မိမိတို့ခေတ် မိမိတို့အချိန်၌ ရတောင့်ရခဲလှသော ဝန်ကြီးတစ်ဦးဖြစ်ရ၏။ ဥစ္စာကြေးငွေဆိုလျှင်လည်း အပုံလိုက်...အပုံလိုက်...။

သို့ပါလျက်နှင့် မိမိသည် မိမိကြိုက်နှစ်သက်ခဲ့ရသော ယောကျ်ားများ၏ ခွဲလမ်းချစ်ခင်မှုကို မခံရ။

အမြင်အားဖြင့် မိမိသည် မည်သည့်ယောကျ်ားမျိုးကိုမဆို အလွယ်တကူ တွဲနိုင်၏။ သို့သော် မိမိချစ်ခဲ့ရသော ယယ်စဥ်ကတည်းက မိမိမြတ်နိုးခဲ့ရသော မိမိနှင့်ကျောင်းနေဘက်လည်းဖြစ်ခဲ့ရသော ဒေါက်တာမင်းထင်၏ အရေးတယူ အလေးမှုခြင်းကို လုံးဝမခံခဲ့ရ။

ဒေါက်တာမင်းထင်နှင့် ပတ်သက်လာလျှင် မိမိသည် ကျောင်းသားတို့၏အလယ်၌လည်းကောင်း၊ အပေါင်းအသင်းတို့၏အလယ်၌လည်းကောင်း၊ တစ်ဖက်သတ် တစ်ဘီးလှိမ့် မိန်းမနောက်ပိုးဖြစ်ခဲ့ရ၏။ အရှက်အကြောက်ကင်းသူ ဖြစ်ခဲ့ရ၏။

အစ်ကိုကြီး ဒေါက်တာမင်းထင်သည် စိန်ခေါ်၍ပြေးလာသူသို့ မိမိကလိုက်လေဝေးလေဖြင့် ဝေးသည်ထက် ဝေးခဲ့ရ၏။

နောက်ဆုံး အချစ်၏နှောင်ကြိုးဖွဲ့မှုကို ခံနေရသော မိမိသည် အရှက်ကိုမျှ မငဲ့ကွက်နိုင်၊ ဂုဏ်သိန်ကိုလည်း မထောက်ထားနိုင်ဘဲ လက်ညွှန်ရာသို့ ကိစ္စပြီးစီးစေနိုင်သည့် မိဘကိုပါ ကပ်၍ပူဆာ၏။

သို့သော် ဒေါက်တာမင်းထင်၏နှလုံးသားကား ကျောက်သားကဲ့သို့အေးစက်မာကျောလှသည်။

"ထား ... မင်းတို့အသိုင်းအဝိုင်းနဲ့ ကိုယ်နဲ့ မဖြစ်နိုင်ပါဘူးကွာ၊ မင်းတို့ဂုဏ်ကြီးတွေ, ပညာကြီးတွေ, စီးပွားစနကြီးတွေနဲ့ မင်းတို့လိုအထဲက ထိတ်ထိတ်ကြဲဆိုတာတွေကို ခေါင်းခေါက်ဝယ်ယူလိုက်ရင် ရနိုင်ပါတယ်"

ရှက်စိတ်နာနာနှင့် ဒေါက်တာမင်းထက်၏ပါးကို ဖျန်းခနဲနေအောင် ချလိုက်မိသောကြောင့် မိမိလက်ချောင်းများ သုံးရက်လောက်နာခဲ့ရဖူး၏။ ထိုသည့်နောက် ဒေါက်တာမင်းထင်ကို မတွေ့ခဲ့ရတော့။

မိမိ၏ချစ်စိတ်နာမှုကို ဒေါက်တာကျော်သက်အား ဝယ်ယူလိုက်ခြင်း ဖြင့် အစားထိုးဖြည့်စွမ်းရ၏။ ထို့ကြောင့် ဒေါက်တာကျော်သက်ကို မိမိက ချစ်၍မရ။ မိမိကလည်း ဝယ်ခြင်းမဟုတ်။ ဒေါက်တာကျော်သက် ၏မိခင်က လာရောင်းသည်နှင့် ကြုံကြိုက်သောကြောင့် အနာပြေ ဝယ်ယူ လိုက်ခြင်းဖြစ်၏။

ထို့နောက် အစ်ကိုကြီး ဒေါက်တာမင်းထင်ကို အရှုံးပေးခဲ့ရသည် နှင့်အမျှ ဒေါက်တာကျော်သက်အပေါ်တွင် လက်စားချေ အနိုင်ယူခဲ့၏။ ဒေါက်တာကျော်သက်ကို စိတ်ဆင်းရဲအောင်ပြုခဲ့၏။ ဒေါက်တာကျော်သက် က မိမိကို စွဲလမ်းလှပါသည်၊ ချစ်လှပါသည်၊ မျက်စိအောက်က အပျောက် မခံနိုင်ပါဆိုလျှင် မိမိအဖို့ အရသာရှိလှ၏။

မေ့မရသော အစ်ကိုကြီးမင်းထင်ကို သတိရစိတ်နာတိုင်း မိမိ၏ အချစ်သားကောင်ဖြစ်သော ဒေါက်တာကျော်သက်ရှေ့၌ လူမျိုးစုံဖြင့်တွဲ၍ လက်စားချေခဲ့၏။

မိမိ ဤလိုပြုသဖြင့် ဒေါက်တာကျော်သက် မခံမရပ်နိုင်ဖြစ်လျှင် မိမိနှလုံးသား၌ ရရှိလာခဲ့သော ဒဏ်ရာသည် သက်သာသလို ရှင်လန်း ချမ်းမြေ့ရ၏။

ဤအခြင်းအရာသည် အစုမှမဟုတ်ခဲ့ကြောင်း 'ဗူး'ပေါ်သလို ပေါ်ရ သည်။ ဒေါက်တာကျော်သက်သည် မိမိအား အကယ်စွဲလမ်းချစ်ခင်ခြင်း မဟုတ်။ အကယ်စွဲလမ်းချစ်ခင်နေလေယောင် ဟန်ဆောင်နေသူမျှသာ ဖြစ်၏။ အကယ်စင်စစ် မိမိအပေါ် အမူးအရူးစွဲလမ်းနေသူမဟုတ်။

မိမိ၏ငွေ၊ ဂုဏ်နှင့် ရရှိလတ္တံ့သော အခွင့်အရေးကောင်းများကိုသာ အမူးအရူးစွဲလမ်းနေခဲ့သူဖြစ်၏။

ဒေါက်တာကျော်သက် အမူးအရူး အကယ်စွဲလမ်းခဲ့သောသူကား မိမိမဟုတ်... အရိုင်းကောင်မကြီး နန်းဟာဗီး။

မစွစ်ကျော်သက်၏မျက်နှာ၌ ဝန်တိုမုန်းတီးသောအရိပ်အယောင် ပေါ်လာ၏။ ထိုစဉ် အိမ်ရှေ့၌ မိမိကိုတွေ့ချင်သည့်ဧည့်သည် ရောက်နေကြောင်း အကြောင်းကြားလာသည်။

မစွစ်ကျော်သက်သည် ခက်ထရော်လျက်ရှိသော မိမိမျက်နှာကို တို့ပတ်ပေါင်ဒါဖြင့် ဖုံးဖိလျက် အိမ်ရှေ့သို့ထွက်သည်။ မိမိအား ကျောပေး လျက်ထိုင်နေသူကို မြင်ရသည်နှင့် ရင်ခုန်လာ၏။

"သူ့အကြောင်းကို တွေးမိလို့ မိမိမျက်လုံးက လှည့်စားခြင်းလား၊ တကယ်ပေပဲလား..."

ဖွဲလိုက်သောရင်ဖြင့် အသက်မရှူမိဘဲ ရှေ့သို့ တစ်လှမ်းချင်းတိုး၏။ မျက်နှာကို မြင်လိုက်သည်နှင့် နှလုံးသွေးသည် ရပ်သွားသည်ဟု ထင်ရ၏။

မည်သို့မျှမမျှော်လင့်သော၊ မည်သို့မျှမကြုံကြိုက်နိုင်သော၊ ဝတ္တု ဆန်စွာ တိုက်ဆိုင်လွန်းလှသော အစ်ကိုကြီး ဒေါက်တာမင်းထင်...။

'အစ်ကိုကြီး ...အို...အစ်ကိုကြီး ..."

မစွစ်ကျော်သက်သည် ဆက်၍စကားမပြောနိုင်ဘဲ မျက်ရည်ရစ်ဝိုင်း သောမျက်လုံးဖြင့် ငိုမလိုရယ်မလိုကြည့်၏။ ပြေးဖက်လိုက်တော့မည့်ကဲ့သို့ လက်နှစ်ဖက်ကို ပြင်ဆင်ထား၏။

"အစ်ကိုကြီး...ထားဆီကို လာတယ်နော်...။ အခု...ထား...ထား... ဒုက္ခတစ်ခုနဲ့ ...ဒုက္ခတစ်ခုနဲ့ ရင်ဆိုင်နေရတယ်လေ..."

ဒေါက်တာမင်းထင်သည် မစွစ်ကျော်သက်ကို တည်ငြိမ်သောအပြုံး

ဖြင့် တုံ့ပြန်ကြည့်၏။ ထို့နောက် နေရာမှထ၍ မစွစ်ကျော်သက်၏လက်ကို လှမ်းကိုင်လျက် မိမိရှေ့၌ရှိသော ကုလားထိုင်တွင် ထိုင်စေ၏။ ထို့နောက် ပိန်းကူးမတို့၏ ရိုးရာအဝတ်ဖြင့် မဝံ့မရဲရပ်နေသော အမျိုးသမီးတစ်ယောက်ကို လက်ပြထိုင်စေသေး၏။

မစွစ်ကျော်သက်သည် အဆိုပါပိန်းကူးမကို ယခုမှ သတိထားမိလျက် ရွှံရှာစူးစမ်းသည့်မျက်နှာဖြင့် မျက်လုံးစွေကြည့်၏။

ဒေါက်တာမင်းထင်သည် သည်မျက်လုံးမျိုး၊ သည်အကြည့်မျိုးကို တွေ့ရပြန်သောကြောင့် ပြုံးချင်ချင်ပြု၏။

"ကိုယ်နေတဲ့သောင်ပြင်ကြီးနောက်ရွာက ကိုယ့်ရိုးရိုးမိတ်ဆွေကလေးတွေပါ..."

မစွစ်ကျော်သက်က ရောနှောပြုံးယောင်ပြုရင်း နေရာမှထ၏။

"ထားကလည်း ဘယ်လိုမှ မမေးရ မပြောရသေးပါလား ..."

မစွစ်ကျော်သက်သည် ဒေါက်တာမင်းထင်၏ တုံ့ပြန်မည့်စကားကို မစောင့်ဘဲ အနိုင်ဖြင့် အတွင်းသို့ဝင်ပြီးနောက် ထိုအရပ်ထွက် လိမ္မော်သီးများကို ပန်းကန်ပြားဖြင့်ထည့်၍ စားပွဲပေါ်သို့လာချရင်း ထိုင်၏။

"ဒါဖြင့် အစ်ကိုကြီးမင်းထင်နေတာ ဒီပိန်းကူးတွေရဲ့ရွာပေါ့..."

"ဟုတ်တယ်၊ ဒါပေမဲ့ ဟိုနေ့က ကိုယ်မရှိဘူး။ 'ငါးကွန်း'ရွာနားမှာရှိတဲ့ ထုံးကျောက်ဂူကြီးထဲကို ရောက်နေတယ်။ ကိုယ့်တပည့် ကုလားကလေးနဲ့ ယောဒီမင်းဝမ်းနဲ့ လိုက်လာပြီးပြောမှ ကိုယ်သိရတာ။ ဒါပေမဲ့ ဒီလိုဖြစ်ကြပျက်ကြတာ ထားတို့နဲ့မှန်းမသိဘူး။ ဒီရောက်မှ ခရိုင်ဝန်ကြီးက သတင်းစာထဲမှာပါတဲ့ ထားတို့လင်မယား ဒီကိုလာကြတုန်းက သတင်းဓာတ်ပုံကိုပြပြီး ဟိုနေ့ကအဖြစ်အပျက်ကို ပြောပြမှ သေသူဟာ ထားယောကျ်ားမှန်းသိရတာ။ ဒါကြောင့် ထားလည်း ဒီမှာရှိနေတယ်ဆိုတာနဲ့ ထား အတော်

စိတ်ထိခိုက်နေသလားလို့လည်း မေးရင်း၊ တခြားကိုယ်ပြောချင်တဲ့အကြောင်း ကလေးတွေလည်း ပြောရအောင် အခု ထားဆီကို တန်းလာတာပဲ...”

“ထား...ဝမ်းသာလိုက်တာ အစ်ကိုကြီးရယ်၊ ထားကို ဒီလိုဂရုစိုက် ဖော်ရတာ...။ အခု ထား ဒုက္ခနဲ့တွေ့နေရပေမယ့် ထား...ထား လူဖြစ် ကတည်းက အခုတစ်ခါ ဝမ်းအသာဆုံးပဲ...”

မစွစ်ကျော်သက်သည် မျက်ရည်လည်သော တောက်ပြောင်သော မျက်လုံးဖြင့် သဘောကောင်း၍ စိတ်နုနယ်လှသော ကလေးငယ်ကဲ့သို့ တကယ်ဝမ်းပန်းတသာပြောရင်း ဒေါက်တာမင်းထင်နှင့် အနီးကပ်ဆုံး ကုလားထိုင်သို့ ရွှေ့ပြောင်းထိုင်၏။ ဒေါက်တာမင်းထင်သည် ဣန္ဒြေရစွာ ပြုံး၏။

“ထား ...တကယ်ဝမ်းသာနိုင်ပါ့မလား။ ထားတို့မှန်းသိတာနဲ့ ကိုယ် လာတယ်ဆိုတာက ထားအတွက် ဝမ်းနည်းစကားပြောဖို့အပြင် တခြား အကြောင်းလည်း ပါသေးတယ်။ အဲဒါက ထားယောကျ်ားဖြစ်ရတဲ့ကိစ္စနဲ့ ပတ်သက်ပြီး အမှန်အတိုင်းဖြစ်စေရမယ်ဆိုတဲ့ မြင့်မြတ်တဲ့စိတ်ထားမျိုး ထားက မွေးပေးဖို့။ ဒီအမှုမှာ ထား ဝင်လိုက်မယ်ဆိုရင် ဟိုအဖမ်းခံ ထားရတဲ့ ပိန်းကူးမကလေးလည်း လွတ်သွားမယ်...”

မစွစ်ကျော်သက်သည် ဒေါက်တာမင်းထင်၏မျက်နှာကို နားမလည် သလိုကြည့်၏။ ထို့နောက် တစ်ဖက်ဘေးရှိ ကုလားထိုင်ပေါ်၌ မလှုပ်မယှက် ကုပ်ကုပ်ယို့ယို့ထိုင်နေသော မင်းဝမ်းကို စူးစမ်းသောမျက်လုံးဖြင့် ကြည့်ပြီး နောက် မျက်နှာတစ်မျိုးပြောင်းလိုက်၏။

“အစ်ကိုကြီးမင်းထင်ပြောတဲ့စကား ထား နားမလည်သေးဘူး။ သေတဲ့ လူဟာ ထားယောကျ်ားမှန်း သိရလို့ ထားအတွက် စိတ်မကောင်းဖြစ်ပြီး ထားဆီကို လာတွေ့တာသက်သက်မဟုတ်ဘူး၊ တခြားကိစ္စတစ်ခုလည်း

ပါသေးတယ်ပေါ့…”

“ဟုတ်တယ်၊ သေတဲ့လူ ထားယောကျ်ားမှန်းသိလို့ ထားအတွက် အားပေးရအောင်လည်း လာတာပဲ။ ပြီးတော့ ယောကျ်ားတစ်ယောက်လုံး အသေခံရပါလျက်နဲ့ မွန်မြတ်တဲ့စိတ်ကို ဖော်ပြရင်း အဖမ်းခံထားရတဲ့ ပိန်းကူးမအတွက် တရားလမ်းအတိုင်းဖြစ်စေဆိုတဲ့ စေတနာမျိုးကို ထား ကိုယ်တိုင်က မွေးလာအောင် တိုက်တွန်းချင်လို့လည်း လာတာပဲ…”

မစွစ်ကျော်သက်သည် ဒေါက်တာမင်းထင်နှင့် ကုလားထိုင်ချင်း ယှဉ်ထိုင်နေရာမှ ဒေါက်တာမင်းထင်နှင့် မျက်နှာချင်းဆိုင်၌ရှိသော ကုလား ထိုင်သို့ ပြန်ရွှေ့၏။ ထို့နောက် ဒေါက်တာမင်းထင်၏မျက်နှာကို စူးစမ်း ဘိသို့ သေသေချာချာကြည့်၏။

“နေပါဦး…အခု အစ်ကိုကြီးပြောနေတာက ဘယ်သူ့အတွက်လဲ။ ဟိုအဖမ်းခံထားရတဲ့ ပိန်းကူးမအတွက် လာပြောနေတာလား…”

ဒေါက်တာမင်းထင်က ဖြည်းလေးစွာခေါင်းညိတ်ပြ၏။ မစွစ်ကျော် သက်သည် ချက်ချင်း မျက်နှာမည်းညစ်သွား၏။ မစွစ်ကျော်သက်၏ မျက်လုံးများသည် ချက်ချင်းတောက်ပြောင်လာ၏။

“ဘာ့ကြောင့် ဒီပိန်းကူးအရိုင်းမအတွက် အစ်ကိုကြီးမင်းထင်က ဝင်ပြောရတာလဲ။ အစ်ကိုကြီးမင်းထင်နဲ့ ဒီပိန်းကူးမနဲ့ ဘယ်လိုသက်ဆိုင် လို့လဲ…”

“ဘယ်လိုမှမသက်ဆိုင်ဘူး။ တရားသဖြင့် ဖြစ်စေချင်တဲ့ အကြောင်း တစ်ခုပဲရှိတယ်။ မတရားသဖြင့် ဘေးက ဩဇာအာဏာတွေ၊ ဂုဏ်တွေ၊ ဓနတွေနဲ့ ဝိုင်းဝန်းဖိနှိပ်ကြတာနဲ့ အကူအညီမဲ့နေတဲ့လူတစ်ယောက်မှာ အနာခံရမယ်ဆိုတာ မဖြစ်စေချင်ဘူးပေါ့လေ…”

“ဒီပိန်းကူးမမှာ အပြစ်မရှိဘူးလို့ အစ်ကိုကြီး ဘယ်လိုသိလဲ။ လူ

တစ်ယောက်လုံး သတ်ထားတဲ့ ပိန်းကူးအရိုင်းမဟာ အပြစ်မရှိဘူးလား။ လင်တစ်ယောက်လုံး အသေခံထားရတဲ့ ထားကိုတော့ ဒီပိန်းကူးမလောက် အစ်ကိုကြီးမင်းထင်က မသနားဘူးလား..."

"ထား ...ကိုယ်...ဒါတွေမပြောချင်ဘူး။ ရှင်းလည်း ရှင်းမပြချင်ဘူး။ သေတဲ့လူကို ထိခိုက်လိမ့်မယ်"

"ကျော်သက်ကိုလား ...။ အဲဒါ ထိခိုက်မှာစိုးရင် ထားပါတော့၊ ကိစ္စမရှိပါဘူး။ ကိစ္စရှိတာက လူသတ်တဲ့ ပိန်းကူးမတော့ သနားတယ်။ လင်အသေခံရတဲ့ ထားကိုတော့ မသနားဘူး။ အဲဒါ ဘာကြောင့်တုံး။ အဲဒါ သိချင်တယ်..."

မစ္စစ်ကျော်သက်သည် စီးကရက်ဘူးကိုဖွင့်လျက် စီးကရက်ကို မီးညှိ၍ တအားဖွာရှိုက်၏။ ဒေါက်တာမင်းထင်က မစ္စစ်ကျော်သက်၏မျက်နှာကို ပြုံးသည်ဟုထင်ရသော အကြည့်မျိုးဖြင့် ခေတ္တစိုက်ကြည့်၏။ ထို့နောက် မည်သို့မျှမပြောဘဲ နေရာမှ ထလိုက်၏။

"ကိုယ်တို့ သွားတော့မယ်..."

မစ္စစ်ကျော်သက်သည် ခေတ္တငိုင်နေမိရာမှ စီးကရက်ကို ထိုးချေလိုက်၏။ ထို့နောက် ချက်ချင်းရပ်လိုက်သည်။

"ဒါဖြင့် အစ်ကိုကြီးရဲ့အရိုင်းမ တရားခံအတွက် ထားဆီက အကူအညီ မတောင်းတော့ဘူးပေါ့..."

ဒေါက်တာမင်းထင်သည် ထား၏မျက်နှာကို အေးအေးစက်စက် အပြုံးဖြင့် ရွှင်ပျပျ စူးစိုက်ကြည့်၏။

"တောင်းပြီးပြီပဲ၊ ကူဖို့ မကူဖို့ဆိုတာက ထားသဘောပါ..."

"အကယ်လို့...ထားက မကူဘူးဆိုပါတော့..."

"ဒါတော့ ...ထားက မကူရင်လည်း တတ်နိုင်သမျှ တရားလမ်းမှန်

အတိုင်း ဖြစ်လာအောင် ကိုယ်တို့က အစွမ်းကုန် ဝိုင်းဝန်းဆောင်ရွက်ပေးကြရမှာပေါ့…”

“အစ်ကိုကြီးတို့ အဲဒီလိုဆောင်ရွက်ကြတဲ့အခါမှာ တစ်ဖက်က တရားလိုက ထားတို့ပဲ ဆိုတာရော သတိမထားမိဘူးလား”

“ကိုယ်…သိပါတယ်လေ။ ဒါ့ကြောင့် ထားဆီကို လာပြောပြီးပြီမဟုတ်လား။ ထားလည်း ကိုယ့်အကြောင်း …အဲလေ မလိုပါဘူး”

“ဒါဖြင့် ကောင်းပြီ။ အစ်ကိုကြီးက ရိုးရိုးဖြောင့်ဖြောင့် တဲ့တိုးမှကြိုက်တတ်တော့ ထားကလည်း တဲ့တိုးပဲပြောရမယ်။ ဒီအမှုဟာ ထားလက်ထဲမှာရှိတယ်။ နည်းအမျိုးမျိုးနဲ့ ထားကြိုက်သလိုလုပ်နိုင်တယ်။ အထူးသဖြင့် လွတ်အောင်လုပ်ဖို့အတွက် ပိုသေချာတယ်ဆိုတာ အစ်ကိုကြီးအသိပဲ။ အဲဒီတော့ အဲဒီလိုလုပ်ပေးရင် ထားတောင်းတဲ့ အဖိုးအခ ပေးမလား”

“ဒါကတော့ ထားက စေတနာနဲ့ လုပ်မပေးနိုင်ဘူး ဆိုရင်တော့ပေးရတော့မှာပေါ့…”

“ကဲ…ဒါဖြင့်…ထား အဖိုးအခတောင်းမယ်။ အဲဒီပိန်းကူးကောင်မလွတ်မယ်ဆိုရင် အစ်ကိုကြီး ထားကို လက်ထပ်ယူရမယ်။ ဘယ့်နှယ့်လဲ”

ဒေါက်တာမင်းထင်သည် မစွစ်ကျော်သက်၏မျက်နှာကို အလွန်စက်ဆုပ်စွာ ရှုးရှူးစိုက်စိုက်ကြည့်၏။ တောင်ပြာကြီးများဆီဘက်သို့လှည့်၍ ငြိမ်သက်စွာငေး၏။ လင်အသတ်ခံရပြီးနောက် တစ်ပတ်မျှမပြည့်မီအတွင်း ပြောလိုက်သော မယားတစ်ယောက်၏စကား။

ဤစကားမျိုးပြောသူအား အဖိုးအခအဖြစ် မိမိ၏ကိုယ်ကို လင်စာရင်းသို့ သွတ်သွင်းပေးလိုက်ရမည်ဖြစ်၏။ သို့သော် ဤမိန်းမကား ကြောက်ဖွယ်မိန်းမတည်း။ ယခင်ကတည်းကလည်း အကျိတ်အခဲရှိခဲ့ဖူးသူဖြစ်၏။

တောင်းသည့်အတိုင်း မပြုလုပ်နိုင်ဘူးဆိုပါက ပစ္စည်းဓနအား၊ ဂုဏ်သိန်အား၊ အပေါင်းအဖော် လူတန်းစားပျက်များ၏ အင်အားကို အသုံးပြုလျက် ရက်ရက်စက်စက်ပြုလုပ်ပေတော့မည်။

"အေး ...အဲဒီလို ရှင်းရှင်းမေးတာ ကိုယ်ကြိုက်တယ်၊ ကိုယ်စဉ်းစားမယ်ကွာ။ မရှောင်သာရင် အဲဒီအတိုင်း လိုက်နာပါ့မယ်လို့ ကိုယ်ကတိပေးမှာပဲ..."

မစွစ်ကျော်သက်၏မျက်နှာသည် ပို၍ညိုမည်းလာ၏။ ဒေါက်တာမင်းထင်၏မျက်နှာကို စူးစူးစိမ်းစိမ်းကြည့်၏။

"ဒါ...ဒေါက်တာမင်းထင် ထားကို တကယ်ပြောလိုက်တာပေါ့"

"ကိုယ် စကားတစ်ခွန်းတည်းပြောတတ်တယ်ဆိုတာ ထားသိတယ်မဟုတ်လား။ ကိုယ် အမှုရဲ့အခြေအနေကို လေ့လာမယ်။ ဝိုင်းဝန်းဆင်ထားကြတဲ့ အချက်အလက်တွေအားလုံးဟာ ဘယ်နည်းနဲ့မှ တရားခံကို အပြစ်ကမလွတ်နိုင်အောင် သိပ်ခိုင်လုံ သေချာဆိုတာ သိရရင် သန်ဘက်ခါ ၁၈–ရက်၊ ကြာသပတေးနေ့ နေ့လယ် ၁၂ နာရီမှာ ထား တောင်းတဲ့ကတိအတိုင်း ထားကို လက်ထပ်ပါ့မယ်ဆိုတာ ကိုယ် လာပြီးအကြောင်းကြားမယ်...ဟုတ်လား..."

မစွစ်ကျော်သက်သည် ဒေါက်တာမင်းထင်၏မျက်နှာကို ကြည့်လျက်ခြောက်ကပ်ကပ်အသံဖြင့် သရော်ရယ်,ရယ်၏။

"ဟုတ်ပါလား...တယ်ပြီးဟုတ်ပါလား။ ဒီလိုဆိုရင် တစ်သက်လုံးငြင်းလာ ရှောင်လာခဲ့တဲ့ ဒေါက်တာမင်းထင်ကြီးကို ဒီက မိထားတင့်ကလင်အဖြစ် ပိုင်ရဦးမှာပေါ့။

...ဒီမှာ ဒေါက်တာမင်းထင်ကြီးရဲ့၊ ကျွန်မ ပြောပြမယ်။ တဏှာရူးကျော်သက် ဆွဲဆုတ်လိုက်တဲ့ ပိန်းကူးမရဲ့အကျီထဲမှာ ဒီက လက်ဝတ်

လက်စားတွေ ထည့်ပြီး တရားခံကိုယ်တိုင်က အပ်တဲ့ပစ္စည်းအဖြစ်နဲ့ ဂတ်မှာ သိမ်းထားတယ်။

အဲဒီအင်္ကျီစုတ်ဟာ သေသွားတဲ့ ကျော်သက်ရဲ့လက်ထဲက ပိန်းကူး လူကြီးတစ်ယောက် ယူလာတာ။ ဂတ်ရောက်လို့ ပစ္စည်းလက်ခံတော့မှ အများရှေ့မှာ ရှာပြီးတွေ့တာ။ အဲဒီနောက် ပိန်းကူးမကို ခေါ်ပြီး ဒါ နင့်အင်္ကျီစုတ်တာ ဟုတ်သလားဆိုတော့ ဟုတ်ပါတယ်ဆိုတာ ဝန်ခံလို့ ဟုတ်ကြောင်း လက်မှတ်ထိုးခိုင်းပြီး ယူထားတယ်ရှင့်…

ပြီးတော့ ရန်ကုန်မှာရှိတဲ့ ဆရာဝန်ရှစ်ယောက်လောက်က ဒီပိန်းကူးမ ဟာ ငွေကြေးယူပြီး ယောင်္ဘတယ်တကာ့ ယောင်္ဘတယ် အတူလိုက်ပါဖူးကြောင်း သက်သေထွက်ကြမယ့်အပြင် သူနာပြုဆရာမ နှစ်ဆယ်ကျော်လောက်က ဒီကောင်မ အကျင့်စာရိတ္တ မကောင်းကြောင်း သက်သေထွက်ကြဦးမှာ။ ကျွန်မအဖေက ကျန်းမာရေးဝန်ကြီးရှင့်…

…နောက်ဆုံး လိုရင်းကတော့ ဒီမိန်းမရှင် ဆရာမဟာ ကျော်သက်နဲ့ တွေ့ကြပြီး ကျော်သက်ယူသွားတဲ့ ကျွန်မလက်ဝတ်လက်စားတွေ တွေ့လို့ အတင်းယူထားတော့ ကျော်သက်က လိုက်လုတာနဲ့ ဓားနဲ့ထိုးလိုက်တာပဲ…။ ကဲ…သိပလား…။

အဲဒီတော့…ဒေါက်တာကြီးက ဒီပိန်းကူးမ အပြစ်ရမှာစိုးတာနဲ့ မိထားတင့်ကို ယူတော့မယ် ဆိုပါတော့…

မိထားတင့်ရဲ့လင်…ကျော်သက်ကတော့ ဒီပိန်းကူးမအတွက် အသက်နဲ့ လဲပြီး တဖော့ာရှုးသွားတယ်။ မိထားတင့်က တစ်သက်လုံး ချစ်လာရပါ ရက်နဲ့ မိထားတင့်ကို အချဉ်ပေါက်ပြီး မျက်စိစပါးမွေးစူးလာခဲ့တဲ့ ဒေါက်တာ မင်းထင်ကြီးကတော့ ပိန်းကူးမ သေမှာစိုးတာနဲ့ တစ်သက်လုံး စိတ်အဆင်းရဲ ခံပြီး မိထားတင့်ကို ယူထားဦးမယ်။ တယ်လည်း ဒီပိန်းကူးမကို စွဲမက်နေ

ကြပါလား ...။

ဒါလောက် ယောကျ်ားတွေ ကြိုက်ကြ စွဲမက်ကြတဲ့ ပိန်းကူးမ။ ကျော်သက် သေသလို မသေသေအောင်သတ်မယ်။ ဘာအပေးအယူမှ လည်း မလုပ်လိုဘူး။ နောက်ကို ဒီပိန်းကူးမကိစ္စနဲ့ ပတ်သက်ပြီး ဘယ် တော့မှ ထားတင့်ကို လာမတွေ့ပါနဲ့...။ နောက်ကို ဘယ်တော့မှ ထားတင့် ကို လာမတွေ့နဲ့..."

မစွစ်ကျော်သက်သည် ရှူးသွပ်သလို သံကုန်အော်ဟစ်သည်။ လိမ္မော် ပင်ပေါ်မှ သာယာသောဥသြသံကလေးသည် မစွစ်ကျော်သက်၏အော်သံ ကြောင့် ထိတ်လန့် အသံတိတ်သွား၏။

■

[ ၁၄ ]

"အစ်ကိုကြီး ...လောကမှာ ဘုရားဆိုတာ တကယ်ရှိရဲ့လားဟင်..."

"ဘာ့ကြောင့်လဲ...ဝါ...ဝါ ဘာတွေလျှောက်တွေးနေတာလဲ"

"ဝါ...စဉ်းစားကြည့်တယ်။ ဝါနေရမယ့်အချိန်က နည်းနည်းလေးကျန်တော့တယ် မဟုတ်လား။ အဲဒီတော့ မသေခင် အားအားရှိတိုင်း ဝါလျှောက်တွေးတယ်။ ဝါလေ... တစ်ခါမှ သူတစ်ပါးကို မနာလိုဝန်တိုမရှိခဲ့ဖူးဘူး။ ဝါ အမြဲတမ်း လူတိုင်းကို ကြင်နာတယ်၊ သနားတယ်၊ ပြုစုတယ်၊ ဝါ့အပေါ်ကျတော့ အစ်ကိုကြီးနဲ့ မင်းဝမ်းကလွဲပြီး ဘယ်သူမှ စေတနာမထားဘူး။

အဲဒီတော့ ကောင်းတာလုပ်ရင် ကောင်းကျိုးဖြစ်နိုင်တယ်၊ ကောင်းအောင်ဖန်တီးပေးနိုင်တယ်ဆိုတဲ့ ဘုရားတွေရဲ့စကားဟာ မှန်နိုင်ပါတော့မလား ..."

"အို...ဝါကလည်း ကိုယ်တို့ ကောင်းအောင်လုပ်ကြတယ်ဆိုတာ ကိုယ့်မှာ ကောင်းကျိုးရအောင် ကိုယ့်ကို ကောင်းအောင် ဘုရားတွေက ဖန်ဆင်းပေးအောင် လုပ်နေကြတာမှ မဟုတ်ဘဲကွာ...၊ ကိုယ်တို့ မရချင်နေပစေ။ တခြားလူတွေကောင်းရင်ပြီးရောဆိုတဲ့ စေတနာတွေနဲ့ လုပ်နေကြတာပဲ မဟုတ်လားကွာ...။

ကိုယ်တို့ မတရားအဖြစ်ခံရတာ၊ အမှန်တရားတွေ အမှားအဖြစ် ခံကြရတာဟာ ဘုရားတွေနဲ့ မဆိုင်ပါဘူး၊ လူနေမှုစနစ်နဲ့သာ ဆိုင်တာပါ..."

"အစ်ကိုကြီးရယ်...ဝါလေ အစ်ကိုကြီးနဲ့နေပြီး အဲဒီအကြောင်းတွေကို ဝါ နားလည်လာတဲ့အထိ နားထောင်ချင်လိုက်တာ။ အေးပါလေ... မဖြစ်နိုင်တာတွေ..."

"အေး ...ဟုတ်တယ်၊ မဖြစ်နိုင်တာတွေ..."

ဒေါက်တာမင်းထင်နှင့် အဝါတို့သည် စကားဆက်မပြောတော့ဘဲ ဦးခေါင်းငိုက်စိုက်ချလျက် ခေတ္တမျှငြိမ်သက်သွား၏။

"အစ်ကိုကြီး ..."

"အင်း ..."

"ဝါ...နောက်တစ်ခု တွေးမိသေးတယ်။ ဝါ ကိုကျော်သက်ကို ချစ်မိတုန်းက ပူပူလောင်လောင်ချစ်ခဲ့မိတာ။ သူဟာ ဝါ့ရဲ့ ပထမအချစ်ပဲ။ ဒါပေမဲ့ သူ့ကို...ဝါ...မီးကိုငြှိမ်းလိုက်သလို သုံ့မသေခင်ကတည်းက မုန်းသွားခဲ့တယ်..."

"ဝါကလည်း ဒါတွေ ပြီးခဲ့ပြီမဟုတ်လား ..."

"ဟုတ်တော့ဟုတ်တယ်။ ဒါပေမဲ့ ဝါပြောချင်တာရှိလို့..."

"ဘာလဲ...ဘာပြောချင်လို့လဲ..."

"ဝါ...အစ်ကိုကြီးကို ချစ်တယ်..."

အဝါ၏အသံသည် အလွန်တိုးတိတ်လွန်းလှသည်။ ထို့နောက် မျက်လွှာချနေသော ဒေါက်တာမင်းထင်ကို မျက်ရည်ဖြင့် ရွှန်းလဲ့သော မျက်လုံးကြီးဖြင့် မျက်လွှာပင့်ကြည့်လိုက်၏။

"အခု ဝါ အစ်ကိုကြီးကိုချစ်တာက အသည်းထဲမှာအေးပြီး ရင်တဖိုဖိုနဲ့ တစိမ့်စိမ့်ချစ်တာ"

"အေး ...ကိုယ်လည်း လောကမှာ မိန်းမဆိုလို့ ဝါတစ်ယောက်တည်းပဲ စိတ်ဝင်စားခဲ့ဖူးတယ်"

"တော်ပြီ...အစ်ကိုကြီး အဲဒီလိုပြောရင် ဝါ ကျေနပ်ပြီ။ ဝါ ပျော်ပျော်ကြီးသေမှာပဲ...အစ်ကိုကြီး ဝါ့လက်ကို ဆုပ်ထားပါလား"

ဒေါက်တာမင်းထင်သည် သံတိုင်ကြားမှ ထိုးပေးသော ဝါ၏လက်ချောင်းပြည့်ပြည့်ကြီးများကို ဆုပ်ကိုင်ထား၏။ နှစ်ယောက်သားတို့၏ ဦးခေါင်းသည် ဆုပ်ကိုင်ထားသောလက်နှစ်ဖက်ကို ငုံ့လျက် စူးစိုက်ကြည့်နေကြ၏။

အဝါသည် မိမိလက်ကို တဖြည်းဖြည်း မိမိဘက်သို့ဆွဲယူရာ ဒေါက်တာမင်းထင်၏လက်သည် ဝါ၏လက်ကို ဆုပ်ကိုင်လျက်သား ပါလာ၏။ ဝါ၏မျက်လုံးမှ မျက်ရည်ပေါက်တို့သည် ဆုပ်ကိုင်ထားသော လက်နှစ်ဖက်ပေါ်သို့ ကျ၏။

ဒေါက်တာမင်းထင်သည် တားဆီးခြင်းမပြုဘဲ သားငယ်၏အလိုကို လိုက်သည့် ဖခင်၏မျက်နှာမျိုးဖြင့် တိတ်တိတ်ဆိတ်ဆိတ်ရှိနေ၏။

အဝါသည် ဒေါက်တာမင်းထင်၏လက်ကို မိမိလက်နှစ်ဖက်ဖြင့် တယုတယကိုင်လျက် နမ်းရှုပ်၏။ ထို့နောက် ပင့်သက်မှုတ်လိုက်ပြီးနောက်...

"အလကား ... ဒါလည်း...မဖြစ်နိုင်တာကို အဝါ...စိတ်ကူးယဉ်တာပဲ..."

အဝါသည် မိမိဘာသာမိမိပြောသကဲ့သို့ ပြောရင်း မျက်ရည်များကို သုတ်၏။ ထို့နောက် အတင်းဟန်လုပ်လျက် ဒေါက်တာမင်းထင်၏မျက်နှာကို ကြည့်၍ ဟဲခနဲရယ်၏။

"အဝါတို့လူမျိုးတွေကို တိုးတက်အောင်၊ အသိတရားရှိလာအောင်

အစ်ကိုကြီး တကယ်ပြုပြင်ပေးမယ်နော်...”

“အေးပါ အဝါ။ ကိုယ်...အဝါ့ကို ကတိပေးထားတယ်မဟုတ်လား”

“ဒီနေ့...ဝါ့အမှု တကယ်...စီရင်ချက်ချမှာပဲနော်...”

“ဟုတ်တယ်...ဒီနေ့ စီရင်ချက်ချမယ်လို့ ကြားတာပဲ။ ဒါပေမဲ့ ဝါ...ကိုယ် အယူခံဝင်ပေးဦးမယ် သိလား...”

“ဝါ...မင်းဝမ်းကို ခေါ်လိုက်တော့မယ်နော်။ အစ်ကိုကြီးနဲ့ ဝါ စကားပြောပါစေဆိုပြီး သူ့ခမျာ စောင့်နေရရှာတာ။ သူလာချင်နေပြီ”

“အေး ...ခေါ်လေ...”

အဝါ့ကို တရားရုံးသို့ထုတ်အလာ၌ တရားခံများထားသည့် အခန်းငယ်တစ်ခုရှေ့မှ ဒေါက်တာမင်းထင်နှင့် မင်းဝမ်းတို့ လာရောက်တွေ့ဆုံခြင်းဖြစ်၏။ မင်းဝမ်းသည် အဝါနှင့် မိမိတို့ သောင်ပြင်ပေါ်ကလူကြီး စကားပြောနိုင်ကြစေရန် တမင်ရှောင်ပေးနေကျဖြစ်၏။

တရားလိုဘက်မှ ငွေနှင့် ကြေးနှင့် တန်ခိုးအာဏာနှင့် အစွမ်းကုန်ဖိနှိပ်ထားသည်ဖြစ်ရကား ရတ်ခြည်း အငြိုးအငြင်ခံလိုက်ရရှာသော ဒေါက်တာမင်းထင်တို့အဖို့ ဤအခွင့်အရေးသည် အစွမ်းကုန်ဖြစ်၏။

ဒေါက်တာမင်းထင်သည်လည်းကောင်း၊ အဝါသည်လည်းကောင်း၊ မင်းဝမ်းသည်လည်းကောင်း ဤမျှ ညစ်ညမ်းယုတ်မာကြသူတို့၏ နှိပ်စက်မှုသည် ပြီးဆုံးရန်အတွက် ယနေ့နောက်ဆုံးသို့ရောက်လေပြီဟု သတ်မှတ်ထား၏။

သုံးယောက်သားတို့သည် မိမိအတွေးနှင့်မိမိ ငြိမ်သက်နေကြလေသည်။ ထိုစဉ် ပုလိပ်အရာရှိတစ်ဦးသည် ဒေါက်တာမင်းထင်အား ခေတ္တလာပါရန် လာရောက်ခေါ်ငင်၏။

တရားသူကြီးနားနေရာ အခန်းမကြီးထဲသို့ ဝင်သွားသည်နှင့် မိမိအား

မထိတရိုကြည့်နေသော မစ္စစ်ကျော်သက်ကို တွေ့ရသည်။ သို့သော် မစ္စစ်ကျော်သက်၏မျက်နှာသည် ချက်ချင်းတည်ငြိမ်သွား၏။

"ဘယ့်နှယ့်လဲ။ အစ်ကိုကြီးမင်းထင်တို့ တော်တော်ကလေး စိတ်ဆင်းရဲနေကြတယ် ထင်ပါရဲ့..."

ဒေါက်တာမင်းထင်က ဘာမျှမပြော။ မစ္စစ်ကျော်သက် လက်ပြသည့် ကုလားထိုင်၌ ဝင်ထိုင်သည်။ မစ္စစ်ကျော်သက်သည် ဒေါက်တာမင်းထင် လှုပ်ရှားသွားလာနေသည်တို့ကို မျက်တောင်မခတ် လိုက်ပါကြည့်၏။

"ထား ...အပေးအယူလုပ်ရအောင် လာပြန်တယ်လေ...အစ်ကိုကြီးမင်းထင်က သဘောတူမယ်ဆိုရင် အရင်ကပြောထားတဲ့အတိုင်း အစ်ကိုကြီး တရားခံမကို ကွင်းလုံးကျွတ် လွှတ်စေရမယ်...အစ်ကိုကြီးကတော့ ပြောထားတဲ့အတိုင်းပဲ...ဘယ့်နှယ့်လဲ..."

ဒေါက်တာမင်းထင်ကား တော်တော်နှင့်မလှုပ်ဘဲ ငြိမ်သက်နေ၏။ အတန်ကြာမျှိတုံ့ချတုံ့ပြုနေရာမှ မစ္စစ်ကျော်သက်၏မျက်နှာကို တစ်ချက်လှည့်ကြည့်၏။

"လက်ထပ်ရမယ်ဆိုတာက ချက်ချင်းလက်ထပ်ရမှာလား"

"ဒါပေါ့...ချက်ချင်းမှ ဖြစ်မှာပေါ့..."

"ကောင်းပြီလေ..."

ဒေါက်တာမင်းထင်သည် ပင့်သက်ချသံနှင့်အတူ လေးဆေးစွာပြောလျက် နေရာမှထ၏။ မစ္စစ်ကျော်သက်သည် ဒေါက်တာမင်းထင်၏လက်ကို ဖမ်းဆုပ်လိုက်၏။ ဘေးပတ်ဝန်းကျင်သို့ မျက်လုံးကစားလိုက်ပြီးနောက် မလှုပ်မယှက်ရှိနေသော ဒေါက်တာကို ကြည့်ပြန်၏။

"ထားက အစ်ကိုကြီးမင်းထင်ကို တကယ်အူထဲအသည်းထဲကချစ်လို့ဆိုတာရော ယုံရဲ့လား"

"ကိုယ်...ဒါတွေမပြောချင်ဘူး ထား။ ထားတို့လူတန်းစားတစ်ရပ်လုံးကို ကိုယ်...အယုံအကြည်မရှိဘူး"

"အစ်ကိုကြီး...လူတန်းစားဆိုတာလည်း...လူတွေပါပဲ။ အဆောင်အယောင်တွေ၊ ဂုဏ်တွေ၊ ဥစ္စာပစ္စည်းတွေ ဖယ်လိုက်ရင် လူဆိုတာဟာ လူတွေချည်းပါပဲ။ အချစ်ဆိုတာကတော့ ဘက်မလိုက်ပါဘူး"

ဒေါက်တာမင်းထင်သည် မစ္စစ်ကျော်သက်၏စကား ဆုံးသည်အထိ ရပ်စောင့်နေပြီးမှ နှုတ်မဆက်ဘဲ ထွက်လာ၏။

ထိုနေ့တွင် စီရင်ချက်ချမည့်အချိန်ကို ရင်တထိတ်ထိတ်ဖြင့် စောင့်စားနေကြသော်လည်း တရားရုံးက ရက်ချိန်းပေးလိုက်သည်။

ရက်ချိန်းနေ့သို့ ရောက်ကြသောအခါ ဒေါက်တာနှင့် အဝါတို့အဖို့ အံ့အားသင့်ရသောအဖြစ်တစ်ရပ်နှင့် ကြုံရ၏။

တရားသူကြီး အပြောင်းအလဲပြုသောကြောင့် အဝါတို့၏အမှုကို ဆက်လက်စစ်ဆေးရမည့် တရားသူကြီးကား ဗမာပြည်တွင် ပထမဦးဆုံး အကြိမ် စက်ရှင်တရားသူကြီးအဖြစ် ခံယူရရှိသော ဝတ်လုံဒေါ်ထားတင့် ဖြစ်လေသည်။

ဝတ်လုံဒေါ်ထားတင့်၊ မိမိကိုယ်တိုင်၊ သက်သေအဖြစ်နှင့်လည်းကောင်း၊ တရားလိုအဖြစ်နှင့်လည်းကောင်း မပါရှိသော မိမိလင်ယောကျ်ား အသတ်ခံရသည့် အမှုအခင်းကို ပထမဆုံး တရားစီရင်ချက်အဖြစ်နှင့် စစ်ဆေး၏။

စီရင်ချက်မှာ ဆန်းပြားခြင်းမရှိ၊ မိန်းကလေးတစ်ယောက်သည် မိမိ၏ဘေးရန်နှင့် အရှက်ကို ကာကွယ်ပိုင်ခွင့်ရှိသောကြောင့် ဤပြစ်မှုမှ ကွင်းလုံးကျွတ် လွတ်စေ...ဟူ၏။

အဝါသည် အလွန်ဝမ်းမြောက်စွာရှိနေစဉ် မင်းဝမ်းသည် တရားခံတို့

ထားရာ ခြင်ယင်အတွင်းသို့ အဝါ့ကို ပြေးဝင်ဖက်ယမ်း၏။

ဒေါက်တာမင်းထင်သည် မိန်းမပျို့နှစ်ယောက်၏ပျော်ရွှင်မှုကို ငြိမ်သက်စွာ ငေးငိုင်ကြည့်၏။

ဒေါက်တာမင်းထင်၏ခေါင်းထဲ၌ သင်းကလေးတို့ မသိကြသေးဘူးဟူသည့်အတွေး ဝင်နေ၏။

မိန်းမပျို့နှစ်ယောက်သည် ပျံလွှားငှက်ကလေးများ ပျံသကဲ့သို့ ဒေါက်တာမင်းထင် ရှိရာသို့ အပြေးရောက်လာ၏။

ထိုအချိန်၌ ဒေါက်တာမင်းထင်သည် တရားသူကြီးတို့၏ နားနေရာ အခန်းဝမှ ဆရာသည် ကလေးသူငယ်ကို ခေါ်လိုက်ဘိသို့ လက်ညှိုးတစ်ချောင်းတည်းဖြင့် ကွေးချည်ဆန့်ချည်ပြု၍ ခေါ်နေသော တရားသူကြီး ဒေါ်ထားတင့်ရှိရာသို့ ငိုက်စိုက်ကျသောခေါင်းဖြင့် ကျိုးနွံစွာသွားရောက်၏။

မိန်းကလေးငယ်နှစ်ယောက်တို့သည် မိမိတို့အား လှည့်မျှမကြည့်ဘဲ ထွက်စွာသွားသော ဒေါက်တာမင်းထင်ကို တအံ့တသြငေး၍ကျန်ရစ်၏။

"အစ်ကိုကြီး ..."

ဟူသော အသံနှင့်အတူ အဝါသည် ဒေါက်တာမင်းထင်၏နောက်သို့ အပြေးလိုက်၏။

တရားသူကြီး ဒေါ်ထားတင့်သည် မိမိရှေ့၌ရပ်နေသော ဒေါက်တာမင်းထင်ကို ကြည့်ပြီးနောက်...

"ရော့...လက်ထပ်စာချုပ်"

ဟု ပြော၍ စာအိတ်ရှည်တစ်ခုကို လှမ်းပေး၏။

ဒေါက်တာမင်းထင်သည် စာအိတ်ရှည်ကိုယူရင်း ခေါင်းငိုက်စိုက်ဖြင့် ငိုင်နေသည်။

အမြွှာညီနောင်စာပေ

"ဖွင့်ကြည့်ပါဦးလေ..."

ဒေါက်တာမင်းထင်သည် အသက်မရှိသည့်စက်ရုပ်ကဲ့သို့ စာအိတ်ရှည်ကို ဖွင့်ကြည့်လိုက်၏။ စာအိတ်ရှည်ထဲမှ အကယ်လက်ထပ်သောအခါ၌ ချုပ်ဆိုသည့် စာရွက်သုံးရွက်...

ထို့နောက် ပတ္တမြားလက်ကောက်တစ်ရန်နှင့် မြလက်စွပ်တစ်ကွင်း။

ထို့နောက်...

ဒေါက်တာမင်းထင်နှင့် အဝါ (ခေါ်) ဆွန်းဝမ်း (ခေါ်)

နန်းဟာဗီး တို့အတွက် မင်္ဂလာလက်ဆောင်။

မဖွံ့ဖြိုးသေးသည့် ပိန်းကူး အမျိုးသား အမျိုးသမီးတို့အတွက်

တိုးတက်အောင်ကြိုးပမ်းနိုင်ပါစေ...။

ဒေါက်တာမင်းထင်သည် မျက်လွှာလှန်ကြည့်လိုက်စဉ် တရားသူကြီးဒေါ်ထားတင့်သည် မျက်ရည်များဖုံးလွှမ်းသော မျက်လုံး၊ ရွှင်ပျသောအပြုံးဖြင့် မိမိရှေ့၌ရှိသော လူအားလုံးတို့ကိုကြည့်လျက် အခန်းတွင်းမှ ထွက်ခွာသွားသည်။

အခန်းဝသို့ရောက်လျှင် ဒေါက်တာမင်းထင် ရှိရာသို့ ပြန်လှည့်ကြည့်ပြန်၏။

"အစ်ကိုကြီးမင်းထင်...အချစ်ဆိုတာ ကိုယ်ကယူရတာ မဟုတ်ဘူး။ ကိုယ်က ပေးရ အနာခံရတာမှ အချစ်..."

ဒေါ်ထားတင့်သည် လူအားလုံးတို့ ငေးငိုင်နေကြစဉ်၌ပင်လျှင် အခန်းအပြင်သို့ရောက်၍ ပျောက်ကွယ်သွားသည်။

စစ်ကိုင်းရုံးပြင်ပမှ ပူသောလေသည် အထက်ချင်းတွင်းသူတို့၏ သွေးကို ဆူကြွအောင် ဝင်ရောက်ပက်ဖျန်းသည်။

**ရန်ကုန်ဘဆွေ**

# ရန်ကုန်ဘဆွေ

# နှင်းဟာစီး



painting & design : An

654009024
Price : 2700.00 K
နှင်းဟာစီး(ရန်ကုန်ဘဆွေ)
Tab-Book Center
www.facebook.com/NyisayEbookCreator